# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း
No. 176, MARCH, 2010

www.foreverspace.com.mm

## ပုဂ္ဂလိကပိုင်ပြောင်းလဲရေးနှင့် မြန်မာ့စီးပွားအနာဂတ်




Pe Thit Ti

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

LIVING COLOR

HOLLYWOOD
SINGAPORE
YANGON

This magazine is founded and managed by board of directors of Myanmar Partners Think Tank Group in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မှရယူမှု ရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂။ ဤစာအုပ်၏ မြန်မာစီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

## Editorial

# ညီညာပြန့်ပြူးသော ကစားကွင်း

၁၉၉၀ ပြည့်လွန်နှစ်များက စီးပွားရေးတံခါးကိုပြန်ဖွင့်ပေးခဲ့စဉ် လုပ်ထုံးလုပ်နည်းများ ဆွဲဆောင်မှုကောင်းပြီး ဈေးကွက်က အသင့်မဖြစ်သေးသောကြောင့် တိုးတက်မှုများ အကန့်အသတ်ရှိခဲ့ပါသည်။ ၂၀၁၀ ပြည့်လွန် စီးပွားရေး တံခါးထပ်မံဖွင့်လှစ်ချိန်တွင် ဈေးကွက်က အလွန်အကျွံအသင့်ဖြစ်နေပြီး လုပ်ထုံးလုပ်နည်းများက ဆွဲဆောင်မှုမရှိတော့ဘဲရှိနေသည်ကို တွေ့ရပြန်ပါသည်။

မကြာမီစတင်တော့မည့် စီးပွားရေးပုံသဏ္ဍာန်အသစ်တွင် နိုင်သူ၊ ရှုံးသူများစွာ ပေါ်ထွက်လာဦးမည် ဖြစ်သည်။ ပင်နီယံပြောင်းပြန်လည်သည်ကိုသာ တွေ့ဖူးထားသူများက ပင်နီယံအတည့်လည်သည်ကို မျှော်လင့်မထားကြခြင်းသည် ရှုံးသူများအတွက် အဓိကဇာစ်မြစ်ဖြစ်ပေမည်။

ရှေ့လာမည့်စီးပွားရေးအခင်းအကျင်းသစ်ကို မီတာ ၁၀၀ ပြေးပွဲလား၊ မာရသွန်ပြေးပွဲလား မခွဲနိုင်ခြင်းသည်လည်း ရှုံးသူများအတွက် ဇာစ်မြစ်ဖြစ်ပေဦးမည်။ မီတာ ၁၀၀ ပြေးပွဲတွင် အများရှေ့ ၂၅ မီတာမှ တာထွက်ခြင်းသည် အဓိပ္ပာယ်ရှိသော်လည်း မာရသွန်ပြေးပွဲတွင်မူ စွမ်းဆောင်ရည်၊ ယှဉ်ပြိုင်နိုင်စွမ်းရည်ကသာ အဆုံးအဖြတ်ပေးပါလိမ့်မည်။

တရားဝင်စီးပွားရေးအခွင့်အလမ်းများလာသောကြောင့် တရားမဝင်စီးပွားရေးလုပ်ငန်းများ နည်းသွားနိုင်ခြေရှိသည်မှာ အလားအလာကောင်းတစ်ခုဖြစ်ပါသည်။ တရားဝင်စီးပွားရေးလုပ်ငန်းများ တိုးပွားလာစေရန်အတွက်လည်း စနစ်ကျနသော အခွန်ကောက်ခံစည်းကြပ်မှုတစ်ရပ် များစွာအရေးကြီးသည့်အချက်မှာ လုပ်ငန်းအကြီးအသေးအလိုက် ဥပဒေဘောင်ပြင်ပသို့ လွတ်ထွက်မသွားစေသောစီမံခန့်ခွဲနိုင်ရေးပင် ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ စီးပွားရေးပုံသဏ္ဍာန်ပြောင်းသွားသောအချိုးအကွေ့တွင် လူသစ်များ ပေါ်စမြဲဖြစ်ပြီး လူဟောင်းများကျန်ခဲ့တတ်သည်မှာလည်း ဖြစ်တတ်သောသဘောဟု ဆိုနိုင်ပါသည်။

အဓိကမှာ Level Playing Field ခေါ် ညီညာပြန့်ပြူးသောကစားကွင်းအဖြစ် ဖန်တီးပေးခြင်းသာ ဖြစ်ရပေလိမ့်မည်။

**အယ်ဒီတာ**
**၁၁–၂–၂၀၁၀**

# LIVING COLOR

LIVING COLOR. No.176, MARCH. 2010.

www.foreverspace.com.mm

1 အယ်ဒီတာ့အာဘော်

5 ယခုလသတင်းအညွှန်း

6 ယခုလအကြိုက်ဆုံးကြော်ငြာ

7 ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

8 ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

10 မြန်မာ့စီးပွားရေးသတင်း

36 မျက်နှာဖုံးဆောင်းပါး

ပုဂ္ဂလိကပိုင်ပြောင်းလဲရေးနှင့် မြန်မာ့စီးပွားရေးအနာဂတ်
သတင်းအဖွဲ့

ပါမောက္ခဒေါက်တာတင်စိုးနှင့် တွေ့ဆုံခြင်း
ကျော်ဆန်းမင်း

ဒေါက်တာနေဝင်းမောင်နှင့် တွေ့ဆုံခြင်း
ကျော်ဆန်းမင်း

ဦးတင်မောင်သန်းနှင့် တွေ့ဆုံခြင်း
ကျော်ဆန်းမင်း

56 မြန်မာပြည်တွင်လုပ်သည်

58 တစ်ဦးတည်းကိုယ်စားလှယ်

59 ကုန်ဈေးနှုန်း

64 ဘယ်ပစ္စည်းဘာကြောင့်

68 ရက်စွဲမှတ်တမ်း

71 တွေ့ဆုံဆွေးနွေးမှုများ

72 မြန်မာ့စီးပွားရေးမြင်ကွင်း

၂၀၁၀ စာပေနှင့် e-Book အလားအလား
"နည်းပညာသစ်ကြောင့် ပြောင်းလဲမှုတွေ ဖြစ်လာမှာပါ"
စာရေးဆရာဖေမြင့်နှင့် တွေ့ဆုံခြင်း
"အခွင့်အလမ်းနဲ့ ပြောင်းလဲမှုကို မြင်နိုင်တဲ့သူကတော့ အသုံးချသွားနိုင်ပါတယ်"
knowledge Bank စာကြည့်တိုက်ဥက္ကဋ္ဌ
ဦးဇာနည်ထက်နှင့် တွေ့ဆုံခြင်း
နေလင်းထိုက်





www.foreverspace.com.mm

LIVING COLOR. No.176, MARCH. 2010.

80 နိုင်ငံတကာဈေးကွက်ဝင်နိုင်သော မြန်မာ့စဥ့်ထည်
နိုင်မင်းဝေ

86 ရှေ့ဆက်ရမည့်နေ့ရက်များ
ဇာဏီထွဏ်း

92 ရန်ကုန် ကုန်စည်ဈေးကွက်
နိုင်မင်းဝေ ၊ ဇာလီကျော်

98 မြန်မာ့စီးပွားရေးအမြင်
စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့်
ခေါင်းဆောင်စွမ်းရည် မှူးခန့်စံ

104 ဈေးဝယ်လမ်းညွှန်

106 ကာတွန်း
ဒါရိုက်တာအောင်ကြူကြူ စိုးသော်တာ

120 အတွေးအမြင်
ပုဂ္ဂလိကဆေးကုသရေးနှင့် မီဒီယာ
မောင်မောင်တင်

124 မိုဟာမက်အလီ သို့မဟုတ် ကြိုးဝိုင်းထဲကဘဝဇာတ်ဆရာ
ထင်အောင်ကျော်

132 တာဝန်နှင့်ဝတ္တရား
မြသန်းသန်းနု

138 ရှားရှားပါးအားထားတဲ့ တို့ဆရာ
မောင်တင်မြင့်

142 ဆူဟာတိုပြောသည့်သမိုင်း (၈) တင်ညွန့်

146 UNGA ၊ G 20 အရှေ့သွားအနောက်ရောက် (၅)
ရဲမင်းဦး

154 သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၀)
ဦးလှဝင်း (လေသူရဲတစ်ဦး)



www.foreverspace.com.mm

# Contents

## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – ဇေယျာသူ

**Editor In Charge (Production)** – မင်းဇင်

**Managing Editor** – ကျော်နိုင်

**Senior Executive Editor** – ရဲမင်းဦး

**Research & Development Editor** – နွေးအိငြိမ့်

**Executive Editors** – ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ သီရိဇော်

**News Editor** – ကျော်ဆန်းမင်း

**Editors** – လှိုင်းသစ်ဇင်ဝေ၊ မြနှင်းအေး

**Photo Editor** – မိုးကျော်လွင်

**Chief Reporter** – ကျော်ကျော်မင်း

**Senior Reporters** – တင်လင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်၊ စိုးယုဝေ

**Editorial Assistant** – ဆွေငြိမ်းအေး

**Staff Reporters** – အောင်စိုး၊ ကျော်ဇေယျာထွန်း၊ ကျော်ဇေယျာဝင်း ခင်ဌေးကြွယ်၊ အိမွန်ကျော်၊ ကျော်မျိုးထွန်း၊ ဇာဏီထွဏ်း၊ ကြူကြူသင်း(မိုးမြေ)

**Freelance Reporters** – မင်းမျိုး၊ ဖြိုးဝေစိုး၊ မိုးခိုင်၊ နွယ်နွယ်

## DTP Department

**Manager** – မခိုင်

**Assistant Manager** – ငုဝါခိုင်

**Senior Operator** – အေးမို့မို့အောင်

**Staff Operators** – ခင်မာလွင်၊ ချိုချိုဇင်

## Finance Department

**General Manager** – ဖေအောင်ဇင်

**Manager (Admin and Finance)** – စန်းသီတာ

**Deputy Manager (Account)** – ထက်ထက်ငြိမ်း

**Assistant Manager** – နုဝါဝင်း

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Deputy Manager** – ဖြူဖြူသီ

**Assistant Manager** – စန္ဒာလှိုင်

**Marketing Supervisors** – မင်းအောင်၊ ပြည့်ဖြိုးအောင်

**Marketing Assistant** – လှဲ့ရည်ဦး

**Designer** – သိန်းအောင်ထွဋ်

**Receptionist** – ဆုအိန္ဒြေဦး

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**General Manager** – မင်းဇင်

**Manager** – ထက်ခေါင်

**Deputy Manager** – ခင်မျိုးချစ်

**Distribution Assistants** – ဂျက်တူးတူး၊ ထက်အောင်

## Creation Department

**Art Director** – စိုးသော်တာ

**Cover Idea / Design** – ဖေသစ်တည်

**Cover Logo** – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – ဖေသစ်တည်

## Publisher


ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။


## Press


Hnit Thit Oo ပုံနှိပ်တိုက်

နဝဒေးရုပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။


## Office


သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ ဖက်စ်– ၂၄၂၄၂၄၊ ၃၉၃၁၉၂၊
Marketing – ၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၀၉–၅၁၇၆၈၃၅
Distribution –၀၉–၅၁၇၆၈၃၁


## E-mail


Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm


## Web Site Link - www. foreverspace.com.mm

Photographer – မိုးကျော်လွင်

B/W Film – PERFECT

Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor


ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၁၆၆၀၂၁၀
Circulation – ၁၀၀၀
Distribution Price – ၁၃၅၀ ကျပ်


Copyright – Living Color ( **ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်** )


### ကျေးဇူးတင်လွှာ


ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်န်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm

## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအားသတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

## နိုင်ငံပိုင်ဆိပ်ကမ်းများ ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်နှောင်းပိုင်းမှစတင်၍ ဈေးကွက်စီးပွားရေးစနစ် ပိုမိုပီပြင်စွာဖြစ်ပေါ်လာစေရေးအလို့ငှာ နိုင်ငံပိုင်အဖြစ် ထိန်းချုပ်လုပ်ကိုင်ခဲ့သော ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍအပါအဝင် စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍသို့လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုလျက်ရှိရာ ပြည်ပသို့ကုန်ပစ္စည်းတင်ပို့ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တာဝန်ယူလုပ်ကိုင်လျက်ရှိသော ဗိုလ်တထောင်ဆိပ်ကမ်း၊ ဆူးလေဆိပ်ကမ်း၊ ဗိုလ်အောင်ကျော်ဆိပ်ကမ်းနှင့် ဆိပ်ကမ်းနယ်မြေအချို့တို့ကို ပုဂ္ဂလိကသို့ မကြာမီ တရားဝင်လုပ်ကိုင်ခွင့်ပြုလိုက်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးက The Voice Weekly သို့ ပြောကြားသည်။

အဆိုပါဆိပ်ကမ်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့်ပတ်သက်၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းများတာဝန်ယူလုပ်ကိုင်နေသည့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှတစ်ဆင့်လျှောက်ထားသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ခွင့်ပြုပေးသွားရန်ရှိသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှစတင်၍ ရန်ကုန်မြို့ အလုံမြို့နယ်ရှိ Asia World ဆိပ်ကမ်းနှင့် ကျောက်တန်းမြို့နယ်ရှိ MITT (Myanmar International Terminal Thilawa) သီလဝါဆိပ်ကမ်းတို့ကို ပုဂ္ဂလိကပိုင် စတင်ခွင့်ပြုခဲ့ပြီး ယခုအခါ ကုန်တန်ချိန် ပမာဏအများအပြား ပိုမိုစွမ်းအားပြည့်လုပ်ကိုင်နိုင်ရန်ခွင့်ပြုလိုက်ခြင်းကြောင့် မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်းပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းသည် ပိုမိုခေတ်မီမြန်ဆန်လာနိုင်ဖွယ်ရာရှိကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။


**၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ထုတ် The Voice Weekly မျက်နှာဖုံးတွင် ဖော်ပြပါရှိသော 'နိုင်ငံပိုင်ဆိပ်ကမ်းများ ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုမည်' သတင်းကို ဖော်ပြထားခြင်းဖြစ်ပါသည်။**

www.foreverspace.com.mm

## ADVERTISEMENT OF THE MONTH

# ယခုလအကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် ဖေဖော်ဝါရီလပထမပတ်အတွင်း ထုတ်ဝေသည့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိလာသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင် ၂၄၆ ခုကို ပုဂ္ဂလိကကဏ္ဍသို့ စက်သုံးဆီရောင်းချရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် လွှဲပြောင်းရောင်းချမည့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အဆိုပြုလွှာခေါ်ယူသည့်ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ အစိုးရက



နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍသို့ တဖြည်းဖြည်းလွှဲပြောင်းလျက်ရှိရာ သယ်ယူပို့ဆောင်ရေးသာမက စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများတွင် မရှိမဖြစ်အရေးပါသော စက်သုံးဆီမှာ အကန့်အသတ်ဖြင့်သာ ဝယ်ယူရောင်းချခွင့်ရခဲ့ကြရရာမှ နိုင်ငံတကာပေါက်ဈေးနှင့်အညီ သင့်တင့်သည့်ဈေးနှုန်းဖြင့် လုံလောက်စွာ ဝယ်ယူနိုင်ကြတော့မည်ဖြစ်သောကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။

**အယ်ဒီတာ**

www.foreverspace.com.mm



## PRODUCT OF THE MONTH

# ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

ယခုလအကြိုက်ဆုံးကုန်ပစ္စည်းအဖြစ် ရန်ကုန်မြို့ အဆင့်မြင့်ရုပ်ရှင်ရုံအချို့တွင်ရုံတင်ပြသလျက်ရှိသော Avatar နိုင်ငံခြားရုပ်ရှင်ဇာတ်ကားကို ရွေးချယ်လိုက်ပါသည်။ ကမ္ဘာကျော်တိုက်တင်းနစ် (Titanic) ရုပ်ရှင်ဇာတ်ကားကြီးကို ဖန်တီးရိုက်ကူးခဲ့သူ ဒါရိုက်တာဂျိမ်းစ်ကင်မရွန် ဇာတ်ညွှန်းရေးသားရိုက်ကူးပြီး 20th Century Fox ကုမ္ပဏီက ထုတ်လုပ်ဖြန့်ချိသည့် ယင်းဇာတ်ကားတွင် ကမ္ဘာနှင့်မလှမ်းမကမ်းရှိ Pandara ဂြိုဟ်ပေါ်သို့ လူသားတို့နယ်မြေချဲ့ထွင်ရန်သွားရောက်ရာမှ သုတေသနပြုလုပ်သူများနှင့် ဂြိုဟ်သားတို့အကြား ပေါ်ထွန်းလာသောမေတ္တာတရားကို ဖော်ကျူးထားပါသည်။ ယင်းဇာတ်ကားကို ကမ္ဘာတစ်ဝန်းမှ ပရိသတ် လူကြီးလူငယ်မရွေး နှစ်ခြိုက်စွာအားပေးကြရာ ရုံတင်ပြသပြီး ရက်သတ္တခြောက်ပတ်အတွင်း ဝင်ငွေဒေါ်လာ ၁ ဒသမ ၂၈၈ ဘီလီယံရရှိခဲ့ပြီး ကမ္ဘာပေါ်တွင် ဝင်ငွေအများဆုံးရုပ်ရှင်ဇာတ်ကားအဖြစ် စံချိန်တင်ထားခဲ့သော Titanic ဇာတ်ကား၏ဝင်ငွေ ၁ ဒသမ ၂၄၈ ဘီလီယံကို ကျော်လွန်ခဲ့ပါသည်။

ယင်းဇာတ်ကား၏အောင်မြင်မှုကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ပြသနေသော တရုတ်ရုပ်ရှင်ဇာတ်ကားများ၏ ဝင်ငွေထိခိုက်မည်ကိုစိုးရိမ်သဖြင့် တရုတ်အစိုးရက အဆိုပါ Avatar ရုပ်ရှင်ဇာတ်ကား 3D ဖြင့်ပြသခွင့်ကို ပြန်လည်ရုပ်သိမ်းခဲ့သော်လည်း ဇာတ်ကားအတွင်းပါဝင်သည့် ကောင်းကင်ပေါ်၌ပေါလောမျောနေသောတောင်တန်းကြီးများမှာမူ တရုတ်နိုင်ငံ ဟူနန်ပြည်နယ်မှ တောင်တန်းကြီးများ၏ဓာတ်ပုံကိုမှီငြမ်းရယူ၍ ပီပြင်စွာဖန်တီးရိုက်ကူးထားရာ တရုတ်နိုင်ငံက ယင်းတောင်တန်းကြီးများကို Avatar ဇာတ်ကားထဲမှအတိုင်း Halleluijah တောင်တန်းများဟုပင် အမည်ပြောင်းလဲသတ်မှတ်ပါသည်။




မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာနှင့်တစ်ပြေးညီကြည့်ရှုခွင့်ရခြင်း၊ အခြားသောသိပ္ပံဇာတ်ကားများနှင့်မတူဘဲ ပရိသတ်ကို ဇာတ်ကားအစအလယ်အဆုံး ဆွဲဆောင်နိုင်ခြင်း၊ နယ်မြေချဲ့ထွင်သူလူသားတို့၏ ဂြိုဟ်သားများအပေါ်ထားရှိသော အနိုင်ယူလိုစိတ်နှင့် မေတ္တာစိတ်တို့ နှိုင်းယှဉ်သိမြင်ရခြင်း၊ သဘာဝပတ်ဝန်းကျင်အတွင်းရှိ သက်ရှိနှင့်သက်မဲ့တို့အကြား စွမ်းအားကြီးကြီး အုံ့ဩဖွယ် နက်နက်ရှိုင်းရှိုင်း ဧဝဆက်သွယ်မှု၊ မြေကမ္ဘာ၏ သဘာဝပတ်ဝန်းကျင်ကိုဖျက်ဆီးရုံတင်အားမရဘဲ သာယာလှပသော ဂြိုဟ်၏သဘာဝတရားကိုပါနင်းခြေလိုသော လူသားတို့၏ လောဘ၊ အတ္တကျူးမှုကို သရုပ်ဖော်ပြနိုင်ခြင်း၊ ကင်မရာအထူးပြုလုပ်ချက်နှင့် ဒစ်ဂျစ်တယ်အထူးပြုလုပ်ချက်များ လှပပီပြင်ခြင်းတို့အပြင် လူငယ်တစ်ဦးနှင့်တစ်ဦး တွေ့ဆုံနှုတ်ဆက်ရာ၌ Avatar ဇာတ်ကားကြည့်ပြီးပြီလားဟု မေးခွန်းထုတ်ရသည်အထိ မြန်မာပရိသတ်၏နှစ်ခြိုက်စွဲလမ်းမှုကိုရရှိခဲ့သဖြင့် ယခုကဲ့သို့ ရွေးချယ်ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ ဇာတ်ကား ပေအရှည်မှာ ၁၄,၄၀၀ ရှိပြီး ပြသချိန်စုစု ပေါင်း ၂ နာရီ ၄၀ မိနစ် ကြာမြင့်ပါသည်။

**အယ်ဒီတာ**

www.foreverspace.com.mm

## SERVICE OF THE MONTH

# ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

ယခုလအကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရန်ကုန်နှင့်မန္တလေးမြို့များရှိ မြို့နယ်အလိုက် ငှားရမ်းအသုံးပြုခွင့်ပေးထားသော ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းကိုရွေးချယ်လိုက်ပါသည်။ CDMA 800 MHz ဖုန်းများကို Prepaid Top-up card စနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ရာ ဖုန်းသုံးစွဲသူများအနေဖြင့် Removable User Indentity Module (RUIM) ကတ်ထည့်ရုံဖြင့် ဖုန်းပြောရ၍မရဘဲ ကြိုတင်ငွေဖြည့်ကတ်ထည့်သွင်းအသုံးပြုမှသာ ဖုန်းပြောဆိုနိုင်မည်ဖြစ်ပါသည်။

အဆိုပါ CDMA 800 MHz ဖုန်း၏အားနည်းချက်မှာ သတ်မှတ်ထားသော မြို့နယ်တွင်သာပြောဆိုနိုင်ပြီး ကြိုတင်ငွေပေးကတ်တွင် ထည့်သွင်းရိုက်နှိပ်ရမည့် ကုတ်နံပါတ်ကို ငါးကြိမ်မှားနှိပ်မိပါက ဖုန်းအဝင်/အထွက် ၂၄ နာရီ ပြတ်တောက်သွားနိုင်ခြင်းဖြစ်ပါသည်။ တယ်လီဖုန်းလိုအပ်ချက်ကြီးမားနေပြီး ဈေးနှုန်းများမြင့်မားနေသော မြန်မာနိုင်ငံ၌ ကျပ်ငါးသိန်းဖြင့်လျှောက်ထားသူတိုင်း ရရှိနိုင်ဆိုသည့်အားသာချက်ကြောင့် ယခုကဲ့သို့ရွေးချယ်ရခြင်းဖြစ်သည်

**အယ်ဒီတာ**



www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

BUSINESS NEWS

အမှတ် ၁၇၆

၂၀၁၀ ပြည့်နှစ်၊ မတ်လ

## အစိုးရဝန်ထမ်းများလစာတိုးမှုကြောင့် အိမ်၊ ခြံ၊ မြေဈေးကွက် မလှုပ်ခတ်နိုင်ဟုဆို

**ရန်ကုန်၊ ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလမှစတင်ပြီး အစိုးရဝန်ထမ်းများ လစာတိုးမြှင့်ရရှိခြင်းကြောင့် အိမ်၊ ခြံ၊ မြေ အရောင်းအဝယ် အပြောင်းအလဲမရှိနိုင်သဖြင့် ဈေးကွက်မလှုပ်ခတ်နိုင်ကြောင်း ရန်ကုန်မြို့တော်ရှိ ဝါရင့် အိမ်၊ ခြံ၊ မြေအကျိုးဆောင်များက သုံးသပ်ပြောကြားသည်။

ဌာနဆိုင်ရာအသီးသီးမှ အစိုးရဝန်ထမ်းလစာတိုးမြှင့်ရရှိမှုကြောင့် အိမ်၊ ခြံ၊ မြေများ ဈေးနှုန်းမြင့်တက်လာနိုင်ခြင်း၊ ဝယ်လိုအား မြင့်တက်လာခြင်း စသော အပြောင်းအလဲများမဖြစ်ပွားနိုင်ဘဲ လက်ရှိပုံစံအတိုင်းသာ အရောင်းအဝယ်ဖြစ်နိုင်ကြောင်း၊ အဆိုပါ အစိုးရဝန်ထမ်းများလစာတိုးမြှင့်မှုကြောင့် ဈေးကွက်အတွင်း ဆိုးဆိုးဝါးဝါးပြောင်းလဲမှုမရှိနိုင်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ ယူနတီ အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း မန်နေဂျာဦးဇော်ဇော်က ပြောကြားသည်။

"လစာတိုးတာကလည်း အများကြီးတိုးတာမဟုတ်ဘူးလေ။ လစာတိုးလာလို့ အိမ်ဈေးတွေထိုးတက်တာမျိုး၊ အရောင်းအဝယ် တွေတက်လာတာမျိုး မဖြစ်နိုင်ဘူး။ အပြင်မှာ ငွေကမရှိဘူးလေ၊ ငွေဖောင်းပွမှုနည်းနေပြီး ငွေက မာနေတာ" ဟု ၎င်းက ရှင်းလင်း ပြောကြားသည်။

ယခင် အစိုးရဝန်ထမ်းများ၏ လစာနှုန်းထားများ အဆမြောက်မြားစွာတက်ခဲ့စဉ်က အိမ်၊ ခြံ၊ မြေဈေးကွက်အတွင်း ဈေးနှုန်း များမြင့်တက်လာခြင်း၊ ဝယ်လိုအားတက်လာခြင်းများရှိခဲ့သော်လည်း လက်ရှိတွင် ယင်းအခြေအနေမျိုးဖြစ်မလာနိုင်ကြောင်း၊ လစာတိုးမြှင့်သောနှုန်းထား ကွာခြားမှုနှင့် လက်ထဲတွင် ငွေပိုငွေလျှံမရှိသောကြောင့် အိမ်၊ ခြံ၊ မြေဈေးကွက် မလှုပ်ခတ်နိုင်ကြောင်း လသာမြို့နယ်အတွင်းရှိ အိမ်၊ ခြံ၊ မြေအကျိုးဆောင်တစ်ခု၏ ဈေးကွက်မန်နေဂျာ ဦးတင်သန်းက ပြောကြားသည်။

အိမ်၊ ခြံ၊ မြေဈေးကွက်အတွင်း လက်ရှိအရောင်းအဝယ်သည် နိုဝင်ဘာလနှောင်းပိုင်းမှစတင်ပြီး ဇန်နဝါရီလဆန်းပိုင်းတွင် သိန်းထောင်ချီတန် မြေ၊ လုံးချင်းများ အရောင်းအဝယ် အနည်းငယ်သွက်လာကြောင်း ရန်ကုန်မြို့တော်အတွင်းရှိ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်များက ဆိုသည်။



"အဆိုပါအိမ်၊ ခြံ၊ မြေဈေးကွက်အတွင်း ယခင် အရောင်း ၃၀ ရာခိုင်နှုန်း၊ အငှား ၇၀ ရာခိုင်နှုန်းရှိခဲ့ရာ လက်ရှိတွင် အရောင်း ၄၀ ရာခိုင်နှုန်း၊ အငှား ၆၀ ရာခိုင်နှုန်းရှိလာကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အရောင်းအဝယ်ရာခိုင်နှုန်းတက်လာမှုကြောင့် အငှားရာခိုင်နှုန်းလျော့နည်းလာကြောင်း ယူနတီအကျိုးဆောင်မှ မန်နေဂျာ ဦးဇော်ဇော်က လက်ရှိဈေးကွက်အခြေအနေကို ပြောကြားသည်။

"Amount ကြီးကြီးတွေတော့ ဖြစ်လာတယ်။ ဒီတစ်လ နှစ်လလောက်မှာ တော့ အရောင်းအဝယ်ပြန်ကောင်းလာတယ်" ဟု ၎င်းက ဆိုသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လာသော အိမ်၊ ခြံ၊ မြေဈေးအချို့သည် ဈေးနှုန်းများအနည်းငယ်ကျလာကြောင်း၊ ရန်ကုန်မြို့တွင်း၏ အချက်အချာကျသော ခြောက်မြို့နယ်တွင် တိုက်ခန်းအငှားဈေးနှုန်းများ မြင့်တက်နေကြောင်း အိမ်၊ ခြံ၊ မြေဈေးကွက်အတွင်း ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

www.foreverspace.com.mm

# ကချင်ပြည်နယ် ရေအားလျှပ်စစ်စီမံကိန်းများမှ မဂ္ဂဝပ် ၂၅,၀၀၀ ခန့် ထုတ်ယူရရှိမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၉**

ဧရာဝတီမြစ် မြစ်ဖျားခံရာ ရေဝေရေလဲဒေသကြီးဖြစ်သော ကချင်ပြည်နယ် အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများ၌ ရေအားလျှပ်စစ်စီမံကိန်းစုစုပေါင်း ၁၂ ခုကို အစိုးရက တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ ယင်းစီမံကိန်းအားလုံးပြီးစီးသွားပါက လျှပ်စစ်ဓာတ်အားပမာဏ ၂၄,၇၉၅ မဂ္ဂါဝပ်ခန့်အထိ ထုတ်ယူရရှိနိုင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် တရားဝင်ထုတ်ပြန်ချက်အရ သိရှိရသည်။

အဆိုပါရေအားလျှပ်စစ်စီမံကိန်း ၁၂ ခုအနက် ခြောက်ခုကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိပြီး မေခမြစ်ဝှမ်းတစ်လျှောက်၌ တည်ဆောက်မည့်



ဤသို့သောသဘာဝအလှတရားတို့ မကြာခင်ပြောင်းလဲသွားတော့မည်ဖြစ်သည်

**ကချင်ပြည်နယ်အတွင်း တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်းများ**

| စဉ် | စီမံကိန်းအမည် | တည်နေရာ | လျှပ်စစ်ဓာတ်အားပမာဏ |
|---|---|---|---|
| ၁။ | တာပိန် (၁) ရေအားလျှပ်စစ်စီမံကိန်း | မိုးမောက်မြို့နယ် | ၂၄၀ မဂ္ဂါဝပ် |
| ၂။ | ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း | ချီဖွေမြို့နယ် | ၉၉ မဂ္ဂါဝပ် |
| ၃။ | မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း | မြစ်ကြီးနားမြို့နယ် | ၆၀၀၀ မဂ္ဂါဝပ် |
| ၄။ | ဒသတ်ချောင်း ရေအားလျှပ်စစ်စီမံကိန်း | မြစ်ကြီးနားမြို့နယ် | ၂၈၀၀ မဂ္ဂါဝပ် |
| ၅။ | ဒွန်ဘန်ရေအားလျှပ်စစ်စီမံကိန်း | ဝိုင်းမော်မြို့နယ် | ၆ မဂ္ဂါဝပ် |
| ၆။ | ဒုတ္တန်ချောင်း ရေအားလျှပ်စစ်စီမံကိန်း | ပူတာအိုမြို့နယ် | ၁၅၀ မဂ္ဂါဝပ် |

**ကချင်ပြည်နယ်အတွင်း တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများ (မေခမြစ်ဝှမ်းစီမံကိန်း)**

| စဉ် | စီမံကိန်းအမည် | တည်နေရာ | လျှပ်စစ်ဓာတ်အားပမာဏ |
|---|---|---|---|
| ၁။ | ယိနန် (ရေလန်) | ဆော့လော်မြို့နယ် | ၁၄၀၀ မဂ္ဂါဝပ် |
| ၂။ | ခေါင်လန်ဖူး | ခေါင်လန်ဖူးမြို့နယ် | ၃၀၀၀ မဂ္ဂါဝပ် |
| ၃။ | ဖီဇော | ဆော့လော်မြို့နယ် | ၂၄၀၀ မဂ္ဂါဝပ် |
| ၄။ | ဂူဆောက် | ဆော့လော်မြို့နယ် | ၂၅၀၀ မဂ္ဂါဝပ် |
| ၅။ | ချီဖွေ | ချီဖွေမြို့နယ် | ၃၄၀၀ မဂ္ဂါဝပ် |
| ၆။ | လာဇာ | ဆွမ်ပရာဘွမ်မြို့နယ် | ၂၈၀၀ မဂ္ဂါဝပ် |

**Source: ၅–၂–၂၀၁၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ**

www.foreverspace.com.mm




ကျန်ရေအားလျှပ်စစ်စီမံကိန်းခြောက်ခုကို မကြာမီဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်ကဆိုသည်။

ထိုသို့ ရေအားလျှပ်စစ်စီမံကိန်းကြီးများတည်ဆောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များနှင့် သုတေသီများပါဝင်သော EIA အဖွဲ့သည် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအခြေအနေများကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ကွင်းဆင်းလေ့လာသုတေသနပြုခဲ့ကြပြီး ရေအားလျှပ်စစ်ထုတ်ယူရန် နှစ်နိုင်ငံအစိုးရတာဝန်ရှိသူများက ၂၀၀၉ ခုနှစ် ဇွန်လ ၁၆ ရက်တွင် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခဲ့ကြကာ စီမံကိန်းလုပ်ငန်းများကို ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့်တိုင်းအသီးသီးရှိ တည်ဆောက်ဆဲနှင့် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများအနက် အဆိုပါကချင်ပြည်နယ်ရေအားလျှပ်စစ်စီမံကိန်းများမှထွက်ရှိမည့်ရေအားလျှပ်စစ်ပမာဏမှာ အများဆုံးဖြစ်ကြောင်း စီမံကိန်းအင်ဂျင်နီယာတစ်ဦးက ဆိုသည်။

ဟိမဝန္တာတောင်တန်းနှင့် တစ်ဆက်တည်းတည်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၃၄၃၇၉ ကျယ်ဝန်းသည့် ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အဓိကအသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်စတင်မြစ်ဖျားခံစီးဆင်းရာ ရေဝေရေလဲဒေသကြီးတစ်ခုဖြစ်ရုံမက အရှေ့တောင်အာရှဒေသ၌ ရေခဲဖုံးလွှမ်းသော ပေ ၁၀၀၀၀ ကျော်မြင့်မားသည့် တောင်ထွတ်များတည်ရှိရာတစ်ခုတည်းသောဒေသလည်းဖြစ်သည်။ ကချင်ပြည်နယ် နောင်မွန်းမြို့နယ်အတွင်းရှိ အာဆီယံအမျိုးသားသဘာဝအမွေအနှစ်နယ်မြေ (ASEAN National Heritage Site) အဖြစ် သတ်မှတ်ထားခြင်းခံရသော ၁၄၇၂ စတုရန်းမိုင်ကျယ်ဝန်းသည့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အပါအဝင် ဖုန်ကန်ရာဇီဘေးမဲ့တော (၁၀၄၄ စတုရန်းမိုင်)၊ ဘွမ်ဖာဘွမ်ဘေးမဲ့တော (၇၁၉ စတုရန်းမိုင်)၊ တနိုင်းမြို့နယ်အတွင်းရှိ ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောနှင့် ကျားထိန်းသိမ်းရေးနယ်မြေ (၈၄၁၈ စတုရန်းမိုင်)၊ မိုးညှင်းမြို့နယ်အတွင်းရှိ အင်းတော်ကြီးကန်ဘေးမဲ့တော (၂၉၉ ဒသမ ၃၂ စတုရန်းမိုင်) နှင့် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ပိတောင်ဘေးမဲ့တော (၂၉၆ ဒသမ ၄၆ စတုရန်းမိုင်) ဟူသည့် သဘာဝထိန်းသိမ်းရေးနယ်မြေခြောက်ခုတည်ရှိကာ မြန်မာနိုင်ငံ၌သာရှာဖွေတွေ့ရှိနိုင်သော ဒေသရင်းမျိုးစိတ်များဖြစ်သည့် သားမင်း၊ ပန်ဒါနီ၊ ကတိုးဂျီ၊ ဖက်ဂျီ၊ ရေခဲငါး၊ မိုနာရစ်ငှက်၊ ရေခဲတောင်ငုံး၊ နောင်မွန်းစွေ့ (Naung Mon Seimitar Babbler)၊ သစ်ခွနက်၊ ဟားလက်တက်သစ်ခွ စသည့် ဇီဝမျိုးစုံမျိုးကွဲများရှင်သန်ကျက်စားပေါက်ရောက်ကြသည်။

**ကချင်ပြည်နယ်၏ ကျက်သရေဆောင် ရေခဲဖုံးတောင်များ**



# ပဲမျိုးစုံဈေးနှုန်း ဆက်တိုက်ကျ

**သတင်းဆောင်းပါး – ခင်ဌေးကြွယ် (၇–၂–၂၀၁၀)**

**ရန်ကုန်မြို့တော်၏ ပဲဈေးကွက်အတွင်း ရောင်းဝယ်မှုပြုလုပ်နေကြသည့် ပဲမျိုးစုံဈေးနှုန်းသည် ဇန်နဝါရီလ ဒုတိယပတ်မှစ၍ ဆက်တိုက်ကျဆင်းနေကြောင်း ပဲကုန်သည်များ၏အဆိုအရသိရသည်။**

ပဲမျိုးစုံအနက် အရောင်းအဝယ်အများဆုံးဖြစ်သော မတ်ပဲဈေးနှုန်းသည် နှစ်ပတ်ခန့်အတွင်းတစ်တန်လျှင် ကျပ်တစ်သိန်းဝန်းကျင်ထိ ဈေးလျော့ကျသွားသည်ဟု ဘုရင့်နောင်အခြေစိုက်ပဲကုန်သည်တစ်ဦးက Living Color သို့ ပြောကြားသည်။ ဇန်နဝါရီလ ဒုတိယပတ်တွင် မတ်ပဲ RC တစ်တန်လျှင် ကျပ် ရှစ်သိန်းကျော် (၈၆၅,၀၀၀ ကျပ်) ရှိရာမှ ဇန်နဝါရီလ တတိယပတ်တွင် ကျပ် ခုနစ်သိန်းကျော် (၇၆၀,၀၀၀ ကျပ်) ထိ သိန်းချီ၍ပြုတ်ကျသွားသည်ဟု ၎င်းက ဆက်လက်ရှင်းပြသည်။ အခြားသော ပဲအမျိုးအစားများမှာလည်း တစ်တန်လျှင် ကျပ်ငါးသောင်းဝန်းကျင်မှ ကျပ်တစ်သောင်းဝန်းကျင်အထိ

www.foreverspace.com.mm



ဈေးပြုတ်ကျနေသည်ဟု ဆိုသည်။

ထိုသို့ပဲဈေးနှုန်းများဆက်တိုက်ကျနေခြင်းသည် ပဲသစ်များ စတင်ပေါ်ခြင်းကြောင့် လည်းကောင်း၊ ပြည်ပအဝယ်အေးနေ၍လည်းကောင်း၊ ပြည်တွင်းရှိကုန်သည်အချို့မှာလည်း ယခင်ဝယ်လှောင်ထားသည့်ပဲများကို ရသည့်ဈေးဖြင့်ထုတ်ရောင်းနေကြပြီး ဝယ်လက်အချို့ကလည်း ဈေးကျသည်ကိုအခွင့်ကောင်းယူ၍ ဈေးနှိမ်ဝယ်ယူကာ သိုလှောင်ရန်ကြိုးစားနေကြခြင်းတို့ကြောင့်လည်းကောင်း ပဲမျိုးစုံ ဈေးကျနေခြင်းဖြစ်သည်ဟု အထက်ပါကုန်သည်က ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံမှ ထွက်သည့် ပဲမျိုးစုံကို အိန္ဒိယနိုင်ငံကအများဆုံးဝယ်ယူပြီး ယခုနှစ်တွင်လည်း တန်ချိန်အများအပြားဝယ်ယူရန်ရှိကြောင်း၊ လက်ရှိတွင် အိန္ဒိယနိုင်ငံ၌လည်း ပဲသစ်များပေါ်နေခြင်းကြောင့် ဈေးနှင့် အရောင်းအဝယ်အေးနေကြောင်း၊ သို့သော် မတ်၊ ဧပြီလတို့တွင် ပဲတန်ချိန်အများအပြားဝယ်ယူနိုင်မည်ဟု မျှော်လင့်ရကြောင်း အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့နေသည့် ပဲကုန်သည်တစ်ဦးက ပြောကြားသည်။ အိန္ဒိယသို့အများဆုံး တင်ပို့သည့်ပဲများမှာ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲဖြူလုံးကြီး၊ ပဲတီစိမ်း စသည့်ပဲများဖြစ်ပြီး အိန္ဒိယ၏ ပဲလိုအပ်ချက်မှာ နှစ်စဉ် တန်ချိန်သန်း ၂၀ ကျော်သည်ဟုဆိုသည်။ အိန္ဒိယ၏ နှစ်စဉ်ထုတ်လုပ်နိုင်မှုသည် တန်ချိန် ၁၀ သန်းကျော်သာရှိ၍ လိုအပ်ချက်၏အများစုကို မြန်မာနိုင်ငံထံမှ တင်သွင်းလေ့ရှိသည်ဟုလည်း ဆိုသည်။

ရန်ကုန်မြို့၏ပဲအရောင်းအဝယ်ဈေးကွက်များတွင် ပဲဈေးနှုန်းများကျဆင်းနေသော်လည်း နယ်မြို့များ၏ ကုန်စည်ဒိုင်အချို့တွင်ဈေးမကျကြောင်း၊ အရောင်းအဝယ်မှာလည်းပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး ဈေးနှုန်းမြင့်တက်ခြင်း၊ ကျဆင်းခြင်းမရှိအောင်ဈေးကွက်၊ ဈေးနှုန်းတည်ငြိမ်ရေးကို ကုန်စည်ဒိုင် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးထားကြောင်း ပခုက္ကူကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးကပြောကြား



သည်။

ပဲသစ်များသည် ဇန်နဝါရီလ ဒုတိယပတ်မှစ၍ ပေါ်ထွက်နေပြီး၊ မတ်၊ ဧပြီလထိ ဆက်တိုက်ပေါ်ဦးမည်ဖြစ်ကြောင်း၊ ပဲအထွက်နှုန်းထားမှာ ပုံမှန်ထက်အနည်းငယ်နည်းမည်ဟုထင်ရကြောင်း၊ ပြီးခဲ့သည့်နှစ်ထက် ၁၀ ရာခိုင်နှုန်းခန့် အထွက်နည်းမည်ဟုခန့်မှန်းရကြောင်း၊ သို့သော် ဈေးနှုန်းအတက်အကျမှာမူ သိသာစွာအပြောင်းအလဲမရှိနိုင်ကြောင်း ၎င်းက ဆိုသည်။

ယခင်နှစ် ကောက်သစ်ပဲပေါ်ချိန်ကာလတွင်လည်း ပဲဈေးနှုန်းများ ကျဆင်းခဲ့ပြီး ဧပြီ၊ မေလတို့တွင် ဝယ်ယူလှောင်သည့် ကုန်သည်များ၍ ဈေးနှုန်းများအနည်းငယ်မြင့်တက်ခဲ့သည်ဟု ရန်ကုန်အခြေစိုက်ပဲကုန်သည်တစ်ဦးက ထပ်မံပြောကြားသည်။ လက်ရှိတွင် ပဲဈေးနှုန်းကျသည်ဟုဆိုသော်လည်း ယခင်နှစ်ဈေးနှင့်ယှဉ်ပါက မြင့်မားနေဆဲဖြစ်သည်ဟုလည်း ဆိုသည်။

ရန်ကုန်ပဲဈေးကွက်၌ ပဲမျိုးစုံဈေးသည် ဖေဖော်ဝါရီလကုန်ထိကျဆင်းနေမည်ဟုယူဆရကြောင်းလည်း ၎င်းကထပ်မံ

**ရန်ကုန်တွင်ဈေးကျသော်လည်း နယ်ကုန်စည်ဒိုင်အချို့တွင် ဈေးမကျပေ**



www.foreverspace.com.mm

ပြောကြားသည်။ ဖေဖော်ဝါရီလဆန်းပိုင်း၌ အရောင်းအဝယ်ပြုလုပ်နေသော ပဲများအနက် အများဆုံးအရောင်းအဝယ်ဖြစ်နေကြသည့် ပဲအမျိုးအစားအချို့၏ ဈေးနှုန်းမှာ မတ်ပဲ RC အသစ်တစ်တန်လျှင် ၆၉၀,၀၀၀ ကျပ်၊ မတ် ပဲ RC အဟောင်းတစ်တန်လျှင် ၆၈၀,၀၀၀ ကျပ်၊ မတ်ပဲ Raw ပိဿာ ၆၀ လျှင် ၆၇၅,၀၀၀ကျပ်၊ ပဲစင်းငုံနီတစ်တန်လျှင် ၈၃၅,၀၀၀ ကျပ်၊ ပဲတီစိမ်းတစ်တန်လျှင် ၉၅၅,၀၀၀ ကျပ် စသည်ဖြင့်ရောင်းချလျက်ရှိပြီး နေ့စဉ်ကျပ်ထောင်ဂဏန်းခန့် အပြောင်းအလဲရှိသည်ဟု ဘုရင့်နောင်ပွဲရုံမှ ပဲကုန်သည်တစ်ဦးက ရှင်းပြသည်။



ပဲဈေးကွက်စီးဆင်းရာဘုရင့်နောင်ပွဲရုံ

မြန်မာနိုင်ငံမှပဲများကို အိန္ဒိယနိုင်ငံကအများဆုံးဝယ်ယူပြီး တရုတ်၊ ပါကစ္စတန်၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။ ပဲဈေးနှုန်းများ မကြာမီပြန်လည်ဦးမော့လာနိုင်ဖွယ်ရှိကြောင်းလည်း ကုန်သည်များက ခန့်မှန်းပြောကြားသည်။



နေ့စဉ်ကျပ်ထောင်ဂဏန်းခန့် အပြောင်းအလဲရှိနေသည်

ပဲဈေးနှုန်းကျဆင်းနေခြင်းအပေါ် အခွင့်ကောင်းယူ၍ ကုန်သည်အချို့သည် ပဲစိုက်သူတောင်သူများထံမှ ဈေးနှိမ်၍ ဝယ်ယူရန် ကြိုးစားနေကြကြောင်း၊ တောင်သူများအနေဖြင့်လည်း ရသည့်ဈေးနှုန်းနှင့် မရောင်းသင့်ကြောင်း၊ ပဲစိုက်တောင်သူမနစ်နာရေးအတွက် သက်ဆိုင်ရာအသင်း၊ အဖွဲ့များက ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အလုပ်အမှုဆောင်တစ်ဦးက ပြောကြားသည်။

# ရန်ကုန်သုသာန်များ၏ သင်္ဂြိုဟ်စရိတ် တိုးမကောက်သေးဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၂၀**

ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်းရှိ သုသာန်များ၌ မီးသင်္ဂြိုဟ်စရိတ်၊ အအေးခန်းစရိတ်များကို လတ်တလောတွင် တိုးမြှင့်ကောက်ခံခြင်းမပြုသေးကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ပြောကြားသည်။

သင်္ဂြိုဟ်စရိတ်၊ အအေးခန်းစရိတ်များကို သုသာန်အချို့၌ တိုးမြှင့်ကောက်ခံနေသည်ဟု ထွက်ပေါ်နေသောသတင်းများမှာ ကောလာဟလသတင်းများသာဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တိုးမြှင့်ကောက်ခံခြင်းမရှိသေးကြောင်း၊ သို့သော် အထွေထွေစရိတ်ကြီးမြင့်လာခြင်းကြောင့် နောင်တွင် အပြောင်းအလဲဖြစ်လာနိုင်ကြောင်း၊ လက်ရှိတွင် အရှုံးခံ၍ နာရေးကိစ္စများကိုဖြေရှင်းပေးနေကြောင်း၊ သုသာန်အများစုမှာ ဒီဇယ်ဆီမသုံးဘဲ မီးထိုးဆီနှင့် အသုံးပြုနေရကြောင်း၊ ဒီဇယ်ဆီသုံးမည်ဆိုပါက ဈေးနှုန်းပြောင်းလဲနိုင်ကြောင်း မြို့တော်ဝန်က ဆိုသည်။

www.foreverspace.com.mm



ဒီဇယ်ဆီကိုအသုံးပြုရသည့်မြို့များတွင် သင်္ဂြိုဟ်စရိတ်များ ကြီးမြင့်ကြောင်း၊ မန္တလေးတွင် နာရေးတစ်ခု ကျပ် သုံးသောင်းကုန်ကျချိန်တွင် ရန်ကုန်မြို့တွင် ကျပ်ထောင်ဂဏန်းသာရှိကြောင်းလည်း မြို့တော်ဝန်က ဆိုသည်။

ရေဝေးသုသာန်သို့ Living Color က တယ်လီဖုန်းဖြင့်ဆက်သွယ်မေးမြန်းရာတွင် တိုးမြှင့်ကောက်ခံခြင်းမရှိသေးကြောင်း၊ ယခင်အတိုင်း သင်္ဂြိုဟ်စရိတ်မှာ နာရေးတစ်ခုလျှင် ကျပ်တစ်ထောင်နှင့် အအေးခန်း တစ်ရက်အသုံးပြုခနှုန်းထားမှာ ၁၅၀၀ ကျပ်ဖြစ်ကြောင်း ပြောကြားသည်။ ရေဝေးသုသာန်သည် ရန်ကုန်မြို့တော်၏ အဓိကသုသာန်ကြီးတစ်ခုဖြစ်ပြီး တစ်ရက်လျှင် နာရေးပေါင်းတစ်ရာဝန်းကျင်ကိုဖြေရှင်းပေးနေရကြောင်း မြို့တော်စည်ပင်၏တာဝန်ရှိသူတစ်ဦးထံမှ စုံစမ်းသိရသည်။



**တစ်ရက်လျှင် နာရေးပေါင်းတစ်ရာ ဝန်းကျင်ကိုဖြေရှင်းပေးနေရသည်**

# နေပြည်တော်၌ အမြင့်ဆုံးတောင်ပေါ်ဟိုတယ် ဖွင့်

**နေပြည်တော်၊ ဇန်နဝါရီ ၅**

နေပြည်တော် အဆင့်မြင့်ဟိုတယ်များအနက် ဥတ္တရသီရိမြို့အနီး ဖိုးဇော်တောင်ပေါ်တွင် Mount Pleasant ဟိုတယ်ကို G4 ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိရာ ယခုပထမအဆင့်အနေဖြင့် ဘန်ဂလို ၁၀ လုံးကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်မှစတင်၍ ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း G4 ဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာ ဦးရန်ဝင်းက ပြောကြားသည်။



အဆိုပါ Mount Pleasant ဟိုတယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀၀ နီးပါးကျော်မြင့်သော ဖိုးဇော်တောင်ပေါ်တွင်တည်ဆောက်ထားခြင်းကြောင့် ပြင်ဦးလွင်မြို့ရာသီဥတုနှင့်တူညီပြီး ရာသီဥတုမှာ မြေပြင်ထက် ငါးဒီဂရီစင်တီဂရိတ် ပိုအေးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယင်းဟိုတယ်မှာ မြေဧရိယာ အကျယ် ၂၅ ဧကရှိပြီး အဆောက်အအုံကို Viewing Tower သုံးထပ်အဆောက်အအုံအဖြစ်တည်ဆောက်ထားကြောင်း၊ နိုင်ငံတကာအစည်းအဝေးများကျင်းပနိုင်မည့် Reception Hall ပါဝင်ကြောင်း၊ ဟိုတယ်အဆောက်အအုံများကို ဆက်လက်တည်ဆောက်ဆဲဖြစ်ရာ နောက်ထပ်ဘန်ဂလို ၁၉ လုံးကို ၂၀၁၀ ပြည့်နှစ် မတ်လတွင် ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း အဆိုပါဟိုတယ်မှ သတင်းတစ်ရပ်အရ သိရှိရသည်။

ဟိုတယ်၏အရှေ့ဘက်တွင် ရေဆင်းဆည်၊ ဥတ္တရသီရိမြို့နှင့် ပုဗ္ဗသီရိမြို့၊ တောင်ဘက်တွင် ဥပ္ပါတသန္တိစေတီတော်၊ အနောက်ဘက်တွင် ပြည်သူ့လွှတ်တော်၊ ငလိုက်ဆည်နှင့် ပဲခူးရိုးမတို့ ဝိုင်းရံလျက်ရှိကြောင်း၊ ယင်းဟိုတယ်ပေါ်မှကြည့်လျှင် နေပြည်တော်၏ ရှုခင်းအလှအပများကို ခံစားနိုင်သလို တောင်ပတ်လမ်းများ၊ တောင်ပေါ်လျှောက်လမ်းများ၊ ကလေးကစားကွင်းများလည်း တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ဦးရန်ဝင်းက ဆက်လက်ရှင်းလင်းပြောကြားသည်။

Mount Pleasant ဟိုတယ်သည် နေပြည်တော်ရှိ ဟိုတယ်ထဲတွင် အဆင့်မြင့်ဆုံးဟိုတယ်တစ်ခုဖြစ်ပြီး တည်းခိုခန်းခနှုန်းထားများမှာ အနိမ့်ဆုံး အမေရိကန်ဒေါ်လာ 100၊ အလတ်စား အမေရိကန်ဒေါ်လာ 250၊ အကြီးဆုံး အမေရိကန်ဒေါ်လာ 400 စသည်တို့ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ Mount Pleasant ဟိုတယ်ကို G4 ဆောက်လုပ်ရေးကုမ္ပဏီက ၂၀၀၉ ခုနှစ် မေလ ၂၈ ရက်နေ့တွင် တည်ဆောက်ခဲ့သည်။

**မင်းသုခိုင်**

www.foreverspace.com.mm



# အင်းလေးကန်တွင်း DDT ပိုးသတ်ဆေးဓာတ်ကြွင်းတွေ့

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂**



သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာပေါင်းစုံကို ရင်ဆိုင်နေရသော ကမ္ဘာကျော်အင်းလေးကန်အတွင်း မြန်မာနိုင်ငံတွင် ၁၉၉၅ ခုနှစ်မှစ၍ သုံးစွဲခွင့်ပိတ်ပင်ထားခဲ့သော DDT ပိုးသတ်ဆေးဓာတ်ကြွင်းများကို ယခုတိုင်တွေ့ရှိရကြောင်း ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အဆိပ်ဗေဒဌာန၏ သုတေသနစာတမ်းတွင်ဖော်ပြထားချက်အရ သိရသည်။

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (၂၀၀၉) တွင် တင်သွင်းသည့် အကောင်းဆုံးပိုစတာဆုရ သုတေသနစာတမ်းဖြစ်သော 'ပိုးသတ်ဆေးအကြွင်းအကျန်များကြောင့် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်းကို အင်းလေးဒေသတွင်လေ့လာခြင်း' စာတမ်းတွင် ထိုကဲ့သို့ ဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါ DDT ပိုးသတ်ဆေးသည် စိုက်ပျိုးရေးလုပ်ငန်းတွင် အများဆုံးအသုံးပြုကြောင်း၊ လျင်မြန်စွာဓာတ်ပြယ်ခြင်းမရှိဘဲ ရေထဲတွင် တစ်နှစ်၊ မြေကြီးထဲတွင် ၁၅ နှစ်နှင့် အဝီစိရေကြောအတွင်း ၃၁ နှစ်ကြာသည်အထိ ဓာတ်ကြွင်းများတွေ့ရှိနိုင်ကြောင်း၊ ယင်းပိုးသတ်ဆေးသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သက်ရှိသက်မဲ့တို့၏ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေသည့်အတွက် ၁၉၉၅ ခုနှစ်မှစတင်၍ အသုံးပြုခွင့် တရားဝင်ပိတ်ပင်ခဲ့ပြီးဖြစ်ကြောင်း အဆိုပါသုတေသနတွင် ဦးဆောင်ခဲ့သည့် အောက်မြန်မာပြည်ဆေးသုတေသနအဆိပ်ဗေဒဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသော်ဇင်က Living Color သို့ ရှင်းပြသည်။

ပထမဦးဆုံးအကြိမ်ပြုလုပ်သော အဆိုပါသုတေသနလုပ်ငန်းတွင် အင်းလေးကန်တွင်းရှိရေ၊ ငါးနှင့် ပိုးသတ်ဆေးကိုင်တွယ်အသုံးပြုသူစိုက်ပျိုးရေးသမားများ၏သွေးနမူနာတို့ကို ဓာတ်ခွဲစမ်းသပ်ခဲ့ကြောင်း၊ ရေနှင့် လူတွင် ယင်းဓာတ်ကြွင်းများတွေ့ရှိရသော်လည်း လတ်တလောအန္တရာယ်ဖြစ်စေနိုင်လောက်သည်အထိ မများကြောင်း၊ ငါးများတွင်မူ အများအပြားတွေ့ရှိရကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ ပိုးသတ်ဆေးတို့၏သဘာဝအရ အဆီတွင်ပျော်ဝင်နိုင်၍ ကာလကြာရှည်စွာ ဓာတ်ပြယ်ခြင်းမရှိသောကြောင့် ငါး၏အဆီအတွင်း အစာမှတစ်ဆင့် ဓာတ်ကြွင်းများ ဝင်ရောက်စုစည်းသွားခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်လောင်းရှင်းပြသည်။

"အခုတွေ့တဲ့ပမာဏက လောလောဆယ် အန္တရာယ်ဖြစ်စေနိုင်လောက်တဲ့ပမာဏတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီဓာတ်ကြွင်းတွေရဲ့သက်ရောက်မှုကြောင့် ရေရှည်မှာ မျက်စိအားနည်းတာတို့၊ သွေးတိုး၊ အဆုတ်၊ အာရုံကြော၊ သွေးအားနည်း အစရှိတဲ့ရောဂါလက္ခဏာတွေပေါ်လာမယ်။ ဒါကို အဖြစ်များတဲ့ တီဘီ၊ နှလုံးရောဂါ၊ အရေပြားရောဂါ၊ သွေးအားနည်းရောဂါတွေထင်ပြီးကုသနေတာ မြင်နေရတယ်" ဟု ၎င်းက ဆို သည်။

ငါးများတွင်မူ အဆိုပါဓာတ်ကြွင်းအများအပြားတွေ့ရှိရသောကြောင့် ရေရှည်တွင် ငါးမျိုးပြုန်းတီးမှုများဖြစ်ပေါ်နိုင်ကြောင်း၊ ငါးကိုအစာအဖြစ်စားသုံးသော လင်းယုန်၊ ဗျိုင်း အစရှိသည့် သတ္တဝါများတွင် မြုံခြင်း၊ ဥကွဲခြင်း စသည့်မျိုးပွားခြင်းဆိုင်ရာပြဿနာများဖြစ်ပွားစေကြောင်း ၎င်းကပြောကြားသည်။ ပိုးသတ်ဆေးကြောင့် "မျိုးပွားခြင်းဆိုင်ရာပြဿနာတွေ ရေရှည်မှာတွေ့ရမှာပါ။ ဒီလိုဖြစ်လာရင် သက်ရှိတို့ရဲ့ဂေဟစနစ် အကြီးအကျယ်ပျက်စီးစေနိုင်ပါတယ်။ လူနဲ့ သတ္တဝါ ပတ်ဝန်းကျင်ဆိုတာ အပြန်အလှန်ဆက်စပ်နေတာပါ" ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောဆို သည်။

ယခုတွေ့ရှိချက်များသည် ၁၉၉၅ ခုနှစ်မတိုင်မီကသုံးစွဲခဲ့သော DDT ပိုးသတ်ဆေး၏ဓာတ်ကြွင်းများကို အဓိကဆိုလိုကြောင်း၊ ပိတ်ပင်ပြီးနောက်ပိုင်းတွင် ယင်းပိုးသတ်ဆေးထပ်မံသုံးစွဲတော့ဟု ယူဆနိုင်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါ DDT ပိုးသတ်ဆေးများကို ရန်ကုန်ဈေးကွက်အတွင်း၌ ကြိုတင်မှာယူ၍ ဝယ်ယူရရှိနိုင်ကြောင်း အဆိုပါ ပိုးသတ်ဆေးဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**YWN**

www.foreverspace.com.mm



# ရုပ်ရှင်ထူးချွန်ဆုပေးပွဲထက် ပွဲတက်ဝတ်စုံကိုသာ စိတ်ဝင်စား

**ရန်ကုန်၊ ဖေဖော်ဝါရီ ၈**

၂၀၀၈ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုပေးပွဲ သတင်းမှတ်တမ်းဓာတ်ပုံများကို ဂျာနယ်၊ မဂ္ဂဇင်းများတွင် အသီးသီးဖော်ပြကြသော်လည်း ရုပ်ရှင်ထူးချွန်ဆုသတင်းများထက် သရုပ်ဆောင်များ၏ပွဲတက်ဝတ်စုံဒီဇိုင်းများကို ပရိသတ်ကပိုမိုစိတ်ဝင်စားကြကြောင်း ယင်းပွဲတက်ရောက်ခဲ့သူ သတင်းစာဆရာတစ်ဦးက ဆိုသည်။

အကယ်ဒမီပွဲတက်ဝတ်စုံများကို ယခင်ကတည်းကစိတ်ဝင်စားခဲ့ကြသော်လည်း ယခုနောက်ဆုံးငါးနှစ်အတွင်း ပိုမိုဂရုစိုက်မိလာကြခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

၂၀၀၇ ခုနှစ်အတွက်ဆိုလျှင် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်သတင်းများပါရှိသည့် အပတ်စဉ်ထုတ်ဂျာနယ်များကို ပရိသတ်ကစိတ်ဝင်စားမှုနည်းလာသော်လည်း ပွဲတက်ရောက်လာသည့် သရုပ်ဆောင်တို့၏ အဝတ်အစား၊ ဒီဇိုင်းသီးသန့်ထုတ်ဝေသည့် မဂ္ဂဇင်းတို့ ပိုမိုရောင်းအားကောင်းခဲ့ကြောင်း မဂ္ဂဇင်း၊ ဂျာနယ်လက်ကားရောင်းချသူများထံမှ သိရသည်။

၂၀၁၀ ပြည့်နှစ်တွင်ပြုလုပ်သော ၂၀၀၈ ခုနှစ်အတွက်ချီးမြှင့်သည့် ဆုပေးပွဲတွင် အကယ်ဒမီဗန်းကိုင်၊ သရုပ်ဆောင်တို့၏ ပွဲတက်ဝတ်စုံ၊ ဆံထုံး၊ လက်ဝတ်တန်ဆာစသဖြင့် ဒီဇိုင်းအပြင်အဆင်များ သီးသန့်ထုတ်ဝေသည့်စာအုပ်များ ရှစ်မျိုးခန့်ထွက်ရှိလာရာ ရောင်းမလောက်အောင် အရောင်းသွက်ခဲ့ကြောင်း အရှေ့ရွှေဂုံတိုင်တွင် စာအုပ်ရောင်းချသည့် အမျိုးသမီးတစ်ဦးက ဆိုသည်။



**ရုပ်ရှင်ထူးချွန်ဆုထက် ပွဲတက်ဝတ်စုံကို ပိုမိုစိတ်ဝင်စားကြသည်**

ယခုဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဖက်ရှင်ဒီဇိုင်းကဲ့သို့ အလှအပရေးရာများ ရေပန်းစားလာခဲ့သလို နှစ်စဉ် သရုပ်ဆောင်ဆုရွေးချယ်ရာတွင် ရွေးချယ်ရမည့် ဇာတ်ကားအရေအတွက် နည်းခြင်းတို့ကြောင့် ထူးချွန်ဆု မည်သူမည်ဝါရရှိမည်ဆိုသည်ကို ကြိုတင်ခန့်မှန်းနိုင်ကြသဖြင့် ရုပ်ရှင်ထူးချွန်ဆုပေးပွဲအပေါ် စိတ်ဝင်စားမှုနည်းပါးလာရခြင်းဖြစ်ကြောင်း ဝါရင့်သတင်းစာဆရာတစ်ဦးက သုံးသပ်သည်။

# ပြည်တွင်းသင်္ဘောသားအလုပ်အကိုင် ပါရာဒိုင်းပြောင်းလဲ

**သတင်းဆောင်းပါး – ဖြိုးဝေစိုး (၆–၂–၂၀၁၀)**

**မြန်မာလူငယ်အများစုစိတ်ဝင်စားသော ပင်လယ်ကူးသင်္ဘောသားအလုပ်အကိုင် လွယ်ကူချောမွေ့စေရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကြေညာချက်အသစ်များထုတ်ပြန်ခဲ့ရာ သင်္ဘောသားအလုပ်အကိုင်အတွက် ပါရာဒိုင်းအပြောင်းအလဲတစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။**

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်အကိုင်အခွင့်အလမ်းရရှိရေးကြီးကြပ်မှုကော်



မတီတစ်ရပ်ကို ဖွဲ့စည်းပြီး သင်္ဘောသားအလုပ်အကိုင်ရရှိစေရေးအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်္ဘောသားဖြစ်လိုသူ မြန်မာ

www.foreverspace.com.mm

လူငယ်တိုင်းသည် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ တိုက်ရိုက်လျှောက် ထားနိုင်ပြီး လျှောက်ထားသော လူငယ်များ သည် အသက် ၁၈ နှစ်ပြည့်ပြီးနိုင်ငံသား စိစစ်ရေးလက်မှတ်ရရှိထားရန် လိုအပ် ကြောင်း၊ ကုန်းပတ်ဌာနနှင့် စက်မှုဌာနတွင် လျှောက်ထားသူများသည် အခြေခံပညာ အထက်တန်းအောင်မြင်ရန်လိုအပ်ပြီး စားရိပ် သာဌာနတွင် လျှောက်ထားသူသည် အခြေခံ ပညာအလယ်တန်းအောင်မြင်ပြီးသူဖြစ် ရန်လိုအပ်ကြောင်း၊ လျှောက်ထားသူများ



အားလုံး အခြေခံအင်္ဂလိပ်စာကျွမ်းကျင်မှုစာ မေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း၊ အောင်မြင် သူများသာ 4 Ticket နှင့် Pre-Sea သင် တန်းများတက်ရောက်ခွင့်ပြုမည်ဖြစ် ကြောင်း ယင်းဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

ယင်းကဲ့သို့ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ စီမံမှုကြောင့် သင်္ဘောသားလုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း၊ တစ်နည်း အားဖြင့် အရည်အချင်းပိုင်းကို မြှင့်တင်ပြီး ဖိလစ်ပိုင်သင်္ဘောသားတို့ကြီးစိုးနေသည့် ကမ္ဘာ့သင်္ဘောသားဈေးကွက်ကိုထိုးဖောက် ခြင်းဖြစ်နိုင်ကြောင်းဝါရင့်သင်္ဘောသားဟောင်း တစ်ဦးဖြစ်သူ ဦးချစ်လွင်က ပြောကြား သည်။

မြန်မာနိုင်ငံတွင် ၁၉၇၇ ခုနှစ် ဝန်း ကျင်ကပင် ပင်လယ်ကူးသင်္ဘောသား အလုပ်ကိုလုပ်ကိုင်ခဲ့ကြောင်း၊ ယခုအချိန် ထိ တရားဝင်မှတ်ပုံတင်ထားသည့် သင်္ဘော သားဦးရေမှာ ခြောက်သောင်းခန့်သာရှိပြီး သင်္ဘောပေါ်တွင် အမှန်တကယ်အလုပ်လုပ် ကိုင်နေသူမှာ နှစ်သောင်းဝန်းကျင်သာရှိ ကြောင်း၊ ၂၀၀၅ ခုနှစ်နောက်ပိုင်းအတွင်း သင်္ဘောသားလူသစ်မှာ တစ်သောင်းမပြည့် ကြောင်း၊ သို့ဖြစ်ရာ မြန်မာသင်္ဘောသား လောကမှာ ခါးဆက်ပြတ်နေပြီဖြစ်ကြောင်း၊ အလျင်အမြန်မဖြည့်ဆည်းနိုင်ပါက ဆုတ် ယုတ်သွားနိုင်ကြောင်း၊ မြန်မာနိုင်ငံထက် နောက်ကျစွာ သင်္ဘောသားအလုပ်အကိုင် လုပ်ကိုင်သည့် ဖိလစ်ပိုင်နိုင်ငံတွင် တရား ဝင်သင်္ဘောသားမှာ နှစ်သိန်းဝန်းကျင်ရှိနေ ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း (MOSA) မှ တွဲ ဖက်အတွင်းရေးမှူး ဦးမင်းဇော်က ရှင်းပြ သည်။

သို့ဖြစ်၍ သင်္ဘောသားများမွေး ထုတ်ရန် လိုပြီး ယင်းသို့မွေးထုတ်ရန် အတွက် မည်သည့်ကန့်သတ်ချက်မျှမရှိသင့် ကြောင်း၊ သင်္ဘောတစ်စီးတွင် ကပ္ပတိန်တစ် ဦးကောင်းရုံမျှဖြင့် ဦးဆောင်၍မရကြောင်း၊ သင်္ဘောသားအားလုံး သူ့နေရာနှင့်သူ တာ ဝန်ယူတတ်မှသာလျှင် သင်္ဘောတစ်စီးလုံး ဟန်ချက်ညီညီနှင့် မောင်းနှင်နိုင်မည်ဖြစ် ကြောင်း၊ သင်္ဘောသားတစ်ဦးတွင် မိမိ အထက်အရာရှိခိုင်းသည်ကို နားလည်နိုင်

# အိန္ဒိယဘဏ်တစ်ခုနှင့် မြန်မာ့စီးပွားရေးဘဏ် ပူးပေါင်းဆောင်ရွက်ရန် ထပ်မံဆွေးနွေး

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

အိန္ဒိယနိုင်ငံအတွင်း ဘဏ်ခွဲ ၂၀ ဝန်းကျင်ဖွင့်လှစ်ထားသော United Bank of India နှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်ရန် ထပ်မံဆွေးနွေး လျက်ရှိကြောင်း အိန္ဒိယပို့ကုန်အသင်းများဖက်ဒရေးရှင်းမှ ဒုတိယညွှန်ကြားရေးမှူး ချုပ် Ms. Debdatta Nandwani က ပြောကြားသည်။

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးသဘောတူညီချက်အကောင်အထည်ဖော်ရေး အတွက် ဘဏ်အချင်းချင်းချိတ်ဆက်ဆောင်ရွက်ရန် ယင်းဘဏ်နှစ်ခု ပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက်ကို ၂၀၀၈ ခုနှစ် ဇွန်လကတည်းက ရေးထိုးခဲ့ပြီး ဖြစ်သည်။

"လက်တွေ့လုပ်ဆောင်ဖို့ အခက်အခဲတချို့ကြောင့် အခုထိအကောင်အထည် မဖော်ဖြစ်တာပါ။ ထပ်ပြီး ဆွေးနွေးနေပါတယ်" ဟု အောက်ပါပုဂ္ဂိုလ်ကပြောကြား သော်လည်း ဆွေးနွေးမှုအသေးစိတ်ကိုမူ ပြောဆိုခြင်းမရှိပေ။

Indo-Myanmar Chamber of Commerce & Industries ၏ မြန်မာဌာနေ ကိုယ်စားလှယ် Mr. Hardeep Singh က မြန်မာနှင့်ကုန်သွယ်ရာတွင် အဓိကအခက် အခဲမှာ ဘဏ်စနစ်ဖြစ်ပြီး အခြားအခက်အခဲများမှာ ငွေကြေးလဲလှယ်မှုနှုန်းထား၊ လျှပ်စစ်ဓာတ်အားရရှိမှုတို့ဖြစ်ကြောင်း ပြောကြားသည်။

အထက်ပါအသင်းမှာ အိန္ဒိယ–မြန်မာ နှစ်နိုင်ငံကုန်သွယ်ရေးတွင် အရေးပါ သောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည့်အသင်းဖြစ်သည်။ ၂၀၀၈–၂၀၀၉ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉၅၁ သန်း ရှိခဲ့သည်။

United Bank of India နှင့် ပူးပေါင်းဆောင်ရွက်မည့် မြန်မာ့စီးပွားရေး ဘဏ်သည် နိုင်ငံအဝန်းဘဏ်ခွဲပေါင်း ၃၀၀ ကျော် ဖွင့်လှစ်ထားရှိသည်။

Powerful Press

www.foreverspace.com.mm

ရှင်းရှိရမည်ဖြစ်ပြီး လက်အောက်ငယ်သားကိုလည်း ခိုင်းတတ်ရန်လိုကြောင်း၊ ယင်းအချက်နှစ်ချက်သည်သာ အဓိကကျကြောင်း ၎င်းက ဆိုသည်။

ယခင်က သင်္ဘောလိုင်းကုမ္ပဏီ အလုပ်ခန့်စာ (Appointment) တစ်စောင်လျှင် ကျပ်သိန်း ၂၀ မှ သိန်း ၃၀ ရှိရာ သင်္ဘောသားတစ်ဦးဖြစ်ရန်အတွက်အခွင့်အရေးနည်းပါးခဲ့ကြောင်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံသို့ Appointment မလိုဘဲ တိုက်ရိုက်လျှောက်ခွင့်ရခြင်းကြောင့် အခွင့်လမ်းပိုမိုနိုင်ကြောင်း၊ အဓိကအားဖြင့် ကျပ်သိန်း ၂၀ လူတန်းစားပျောက်သွားကာ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းရှိသူ မည်သူမဆို ပါဝင်လာနိုင်ကြောင်း၊ ယင်းအပြင် ဖွင့်လှစ်မည့်သင်တန်းတွင်လည်း သင်တန်းသားအရေအတွက်များများ လက်ခံမှသာလျှင် သင်္ဘောသားအရေအတွက် များများပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ သင်တန်းအပတ်စဉ်တစ်ခုတွင် သင်တန်းသား ၂၀၀ ဦးခန့်ဖြင့် လက်ခံဖွင့်လှစ်နိုင်မည်ဆိုပါက အရေအတွက် တိုးတက်လာနိုင်ကြောင်း MOSA မှ ဘဏ္ဍာရေးမှူး ဦးရဲအောင်က သုံးသပ်သည်။



## သင်္ဘောသားများအတွက် အခွင့်အလမ်း ပိုမိုရရှိလာခြင်းဖြစ်သည်

မြန်မာနိုင်ငံမှ သင်္ဘောသားများကို ကမ္ဘာ့သင်္ဘောသားဈေးကွက်က ကြိုက်နှစ်သက်ကြကြောင်း၊ ရှေ့လာမည့်နှစ်များတွင် ကိုရီးယားအခြေစိုက်ကုမ္ပဏီများမှ မြန်မာသင်္ဘောသားအမြောက်အမြားခေါ်ယူရန်ရှိသည့်အတွက်မြန်မာသင်္ဘောသား အရေအတွက်များများမွေးထုတ်ရန်လိုကြောင်း၊ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအောင်သူများအတွက် သင်္ဘောသားအဖြစ် တိုက်ရိုက်လျှောက်ထားခွင့်ရှိရာ အခြေခံပညာအလယ်တန်းအဆင့်မရှိသော်လည်း သင်္ဘောသားအဖြစ် လုပ်ကိုင်လိုသူများအတွက် အခြားနည်းဖြင့် ဖန်တီးပေးနိုင်ပါက ပိုမိုကောင်းသွားမည်ဖြစ်ပြီး နိုင်ငံ၏ငွေယိုပေါက်နှင့် လူသားအရင်းအမြစ်ဆုံးရှုံးမှုရှိနိုင်တော့မည်မဟုတ်ကြောင်း ကိုရီးယားအခြေစိုက်သင်္ဘောကုမ္ပဏီတစ်ခု၏ မြန်မာနိုင်ငံကိုယ်စားလှယ်တစ်ဦးက အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံနှင့်သင်္ဘောသားဈေးကွက်အပြိုင်ဖြစ်သော ဖိလစ်ပိုင်နိုင်ငံသည် ရွှေ့ပြောင်းအလုပ်သမားများကို သင်္ဘောသားလုပ်ငန်းများတွင် စိတ်ပါဝင်စားမှုရှိလာစေရန် အခွင့်အလမ်းများဖန်တီးပြုလုပ်ပေးခြင်းကြောင့် ဖိလစ်ပိုင်သင်္ဘောသားဦးရေမှာ တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားများကိုလည်း ယင်းပင်လယ်ကူးသင်္ဘောသားအလုပ်အကိုင်တွင် ဝင်ရောက်လုပ်ကိုင်နိုင်စေရန် အခွင့်အလမ်းဖန်တီးပေးပါက မြန်မာပင်လယ်ကူးသင်္ဘောသားဦးရေမှာ တစ်ဟုန်ထိုး တိုးတက်လာဖွယ်ရှိကြောင်း ဦးမင်းဇော်က ထပ်လောင်းရှင်းပြသည်။ ■

## မြန်မာသင်္ဘောသားလူသစ်များ လိုအပ်နေသည်ဟုဆိုသည်



www.foreverspace.com.mm

# နှစ် ၂၀ ကျော်အတွင်း မီးလောင်မှုကြောင့် လူ ၉၀၀ ကျော်နှင့် ကျပ်သန်းပေါင်းသုံးသောင်းကျော် ဆုံးရှုံး

**ရန်ကုန်၊ ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၁၉၈၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နှစ် ၂၀ ကျော်ကာလအတွင်း မီးလောင်မှုကြောင့် လူပေါင်း ၉၅၆ ဦးနှင့် ခန့်မှန်းခြေဆုံးရှုံးမှုတန်ဖိုး ကျပ် သန်း သုံးသောင်းကျော် (၃၁၂၄၂,၅၇၅,၄၉၂) ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း မီးသတ်ဦးစီးဌာန ကထုတ်ပြန်သည့် စာရင်းများအရ သိရှိရသည်။

နှစ် ၂၀ ကျော်ကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မီးလောင်မှု ၂၃၇၂၇ ကြိမ်ခန့်ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ မီးလောင်မှုများတွင် ပေါ့ဆမီးကြောင့် မီးလောင်ကျွမ်းမှုမှာ ၁၂,၇၅၀ ကြိမ်ဖြင့် အများဆုံးဖြစ်ပွားခဲ့ပြီး ဒုတိယအများဆုံးမီးလောင်မှုမှာ မီးဖိုမီး ၆၇၄၂ ကြိမ်ဖြစ်ကြောင်း၊ တတိယအများစုမှာ လျှပ်စစ်မီးကြောင့် ဖြစ်ပြီး ၂၁၄၀ ကြိမ်၊ မသမာသူရှို့မီး ၁၂၁၅ ကြိမ်၊ တောမီး ၅၆၁ ကြိမ်၊ အလိုအလျောက်မီးလောင်မှု ၁၂၉ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၆၁ ကြိမ်၊ မိုးကြိုးပစ်မှုကြောင့်မီးလောင်မှု ၉၂ ကြိမ်၊ မီးလန့်မှု ၉၂ ကြိမ်နှင့် အခြားမီးလောင်မှု ၁၇ ကြိမ်ပါဝင်ခဲ့ကြောင်း အဆိုပါ စာရင်းတွင် ဖော်ပြထားသည်။

အဆိုပါမီးလောင်မှုများကြောင့် စက်ရုံ၊ အလုပ်ရုံ ၇၅၁လုံး၊ ဂိုဒေါင် ၉၄၁ လုံးနှင့် အိမ်ခြေအဆောက်အအုံပေါင်း ၁၅၈,၈၂၂ လုံးခန့် မီးလောင်ပျက်စီးခဲ့ပြီး မီးဘေးဒုက္ခသည်ပေါင်း ၇၃၉,၂၁၈ ဦးခန့် ရှိခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် လူပေါင်း ၁၅၇၅ ဦးခန့် ဒဏ်ရာရ၍ ၉၅၆ ဦးခန့်သေဆုံးကာ တိရစ္ဆာန်ကောင်ရေ ၁၀၇,၈၇၉ ခန့် သေဆုံးပျက်စီးခဲ့ကြောင်း အဆိုပါထုတ်ပြန်ထားသောစာရင်းတွင် ပါရှိသည်။

၂၀၀၁ ခုနှစ်နောက်ပိုင်းတွင် အခြားသော ပေါ့ဆမီးနှင့် မီးဖိုမီးကြောင့် မီးလောင်မှုလျော့နည်းလာသော်လည်း လျှပ်စစ်ကြောင့် ဖြစ်ပွားသည့်မီးလောင်မှု နှစ်စဉ်ဖြစ်ပွားမှုများလာသည်ကိုတွေ့ရကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၌ လျှပ်စစ်မီးသွယ်တန်းအသုံးပြုရာတွင် ကိုလိုနီခေတ်ကအသုံးပြုခဲ့သည့် ဝါယာကြိုးများကို အသုံးပြုဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ ယင်းကဲ့သို့ သုံးစွဲမှု နှစ်ကြာမြင့်ပြီးဖြစ်သည့် ဝါယာကြိုးများမှာ ယခုအခါ ခေတ်အလိုက်ပြောင်းလဲလာသည့် လျှပ်စစ်သုံးစွဲမှုပမာဏများပြားလာသည့်အပေါ်၌ ဝန်အားမမျှသောကြောင့် သုံးစွဲရန်မသင့်တော့ကြောင်း မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အေးက သုံးသပ်ပြောကြားသည်။

---

# ဘောထုပ်ဝယ်ယူဝတ်ဆင်သူ ယခင်ထက်များပြား၊ ဖက်ရှင်အဖြစ်ပါ ဝတ်ဆင်လာကြ

**သတင်းဆောင်းပါး – ခင်ဌေးကြွယ် (၅–၂–၂၀၀၅)**

**ဘော ထုပ်ဟု လူသိများသော လေဘေးအဝတ်အထည် ဝယ်ယူအသုံးပြုသည့် လူဦးရေသည် ယခင်နှစ်များထက် ပိုမိုများပြားလာပြီး ဖက်ရှင်အဖြစ်ပါ ဝတ်ဆင်လာကြကြောင်း ဘောထုပ်ထည် လက်လီလက်ကားရောင်းချသည့်ဒိုင်အချို့က ပြောကြားသည်။**

ယခုနှစ်အနည်းငယ်တွင် တက်လာသည့်ရောင်းအားမှာ ယခင်ထက် ၃၀ ရာခိုင်နှုန်းကျော်အထိမြင့်မားလာကြောင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများနှင့် ဆောင်းဦး အအေးလွန်ချိန်တို့တွင် ၅၀ ရာခိုင်နှုန်းထိ အမြင့်ဆုံးရောင်းအားကောင်းတတ်ကြောင်း၊ ပုံမှန်တိုးတက်လာနှုန်းမှာ ၂၅ ရာခိုင်နှုန်းဝန်းကျင်အထိရှိကြောင်း ဘောထုပ်ရောင်းချသူအချို့၏ ပြောကြားချက်အရသိရသည်။

ဘောထုပ်ရောင်းအားသည် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်နှင့်ယှဉ်ပါက ယခုနှစ်များတွင် ပိုမိုရောင်းအားကောင်းလာသည်ဟုဆိုနိုင်ကြောင်း နန္ဒဝန်ဈေးမှ ဘောထုပ်ရောင်းချသူတစ်ဦးက ပြောကြားသည်။



အများဆုံးရောင်းရချိန်မှာ ဆောင်းတွင်းနှင့် မိုးတွင်းကာလဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဘောထုပ်ထည်များကို ယခင်ကဝယ်ယူခဲ့ကြရာတွင် တောနယ်ဒေသများ၊ ဝင်ငွေနည်းပါးသည့်သူများသာ ဝယ်ယူအသုံးပြုမှုများခဲ့သော်လည်း ယခုတစ်နှစ်၊ ၂ နှစ်ဝန်းကျင်တွင် ငွေကြေးတတ်နိုင်သူများ၊ အနုပညာရှင်အချို့နှင့် ခေတ်ပေါ်ဖက်ရှင်ဒီဇိုင်းကြိုက်သည့် မြို့ပြ၏လူငယ်များကပါ

www.foreverspace.com.mm

နှစ်သက်သဘောကျ ဝယ်ယူဝတ်ဆင်လာသည်ကို တွေ့ရကြောင်း ရန်ကုန်မြို့တော် မင်္ဂလာဈေးမှ ဘောထုပ်ရောင်းချသည့်ဆိုင်ရှင်တစ်ဦးက ရှင်းပြသည်။

"အနုပညာရှင်တချို့ရယ်၊ အဆိုတော်တချို့ရယ် ဒီဈေးမှာ မကြာခဏလာဝယ်တယ်" ဟု ၎င်းက ဆိုသည်။



အနုပညာရှင်များဝယ်ယူလေ့ရှိသည့် ဘောထုပ်အမျိုးအစားများမှာ ရှားပါးသည့် ဒီဇိုင်းအသစ်၊ ဂျင်းထည်အကောင်းစားနှင့် သားရေအထည်များကို ဝယ်ယူလေ့ရှိကြောင်း၊ အချို့သောအနုပညာရှင်အချို့သည် ၎င်းတို့ကိုယ်တိုင်ဝယ်ယူလေ့မရှိဘဲ တစ်ဆင့်ခံကိုယ် စားလှယ်များထံမှလည်းကောင်း၊ အရောင်းဒိုင်များသို့ ကိုယ်တိုင်သွားရောက်မှာယူထား၍လည်းကောင်း ဝယ်ယူကြကြောင်း ပုဇွန်တောင်ဈေးမှ ဘောထုပ်ရောင်းချသူတစ်ဦးက ပြောကြားသည်။

"ဖန်စီကျတာရယ်၊ ကိုယ်ပေးတဲ့ငွေနဲ့ ပြန်ရတဲ့အထည်ကပိုတန်လို့ ဘောထုပ်ကို ကြိုက်တာပါ" ဟု ဘောထုပ်ကိုသာ စွဲစွဲမြဲမြဲ အဝတ်များလေ့ရှိသည်ဟုဆိုသော ရန်ကုန်မြို့မှ လူငယ်တစ်ဦးက ဆိုသည်။ ဘောထုပ်အဝတ်အထည်များသည် ငွေကြေးသက်သာသည့်အပြင် ဒီဇိုင်းပုံစံကျနခြင်းနှင့် ချုပ်ရိုးချုပ်သားကောင်းမွန်သပ်ရပ်ခြင်းစသည့် အချက်များကြောင့် နှစ်သက်သဘောကျခြင်းဖြစ်ကြောင်း ရန်ကုန်မြို့မှ လူငယ်အချို့က ဆိုသည်။

ဈေးနည်းနည်းဖြင့် အရေအတွက်များများ ဝယ်ဝတ်နိုင်ကြသည်



မလေးရှားနိုင်ငံမှ မကြာမီကပြန်လည်ရောက်ရှိလာသည့် လူငယ်တစ်ဦးက မလေးရှားနိုင်ငံ၌ သုံးနှစ်အလုပ်လုပ်ခဲ့ချိန်တစ်လျှောက်လုံးတွင် ဘောထုပ်အဝတ်အထည်များကိုသာ အဝတ်များခဲ့ပြီး အခြားသောလူငယ်အချို့သည်လည်း ၎င်းကဲ့သို့ ဝတ်ဆင်ကြကြောင်း ပြောဆိုသည်။ တောင်ဥက္ကလာပမြို့နယ်၊ နန္ဒဝန်ဈေး၌ စားသောက်ဖွယ်ရာအချို့ရောင်းချသည့် အမျိုးသမီးတစ်ဦးက ၎င်းတို့ဇနီးမောင်နှံဝင်ငွေဖြင့် ထောင်သောင်းချီသည့်ဈေးကြီး အဝတ်အထည်များကို မဝယ်ယူနိုင်ကြောင်း၊ ၅၀၀ ကျပ်၊ ၁,၀၀၀ ကျပ်၊ ၁,၅၀၀ ကျပ် ဝန်းကျင်ရှိသည့် ဘောထုပ်ထည်များကိုသာ ဝယ်ယူ၍ ကလေးနှစ်ဦး၏ဝတ်ဆင်မှုကို ဖြည့်ဆည်းပေးလေ့ရှိကြောင်း ပြောကြားသည်။

ဘောထုပ်အဝတ်အထည်များကို ယခင်ကတင်သွင်းခဲ့ရာတွင် စစ်တွေနယ်စပ်၊ ဘူးသီးတောင်၊ မောင်တောနယ်စပ်ဒေသများကသာ တင်သွင်းမှုများခဲ့ပြီး ရန်ကုန်မြို့တော်တွင် လေဟာပြင်ဈေး၊ ပုဇွန်တောင်ဈေး၊ ကြည့်မြင်တိုင်ညဈေးကဲ့သို့

www.foreverspace.com.mm

သော ဈေးကြီးများနှင့် ဘုရားပွဲတော်များတွင်သာ အရောင်းများခဲ့ကြောင်း၊ ယခုအခါ ထိုဈေးများအပြင် မင်္ဂလာဈေးသစ်၊ မင်္ဂလာမွန်ဈေး၊ နန္ဒဝန်ဈေး၊ မြောက်ဥက္ကလာပ–ဈေး၊ အင်းစိန်ဈေး၊ ရေကျော်ဈေး၊ ရန်ကုန်မြို့တွင်း မြို့လယ်ခေါင်လမ်းဘေးတစ်လျှောက် လူစည်ကားရာနေရာအများအပြားတွင်ရောင်းချလာသည်ကို တွေ့မြင်နေရကြောင်း၊ နယ်စပ်ဝင်ပေါက်များအနေဖြင့်လည်း ရွှေလီ၊ မော်လမြိုင်၊ မြဝတီ၊ မူဆယ် (၁၀၅) မိုင်၊ ကော့သောင်း စသည့် နယ်စပ်ဒေသများကပါ တင်သွင်းလာကြောင်း ကိုယ်တိုင်တင်သွင်းရောင်းချနေသည့် မင်္ဂလာမွန်ဈေးမှ လက်ကားရောင်းချသူတစ်ဦးက ပြောကြားသည်။

ဒိုင်များမှတစ်ဆင့်ပြန်လည်ရောင်းချရာတွင် ကလေးအထူးတစ်ထုပ်လျှင် ကျပ်နှစ်သိန်းကျော်မှ လေးသိန်းနီးပါးထိရှိကြောင်း၊ လူကြီးဝတ်အထည်တစ်ထုပ်လျှင် အနည်းဆုံး ကျပ်နှစ်သိန်းဝန်းကျင်မှ ကျပ်ငါးသိန်းကျော်အထိရှိသည်ဟု ၎င်းက ထပ်မံပြောကြားသည်။

ဘောထုပ်ထည်များ၏ လက်လီရောင်းဈေးနှုန်းသည် တစ်ထည်လျှင် အနည်းဆုံး ၅၀၀ ကျပ်မှ သုံးသောင်းကျပ်အထိရှိကြောင်း၊ ကျပ်တစ်သောင်းကျော်တန်ဖိုးရှိသည့်အဝတ်အထည်များကို စတိုးဆိုင်ရှင်အချို့က ဝယ်ယူတတ်ပြီး စနစ်တကျလျှော်ဖွပ်၊ မီးပူတိုက်၍ ပြန်လည်ရောင်းချပါက ခြောက်သောင်းကျပ်၊ ခုနစ်သောင်းကျပ်ဖြင့် ရောင်းချသည်ကိုတွေ့ရကြောင်း၊ ယင်းကဲ့သို့သောအထည်များမှာ ဂျင်းထည်၊ သားရေထည်နှင့် ခေတ်မီရှားပါးသည့်ဒီဇိုင်းဆန်းအထည်များဖြစ်ကြောင်း မင်္ဂလာဈေးသစ်မှ အရောင်းဆိုင်ရှင်အမျိုးသမီးတစ်ဦးက ဆိုသည်။

**ယခုနှစ်များတွင် ပိုမိုရောင်းအားကောင်းလာသည်ဟုဆိုသည်**



အရောင်းရဆုံးအထည်များသည် ကျပ်သုံးထောင်မှ ကျပ်ခုနစ်ထောင်ဝန်းကျင်ကြားအဝတ်များဖြစ်ကြောင်းနှင့် ယင်းအထည်များကို လူငယ်အများစုက ဝယ်ယူလေ့ရှိကြောင်း ၎င်းက ဆိုသည်။

ဘောထုပ်အထည်များတွင် ဂျပန်၊ ကိုရီးယား၊ တရုတ်ထုတ် စသည်ဖြင့်ပါရှိသော်လည်း နိုင်ငံစုံမှပါဝင်ကြောင်း၊ ပုဇွန်တောင်ဈေးမှ ဘောထုပ်ရောင်းချသူတစ်ဦး၏အဆိုအရ သိရသည်။ ဒီဇိုင်းလှပသည့် ဘောထုပ်ထည်များကို ဝယ်ဝတ်လိုသော်လည်း အချို့သောသူများမှာ ရောဂါပိုးကူးစက်မည်ကိုစိုးရိမ်၍ မဝတ်ဖြစ်ကြကြောင်း ၎င်းက ဆိုသည်။

“ဘောထုပ်ဝတ်လို့သေမယ်ဆို ကျွန်မတို့တစ်မျိုးလုံးသေပြီ” ဟု မင်္ဂလာဈေးသစ်မှ ဘောထုပ်ထည်ရောင်းချသူ အမျိုးသမီးကဆိုသည်။ ၎င်းတို့သည် မျိုးရိုးစဉ်ဆက် ဘောထုပ်ရောင်းချလာခဲ့ကြသည့်အပြင် အဝတ်အစားကိုလည်း ဘောထုပ်ကိုသာ ဝတ်ဆင်ကြောင်း၊ အဝတ်အထည်အားလုံးကို စနစ်တကျ ပိုးသတ်ပြီးမှ ရောင်းချခြင်းဖြစ်ကြောင်းလည်း ၎င်းက ပြောဆိုသည်။

ဘောထုပ်ဈေးကွက်သည် မြန်မာနိုင်ငံတွင်သာမက နိုင်ငံအားလုံးနီးပါးတွင်ရှိကြောင်း၊ ဘောထုပ်ဈေးကွက်ကြောင့်ပင် ဝင်ငွေနည်းပါးသူများအနေဖြင့် အထည်များများဝယ်ဝတ်နိုင်ပြီး အရင်းအနှီးနည်းနည်းဖြင့်အလုပ်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဈေးကွက်စီးပွားရေး မည်မျှပင်တိုးတက်စေကာမူ လမ်းဘေးဈေးသည်များ၊ ဘောထုပ်ရောင်းသူများမှာ ပျောက်ကွယ်သွားမည်မဟုတ်ကြောင်း၊ ယင်းတို့ရှိနေခြင်းကပင် မြို့ပြ၏အသွင်သဏ္ဌာန်ကို ဆောင်ကြောင်း၊ သို့သော် ၎င်းတို့၏ဈေးရောင်းဝယ်မှုပုံစံ၊ စည်းကမ်းတကျရောင်းချတတ်မှုနှင့် သတ်မှတ်နေရာတွင် ရောင်းချနိုင်ရေးတို့ကိုသာ တာဝန်ရှိအဖွဲ့အစည်းများက စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးသင့်ကြောင်း စီးပွားရေးကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

■

www.foreverspace.com.mm



# ယုဇနပလာဇာရှိ မှန်ပုံးအရောင်းကောင်တာများ ဆင့်ပွားငှားရမ်းခွင့်မရှိ

**ရန်ကုန်၊ ဇန်နဝါရီ ၂၂**



**ငွေကြေးအမြောက်အမြားယူပြီး ထပ်ဆင့်ငှားရမ်းကြခြင်းဖြစ်သည်**

စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ အဓိကဖြန့်ချိရောင်းချသော ယုဇနပလာဇာရှိ မှန်ပုံးအရောင်းကောင်တာများသည် ယုဇနကုမ္ပဏီပိုင်ဆိုင်ခန်းများဖြစ်သောကြောင့် ဆင့်ပွားငှားရမ်းခွင့်မရှိကြောင်း ယုဇနပလာဇာ၏ အုပ်ချုပ်ရေးရုံးမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အချင်းချင်း နားလည်မှုတွေနဲ့ ငှားတယ်။ ပြဿနာဖြစ်မှရုံးခန်းကို ရောက်လာကြတယ်။ ကျွန်မတို့ရုံးခန်းနဲ့ မဆိုင်တော့ဘူးလေ။ ကျွန်မတို့က ပထမလူကိုပဲ ငှားထားတာ၊ ဒုတိယလူကိစ္စကျတော့ မဆိုင်တော့ဘူး" ဟု ယုဇနပလာဇာဈေးရုံးခန်းမှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါဆိုင်ခန်းများကို ငှားရမ်းဖွင့်လှစ်သူအချို့သည် ငွေကြေးအမြောက်အမြားယူပြီး ထပ်ဆင့်ငှားရမ်းမှုများ ပြုလုပ်ကြကြောင်း ယုဇနပလာဇာပထမထပ်ရှိ အလှကုန်အရောင်းဆိုင်တစ်ခုထံမှ သိရသည်။

"အရောင်းအဝယ်ကမကောင်းတော့ ဆိုင်ဖျက်ချင်တဲ့လူတွေက ဒီ ငှားထားတဲ့ဆိုင်ကိုပဲ အမြတ်ယူပြီး ကိုယ့်သဘောနဲ့ ကိုယ် တစ်ဆင့်ငှားကြတာ၊ တစ်ဆင့်ပြန်ငှားဖို့ ငွေသိန်းနဲ့ချီပေးပြီးငှားရတာ၊ သူတို့ဆိုင်ပိုင်လည်းမဟုတ်ဘဲ အမြတ်ဝင်ထုတ်တာပေါ့" ဟု ယင်းဆိုင်ထံမှ သိရသည်။

ယင်း မှန်ပုံးအရောင်းကောင်တာများသည် ယုဇနကုမ္ပဏီထံမှ တိုက်ရိုက်ငှားရမ်းပါက တစ်လငှားရမ်းခကျပ် ၄၅,၀၀၀ မှ ကျပ် ၆၅,၀၀၀အထိရှိကြောင်း အထက်ပါဆိုင်မှ ဒေါ်နုနုက ဆိုသည်။

ထပ်ဆင့်ပွားဆိုင်ခန်းငှားရမ်းသူများနှင့်ပတ်သက်ပြီး ယုဇနပလာဇာအုပ်ချုပ်ရေးရုံးခန်းမှတရားဝင်ထုတ်ပြန်ချက်များကို အဆိုပါပလာဇာအတွင်း လိုက်လံကြေညာထားကြောင်း ယုဇနပလာဇာအတွင်းရှိ ဈေးသူဈေးသားများထံမှ စုံစမ်းသိရှိရသည်။

ထပ်ဆင့်ငှားရမ်းသူများနှင့်ပတ်သက်သောကိစ္စများသည် ယုဇနကုမ္ပဏီနှင့် မသက်ဆိုင်ကြောင်း ယင်းထုတ်ပြန်ချက်၌ ပါရှိသည်။

# မြန်မာနိုင်ငံ၌ UNGASS ရည်မှန်းချက်များပြည့်မီရန်လိုသေးသော်လည်း HIV/AIDS တိုက်ဖျက်ရေးလှုပ်ရှားမှုများ တိုးတက်ဟုဆို

**သတင်းဆောင်းပါး – ကျော်ဇေယျာထွန်း (၉–၂–၂၀၁၀)**

**မြန်မာနိုင်ငံ၌ HIV/AIDS ရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် နိုင်ငံတကာကလက်မှတ်ရေးထိုးခဲ့ကြသော UNGASS ရည်မှန်းချက်များပြည့်မီရန်လိုသေးသော်လည်း HIV/AIDSတိုက်ဖျက်ရေးနှင့်ပတ်သက်၍ လှုပ်ရှားဆောင်ရွက်မှုများမှာ တိုးတက်ပြောင်းလဲခဲ့ကြောင်း မြန်မာနိုင်ငံအတွင်းရှိ HIV/AIDSနှင့်ပတ်သက်ပြီး လှုပ်ရှားဆောင်ရွက်နေသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများက ပြောကြားသည်။**

www.foreverspace.com.mm


# STOP AIDS

၂၀၀၁ ပြည့်နှစ်တွင် နယူးယောက်မြို့ ကုလသမဂ္ဂရုံးရှိ နိုင်ငံတကာအစိုးရများနှင့် NGO အဖွဲ့အစည်းများတွေ့ဆုံကြပြီး HIV/AIDS နှင့်ပတ်သက်သည့် ကုလသမဂ္ဂအထွေထွေညီလာခံအထူးအစည်းအဝေး (United Nations General Assembly Special Session-UNGASS) ကို ကျင်းပခဲ့ကြကြောင်း၊ အဆိုပါအစည်းအဝေးအပြီးတွင် HIV/AIDS ကူးစက်မှုကို ကာကွယ်တားဆီးရန်၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေး၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ရန် စသည့် အသေးစိတ်အချက်အလက်များပါသည့် UNGASS ပဋိညာဉ်စာတမ်းတစ်စောင်ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာအစိုးရများက လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ စာတမ်းပါ ကတိကဝတ်များကို ၂၀၀၁ ခုနှစ်မှစ၍ ဆယ်စုနှစ်အတွင်းတိုးတက်ပြည့်မီစေရန် ဆောင်ရွက်ရမည်ဟု သဘောတူခဲ့ကြခြင်းဖြစ်ကြောင်း၊ ယခုဆယ်စုနှစ်တစ်စုရောက်ရှိလာသည့်အခါ၌ နိုင်ငံအချို့သည် လက်မှတ်ထိုးခဲ့ကြသည့် ရည်မှန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ်အတွင်း HIV/AIDS နှင့်ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်မှုများတွင် ပြောင်းလဲတိုးတက်မှုများရှိကြောင်း Marie Stopes International Myanmar (မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့) မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာစစ်နိုင်က ပြောကြားသည်။

"လက်မှတ်ရေးထိုးခဲ့ကြတာတွေကတော့အများကြီးပဲ။ ဥပမာ–လူငယ်တွေအတွက် ဘာလုပ်ပေးမယ်၊ အမျိုးသမီးတွေအတွက်၊ ပညာပေးရေးအတွက်၊ ဆေးဝါးကုသမှုတွေအတွက် ဘယ်အချိန်မှာ ဘယ်လောက်အထိ အောင်လုပ်ပေးမယ်၊ ကူးစက်ခံရသူတွေကို ဘယ်လိုကာကွယ်မယ် စတာတွေ သူ့အချိန်နဲ့သူပြည့်မီအောင်လုပ်ရမှာ။ နှစ်စဉ်လည်း နိုင်ငံကိုယ်စီက အစီရင်ခံစာ တင်ရတယ်။ အခု သူတို့ပြောတဲ့ အချိန်ကို ပြန်ရောက်လာတဲ့အခါသူတို့ပြောသလောက်တော့ မပြည့်ဘူး။ မဆိုးတော့ မဆိုးပါဘူး။ နှစ်နှစ်ကာကာလုပ်တဲ့နိုင်ငံရှိသလို ဦးစားမပေးနိုင်တဲ့နိုင်ငံတွေလည်းရှိတယ်" ဟု ၎င်းက ဆိုသည်။



**ဆယ်စုနှစ်အတွင်း HIV/AIDS လှုပ်ရှားဆောင်ရွက်မှုများ ပြောင်းလဲတိုးတက်လာသည်ဟုဆိုသည်**




"HIV/AIDS ရောဂါပြန့်ပွားမှုကို လျှော့ချဖို့ ကမ္ဘာ့ခေါင်းဆောင်တွေကလက်မှတ်ထိုးခဲ့တဲ့အတွက် Stop AIDS ဆိုပြီးဖြစ်လာတယ်။ အဲဒီတုန်းက လက်မှတ်ထိုးခဲ့တာတွေကို မမေ့ဖို့အတွက် Keep the Promise ဆိုပြီး သတိပေးတဲ့ကြွေးကြော်သံဖြစ်လာတာ။ အဲတော့ Stop AIDS, Keep the Promise ပေါ့။ ဒါပေမဲ့ အခု ၂၀၁၀ ရောက်လာတဲ့အချိန်တော့ ကတိမတည်တဲ့သူက များတယ်။ ဒီနေရာမှာ NGO တွေလည်းပါတယ်။ ရောဂါပိုးကူးစက်ခံရသူတွေလည်းပါတယ်။ အစိုးရနဲ့ အလှူရှင်တွေအားလုံးပါတယ်" ဟု မြန်မာနိုင်ငံ၌ HIV/AIDS ကာကွယ်တားဆီးရေးနှင့် ပညာပေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နေသော ရတနာ့မေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြောကြားသည်။

HIV ရောဂါပိုးမပြန့်ပွားရန်အတွက် ငွေနှင့်နည်းပညာများ လိုအပ်ကြောင်း၊ ရောဂါပိုးကူးစက်ခံရသူများကိုယ်တိုင် အပြုအမူများပြောင်းလဲရန် လိုအပ်ပြီး Stop AIDS, Keep the Promise ကိုတွေ့ရှိပါက ကာယကံရှင်တွင် များစွာတာဝန်ရှိသည်ကို သိရှိရန်လိုအပ်ကြောင်း၊ အချိန်မှန်မှန် ဆေးသောက်ရန်၊ လိင်ဆက်ဆံရာတွင် ကွန်ဒုံးအသုံးပြုရန်၊ မူးယစ်ဆေးဝါးသုံးစွဲရာ၌ ဆေးထိုးအပ်ကိုစနစ်တကျအသုံးပြုရန် စသည်တို့ကို လိုက်နာရမည်ဖြစ်ကြောင်း၊ နိုင်ငံအစိုးရအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများ

www.foreverspace.com.mm

နှင့်အတူ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ၎င်းက ဆိုသည်။

"PLHA (People Living with HIV/ AIDS) ကိုယ်တိုင်က ဆေးကုသမှုကိုပံ့ပိုးမှုခံယူတာ၊ ဆေးပုံမှန်မသောက်တာမျိုးတွေရှိတယ်။ အိမ်တိုင်ရာရောက်စောင့်ရှောက်မှုတွေပေးတာ။ ဝင်ငွေတိုးလုပ်ငန်းလေးတွေလုပ်ပေးတယ်။ ဒါကို ချဲ့ထိုးပစ်လိုက်တာမျိုးတွေရှိတယ်" ဟု ဦးမြင့်ဆွေက ဆက်လက် ပြောကြားသည်။

"ကျွန်မတို့ကတော့ အချိန်မှန်မှန်ဆေးသောက်တယ်။ ကျန်းမာရေးကိုဂရုစိုက်တယ်။ အိပ်ရေးဝဝလည်းအိပ်တယ်။ ဒါကြောင့် ဒီနေ့အထိ ကျန်းမာပြီး မိသားစုနဲ့အတူနေနိုင်တာပါ။ ဒါပေမဲ့ တချို့ကျတော့ လူနာ နည်းနည်းပြန်ကောင်းလာပြီဆိုရင် ဂရုမစိုက်တာမျိုးရှိတယ်။ ဆေးလည်းပုံမှန်မသောက်ဘူး၊ ဆေးခန်းလည်း မသွားတော့ဘူး။ ဒါမျိုးလည်းရှိပါတယ်" ဟု HIV ပိုးကူးစက်ခံထားရသူအမျိုးသမီးတစ်ဦးက ပြောကြားသည်။

Stop AIDS, Keep the Promise ၏အဓိကရည်ရွယ်ချက်သည် ဆယ်စုနှစ်အတွင်း HIV/AIDS ပိုးကူးစက်ခံထားရသူတိုင်းကာကွယ်ရေး၊ ကုသရေး၊ စောင့်ရှောက်ရေးများကို လက်လှမ်းမီရမည်ဟု နိုင်ငံတကာခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ယခုဆယ်စုနှစ်ရောက်လာသည့်အခါ၌ ယင်းဆုံးဖြတ်ချက်များ မပြည့်မီသော်လည်း မြန်မာနိုင်ငံအနေဖြင့် HIV/AIDS နှင့်ပတ်သက်သည့် လှုပ်ရှားမှုများ တိုးတက်လာသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ MPG (Myanmar Postive Group) အဖွဲ့ စီမံချက်အရာရှိ ဦးအောင်မျိုးသန့်က ပြောကြားသည်။

"အရင်ကဆိုရင် ခွဲခြားဆက်ဆံတာ၊ အထင်သေးတာမျိုးတွေရှိတယ်။ အခုကျတော့ ဒါတွေသိပ်မရှိတော့ဘူး။ ပြောခွင့်ဆိုခွင့်တွေရှိလာတယ်။ ပြောခွင့်တွေပေးလာတယ်။ HIV/AIDS နဲ့ပတ်သက်ပြီးလုပ်နေတဲ့ INGO, NGO တွေလည်း များလာတယ်။ ၂၀၀၈ ခုနှစ်စာရင်းအရဆိုရင်



**PLHA များ၏ လက်ရာ အမှတ်တရပစ္စည်းများ**

မြန်မာနိုင်ငံမှာ ကိုယ်ထူကိုယ်ထ PLHA အဖွဲ့ပေါင်း ၁၄၀ ကျော်အထိ ရှိလာတာ။ INGO အဖွဲ့ဆိုရင် ၁၆ ဖွဲ့လောက်ရှိလာတယ်" ဟု ၎င်းက ဆိုသည်။

HIV/AIDS ကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေး၊ ပညာပေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံရေး၊ ဘာသာရေးအရခွဲခြားခြင်းများကြောင့် ထင်သလောက်လုပ်ခွင့်မရကြောင်း၊ အမေရိကန်ပြည်ထောင်စု၌ပင် ၎င်းတို့၏အယူအဆနှင့်




မကိုက်ညီပါက လက်မခံနိုင်ခြင်းများရှိကြောင်း၊ လူငယ်များကို HIV/AIDS နှင့် လိင်ကိစ္စများအကြောင်း ပြောခွင့်ရသော်လည်း ကွန်ဒုံးအကြောင်းမပြောရန် ကန့်သတ်ထားခြင်းများရှိကြောင်း၊ အမေရိကန်အစိုးရ၌ပင် ကွန်ဒုံးအကြောင်းမပြောဘဲရှောင်ကြဉ်ပါက ရန်ပုံငွေပိုမိုရရှိခြင်းများရှိကြောင်း၊ ထို့ပြင်မူးယစ်ဆေးထိုးသူများနှင့် ပြည့်တန်ဆာအမျိုးသမီးများကို ကူညီပါက ပို၍မကြိုက်သည်များရှိကြောင်း၊ ဘာသာရေးဂိုဏ်းအဖွဲ့အာဏာပိုင်များက HIV/AIDS နှင့်ပတ်သက်သည့်လုပ်ငန်းများအားလုံးကို လက်မခံနိုင်သည်ကို တွေ့ရကြောင်း Marie Stopes International (MSI) မှ ဌာနေညွှန်ကြားရေးမှူး ဒေါက်တာစစ်နိုင်က ပြောကြားသည်။

"ကာကွယ်ရေးအတွက်ဆိုရင် ကျွန်တော်တို့ကလေးတွေကို ကွန်ဒုံးအကြောင်း မပြောနဲ့ဆိုတဲ့ အလယ်တန်း၊ အထက်တန်းကျောင်းတွေရှိတယ်။ သိခွင့်ရှိတာက သူတို့ရဲ့ Right ပဲ။ ကလေးတစ်ယောက်ဖြစ်ပေမယ့် အသက်ငယ်တာကတစ်ပိုင်း သူ့ရဲ့သိခွင့်ရှိတာကတစ်ပိုင်း။ ဒီလောကကြီးမှာ သူ့အတွက်ဘာအန္တရာယ်ရှိလဲဆိုတာက သူသိရှိပိုင်ခွင့်ရှိတယ်။ ဘယ်လိုကာကွယ်မလဲဆိုတဲ့သိပိုင်ခွင့်ကလည်း သူ့ရဲ့သိပိုင်ခွင့်။

www.foreverspace.com.mm

ဒါပေမဲ့ ဒါကိုသိသွားရင် အန္တရာယ်ရှိတယ်ဆိုပြီး လူကြီးတွေက ပေးမသိနဲ့ဆိုတာမျိုးတွေရှိနေတယ်။ ဒါမျိုးလိုက်ပိတ်နေတာမျိုးကျတော့ ပိုက်ဆံမရှိလို့လည်းမဟုတ်ဘူး။ အယူတိမ်းတာ" ဟု ၎င်းကဆိုသည်။

HIV/AIDS ကုသရေးတွင် အဓိကအားဖြင့် အသက်ကို ဆယ်စုနှစ်အထက်များစွာရှည်အောင် HIV ပိုးထိန်းထားပေးနိုင်သည့် ARV ဆေးရရန်သည် အဓိကဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် HIV ပိုးရှိသူ ၂၄၀,၀၀၀ ဦးကျော်ရှိပြီး ၇၅,၀၀၀ ခန့်မှာ ARV ဆေးလိုနေပြီဟု ခန့်မှန်းရကာ လူဦးရေ ၂၀,၀၀၀ ခန့်ကိုသာ ဆေးပေးနိုင်သေးကြောင်း၊ ထို့ကြောင့် ဆေးမရရှိပါက အသက်ဆုံးရှုံးရမည့်သူများစွာရှိကြောင်း၊ သို့သော် ယခင်က ARV ဆေးကို လူဦးရေဆယ်ဂဏန်း၊ ရာဂဏန်းလောက်သာရရှိခဲ့ရာမှ ယခုအခါ ၂၀,၀၀၀ ခန့်အထိ တက်လာသည်ကိုတွေ့ရပြီး ရာခိုင်နှုန်းပြည့်အထိ မရောက်သေးသော်လည်း ဝိုင်းဝန်းကြိုးပမ်းပေးပါက တက်လာနိုင်မည်ဖြစ်ကြောင်း ဒေါက်တာစစ်နိုင်က ပြောကြားသည်။



မြန်မာနိုင်ငံတွင် HIV/AIDS နှင့် ပတ်သက်ပြီး တစ်ဦးချင်း၊ အဖွဲ့လိုက်လှုပ်ရှားဆောင်ရွက်မှုများ၊ သတင်းအချက်အလက်ဖြန့်ဝေမှုများမှာ အိမ်နီးချင်းနိုင်ငံများထက် ပိုမိုသာလွန်ကြောင်း၊ သို့သော် နိုင်ငံတကာမှ ပေးအပ်လှူဒါန်းသောအလှူငွေမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုပါက အနည်းဆုံးအခြေအနေတွင်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများက သန်းရာထောင်ချီ၍ရရှိနေစဉ်တွင် မြန်မာနိုင်ငံအနေဖြင့် ရာဂဏန်းပင်မပြည့်ကြောင်း ဦးအောင်မျိုးသန့်က ပြောကြားသည်။



"ထိုင်းနိုင်ငံက HIV/AIDS ကူးစက်ခံရတာ မြန်မာနိုင်ငံထက်စောတော့ ပညာရပ်ဆိုင်ရာမှာကိုယ့်ထက်ပိုကျွမ်းကျင်တယ်။ ရန်ပုံငွေလည်းပိုပြီးရတယ်။ သူတို့မှာ အတားအဆီးတွေရှိပေမယ့် အများကြီးလျော့နည်းသွားပြီ။ ကမ္ဘောဒီးယားက ရန်ပုံငွေပိုရတယ်။ ပညာရပ်နဲ့လုပ်တတ်တာတွေကတော့ မြန်မာနိုင်ငံကပိုသာတယ်။ ပြည်တွင်းပညာရှင်တွေကသာပေမယ့် ပြည်ပက လာလုပ်တဲ့သူကတော့ ကမ္ဘောဒီးယားက ပိုသာမယ်။ တရုတ်နိုင်ငံက လူများတယ်။ အယူအဆအစွဲအလမ်းတွေ ပိုပြင်းထန်ပေမယ့် ကိုယ့်ထက်တော့ အခြေအနေကောင်းတယ်။ ဘင်္ဂလားဒေ့ရှ်လည်း မြန်မာထက်ဖြစ်ခဲ့တာစောတယ်။ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ ရန်ပုံငွေရရှိမှုတွေ၊ အစွဲအလမ်းအယူအဆတွေလျော့ပါးမှုတွေက မြန်မာထက်ပိုပြီးရှေ့ရောက်တယ်" ဟု ဒေါက်တာစစ်နိုင်က ပြောကြားသည်။

**နိုင်ငံတကာမှလှူဒါန်းသောအလှူငွေမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုပါက နည်းပါးနေသေးသည်**




မြန်မာနိုင်ငံတွင် HIV/AIDS ကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေး၊ ပညာပေးရေးလုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာရန်အတွက်မှာ ဘာသာရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ၊ INGO, NGO များ၊ မီဒီယာများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး ပါဝင်ရမည်သာဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အဓိကပါဝင်ရမည်ဖြစ်ပြီး အတားအဆီးများနှင့် အချို့သောမူဝါဒများကိုလည်း ပြုပြင်ပြောင်းလဲပေးရမည်ဖြစ်ကြောင်း၊ HIV/AIDS နှင့် ပတ်သက်ပြီးလှုပ်ရှားဆောင်ရွက်နေသော ပြည်တွင်း INGO၊ NGO အဖွဲ့များမှ တာဝန်ရှိသူများက သုံးသပ်ပြောကြားသည်။ ■

www.foreverspace.com.mm



# ရွှေတိဂုံစေတီတော် နိုင်ငံခြားသားအဝင် ယခုနှစ်ပိုမိုဖွယ်ရှိ

**ရန်ကုန်၊ ဇန်နဝါရီ ၇**



ရွှေတိဂုံစေတီတော်ကြီးသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားဦးရေမှာ ယခုနှစ်တွင် ပိုမိုများပြားနိုင်ဖွယ်ရှိကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၀၉ ခုနှစ်အတွင်း လာရောက်သူမှာ ၂၀၀၈ ခုနှစ်အတွင်း လာရောက်လည်ပတ်သူဦးရေထက်များပြားသည်ကို တွေ့ရကြောင်း၊ အစိုးရက ယခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် နိုင်ငံခြားသားဦးရေ ပိုမိုတိုးတက်လာနိုင်သည်ဟုဆိုသောကြောင့်လည်း ယခုကဲ့သို့ခန့်မှန်းရခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် နိုင်ငံခြားသား ၉၀ ရာခိုင်နှုန်းသည် ရွှေတိဂုံစေတီတော်သို့ ပုံမှန်လာရောက်လေ့ရှိကြောင်း ၎င်းက ဆိုသည်။

ရွှေတိဂုံစေတီတော်သို့ ၂၀၀၇ ခုနှစ်တွင် ၁၃၆,၈၉၉ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၇၈,၃၂၃ ဦး၊ ၂၀၀၉ ခုနှစ်တွင် ၁၀၂,၀၂၁ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း၊ နိုင်ငံခြားသားတစ်ဦးအတွက် ဝင်ကြေး ငါးဒေါ်လာ သတ်မှတ်ထားကြောင်း၊ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်မှ ၆ ရက်အထိလာရောက်လည်ပတ်သူ နိုင်ငံခြားသားဦးရေမှာလည်း ၃၇၆၇ ဦး ရှိသွားပြီဖြစ်ကြောင်း၊ အများဆုံးလာရောက်လည်ပတ်သူမှာ ထိုင်း၊ တရုတ်၊ ဂျပန် စသည့် အာရှနိုင်ငံများမှဖြစ်ပြီး ဥရောပနိုင်ငံများမှလည်း လာရောက်လည်ပတ်ကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

# နာဂစ်ဒေသ စိတ်ပိုင်းဆိုင်ရာကူညီမှု ၂၀၁၃ ခုနှစ်အထိ MRCS ပြုလုပ်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) သည် နာဂစ်မုန်တိုင်းသင့်မြို့နယ် ၁၃ မြို့နယ်တွင် အထောက်အကူပြုပစ္စည်းများဖြင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုများကို ၂၀၁၃ ခုနှစ်အထိ ပြုလုပ်ပေးမည်ဖြစ်ကြောင်း MRCS ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းသို့ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုများပြုလုပ်ရာတွင် ရေဒီယို၊ ကက်ဆက်၊ စာအုပ်နှင့် အားကစားပစ္စည်းများ ပံ့ပိုးမည်ဖြစ်ပြီး ကလေးသူငယ်များနှင့် ကျောင်းသားများအတွက် ပုံပြင်စာအုပ်၊ ပုံဆွဲစာအုပ်၊ တူရိယာစသည်တို့ ပါဝင်မည်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာပညာပေးစာစောင်များလည်း ဖြန့်ဝေပေးသွားမည်ဖြစ်

www.foreverspace.com.mm






ကြောင်း MRCS ၏ ပြန်ကြားရေးတာဝန်ခံတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ၂၀၀၉ ခုနှစ်အတွင်း စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှု ပညာပေးစာစောင်များအနေဖြင့် 'လေဘေးသင့်ဒေသကလေးများဘဝပိုမိုတိုးမြှင့်လေ့လာကြ' လက်ကမ်းစာစောင် ၃၉၀၀ ၊ 'အိပ်ရေးဝမှ စိတ်အေးရမယ်' လက်ကမ်းစာစောင် ၄၂၀၀၊ 'ရှိုင်းပင်းကူညီကိုယ်စိတ်ကြည်' ပိုစတာ ၈၅၀ နှင့် 'မိမိကိုယ်ကိုဂရုစိုက်ပါ' ပိုစတာ ၈၅၀ စောင်တို့ကို လေဘေးသင့်ဒေသများတွင် ဖြန့်ဝေခဲ့ပြီးဖြစ်ကြောင်း၊ ယင်းဒေသတွင်း မြို့နယ်ကိုးမြို့နယ်ရှိကျေးရွာ ၆၂၃ ရွာတွင် ရေဒီယို၊ ကက်ဆက်၊ စာအုပ်များနှင့် အားကစားပစ္စည်းပါဝင်သည့် ရပ်ရွာလူထုအသုံးအဆောင်ပစ္စည်း ၆၆၈ စုံ၊ ကလေးသူငယ်များနှင့် ကျောင်းသားများအတွက် ရည်ရွယ်သည့် ပုံပြင်စာအုပ်၊ ပုံဆွဲစာအုပ်၊ တူရိယာများ စသည့်စိတ်အပန်းဖြေဖွယ်ရာအထောက်အကူပစ္စည်း ၆၆၇ စုံကို အခြေခံပညာကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၄၆၅ ကျောင်းသို့ ဖြန့်ဝေခဲ့ကြောင်း MRCS ထံမှ စုံစမ်းသိရှိရသည်။

**ဖြိုးဝေစိုး**

**ကလေးလူငယ်များအတွက်ပါ ဆောင်ရွက်ပေးလျက်ရှိသည်**

# ယခုနှစ် ပြည်ပခရီးသွား လာရောက်လည်ပတ်မှု FIT အများဆုံးဝင်ရောက်နိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၇**

မြန်မာနိုင်ငံသို့ ယခုနှစ်အတွင်း ပြည်ပခရီးသွားများလာရောက် လည်ပတ်မှုတွင် FIT (Foreign Independent Traveller) အဖြစ် ဝင်ရောက်မှုအများဆုံးဖြစ်လာနိုင်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူက ပြောကြားသည်။

နေပြည်တော်၌ ဇန်နဝါရီလ ၅ ရက်က ကျင်းပသော မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းရုံးအဆောက်အအုံဖွင့်ပွဲတွင် ပြည်တွင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။ ခရီးသွားလုပ်ငန်းများ၏ Online Marketing များကြောင့် မြန်မာနိုင်ငံကို ပြည်ပခရီးသွားများ စိတ်ဝင်စားလာကြပြီး ယခင်ကထက် ခရီးသွားပိုမိုရရှိနိုင်မည့် အခွင့်အလမ်းများရှိနေကြောင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုတွင် Package Tour များထက် FIT (Foreign Independent Traveller) အဖြစ် အများဆုံးဝင်ရောက်နိုင်ပြီး အချိုးအဆအားဖြင့် ၁း၆ ရှိနေကြောင်း၊ ယင်းသို့ ခရီးသွားများဝင်ရောက်လာမှုကြောင့် ဟိုတယ်အခန်းများပြည့်လျှံလာနိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

မြန်မာနိုင်ငံရှိ ဟိုတယ်အခန်း အရေ

www.foreverspace.com.mm



အခွက်နှင့် ဧည့်သည်အရေတွက် မမျှတမှုကို "ခွက်သေးသေးလေးထဲကို အရည်တွေအများကြီးထည့်လို့မရသလိုပေါ့" ဟု ၎င်းက ဆိုသည်။

၂၀၀၉ ခုနှစ်၏ပွင့်လင်းရာသီတွင် ဆယ်နှစ်ကျော်ကာလအတွင်း ရန်ကုန်မြို့တော်သို့ ကမ္ဘာ့လှည့်ခရီးသည်များ ဝင်ရောက်မှု စံချိန်တင်များပြားခဲ့ပြီး ဟိုတယ်များ၊ ကော်ဖီဆိုင်များတွင် ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည့်နှက်ခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက မြန်မာနိုင်ငံသို့ ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် တစ်သန်းခွဲခန့်လာရောက်ရန် ရည်မှန်းဆောင်ရွက်နေသည်ဟု ဆိုသည်။



# တက္ကသိုလ် ခြေလျင်တောင်တက်နှင့် မသန်စွမ်းအသင်း ပူးပေါင်း၍ နာဂစ်ဒေသ မသန်စွမ်းသူများကို ဆေးဝါးကုသထောက်ပံ့

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁**

တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်း ဆေးကုသရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (MPHA) တို့ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၂၅ ရက်နှင့် ၂၆ ရက်နေ့တို့တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာများမှ မသန်စွမ်းပုဂ္ဂိုလ် ၁၀၀ ဦးကျော်နှင့် ဒေသခံများကို ဆေးဝါးကုသ၍ ပညာသင်စရိတ်များ ထောက်ပံ့ပေးခဲ့ကြသည်။

အဆိုပါအသင်းနှစ်သင်းမှ အမှုဆောင်များနှင့် တာဝန်ရှိသူများ၊ ဆရာဝန်၊ အရိုး၊ အကြော၊ အဆစ်ကျွမ်းကျင်ပညာရှင်နှင့် သူနာပြုများပါဝင်သော ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် ဇန်နဝါရီလ ၂၅ ရက်တွင် ဒေးဒရဲမြို့နယ် ကျုံဒါတ်ကျေးရွာအုပ်စု သံဒိတ်မြစ်ဝရှိ ရေတွင်းကုန်းကျေးရွာနှင့် သံဒိတ်ကျေးရွာတို့တွင် အခြေပြုပြီး ပတ်ဝန်းကျင်ကျေးရွာများမှ မသန်စွမ်းပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများကို ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသပေးခြင်း၊ မသန်စွမ်းအထောက်အကူပြုပစ္စည်းများ ပေးအပ်ခြင်းတို့ကိုဆောင်ရွက်ပေးခဲ့ကြပြီး ရေတွင်းကုန်းကျေးရွာနေ အဝေးသင်တက္ကသိုလ်ပထမနှစ်ကျောင်းသူ မသီတာအောင်အား ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၁၂၅,၀၀၀ နှင့် ဥတိုတိုးချဲ့ကျေးရွာမူလတန်းလွန်ကျောင်းအတွက် အလှူငွေကျပ် ၅၀,၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ဇန်နဝါရီလ ၂၆ ရက်တွင် ဒေးဒရဲမြို့နယ် ဒေးဒရဲ-ဖျာပုံကားလမ်းရှိ လေးအိမ်ကုန်းကျေးရွာ မူလတန်းလွန်ကျောင်း၌ အခြေပြုပြီး လေးအိမ်ကုန်း၊ သဲကုန်း၊ ကျားကုန်းနှင့် ကုန်းတန်းကလေးကျေးရွာတို့မှ မသန်စွမ်းပုဂ္ဂိုလ်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသပေးခြင်း၊ မသန်စွမ်းအထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ပြီး အခြေခံပညာမူလတန်းနှင့် အလယ်တန်းတက်ရောက်သင်ကြားနေသော မသန်စွမ်းကျောင်းသူ၊ ကျောင်းသားငါးဦးအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၃၀,၀၀၀ စီကိုလည်းကောင်း၊ ရန်ကုန်မြို့ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံသို့ တက်ရောက်ပြသကုသမှုခံယူရမည့် အမျိုးသမီးတစ်ဦးအား ခရီးစရိတ်ထောက်ပံ့ငွေကျပ် ၃၀,၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း MPHA မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါအဖွဲ့သည် နှစ်ရက်အတွင်း ယင်းကျေးရွာများမှ မသန်စွမ်းပုဂ္ဂိုလ် ၁၀၀ ဦးအပါအဝင် ဒေသခံပြည်သူစုစုပေါင်း ၄၅၀ ဦးခန့်ကို ဆေးဝါးကုသပေးခဲ့ကြပြီး

www.foreverspace.com.mm



မသန်စွမ်းပုဂ္ဂိုလ်များအတွက် စုစုပေါင်း ကျပ်ငါးသိန်းကျော်တန်ဖိုးရှိ ဘီးတပ်ကုလားထိုင်သုံးစီး၊ လမ်းလျှောက်လက်ထောက်တစ်စုံ၊ ချိုင်းထောက်သုံးချောင်း၊ တုတ်ကောက်တစ်ချောင်း၊ လေးချောင်းထောက်ကိရိယာတစ်ချောင်း၊ ခြေဖဝါးတုတစ်ခု၊ ဖိနပ်တစ်ရန်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း ၎င်းက ဆိုသည်။

အထက်ပါကျေးရွာများမှ မသန်စွမ်းပုဂ္ဂိုလ်များအတွက် ရေတွင်းကုန်းကျေးရွာ၊ သံဒိတ်ကျေးရွာနှင့် လေးအိမ်ကုန်းကျေးရွာတို့တွင် မသန်စွမ်းအထောက်အကူပြု လေ့ကျင့်ရေးဌာနများနှင့် ကျေးရွာအဆင့်အသင်းခွဲများကို တည်ထောင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းလည်း MPHA ထံမှ စုံစမ်းသိရှိရသည်။

# မော်တင်စွန်းဘုရားပွဲသွားသင်္ဘောများ ကယ်ဆယ်ရေးလုပ်သားနှင့် အသက်ကယ်အင်္ကျီ ထည့်ပေးမည်ဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၂၃**

နိုင်ငံတစ်ဝန်းလူသိများသောဘုရားပွဲတော်တစ်ခုဖြစ်သည့် ဧရာဝတီတိုင်းအတွင်းရှိ မော်တင်စွန်းဘုရားပွဲတော်ကို ဖေဖော်ဝါရီလ ၁၂ ရက်မှ မတ်လ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါဘုရားပွဲတော်သို့ ပြေးဆွဲပေးမည့်သင်္ဘောများ၌ ကျွမ်းကျင်ကယ်ဆယ်ရေးလုပ်သား များနှင့် အသက်ကယ်အင်္ကျီများကို အလုံအလောက်ထည့်ပေးထားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



သင်္ဘောတွင်ကယ်ဆယ်ရေးလုပ်သားနှင့်အသက်ကယ်အင်္ကျီအပြင် လှေငယ်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ပွဲတော်ရက်အတွင်း ပြည်တွင်းရေကြောင်းပိုင် ဗလရေယာဉ်လိုင်းမှ ရေယာဉ်ငါးစီးအပြင် ဗညားယာဉ်လိုင်းမှ ရေယာဉ်တစ်စီးကိုပါ အရန်ထား၍ နေ့စဉ်အသွားအပြန် ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ သင်္ဘောတစ်စီးလျှင် လူဦးရေ ၄၅၀ ကျော်နှင့် ကုန်တန်ချိန် ၆၀ အထိသယ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်၊ မြောင်းမြ၊ ခမောက်မော်၊ ငပုတောစသည့်လမ်းကြောင်းများအပြင်၊ ပုသိမ်မှတစ်ဆင့်ရေကြောင်းဖြင့်လည်းကောင်း၊ မော်တော်ကားဖြင့်လည်းကောင်း သွားနိုင်ရေးအတွက်ပါ စီစဉ်ပေးမည်ဖြစ်ကြောင်း၊ လက်မှတ်ဝယ်ယူရာတွင် အခက်အခဲမရှိစေရေးအတွက် ငပုတောဆိပ်ကမ်း၌ မြို့နယ်

www.foreverspace.com.mm



မန်နေဂျာရုံးတစ်ရုံးကို ဖွင့်လှစ်ပေးထားပြီး လုံခြုံရေးအတွက်ရုံးချုပ်က ဖွဲ့စည်းပေးသည့် အထောက်အကူပြုအဖွဲ့၊ ရဲတပ်ဖွဲ့၊ ပင်လယ်စပ်အဖွဲ့ စသည့်အဖွဲ့များက လုံခြုံရေးတာဝန်များကို တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်က ရှင်းပြသည်။

သင်္ဘောစင်းလုံးငှားလိုသူများနှင့် သင်္ဘောပေါ်တွင် ဖျော်ဖြေရေးအစီအစဉ် ပြုလုပ်လိုသည့် ပုဂ္ဂလိကလုပ်ငန်းများ အတွက်လည်း စီစဉ်ထားကြောင်း ၎င်းက ဆိုသည်။

မော်တင်စွန်းဘုရားသည် သမိုင်းဝင် ရှေးဟောင်းဘုရားတစ်ဆူဖြစ်ပြီး ဧရာဝတီတိုင်းတောင်ဘက်စွန်း၊ ရခိုင်ရိုးမစွန်းရှိ နဂါးရစ်အငူခေါ် မော်တင်စွန်းအနီးတွင် တည်ရှိကာ နှစ်စဉ် ဘုရားပွဲတော် ကျင်းပခဲ့သည်။

အဆိုပါဘုရားပွဲတော်သို့ မြန်မာနိုင်ငံအရပ်ရပ်မှ လာရောက်ကြကြောင်း၊ ထို့အတူ ဈေးအရောင်းအဝယ်ပြုလုပ်သူကုန်သည်အများအပြားလာကြပြီး ထိုသို့ လာရောက်ကြခြင်းကြောင့် တစ်ခါတစ်ရံတွင် သင်္ဘောလက်မှတ်ဝယ်ယူရာ၌ အခက်အခဲကြုံရကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် လက်မှတ် မှန်မှန်ကန်ကန် ရရှိရေးကိုပါ ဦးစားပေး စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း လွန်ခဲ့သည့်နှစ်များက ကျင်းပခဲ့သည့် ဘုရားပွဲတော်သို့သွားရောက်ခဲ့သူတစ်ဦးက ပြောကြားသည်။

# ကဍ္ဍနကျွန်းသာကုမ္ပဏီ အကျိုးတူစက်မှုလယ်ယာစိုက်ပျိုးမည်ဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်း ဓနုဖြူမြို့အခြေစိုက် ကဍ္ဍနကျွန်းသာကုမ္ပဏီသည် အကျိုးတူစက်မှုလယ်ယာရေ့ပြေးစီမံချက်ကို ယခုနှစ် မိုးစပါးစိုက်ပျိုးချိန်တွင် လုပ်ဆောင်သွားရန်ပြင်ဆင်နေကြောင်း အဆိုပါကုမ္ပဏီ ဓနုဖြူရုံးခွဲမန်နေဂျာ ဦးအောင်ကျော်ဦးက ပြောကြားသည်။

ပထမဦးစားပေးအနေဖြင့် အလမျိုးတိုက်နယ်တွင် တောင်သူ ၄၈ ဦးပိုင် လယ် ၂၂၂ ဒသမ ၂၂ ဧကကိုလည်းကောင်း၊ ဒုတိယဦးစားပေးအနေဖြင့် ကျုံတနီတိုက်နယ်တွင် ၇၃ ဧကကိုလည်းကောင်း စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ စက်မှုလယ်ယာအင်္ဂါရပ်နှင့်အညီ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းခြွေလှေ့လုပ်ငန်းအားလုံးကို စက်ဖြင့်လုပ်ဆောင်မည်ဖြစ်၍ အစဉ်အလာ ဧကကွက်များကို ဟက်တာကွက်အဖြစ်ပြောင်းလဲရန်ပြင်ဆင်နေကြောင်း ၎င်းကဆိုသည်။

၂၀၁၀ ပြည့်နှစ် မိုးစပါးစိုက်ပျိုးရာသီတွင် အကျိုးတူတောင်သူများပံ့ပိုးမှုအစီအစဉ်နှင့် ကုမ္ပဏီပိုင်မျိုးစိုက်ခင်း ၇၀ ဒသမ ၆၆ ဧက၊ အာမခံလယ်ယာ ၁၀ ဧက အပါအဝင် အကျိုးတူစက်မှုလယ်ယာကို လုပ်ကိုင်သွားမည်ဟု ၎င်းက ဆိုသည်။

ပြီးခဲ့သည့်နှစ်က ဧက ၁၀၀ နှင့်အထက် ကန်ထရိုက်လယ်ယာမြေများ စိုက်ပျိုးခဲ့ကြောင်း၊ ယင်းကန်ထရိုက်လုပ်ကွက်များသည် မိသားစုလုပ်ကွက် အကြီးစားများထက် များစွာကျယ်ပြန့်ကြောင်း၊ ဆင်းရဲသည့်နိုင်ငံများတွင် စပါးစိုက်ကွက်အရွယ်အစားအမျိုးမျိုး၏ နှိုင်းယှဉ်ထွက်ရှိမှုအနေအထားအရ ယေဘုယျအားဖြင့် ပို၍သေးငယ်သောလုပ်ကွက်သည် အလွန်ကြီးသည့်လုပ်ကွက်များထက် တစ်ဧကအထွက်နှုန်း ပိုကောင်းကြောင်း မြန်မာ့လယ်ယာလုပ်ငန်းကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၏ ပျမ်းမျှလယ်လုပ်ကွက်မှာ ၆ ဒသမ ၂ ဧကခန့်ရှိပြီး လယ်လုပ်ကွက်ငယ်သည်ဟု ပြောနိုင်ကြောင်း၊ ယင်းလုပ်ကွက်ငယ်များသည် ဓာတ်မြေဩဇာအပါအဝင် သွင်းအားစုဈေးငွေနှင့် ဈေးကွက်တင်ပို့မှုစရိတ်များ မမြင့်မားလျှင် ကုန်ကျစရိတ်နည်းပါးပြီး ပို၍ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း၊ လယ်ကွက်အကြီးစားများသည် ဈေးငွေပေါပေါများများရနိုင်လျှင် အကျိုးအမြတ်ဖြစ်ထွန်းနိုင်ကြောင်း ၎င်းက ဆိုသည်။



www.foreverspace.com.mm



# လော်ကားဥယျာဉ် ဆောင်းခိုငှက်အဝင်နောက်ကျ၊ စားကျက်မြေနှင့် ရာသီဥတုကြောင့်ဟု ခန့်မှန်း

**ရန်ကုန်၊ ဇန်နဝါရီ ၃၀**



ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း ဆောင်းခိုငှက်မျိုးစိတ်အများစု နှစ်စဉ်လာရောက် ဆောင်းခိုကျက်စားလေ့ရှိသော လော်ကားဥယျာဉ်သို့ ယခုနှစ် ဆောင်းခိုငှက်များ လာရောက်မှု နောက်ကျကြောင်း အဆိုပါဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က ပြောကြားသည်။

ယခင်နှစ်များက အောက်တိုဘာလတွင် ရေဘဲအုပ်စုများဖြစ်သော စစ္စလီ၊ ဟသ်ာ၊ ငန်းရိုင်းအုပ်စုများတွင် ခရုစုပ်၊ ခရုတုတ်၊ ချည်ခင်စွပ်၊ ကြိုးကြာ၊ တင် ကျီး စသည့်ငှက်များလာရောက် ဆောင်းခို ကြရာ ယခုနှစ်၌ ဒီဇင်ဘာလတွင်သာ လာရောက်ကြကြောင်း၊ ယင်းသို့ လာရောက်သည့် ငှက်များတွင်လည်း ခရုစုပ်၊ ခရုတုတ်၊ ချည်ခင်စွပ် စသည့် ငှက်မျိုးစိတ်များလာရောက်မှုပမာဏ နည်းပါးသွားကြောင်း၊ ယင်းကဲ့သို့ ဆောင်းခိုငှက်အချို့ဝင်ရောက်ချိန် နောက်ကျခြင်းနှင့် ပမာဏ လျော့နည်းရသည့်အကြောင်းရင်းကို မသိရှိရသေးကြောင်း ၎င်းက ပြောကြားသည်။

“ဒါကိုလေ့လာဖို့ အရင်နှစ်တွေက ဘယ်ရက်၊ ဘယ်အပတ်၊ ဘယ်လတွေ မှာလာတတ်တယ်ဆိုတဲ့ မှတ်တမ်းတွေ မရှိဘူး။ ဒါကိုလေ့လာတာ တစ်နှစ်လောက်ပဲ ရှိသေးတာ။ ငှက်အမျိုးအစားကိုတော့ ပြောနိုင်တယ်။ အရေအတွက်တော့ သေချာမသိဘူး။ ဒီနှစ် ဘာကြောင့်နည်းတာကိုလဲမသိဘူး” ဟု ဦးသိန်းအောင်က ပြောကြားသည်။

လော်ကားဥယျာဉ်အတွင်းရှိ ကန်များသည် လူတို့ပြုလုပ်ထားသော Men Made ကန်များဖြစ်သောကြောင့် ယင်းငှက်များ နှစ်သက်သည့် သဘာဝအတိုင်းတည်ရှိနေသော ရေတိမ်ဒေသနှင့် စားကျက်မြေ (Habitat) များရှားပါးလာခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ကြောင့် ဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံငှက်ဝါသနာရှင်အသင်းဝင်တစ်ဦးက သုံးသပ်ပြောကြားသည်။ မြန်မာနိုင်ငံသို့ နှစ်စဉ်အောက်တို ဘာလကုန်မှ မေလကုန်အထိ ရာသီပြောင်းငှက်များလာရောက် ဆောင်းခိုကျက်စားလေ့ရှိသည်။

**Living Color ၊ ဖြိုးဝေစိုး**

# တက္ကသိုလ်တောင်တက်အဖွဲ့ ရှမ်းပြည်နယ်တောင်ထိပ်နှစ်ခု လေ့ကျင့်တက်ရောက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၉**

တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်း၏ စီစဉ်မှုဖြင့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) လက်အောက်ရှိ တက္ကသိုလ်ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများပါဝင်သော တောင်တက်အဖွဲ့သည် ၂၀၁၀ ပြည့်နှစ် ဧပြီလ တက္ကသိုလ်စာမေးပွဲများဖြေဆိုပြီးချိန်တွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ တောင်ထိပ်နှစ်ခုသို့ လေ့ကျင့်တက်ရောက်ကြမည်ဖြစ်ကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ တွဲဖက်ပါမောက္ခ ဦးမျိုးသန့် (မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်) ကပြောကြားသည်။

အဆိုပါတောင်တက်အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်ရှိ မြင်းမထိတောင် (၅၈၆၂ ပေ) နှင့် သာစည်မြို့နယ်ရှိ ဆင်တောင် (၆၀၂၀ ပေ) ထိပ်တို့သို့ ဧပြီလကုန်ပိုင်းတွင် နွေရာသီတောင်တက် လေ့ကျင့်မှုခရီးစဉ်အဖြစ် ထွက်ခွာတက်ရောက်ကြမည်ဖြစ်ကြောင်း၊ ယင်းခရီးစဉ်သည် တက္ကသိုလ် ဒီဂရီကောလိပ်များမှ မျိုးဆက်သစ်တောင်တက်အဖွဲ့ဝင်များ ပေါ်ထွန်းလာရန်ရည်ရွယ်စီစဉ်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

တက္ကသိုလ်များခြေလျင်နှင့် တောင်



[illegible]အသင်းမှ အုပ်ချုပ်သူဆရာ၊ ဆရာမနှင့် အဖွဲ့ဝင်စုစုပေါင်း ၃၇ ဦးပါဝင်သော ဆောင်းရာသီလက်ရွေးစင်တောင်တက်အဖွဲ့သည် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်မှ ၈ ရက်အတွင်း ချင်းပြည်နယ်တောင်ပိုင်းရှိ နတ်မတောင် (ခ) ဝိတိုရိယတောင် (၁၀၅၀၀ ပေ)၊ မောပိတောင် (၈၂၃၄ ပေ)၊ လုံတိန်းတောင် (၈၄၄၂ ပေ)၊ ဘုံတလာရေတံခွန်တောင် (၄၅၀၀ ပေ) နှင့် မန္တလေးတိုင်းအတွင်းရှိ ပုပ္ပားတောင် (၄၉၈၁ ပေ) ထိပ်တို့သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့ကြပြီး ဧပြီလ သင်္ကြန်ပိတ်ရက်အတွင်း ထားဝယ်မြို့နယ်အတွင်းရှိ ပေ ၆၈၀၀ ကျော်မြင့်မားသည့် မြင်းမိုရ်လက်ခတ်တောင်၊ တောမိုးတောင်၊ ဖိုးခေါင်းတောင်၊ ဘေထပ်တို့အပါအဝင် နွေရာသီခြေလျင်နှင့် တောင်တက်ခရီးကြမ်းကိုလည်းကောင်း၊ ဇူလိုင်လတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ဝေပုလ္လ၊ ကေလာသ၊ ကေလာသဖ၊ မြသပိတ်နှင့် ဇင်းကျိုက်တောင်ထိပ်တို့သို့ မိုးရာသီခြေလျင်နှင့်တောင်တက်ခရီးကြမ်းလေ့ကျင့်မှုအဖြစ်လည်းကောင်း၊ နိုဝင်ဘာလတွင် ကချင်ပြည်နယ် ဆော့လော်မြို့နယ်ရှိ အီမောဘွန်းရေခဲတောင် (၁၃၃၅၀ ပေ) ထိပ်သို့ (၁၀) နှစ်ပြည့်တက်ရောက်မှုအထိမ်းအမှတ်အဖြစ်လည်းကောင်း ထွက်ခွာတက်ရောက်ကြမည်ဖြစ်ကြောင်း အသင်းထံမှ စုံစမ်းသိရှိရသည်။

---

# ဘူမိသိပ္ပံအသင်း အဝတ်အထည်နှင့် ငွေကျပ်သိန်း ၁,၄၀၀ ကျော် လှူဒါန်း

**ရန်ကုန်၊ ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ သဘာဝဘေးအန္တရာယ်ကူညီစောင့်ရှောက်ရေးကော်မတီက ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း မြို့နယ်များရှိ ဘေးဒုက္ခကြုံတွေ့ရသောပြည်သူများကို လူမှုရေးကူညီစောင့်ရှောက်ရန်ရည်ရွယ်၍ သက်ကြီးရွယ်အိုများနှင့် မိဘမဲ့ကလေးများအတွက် အဝတ်အထည်နှင့် ငွေသား ငွေကျပ်သိန်း ၁,၄၀၀ ကျော်ကို လှူဒါန်းခဲ့ကြောင်း အဆိုပါအသင်း၏ အစီရင်ခံစာအရ သိရသည်။

"လေဘေးသင့်ဒေသနဲ့ အနီးဝန်းကျင်မှာရှိတဲ့ ခိုလှုံရာမဲ့သက်ကြီးရွယ်အို ဘိုးဘွားတွေနဲ့ မိဘမဲ့ကလေးတွေကို အဝတ်အထည်တွေ၊ ကျောင်းသုံးဗလာစာအုပ်တွေနဲ့ အလှူငွေတွေ ပေးအပ်ခဲ့ပါတယ်" ဟု အဆိုပါအသင်းအတွင်းရေးမှူး ဦးအေးလွင်က ဆိုသည်။

ယင်းသို့ပေးအပ်လှူဒါန်းရာတွင် ဧရာဝတီတိုင်းဖျာပုံမြို့နယ်ရှိ ကနိကျေးရွာ မိဘမဲ့များကျောင်းသို့ ငွေကျပ်တစ်ဆယ့်နှစ်သိန်း၊ မော်လမြိုင်ကျွန်းဘိုးဘွားရိပ်သာသို့ ငွေကျပ်ခြောက်သိန်းနှင့် မိဘမဲ့ (မ) ကျောင်းသို့ ငွေကျပ်သုံးသိန်း၊ ကွမ်းခြံကုန်း မိဘမဲ့ကျောင်းသို့ ငွေကျပ်ဆယ်သိန်းကိုလည်းကောင်း၊ မဝတ်အင်္ကျီနှင့် ဘောင်းဘီ၊ ကျားဝတ်အင်္ကျီနှင့် ဘောင်းဘီ၊ ကလေးဝတ်အင်္ကျီနှင့် ဘောင်းဘီ၊ ဘောလ်ပင်နှင့် ဗလာစာအုပ်များကို ဧရာဝတီတိုင်းရှိ ပုသိမ်မြို့နယ်၊ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ရန်ကုန်တိုင်းရှိကော့မှူးမြို့နယ် သရက်သုံးပင်ကျေးရွာ၊ သန်လျင်မြို့နယ် အောင်ချမ်းသာမိဘမဲ့ပရဟိတဂေဟာ၊ ကွမ်းခြံကုန်းမြို့နယ်တို့သို့လည်းကောင်း လှူဒါန်းခဲ့ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

သက်တမ်းအားဖြင့် ခြောက်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အသင်းဝင်ပေါင်း ၆၅၀ ဦးရှိပြီဖြစ်ကြောင်း အဆိုပါအသင်းထံမှ သိရသည်။

■



www.foreverspace.com.mm

www.foreverspace.com.mm

# ပုဂ္ဂလိကပိုင်ပြောင်းလဲရေးနှင့် မြန်မာ့စီးပွားရေးအနာဂတ်

သတင်းအဖွဲ့



www.foreverspace.com.mm



**ယနေ့ မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းရေးကာလတစ်ခုကို ဖြတ်သန်းနေရချိန်ဖြစ်သည်။ အသွင်ကူးပြောင်းရေးဆိုသည်မှာ အုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့မှ နောက်တစ်ဖွဲ့သို့ မကူးပြောင်းမီ စနစ်သစ်နှင့် Rule of the Game အသစ် အသက်မဝင်သေးသည့်ကာလကို ဆိုလိုခြင်းဖြစ်ပါသည်။**

နိုင်ငံတကာတွင် သုတေသနပြုထားချက်များအရ ဒီမိုကရေစီစနစ်ကိုတည်ဆောက်ရေးတွင် အဆင့်လေးဆင့်ရှိသည်ကိုတွေ့ရသည်။ ၎င်းတို့မှာ –

(၁) Transition အသွင်ကူးပြောင်းရေးကာလ

(၂) Libralization တင်းကျပ်မှုများဖြေလျှော့သည့်ကာလ

(၃) Democretization ဒီမိုကရေစီစနစ်သို့ ကူးပြောင်းသည့်ကာလ

(၄) Socialization လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီအသက်ဝင်သည့်ကာလ စသည်များဖြစ်သည်။

အထက်ပါအဆင့်လေးဆင့်အနက် ဒီမိုကရေစီကို မရောက်ရှိသေးသည့်ကာလနှစ်ခုဖြစ်သည့် အသွင်ကူးပြောင်းရေးကာလ (Transition) နှင့် တင်းကျပ်မှုများ ဖြေလျှော့သည့်ကာလ (Libralization) တို့သည် ကာလမည်မျှကြာရှည်သည်ဟူသော ပုံသေနည်းမရှိပေ။

မြန်မာနိုင်ငံသည် ယခုအခါ အသွင်ကူးပြောင်းရေးကာလတွင် အတိအကျရောက်ရှိနေချိန်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် Rule of the Game အသက်မဝင်သေးသည့်ကာလတွင် ထို Rule of the Game အသစ်တွင် ထွက်လိုသောအဖြေရရှိရေးအတွက် ပုဂ္ဂလိကပိုင်ပြုခြင်း၊ ပုဂ္ဂလိကများကို လုပ်ကိုင်ခွင့်ပြုခြင်း စသည်များကို စတင်ခွင့်ပြုနေချိန်ဖြစ်ပါသည်။ ထိုအခွင့်အလမ်းများသည် လူ့အဖွဲ့အစည်းနှင့် ဈေးကွက်ကြီးတစ်ခုလုံးအတွင်းသို့ များစွာသော ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်ကို တွေ့ရသည်။

တယ်လီဖုန်းများ ကျပ်ငါးသိန်းဈေးနှုန်းသို့ ရောက်ရှိသွားခြင်း၊ ကားဈေးများ ပေါက်ဈေးပျောက်၍ ဈေးကွက်ပျောက်သွားခြင်း၊ တစ်သက်လုံးဖက်တွယ်ထားခဲ့ရသည့် ဆီစာအုပ်ပျောက်ဆုံးသွားခြင်းများကို ကြုံကြိုက်နေရချိန်ဖြစ်ပေသည်။

ဈေးကွက်အတွင်း၌ လည်ပတ်ငွေများ လျော့နည်းလာနေခြင်း၊ အစိုးရ၏ဘတ်ဂျက်ပိုငွေများစွာပြနေခြင်း၊ ငွေဖောင်းပွမှု ထင်သလောက် မရှိခြင်းများကို သဘောမပေါက်ခဲ့လျှင် ဈေးကွက်၏တုံ့ပြန်မှုများ မှုမမှန်နိုင်ပေ။

## "ကမ္ဘာ့ဈေးကွက်နဲ့ အရင်ဆုံးချိတ်မိအောင်လုပ်ရမယ်"

**ဆန်စပါးသုတေသီတစ်ဦးဖြစ်သူ ဦးတင်မောင်သန်းနှင့် တွေ့ဆုံခြင်း**

ကျော်ဆန်းမင်း

**L.C ။ ။ ၂၀၀၃ ခုနှစ်မှာ ဆန်စပါးနဲ့ပတ်သက်ပြီး ထိန်းချုပ်ထားတာတွေကို လျှော့ချပေးခဲ့တယ်။ ဒီနောက်ပိုင်း ဆန် စပါးဈေးကွက်အနေအထားနဲ့ ဒီ ၂၀၀၃ ခုနှစ် မတိုင်ခင် အနေအထားအပေါ် ဆရာ့အမြင်လေးသိပါရစေ။**

**UTMT ။ ။** ဆန်စပါးအပေါ်မှာ ထိန်းချုပ်ကန့်သတ်တာက ဆိုရှယ်လစ်ခေတ်ကမှ စတာမဟုတ်ဘူး။ လွတ်လပ်ရေးရပြီးစ ဖ.ဆ.ပ.လ လက်ထက်ကတည်းကစခဲ့တာ။ ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးရတော့ မြန်မာ့လယ်ယာမြေတွေကို နိုင်ငံခြားသားတွေပိုင်တယ်။ ဒီဟာကို တိုင်းရင်းသားတွေကို လုပ်ပိုင်ခွင့်ပေးတာ။ လယ်ကိုလွတ်လွတ်လပ်လပ်ရောင်းဝယ် စိုက်ပျိုးနိုင် တယ်။ ဒါပေမဲ့ နိုင်ငံခြားပို့လို့တော့ မရဘူး။ နိုင်ငံခြားတင်ပို့တာကို နိုင်ငံတော်ကပဲ ထိန်းချုပ်ထားတယ်။ အဲဒီအချိန်က ခေါင်းဆောင်


ဦးတင်မောင်သန်း

www.foreverspace.com.mm

## မော်တော်ယာဉ်ဈေးကွက် ပါရာဒိုင်းအပြောင်းအလဲ

မြန်မာနိုင်ငံ ပြည်တွင်းမော်တော်ယာဉ်ဈေးကွက်သည် ယခင်က အကန့်အသတ်များဖြင့်သာ တင်သွင်းခွင့်ရသည့်အခြေအနေကြောင့် ရောင်းလိုအား၊ ဝယ်လိုအား မညီမျှမှုဖြစ်ကာ နိုင်ငံတကာပေါက်ဈေးထက် ဈေးနှုန်းများ အဆများစွာမြင့်တက်ခဲ့ပြီး ရှင်းနှီးမြှုပ်နှံခြင်း၊ ဈေးကစားခြင်းများရှိခဲ့သည်။ ထို့ကြောင့် နိုင်ငံတကာတွင်မျှတသောဈေးနှုန်းဖြင့် လွယ်ကူလွတ်လပ်စွာ ဝယ်ယူနိုင်သည့်အခြေအနေတွင် မြန်မာနိုင်ငံ၌ မော်တော်ယာဉ်တစ်စီးပိုင်ဆိုင်နိုင်ရန် အတွက်မှာ မလွယ်ကူလှပေ။ သို့သော် ၂၀၀၉ ခုနှစ်အလွန် ၂၀၁၀ ပြည့်နှစ် နှစ်ဆန်းပိုင်းကာလအတွင်း၌ မော်တော်ယာဉ် တစ်စီးကို အများပြည်သူ လက်လှမ်းမီသည့်ဈေးနှုန်းဖြင့် အလွယ်တကူ ဝယ်ယူနိုင်သည့် အလှည့်အပြောင်းများ မြင်တွေ့လာရသည်။

ယခင်က မြန်မာနိုင်ငံသို့ မော်တော်ယာဉ်များ ဝင်ရောက်လာသည့်ပုံစံမှာ နိုင်ငံခြားတွင် အလုပ်သွားရောက်လုပ်ကိုင်သူများ၊ သင်္ဘောသားများ၊ ပညာတော်သင်သွားရောက်ကြသူများက ဝယ်ယူတင်သွင်းလာခြင်းမျိုးဖြစ်ခဲ့ရာမှ သွင်းကုန်လိုင်စင်ရရှိထားသူများကလည်း နိုင်ငံခြားမှ မော်တော်ယာဉ်များကို ပြည်တွင်းသို့ တင်သွင်းလာကြသည်။ ထို့ပြင် ဦးပိုင်လီမိတက်မှလည်း တင်သွင်းခြင်းများပြုလုပ်ခဲ့သည်ဟု ပြည်တွင်းမော်တော်ယာဉ်ဈေးကွက်မှ ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ယခင်မြန်မာနိုင်ငံအတွင်းသို့ မော်တော်ယာဉ်များဝင်ရောက်လာပုံကို ရှင်းပြသည်။

ပြည်တွင်းမော်တော်ယာဉ်ဈေးကွက် အရောင်းအဝယ်အခြေအနေမှာလည်း နိုင်ငံ၏ စီးပွားရေးအတက်အကျပေါ်မူတည်၍ အရောင်းအဝယ်နှင့် ဈေးနှုန်းအတက်အကျ ပြောင်းလဲနေတတ်သည်။ ထို့ပြင် သင်္ကြန်၊ ကျောင်းဖွင့်ချိန်နှင့် ကောက်ပဲသီးနှံများပေါ်သည့်အချိန် စသည့်ရာသီချိန်တို့ကို လိုက်၍လည်း မော်တော်ယာဉ်ဈေးကွက်အပြောင်းအလဲဖြစ်တတ်သည်ဟု မော်တော်ယာဉ်ရောင်းဝယ်ရေးဈေးကွက်မှ ဝယ်ရောင်းလုပ်ကိုင်သူများက ပြောကြားသည်။



**မော်တော်ယာဉ်ဈေးကွက်၏ အကြီးမားဆုံးအပြောင်းအလဲတစ်ခုဖြစ်သည်**

"အရင်က ကားတစ်စီးရှိရင် နို့ညှစ် (ဆီထုတ်စား) စားရင်တောင် မီးဖိုချောင်စရိတ်ကောင်းကောင်းရတယ်။ လောင်စာဆီတင်သွင်းခွင့်ကို လွတ်လွတ်လပ်လပ် တင်သွင်းခွင့်ပေးပြီးတဲ့နောက်ပိုင်း ဆီဈေးတွေကျတော့ ဒါကအလုပ်မဖြစ်တော့ဘူး" ဟု ဟံသာဝတီ မော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းမှ မော်တော်ယာဉ်ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက လွန်ခဲ့သည့် ၂ နှစ်ခန့်မှစတင်၍ မော်တော်

---

တွေကိုကြည့်ရင် ဒေသတွင်းနိုင်ငံတွေက ခေါင်းဆောင်တွေလိုပဲ လက်ဝဲဘက်ယိမ်းကြတယ်။ စီးပွားရေး တည်ဆောက်တော့လည်း အမျိုးသားရေးဝါဒကို အခြေခံတဲ့အတွေးအခေါ်နဲ့ ချဉ်းကပ်တယ်။ တိုင်းရင်းသားလယ်သမားတွေက မကျွမ်းကျင်လို့ ဈေးကွက်ခေါင်းပုံဖြတ်ခံရတာမျိုးမဖြစ်အောင် ပြည်ပဆန်တင်ပို့မှုကို နိုင်ငံတော်က တာဝန်ယူထားတယ်။ ဆိုရှယ်လစ်ခေတ်မှာလည်း လယ်သမားတွေကို လယ်ပိုင်ဆိုင်ခွင့်ပေးထားတယ်။ စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးတယ်။ သွင်းအားစုတွေကို နိုင်ငံတော်က ကျခံတယ်။ လယ်သမားတွေက တာဝန်ကျေစပါးပေးရတယ်။ ဆိုရှယ်လစ်ဥပဒေက လယ်သမားတွေကို အကာအကွယ်ပေးထားတယ်။ လယ်ယာနဲ့လယ်ယာသုံးကိရိယာတွေကို တရားရုံးက သိမ်းခွင့်မရှိဘူး။ ဒီတော့ ချေးငွေတွေကို အစိုးရကိုယ်တိုင်တောင် တောင်းလို့မရ ဖြစ်ခဲ့တယ်။ ရွေးချယ်ခဲ့တဲ့စနစ်မှားခဲ့တယ်။ အာဏာနဲ့ တာဝန်ကျေစပါးသွင်းခိုင်းတော့ ရလာတဲ့အကျိုးဆက်က တာဝန်ကျေပဲ လုပ်ကြတယ်။

ဆိုရှယ်လစ်ခေတ်မှာ လယ်သမားတွေ လယ်ယာပိုင်ဆိုင်ခွင့် ရခဲ့တယ်။ လယ်ယာခွဲဝေလုပ်ကိုင်ခွင့် ရခဲ့တယ်။ ဒါပေမဲ့ မက်လုံးပျောက်နေတော့ အထွက်နည်းတယ်။ ဈေးကွက်ပျောက်သွားတယ်။ ဒုတိယကမ္ဘာစစ်မဖြစ်ခင်အထိ နံပါတ် ၁ နေရာက ထိပ်တန်းစာရင်းဝင် ဆန်တင်ပို့နေရာကနေ ရွေးချယ်တဲ့စနစ်မှားခဲ့တော့ နံပါတ် ၁ နေရာကို ထိုင်းက အလိုအလျောက်အားမထုတ်ရဘဲ ရောက်သွားတယ်။ ဒီမှာကတော့ ပြည်တွင်းစားဖို့ပဲစိုက်တာတောင် မလောက်တဲ့ဘဝဖြစ်သွားတယ်။ ဒါက မ.ဆ.လ(မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) ခေတ်မှာတွေ့ရတာ။ ၁၉၈၈ နောက်ပိုင်းမှာ ဆန်ကိုတာစနစ်ပြတ်သွားတယ်။ နိုင်ငံတော်သွင်းအားစုတွေ ထောက်ပံ့တာလည်း ရပ်လိုက်တယ်။ ၂၀၀၃ ရောက်မှ အကန့်အသတ်တွေ လျှော့ပေးလာတယ်။ နိုင်ငံရေးအရကြည့်ရင် ဒါ မအောင်မြင်ဘူး။ ဒါပေမဲ့ သမိုင်းကြောင်းပြန်ကြည့်ရင် ခေတ်အဆက်ဆက် အရိုးစွဲလာတာကို တွန်း လှန်ရတာ။ ရတဲ့အချိန်မှာလည်း Policy ကမပြည့်စုံဘူး။ ၂၀၀၃ မှာ ထိန်းချုပ်ထားတာတွေ လျှော့ချလိုက်တယ်ဆိုပေမယ့် ဈေးကွက်ရအောင် ဘယ်လိုလုပ်မလဲ ဆိုတဲ့အဖြေ မရှိခဲ့ဘူး။ Primary Sector နဲ့ Market က သူ့ဟာသူ Adjust လုပ်ရတာ။ ၂၀၀၆ ခုနှစ်ကျမှ ဆန်တန်ချိန်တစ်သန်း

www.foreverspace.com.mm




ယာဉ်များ တန်ဖိုးကျလာသည့်အကြောင်းကို ရှင်းပြသည်။

ယင်းကဲ့သို့သော အကြောင်းများနှင့်အတူ ကမ္ဘာ့စီးပွားရေး ပျက်ကပ်နှင့် ကြုံတွေ့ရခြင်း၊ နာဂစ်မုန်တိုင်းတိုက်ခတ်ခံခဲ့ရခြင်း၊ နာဂစ်နောက်ပိုင်းအစိုးရမော်တော်ယာဉ်လေလံများ ဆက်တိုက်ကျင်းပခဲ့ခြင်းများကြောင့် ပြည်တွင်းမော်တော်ယာဉ်ရောင်းဝယ်ရေးဈေးကွက်သည် အကျဘက်တွင်သာရှိခဲ့သည်။

၂၀၀၈ ခုနှစ် ပထမလေးလအတွင်း မော်တော်ယာဉ်ဈေးကွက်၌ အရောင်းအဝယ်အနည်းငယ်သာရှိနေပြီး ၂၀၀၇ ခုနှစ်က ဖြစ်ပေါ်ခဲ့သောဈေးနှုန်းများဖြင့် ရောင်းဝယ်ခဲ့သည်ကို တွေ့ရသည်။ ၂၀၀၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံသို့ နာဂစ်မုန်တိုင်းဝင်ရောက်ပြီးနောက်ပိုင်း မော်တော်ယာဉ်ဈေးနှုန်းများ ရုတ်တရက်မြင့်တက်ခဲ့သည်။ အပြောင်းအလဲတစ်စုံတစ်ရာကြုံတိုင်း ပစ္စည်းဝယ်ယူစုဆောင်းသောအလေ့အထရှိသည်ကို ရိပ်စားမိသူအချို့က ဈေးမြင့်ရောင်းဝယ်ဟန်ပြုပြီး ဈေးလှန့်ရာမှ အောက်ကား (ကျပ်သိန်း ၅၀၀ အောက်တန်ဖိုးရှိယာဉ်များ) တစ်စီးလျှင် ကျပ်သိန်း ၂၀ ခန့်နှင့် အပေါ်ကား (ကျပ်သိန်း ၅၀၀ အောက်တန်ဖိုးရှိကားများ) တစ်စီး ကျပ်သိန်း ၂၀၀ ကျော်ခန့် မြင့်တက်ခဲ့သည်။ သို့သော် ယင်းသို့ ဈေးတက်ချိန်မှာ ရက်သတ္တသုံးပတ်ဝန်းကျင်သာကြာမြင့်ပြီး မီဒီယာများ၏ တာဝန်ကျေသော သုံးသပ်မှု၊ သတင်းပေးပို့မှုတို့ကြောင့် ဈေးကွက်အခြေအနေမှန်ကို သိရှိကြ၍ အရောင်းအဝယ်ပြန်လည်အေးသွားခဲ့ (Living Color No.162 တွင် ဖော်ပြပြီး)သည်။

"နာဂစ်ပြီးတော့ ဈေးတွေတက်လိုက်သေးတယ်။ အရောင်းအဝယ်တော့မရှိဘူး။ ဒါပေမဲ့ သိပ်မကြာဘူး။ ဈေးတွေပြန်ကျတာပဲ။ အဲဒီနောက် အစိုးရမော်တော်ယာဉ်လေလံတွေ ဆက်တိုက်ပစ်တာနဲ့ ကားဈေးကပြန်ကိုတက်မလာတော့ဘူး။ ၂၀၀၉ တစ်နှစ်လုံး အရောင်းအဝယ်မဖြစ်ဘူး။ အရောင်းအဝယ်ဖြစ်လည်း ခဏပဲ။ ဒီလိုဖြစ်တာကတော့ လေလံကားတွေကြောင့်ပဲ။ လေလံရပ်သွားရင် ဈေးပြန်တက်မလားလို့မျှော်လင့်နေကြသေးတယ်။ ဒါပေမဲ့ ကားဝယ်ကိုင်ထားတဲ့သူကတော့မရှိဘူး" ဟု ဟံသာဝတီမော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းမှ မော်တော်ယာဉ်ဝယ်ရောင်းအကျိုးဆောင်တစ်ဦးက ၂၀၀၉ တစ်နှစ်ပတ်လုံး ဈေးကွက်အရောင်းအေးခဲ့ပုံကို ရှင်းပြသည်။

ထိုကဲ့သို့ အစိုးရလေလံများဆက်တိုက်ကျင်းပ၍ မော်တော်ယာဉ်ဈေးနှုန်းများကျဆင်းနေသည့်အချိန်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်တွင် လုပ်ငန်းသုံး Box Truck နှင့် Truck ယာဉ်များ၊ ဘတ်စ်ကားများကို ဌာနထောက်ခံချက်မလိုဘဲ သွင်းကုန်လိုင်စင် လျှောက်ထား



သဘာဝမကျခဲ့သော မော်တော်ယာဉ်ဈေးနှုန်းများ ထိုးကျသွားခဲ့သည်

ပြည်ပတင်ပို့နိုင်တယ်။ ပြည်ပတင်ပို့ခွင့်ပေး ထားပေမယ့် တစ်ဖက်က Export Permit ထိန်းထားတယ်။ ဖွင့် လိုက် ပိတ်လိုက်လုပ်တယ်။ အဲဒါ အဖြေမဟုတ်ဘူးဆိုတာသိတော့ အခုပိုပြီးဖွင့်ပေးလာတယ်။ ကျေးဇူးတင်ရမှာက ဈေးကွက်က အလုပ်ဖြစ်နေသေးတာ။ ဈေးကွက်အင်အားစုတွေ အလုပ်လုပ်နိုင်သေးတာ။ ဒါကြီးဆိုရမယ်။ တစ်နှစ်ကို တန်သုံးသိန်းလောက်ဖြစ်ဖြစ် မြည်အောင် ပို့နေရာကနေ အခု ၂၀၀၉ မှာ ၁ ဒသမ ၂ မက်ထရစ်တန်ပို့နိုင်ပြီ။ ဒီတော့ ၂၀၀၃ ကနေ ၂၀၀၆ မှာ ဒီလောက်ပဲတင်ပို့နိုင်တယ်လို့ပြောနိုင်သလို ခြောက်နှစ်နဲ့ ဒီလောက်တောင်တင်ပို့မှုမြင့် သွားတယ်လို့ပြောရင်လည်း ရတယ်။ ဒါပေမဲ့ ဒါက နိုင်ငံရေးအရ ရွေးချယ်မှုပဲ။ တစ်နှစ်ထဲနဲ့လည်း ဒီထက်မက ပို့နိုင်တယ်။ တစ်ဧကပျမ်းမျှ ၄၅ တင်းထွက်ရင် ၁ ဒသမ ၂ မက်ထရစ်တန်ပို့လို့ရတယ်။

**L.C ။ ။ ဆန်ပြည်ပတင်ပို့ခွင့်ပေးရင် ပြည်တွင်းဆန်ဈေးတက်မယ်ဆိုပြီး စိုးရိမ်နေကြတာက အကုန်လုံးပဲ။ Policy Maker တွေကနေ စားသုံးသူတွေအထိ ဒီစိုးရိမ်မှုကရှိနေတော့ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးပါ။**

**UTMT** ။ ။ ဒါက ဖ.ဆ.ပ.လ လက်ထက် ဦးနုအစိုးရလက်ထက်ကတည်းက ပြည်ပဆန်ဈေးနဲ့ ပြည်တွင်းဆန်ဈေးဟ ထားတာ။ တစ်သက်လုံး ပြည်တွင်းဆန်ဈေးကိုနှိမ်ပြီး ပြည်ပတင်ပို့ခဲ့တာ။ ရလာတဲ့အမြတ်ကို ပြည်သူတွေဝေဖို့ဆိုပေမယ့် မဝေနိုင်ခဲ့ဘူး။ ဒီအဟာ အခုထိမစေ့သေးဘူး။ ဒီတော့ ပြည်ပတင်ပို့တာနဲ့ နိုင်ငံတကာပေါက်ဈေးနဲ့ဝယ်စားရတာဖြစ်တော့ နဂိုအနိမ့်ဈေးထက်ပိုတက်သွားတာ။ ဈေးမြင့်သွားတာ မဟုတ်ဘူး။ နဂိုဟထားတာ ပြန်စေ့သွားတာ။ အခု မြန်မာနိုင်ငံ ဆန်စပါးအသင်းလို အသင်းအဖွဲ့ရှိလာပြီဆိုတော့ ပြည်ပတင်ပို့ရာမှာ အရင်လို ပို့ချင်သလို ပို့လို့မရတော့ဘူး။ စနစ်တကျပို့ရတော့မယ်။ ဈေးတော့တက်နိုင်ပေမယ့် အခုက ဆန်စက်လုပ်ငန်းရှင်တွေ၊ စိုက်ပျိုးထုတ်လုပ်သူတွေနဲ့ ဆန်ကုန်သည်တွေစုပြီး ဖွဲ့ထားတာဖြစ်လို့ အသင်းကနေ စနစ်ချပြီးလုပ်လို့ရသွားပြီ။ အရင်အထက်က ဘယ်လောက်ပဲပို့ပါဆိုရာကနေ အခုအသင်းက ဘယ်လောက်ပဲပို့သင့်တယ်လို့ ကိုယ်တိုင်ဆုံးဖြတ်ရတော့မယ်။

www.foreverspace.com.mm



**နိုင်ငံတကာဈေးနှင့်မကွာသည့်ဈေးဖြင့် ဝယ်ယူနိုင်ကြပြီဖြစ်သည်**

နိုင်ခွင့်ပေးခဲ့သည်။ ထို့ပြင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က CNG သုံး တရုတ်တက္ကစီယာဉ်သစ်များကို အစီးရာချီ၍ တင်သွင်းလာသည့်သတင်းများ ပေါ်ထွက်ခဲ့သည်။ ယင်းသို့သောအခြေအနေများကြောင့် မော်တော်ယာဉ်ဈေးကွက်တွင် ဈေးမြင့်မော်တော်ယာဉ်များ သိန်းရာချီ၍ ကျဆင်းခဲ့ပြီး ဝယ်ရောင်းများလည်း သိန်းရာချီ၍ အရှုံးပေါ်ခဲ့ကြသည်။ ယခင်ကျပ်သိန်း ၁၀၀၀ ကျော်ရှိသော မော်တော်ယာဉ်များသည် ကျပ်သိန်း ၈၀၀၊ ၇၅၀ ခန့်၊ ကျပ်သိန်း ၄၀၀ ကျော်ရှိသော မော်တော်ယာဉ်များသည် ကျပ်သိန်း ၂၀၀ ကျော်ခန့်၊ ကျပ်သိန်း ၁၀၀ ခန့်ရှိသော မော်တော်ယာဉ်များ ကျပ်သိန်း ၅၀ ခန့် အသီးသီးဈေးကျသွားခဲ့သည်။

"အခုကျပ်သိန်း ၁၀၀၀ လောက်ရင်းထားတဲ့လူက သိန်း ၃၀၀ လောက်တော့ အနည်းဆုံး ရှုံးကြတယ်" ဟု တာမွေ သတိပဋ္ဌာန် မော်တော်ယာဉ်ပွဲစားတန်းရှိ ဝယ်ရောင်းအကျိုးဆောင်တစ်ဦးက လက်ရှိဈေးကွက်တွင်အရှုံးပေါ်နေသည့်အခြေအနေကို ရှင်းပြသည်။

ကာလကြာရှည်စွာ အကန့်အသတ်ဖြင့်ရှိခဲ့သော မြန်မာနိုင်ငံ မော်တော်ယာဉ်ရောင်းဝယ်ရေးဈေးကွက်သည် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ပုဂ္ဂလိကကုမ္ပဏီများကို မော်တော်ယာဉ်တင်သွင်းခွင့်ပြုလိုက်ခြင်းကြောင့် ပြည်ပဈေးနှုန်းနှင့် ၁၀ ဆ၊ ၁၅ ဆ ဈေးပိုမြင့်နေသည့် ပြည်တွင်းကားဈေးနှုန်းများ ကျဆင်းလာပြီး မြန်မာနိုင်ငံ မော်တော်ယာဉ်ဈေးကွက်သည်လည်း မူမှန်သော မော်တော်ယာဉ်ဈေးကွက်ဖြစ်လာနိုင်သည်ဟု ရန်ကုန်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက (သတင်းဖော်ပြပြီး The Voice Weekly Vol 6/No.13) ပြောကြားသည်။

"ကုမ္ပဏီတွေကသာ လွတ်လွတ်လပ်လပ် ကားတင်သွင်းခွင့်ရမယ်ဆိုရင်တော့ ကားဝယ်ရောင်းလုပ်တာမျိုးတော့ ရှိလာမှာမဟုတ်တော့ဘူး။ ပွဲစားအတွက်ကတော့ 'လေ' ပဲစိုက်တာဆိုတော့ ပြဿနာမဟုတ်ဘူး။ ဒီအလုပ်မလုပ်ရလည်း ဈေးရောင်း၊ ကားမောင်းတဲ့ အလုပ်မျိုးပြောင်းလုပ်ရမှာပဲ" ဟု မော်တော်ယာဉ်ဈေးကွက်မှ ဝယ်ရောင်းတစ်ဦးကပြောကြားသည်။

လက်ရှိ မြန်မာနိုင်ငံအစိုးရသည် ၂၀၁၀ ပြည့်နှစ်အတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်သွားမည်ဖြစ်ရာ နိုင်ငံပိုင်အဆောက်အအုံများ၊ ပစ္စည်းများ၊ မြေနေရာများ၊ နိုင်ငံပိုင်လုပ်ငန်းများစသည်တို့ကို ပုဂ္ဂလိကသို့ တဖြည်းဖြည်း လွှဲပြောင်းပေးလျက်ရှိသည်။ ထို့ကြောင့်မော်တော်ယာဉ်များကိုလည်း ပုဂ္ဂလိကတင်သွင်းမှု တဖြည်းဖြည်း ခွင့်ပြုလာသည်။

ဇန်နဝါရီလ ၂၅ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်ပပို့ကုန်ဝင်ငွေ (Export Earning)

---

အရင်က ဘယ်လောက်ပဲပို့ရမယ်လို့ ကန့်သတ်တော့ မှောင်ခိုပို့တယ်။ အခု ကိုယ့်ဘာသာသတ်မှတ်တော့ မှောင်ခိုဆိုတာ မရှိတော့ဘူး။ မှောင်ခိုလုပ်ရင်လည်း လုပ်တဲ့သူကို အသင်းက သက်ဆိုင်ရာဌာန ကတစ်ဆင့် တင်ပြအရေးယူလို့ရသွားပြီ။ အရင်က ဒီနယ်ပယ်က Player တွေက သဘောမတူဘူး။ အခု သူတို့အားလုံးသဘောတူညီချက်နဲ့လုပ်မှာ။ ဘယ်ကာလမှာတော့ မတင်ပို့သင့်ဘူး၊ ဘယ်ကာလမှာတော့ ဘယ်လောက်တင်ပို့ကြမယ်ဆိုတာ ကိုယ်တိုင်ဆုံးဖြတ်၊ ကိုယ်တိုင်လိုက်နာကြရမှာ။

**L.C ။ ။ တချို့က အထွက်နှုန်းတိုးအောင်လုပ်ပြီးမှ ပြည်ပဈေးကွက်တင်ပို့သင့်တယ်လို့ ယူဆတဲ့အပေါ် ဆရာ ဘယ်လိုသုံးသပ်မိလဲ။**

**UTMT** ။ ။ ဒီမှာက အများစုဒီလိုပဲစဉ်းစားတယ်။ အထွက်တိုးပြီး Market မရှိရင် ဆန်ဈေးထိုးကျပြီး ဆန်ဈေးကွက်ပျောက်သွားမယ်။ အထွက်တိုးဖို့ဆိုတာ Market ကဆွဲခေါ်သွားအောင်လုပ်ဖို့လိုတယ်။ ကမ္ဘာ့ဈေးကွက်နဲ့ အရင်ဆုံးချိတ်မိအောင်လုပ်ရမယ်။ ကြားကာလမှာတော့ ပြည်တွင်းဆန်ဈေးမြင့်သွားမယ်။ ဈေးကွက်လိုအပ်ချက်က စိုက်ပျိုးမှုကို တိုးတက်လာစေမယ်။ လိုအပ်တဲ့နည်းပညာ၊ မျိုးစပါး ဒါတွေကို ကုန်သည်က စိုက်ပျိုးသူတွေဆီ သယ်သွားပေးမယ်။ ဒါက ဘယ်သူကမှ Drive လုပ်တာမဟုတ်ဘူး၊ ဈေးကွက်က Drive လုပ်တာ။ ကြားကာလမှာတော့ မြို့နေဝင်ငွေနည်း လူတန်းစားတွေ အခက်ကြုံနိုင်တယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက ကျေးလက်နေလူတန်းစားတွေဖြစ်တော့ ကျန် ၃၀ရာခိုင်နှုန်းထဲက မြို့နေဆင်းရဲသားလူထု ယာယီအခက်တွေ့နိုင်တယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးတာမျိုး၊ ဈေးသက်သက်သာသာနဲ့ ဆန်ရောင်းပေးတာမျိုး လုပ်ပေးလိုက်ရင် ကြားကာလကို ကျော်သွားမှာပဲ။ ကမ္ဘာ့ဈေးကွက်မှာ လိုအပ်ချက်ဖြစ်နေတာကတော့ သေချာတယ်။ ချိတ်မိဖို့ပဲလိုတယ်။ လိုအပ်တဲ့နည်းပညာ၊ မျိုးစပါးတွေကို စီးပွားရေးသမားတွေ ပြည်တွင်းကို ယူလာတဲ့နေရာမှာ အစိုးရက မှန်ကန်တဲ့နည်းပညာ၊ မျိုးစပါးတွေဖြစ်၊ မဖြစ် Regulate လုပ်ရုံပဲ။ ကမ္ဘာ့ဈေးကွက်နဲ့ ချိတ်မိဖို့ရာမှာလည်း ဆန်တင်ပို့ခွင့်ကို တစ်သမတ်တည်း သွားရမယ်။ ဒါမှဈေးကွက်နဲ့ ချိတ်မိနိုင်မှာ။

www.foreverspace.com.mm



ရှိသူများသာ ပြည်ပမှ ကုန်ပစ္စည်းများတင်သွင်းခွင့်ပြုခဲ့ရာမှ နိုင်ငံခြားငွေတရားဝင်ရှိသူတိုင်း စက်သုံးဆီ၊ မော်တော်ယာဉ်အပါအဝင် ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းခွင့်ပြုလိုက်ခြင်းသည်လည်း နှစ်ပေါင်းများစွာသဘာဝမကျခဲ့သော မော်တော်ယာဉ်ဈေးနှုန်းများ ထိုးကျသွားခဲ့ရသည်။

ယင်းအခြေအနေများကြောင့် နှစ်ကာလအတန်ကြာ ရင်းနှီးမြှုပ်နှံနိုင်သည့်ဈေးကွက်တစ်ခုအဖြစ် တည်ရှိနေသော မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ဈေးကွက်သည် ပုဂ္ဂလိကကုမ္ပဏီများမှ လွတ်လပ်စွာတင်သွင်းလာပြီး နိုင်ငံတကာပေါက်ဈေးထက်များစွာမကွာခြားလှသော ဈေးနှုန်းဖြင့်ရောင်းချသည့် ပုံစံပြောင်းလဲလာတော့မည်ဖြစ်ရာ မော်တော်ယာဉ်စီးချင်သူအကြိုက် ဈေးကွက်အဖြစ်ကို ရှေးရှုလာပြီဟုဆိုနိုင်သည်။



**မော်ဒယ်လ်နှင့်ဒီဇိုင်းသစ်ယာဉ်များ ပိုမိုမြင်တွေ့ရတော့မည်ဖြစ်သည်**

“ပုဂ္ဂလိကကုမ္ပဏီကို လွတ်လွတ်လပ်လပ်လုပ်ကိုင်ခွင့်ပေးမယ်ဆိုရင်တော့ ကားဈေးတွေက ကျမှာပဲ။ နိုင်ငံခြားဒေါ်လာ ၅၀၀၀ ဈေးပေါက်ရင် သယ်ယူစရိတ်၊ အခွန်ပေးဆောင်ခထပ်ပေါင်းပြီး မြန်မာနိုင်ငံမှာ ပြန်ရောင်းရမှာပေါ့။ သယ်ယူစရိတ်နဲ့ အခွန်ခ အရမ်းမတက်ရင် နိုင်ငံခြားပေါက်ဈေးနဲ့ သိပ်ကွာမှာမဟုတ်ဘူး” ဟု ပုံမှန်မော်တော်ယာဉ်ဈေးကွက်အခြေအနေတစ်ခုကို စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

နှစ်ပေါင်းအတန်ကြာ ကမ္ဘာပေါ်တွင်မရှိသော၊ မကြားဖူးသောကားဝယ်ရောင်းဈေးကွက်နှင့် ဈေးနှုန်းများ ပြည်တွင်း၌ဖြစ်ထွန်းပေါ်ပေါက်နေခဲ့သော်လည်း ယခုအခါ စနစ်ကျနသည့် မူဝါဒသစ်များသို့ ပြောင်းလဲလာပြီဖြစ်ရာ သဘာဝမကျဖြစ်ခဲ့သော မော်တော်ယာဉ်ဝယ်ရောင်းဈေးကွက်သည်လည်း ပုံသဏ္ဍာန်ပြောင်းသွားတော့မည်ဖြစ်သည်။ ထိုအခါ အခွန်ဘဏ္ဍာတိုးပွားရေးတွင်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုတွင်လည်းကောင်း၊ ဆက်စပ်နယ်ပယ်ဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း မည်သို့မျှ အထောက်အကူမပြုသည့် မော်တော်ယာဉ်ဝယ်ရောင်းပွဲစားလောကတစ်ရပ် ချုပ်ငြိမ်းသွားတော့မည်ဖြစ်သည်။ သို့သော် စနစ်တကျပြင်ဆင်ထားသော ဝယ်ရောင်းဝန်ဆောင်မှုလုပ်ငန်းတို့မှာမူ တရားဝင်ထူထောင်လာပြီး ဝယ်သူနှင့်ရောင်းသူအကြား ဂုဏ်သိက္ခာရှိရှိ မျှမျှတတအကျိုးဆောင်ပေးသူ ရရှိသောဝန်ဆောင်ခ၏ အချိုးကျကိုလည်း အစိုးရထံ တရားဝင် အခွန်ဆောင်သူများကမူ ရှင်သန်ရပ်တည်နေနိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် ယင်းဈေးကွက်အပေါ် အမှီပြုလုပ်ငန်းလုပ်ကိုင်နေသည့် လုပ်ငန်းများလည်းပြောင်းလဲလာသည့် ပုံသဏ္ဍာန်သစ်တွင် လိုက်လျောညီထွေ စီးမျောရန် ကြိုတင် ပြင်ဆင်သင့်ပြီဖြစ်သည်။

---

## “တံခါးတော့ပွင့်သွားပြီ။ ပွင့်သင့်ပွင့်ထိုက်တာ ဖွင့်ပေးလို့ကြိုဆိုရမယ်။ ဖွင့်ပုံဖွင့်နည်းတော့လိုတာပေါ့”

**Myanmar Egress Capicity Development Center မှ Program Director ဒေါက်တာနေဝင်းမောင်နှင့်တွေ့ဆုံခြင်း**

ကျော်ဆန်းမင်း



ဒေါက်တာနေဝင်းမောင်

**L.C ॥ ॥ ဒီနေ့မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍမှာ အပြောင်းအလဲတွေ အများကြီးလုပ်လာတာ တွေ့ရတယ်။ လက်ရှိအပြောင်းအလဲတွေအပေါ် ဆရာ့အမြင်လေးသိပါရစေ။**

**Dr. NWM** ॥ ॥ နိုင်ငံတည်ဆောက်တယ်ဆိုတာ သီအိုရီအရပြောရရင် နိုင်ငံသားတိုင်းကြီးပွားပိုင်ခွင့်၊ အမြတ်အစွန်းရယူပိုင်ခွင့်၊ လိုင်စင်ရယူပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် စတဲ့မက်လုံးတွေပေးပြီး လူတိုင်းကို အလုပ်လုပ်စေတယ်။ လူတိုင်းလည်း ပန်းတိုင်ရောက် နိုင်ငံတော်လည်း ပန်းတိုင်ရောက် လုပ်တာဖြစ်တယ်။ နိုင်ငံတည်ဆောက်ရေးလုပ်တယ်ပေါ့။ ဒါတွေအပြင် မတရားမှုကာကွယ်ပေးတာ၊ လုံခြုံရေးပေးတာတွေပါလုပ်ရမယ်။ နိုင်ငံ

www.foreverspace.com.mm

## မူဝါဒစနစ်တကျ ချမှတ်သင့်သည့် ဆိုင်ကယ်

မြန်မာနိုင်ငံတွင် ၂၀၀၉ ခုနှစ် ဇူလိုင်လအထိ မှတ်ပုံတင်ထားသည့် စက်တပ်ယာဉ်ပေါင်းနှစ်သန်းကျော်ရှိသည့်အနက် ဆိုင်ကယ်စီးရေ တစ်သန်းခြောက်သိန်းကျော်ပါဝင်ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့ (CSO) ၏ စာရင်းများအရ သိရှိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မြန်မာနိုင်ငံမြို့နယ်အသီးသီးရှိ ဆိုင်ကယ်များကို နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်မှအပ တစ်နိုင်ငံလုံးမောင်းနှင်သည့် ၁၇/ ယ . . . နံပါတ်လိုင်စင်များ ထုတ်ပေးခဲ့သည်။

လိုင်စင်ကာလကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိသာ သတ်မှတ်ခဲ့သော်လည်း နောက်ပိုင်းတွင် နှစ်လသက်တမ်းထပ်တိုးပေးခဲ့သည်။ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်နေ့အတွင်း လာရောက်မှတ်ပုံတင်မည့် ဆိုင်ကယ်များသည် ၁၅ ရာခိုင်နှုန်း၊ မတ်လ ၁ ရက်မှ ၃၁ ရက်နေ့အတွင်း မှတ်ပုံတင်မည့် ဆိုင်ကယ်များသည် ဆိုင်ကယ်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်း ဒဏ်ကြေးအဖြစ် တိုးမြှင့်ကောက်ခံမည်ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။



ဆိုင်ကယ်ကယ်ရီဝန်ဆောင်မှုများ ပိုမိုတွင်ကျယ်လာသည်

လိုင်စင်မဲ့ဆိုင်ကယ်များကို တရားဝင်လိုင်စင်ပြုလုပ်ပေးခြင်းကို လူလတ်တန်းစားအများစုကြိုဆိုခဲ့ကြသည်။ ကားတစ်စီး၏တန်ဖိုးမှာ အနိမ့်ဆုံးကျပ်သိန်း ၁၀၀ ခန့်ရှိပြီး ဆိုင်ကယ်တစ်စီးအမြင့်ဆုံး သိန်း ၂၀ ဝန်းကျင်ခန့်သာရှိသည့်အပြင် သွားရေးလာရေးလွယ်ကူစေခြင်း၊ ရန်ကုန်မြို့တွင်သာ သွားရေးလာရေးအတွက် ခရီးသည်တင်လိုင်းကားများအသုံးပြုနိုင်သော်လည်း ကျန်ဒေသများတွင် ခရီးသည်တင်လိုင်းကားနည်းပါးခြင်းတို့ကြောင့် ဆိုင်ကယ်များသည် အဓိကအသုံးဝင်လာခဲ့သည်။

ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့နယ်တွင် ဆိုင်ကယ်များလိုင်စင်ထုတ်ပေးပြီးနောက် ဆိုင်ကယ်ကယ်ရီများ သိသိသာသာများလာကြောင်း၊ ယခင် ကိုယ့်ဆိုင်ကယ်နှင့်ကိုယ် ကယ်ရီဆွဲနေရာမှ ယခုတရားဝင်လိုင်စင်ကြောင့် ဆိုင်ကယ်ကယ်ရီတည်ထောင်ပြေးဆွဲသူများရှိလာကြောင်း၊ အချို့ဆိုလျှင် ဆိုင်ကယ်ငါးစီးအထိ ကိုယ်ပိုင်အငှားထောင်ထားကြောင်း၊ အနေးယာဉ်ဆိုက်ကားအုံနာအချို့လည်း ဆိုက်ကားကိုရောင်းပြီး ဆိုင်ကယ်ကယ်ရီပြေးဆွဲလာကြကြောင်း၊ ဆိုင်ကယ်ပြင်ဆိုင်များလည်း တိုးလာကြောင်း၊ အနိမ့်ဆုံးတရုတ်လုပ်ဆိုင်ကယ်တစ်စီးလျှင် ကျပ်သုံးသိန်းခွဲမှ ခုနစ်သိန်းအထိရှိကြောင်း၊ ထိုင်းဆိုင်ကယ်များက တရုတ်ဆိုင်ကယ်များထက်ဈေးမြင့်ပြီး ကြိုက်ရောင်းကြိုက်ဝယ်ဈေးဖြစ်နေကာ ပုံမှန်ဈေးမရှိ

တည်ဆောက်တယ်ဆိုတာ ယေဘုယျပြောရရင် နိုင်ငံ့စီးပွားရေးကိုတည်ဆောက်တာ။ ဒီတော့ စီးပွားရေးတည်ဆောက်မှုနည်းလမ်းကို ကျွမ်းကျင်ရမယ်။ နားလည်တတ်ကျွမ်းရမယ်။ ဒီနေ့အနေအထားကိုကြည့်ရင် အပြောင်းအလဲများစွာဖြစ်နေတယ်။ ဆိုင်ကယ်တွေကို မတလ နံပါတ်ကနေ ယနံပါတ်ပြောင်း လျှောက်ထားခွင့်ပေးတာက ဘာပြောတာလဲဆိုတော့ အရင် မန္တလေးမှာပဲ စီးနင်းခွင့်ရရာကနေ အခု မြန်မာတစ်ပြည်လုံးစီးနင်းခွင့်ရသွားပြီ ဆိုတဲ့သဘောပေါ့။ ဖုန်းတွေ ကျပ်ငါးသိန်းဖြစ်သွားတယ်။ သယ်ယူပို့ဆောင်ရေးယာဉ်တွေဖြစ်တဲ့ ဘတ်စ်တွေ၊ ထရပ်တွေ တင်သွင်းခွင့်ပေးလာတယ်။ နောက် သယ်ယူပို့ဆောင်ရေးမှာ တိုက်ရိုက်အရေးပါတဲ့ စွမ်းအင်ကဏ္ဍကို ပုဂ္ဂလိကကိုပေးတယ်။ နိုင်ငံတော်က အလွန်အကျွံတာဝန်ယူထားလို့ Overload ဖြစ်နေတဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပုဂ္ဂလိကကိုပါ ဝင်လုပ်ဆောင်ခွင့်ပေးတယ်။ နောက်ဈေးပေါပေါနဲ့အလွန်အကျွံတာဝန်ယူထားလို့ Overload ဖြစ်နေတဲ့ ပညာရေးကဏ္ဍကိုလည်း ပုဂ္ဂလိကက ဝင်ရောက်လုပ်ဆောင်နိုင်အောင် လမ်းဖွင့်ပေးတယ်။ ဒါကိုယေဘုယျပြောရရင် လမ်းကြောင်းမှန်ပေါ်ရောက်လာတယ်လို့ ပြောလို့ရတယ်။ ဒီလိုရောက်လာတဲ့အတွက် နဂိုမူဝါဒအဟောင်း လမ်းမှားပေါ်မှာရှိနေတဲ့ လုပ်ငန်းတွေကတော့ ထိခိုက်နိုင်တယ်။ ဒါကို သူတို့ကြိုတွက်ထားရမယ်။ ဆိုင်ကယ်တရားဝင် တင်သွင်းလို့ရရင် ဆယ်ဘီးကားနဲ့ ဆိုင်ကယ်တွေသွင်းလာမယ် ဒါဆိုအရင်က ဆိုင်ကယ်တက်စီးပြီး မှောင်ခိုသွင်းလာသူတွေပျောက်သွားမယ်။ မှောင်ခိုကယ်ရီတွေ ပျောက်သွားမယ်ဆိုတာ မျှော်လင့်ထားရမယ်။ နိုင်ငံတော်ဆိုသူကလည်း စီးပွားရေးအခွင့်အလမ်းတွေ၊ စီးပွားရေးလုပ်ကိုင်ခွင့်တွေ ဖန်တီးပေးရမယ်။ ဒါမှ ပုံသဏ္ဌာန်မမှန်တဲ့လုပ်ငန်းတွေပျောက်သွားပြီး ပုံသဏ္ဌာန်မှန် လုပ်ငန်းတွေ ဖြစ်လာမယ်။ ဒီလိုပဲကားဝယ်စီးပြီး ပြန်ရောင်းရင် ရှုံးရမယ်၊ ဝယ်စီးပြီး ပြန်ရောင်းရင်မြတ်တာ ဒါကိုလုပ်ငန်းတစ်ခုအနေနဲ့ လုပ်နေတာ မြန်မာနိုင်ငံမှာပဲ ရှိတယ်။ မော်တော်ကားဆိုတာ သယ်ယူပို့ဆောင်ရေးမှာ တိုက်

www.foreverspace.com.mm





**အကောက်ခွန်နှုန်းများ တစ်ပြေးညီဖြစ်သင့်သည်**

ကြောင်း ဆိုင်ကယ်ပြုပြင်သူတစ်ဦးက ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်အတွင်း ကားဝယ်စီးရန် လက်လှမ်းမမီသူများသည် တရားဝင်လိုင်စင်ဆိုင်ကယ်စီးခွင့်ရနိုင်ပြီး လက်ရှိအကောက်ခွန်နှုန်းထားများအရ တရုတ်ဆိုင်ကယ်နှင့် ထိုင်းဆိုင်ကယ်ကွာခြားမှုရှိနေကြောင်း၊ အကောက်ခွန်နှုန်းကွာခြားမှုကြောင့် တရုတ်ဆိုင်ကယ်များသာ လိုင်စင်ဝင်ပြီး ထိုင်းဆိုင်ကယ်များ လိုင်စင်မဝင်သည့်အခြေအနေမျိုးမှ ရှောင်လွှားနိုင်ရန် မူဝါဒကောင်းများ စနစ်တကျချမှတ်ရန်လိုကြောင်း၊ သို့မှသာ လိုင်စင်မဲ့ဆိုင်ကယ်စီးသူ ပပျောက်ပြီး အစိုးရဘဏ္ဍာငွေထဲသို့ အခွန်ငွေများ စီးဝင်လာမည်ဖြစ်ကြောင်း မော်လမြိုင်မြို့မှ ဝါရင့်ဆိုင်ကယ်အကျိုးဆောင်တစ်ဦးက သုံးသပ်ပြောကြားသည်။

## စက်သုံးဆီ

ယနေ့ကမ္ဘာပေါ်တွင် မည်ကဲ့သို့သော အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ကမ္ဘာ့နိုင်ငံအသီးသီးက အဓိကဦးစားပေးဦးတည်ဆောင်ရွက်နေကြသည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာတွင် ပုဂ္ဂလိကကုန်ထုတ်စွမ်းအားစုများ၏ အရေးပါမှုသည် အဓိကကျလှသည်ဖြစ်ကြောင်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးက ယနေ့လက်ခံသွားကြပြီလည်းဖြစ်သည်။ ထိုသို့အရေးပါသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအတွက် ကောင်းမွန်သောရေခံမြေခံဖြစ်ပေါ်ရန် မြန်မာနိုင်ငံသည် ၂၀၀၉ ခုနှစ်နှောင်းပိုင်းမှ စတင်ကာ ပိုမိုသိသာ သောပြုပြင်ပြောင်းလဲမှုအရုပ်ရုပ်ကို စတင်လာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။



**အစိုးရပိုင်စနစ်မှ ပုဂ္ဂလိကပိုင်စနစ်သို့ ပြောင်းလဲလိုက်ပြီဖြစ်သည်**

ရိုက် သို့မဟုတ် သွယ်ဝိုက်တဲ့နည်းနဲ့ ဆက်နွယ်နေတော့ ဇိမ်ခံကားမဟုတ်တဲ့ သယ်သူပို့ဆောင်ရေးဆိုင်ရာယာဉ်တွေအတွက် တင်သွင်းခွင့်ကန့်သတ်ချက်ကို လျှော့ချပေးရမယ်။

ပုဂ္ဂလိကကိုလမ်းကြောင်းဖွင့်ပေးလာတာ ဈေးကွက်စီးပွားရေးစနစ်ဘက်ကို ပိုပြီးဦးတည်သွားနေတာဖြစ်တော့ ကောင်းပါတယ်။ တစ်ခုပဲ Privitization နဲ့ပတ်သက်ရင် ဖရန်စစ်ဖူကူယားမားရေးတဲ့ State building စာအုပ်မှာ Privitization လုပ်တာ ဝါရှင်တန်သဘောတူညီချက် (Washington consensus) က အားပေးတယ်။ ဒါက နိုင်ငံ့စီးပွားပြုပြင်ပြောင်းလဲရေးမှာ တစ်ခုအပါအဝင်ဖြစ်တယ်။ တစ်ခုပဲ နိုင်ငံပိုင်အဖြစ်ကနေ လူတစ်စုပိုင်အဖြစ်ကို မရောက်သွားဖို့ အစိုးရက ထိန်းသိမ်းပေးဖို့လိုတယ်။ ဖူကူယားမားက ဘာကိုထောက်ပြလဲဆိုရင် ရုရှားကိုထောက်ပြတယ်။ နိုင်ငံပိုင်လုပ်ငန်းတွေက လူတစ်စုပိုင်အဖြစ်ပြောင်းသွားတာ။ ရေနံလုပ်ငန်းတွေဆို နောက်ပိုင်းမှ ပြည်သူပိုင်ပြန်သိမ်းယူရတယ်။ ယူ့ကောဒ်ရေနံကုမ္ပဏီဆို ပူတင်လက်ထက်မှာ ပြန်သိမ်းယူရတယ်။ ဒါလေး ဂရုစိုက်ဖို့လိုတယ်။ Institutionalize လုပ်ရာမှာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့ အညီ မျှတတဲ့ယှဉ်ပြိုင်မှု ဖြစ်သင့်တယ်။

**L.C ။ ။ ဒီလိုအပြောင်းအလဲလုပ်ရာမှာကဏ္ဍတွေအများကြီးကို တစ်ပြိုင်တည်းလုပ်တာဆိုတော့ အလုပ်အယမ်းနည်းအောင် ဘယ်လိုလုပ်သင့်တယ်လို့ ထင်ပါသလဲ။**

**Dr. NWM** ။ ။ သီအိုရီအရပြောရရင် Institutional Capacity ပဲ။ ယေဘုယျပြောရရင် အစိုးရမှာဝန်ကြီးဌာနတွေရှိပြီးသားပဲ။ မျှတတဲ့ယှဉ်ပြိုင်မှု ဖြစ်အောင်လုပ်ပေးရမယ်။ ကဏ္ဍသီးသီးမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေရှိထားတော့ သက်ဆိုင်ရာကဏ္ဍတွေကို ထိန်းရမယ်။ ဥပမာ – စွမ်းအင်ကဏ္ဍက စက်သုံးဆီအရောင်းဆိုင်တွေကို ပုဂ္ဂလိကကဏ္ဍ လွှဲပေးထားတယ်။ ဒီတော့ ငါတို့နဲ့မဆိုင်တော့ဘူးဆိုပြီး နေလို့မရဘူး။ ပုဂ္ဂလိက ကဏ္ဍက စက်သုံးဆီတွေကို လုံလောက်တဲ့ထောက်ပံ့ မှုပေးသလား၊ အရည်အသွေးပြည့်မီရဲ့လား၊ မျှတတဲ့ယှဉ်ပြိုင်မှု ဖြစ်ရဲ့လား

www.foreverspace.com.mm

မြန်မာနိုင်ငံသည် တိုးပွားလာသော လူဦးရေနှင့် အညီ ဝင်ငွေလိုက်ပါတိုးတက်ရေး၊ ပြိုင်ဘက်နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရေးတို့အတွက် ယခင်ကနှစ်ပေါင်း ၂၀ ကျော်ခန့် အစိုးရက ထိန်းချုပ်လုပ်ကိုင်ခဲ့သော ကျန်းမာရေး၊ ပညာရေးအပါအဝင် စက်သုံးဆီတင်သွင်းဖြန့်ဖြူးရေးတို့ကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသို့ စတင်လွှဲပြောင်းလုပ်ကိုင်ရန် မကြာမီစတင်ခွင့်ပြုခဲ့သည်ကိုလည်း တွေ့ရသည်။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ပုဂ္ဂလိကသို့လွှဲပြောင်းလိုက်သည့် ပြုပြင်ပြောင်းလဲမှုသည် ရေရှည်သဘောအသွင်ဆောင်၍ ပြောင်းလဲမှုအကျိုးဆက်ကို ရုတ်တရက်မမြင်တွေ့နိုင်သော်လည်း ပြည် တွင်းစီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ်စက်သုံးဆီကို ဖြန့်ဖြူးရောင်းချရန် ပုဂ္ဂလိကသို့ လွှဲပြောင်းလိုက်ခြင်းသည် လတ်တလော မြင်သာထင်သာရှိလွယ်သော မူဝါဒပြောင်းလဲမှုတစ်ရပ်ဟု ကောက် ယူရမည်ဖြစ်သည်။

နှစ်ပေါင်း ၂၀ ကျော်ခန့်ကာလအတွင်း အစိုးရသည် တစ်လလျှင် ဒေါ်လာသန်း ၄၀ ခန့် တင်သွင်းနေရသော စက်သုံးဆီများကို နှစ်အတန်ကြာ အရှုံးခံရောင်းချပေးခဲ့သောကြောင့် တစ်ဖက်တွင် မှောင်ခိုဈေးကွက် ဖြစ်ထွန်းလာခဲ့သည်။ ရန်ကုန်ရှိ လူလတ်တန်းစားအတော်များများသည် စက်သုံးဆီထုတ်ဝေခွင့်အတွက် အောက်ကားများဗန်းပြဝယ်ယူကာ တစ်ပိုင်တစ်နိုင်စက်သုံးဆီ ပြန်လည်ရောင်းချ၍ အသက်မွေးကြသည်အထိ ယင်းလုပ်ငန်းတွင်ကျယ်ခဲ့သည်။

များစွာသေချာသည်မှာ စက်သုံးဆီဆိုင်ရာ တင်သွင်းရောင်းဝယ်ဖြန့်ဖြူးမှုနှင့်ပတ်သက်၍ ယခင်က အရေးယူမှုများရှိခဲ့သော်လည်း ယခုအခါ Unregulated Market အဖြစ် အစိုးရက ပြောင်းလဲလိုက်သည့်အတွက် နိုင်ငံအဝန်း စက်သုံးဆီနှင့်ပတ်သက်သည့် ဆိုခဲ့ပါ အမည်းရောင် သို့မဟုတ် မီးခိုးရောင်ဈေးကွက်များ အလိုအလျောက် ချုပ်ငြိမ်းသွားဖွယ်ရာရှိသည်။

ဝန်ကြီးဌာနများ၏ စက်သုံးဆီလိုအပ်ချက်အတွက် အစိုးရက တစ်စိတ်တစ်ပိုင်းတာဝန်ရှိသလို တစ်ဖက်တွင်လည်း ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ စက်သုံးဆီအရည်အသွေးကို စောင့်ကြည့်စစ်ဆေးဖို့ရာလည်းရှိနေသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ မူဝါဒအပြောင်းအလဲအဖြစ် ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၂၆ ရက်တွင် ဒီဇယ်ကို ပုဂ္ဂလိက ကဏ္ဍက တရားဝင်လွတ်လပ်စွာတင်သွင်းခွင့်ရရှိခဲ့သော်လည်း ဇန်နဝါရီလကုန်ခန့် သုံးလကာလတွင်းအထိ တန်ချိန်သောင်းခန့်သာ ဝင်ရောက်လာခဲ့သေးကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရသည်။

ဇန်နဝါရီလ ၁၉ ရက် နေပြည်တော်တွင် ကျင်းပသည့် EISC



**ဆီမှောင်ခိုသမားများ ကွယ်ပျောက်သွားနိုင်ဖွယ်ရှိသည်**

ဆိုတာတွေ စောင့်ကြည့်ထိန်းသိမ်းပေးရမယ်။ ဒါကို Regulate လုပ်တယ်လို့ခေါ်တာပေါ့။ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ဒီလို Regulate လုပ်ဖို့ ခွင့်ပြုထားရမယ်။ ဒီလိုမှမဟုတ်ဘဲ ဗဟိုချုပ်ကိုင်မှုများလွန်းနေရင်တော့ ပုဂ္ဂလိကပိုင်ပြုရာမှာ တစ်ပြိုင်တည်း အများကြီးလုပ်ဖို့မဖြစ်နိုင်ဘူး။ သက်ဆိုင်ရာဝန်ကြီးဌာနကို Regulate လုပ်ဖို့အခွင့်ပေးရမယ်။ အခုမလုပ်လည်း နောင်မှာလုပ်ရမှာဆိုတော့ အခုကတည်းက လုပ်ရင်းလေ့ကျင့်သွားရမယ်။ တစ်ခုပဲရှိတယ် သူတို့ ဘယ်အတိုင်းအတာအထိ Regulate လုပ်နိုင်လဲ။ Regulate လုပ်တယ်ဆိုတာ စည်းကမ်းထိန်းသိမ်းတာသာဖြစ်တယ်။ ကိုယ်တိုင်ဝင်ပါတာ မဟုတ်ဘူးဆိုတာကို ဘယ်လောက်နားလည် ထားသလဲဆိုတဲ့ အပေါ် မူတည်တယ်။ တစ်ဖက်ကလည်း စနစ်ပြောင်းချိန်မှာ အလှုပ်အယမ်းရှိနိုင်တယ်။ ဒါပေမဲ့ ဆန်စပါးအသင်းလို၊ ဒီဇယ်အသင်းလို အသင်းတွေရှိပြီး Policy ပေါင်းကူး လုပ်ပေးတာမျိုးဆိုရင် အဆင်ပြေနိုင်တယ်။ ဘယ်သူက Regulator Authority ထက်ပိုလုပ်နေတယ်ဆိုတာမျိုး အသင်းကပြောရင် ဒီဟာက သူ့ဟာနဲ့သူ Check & Balance ဖြစ်သွားမယ်။ ဝန်ကြီးဌာနတွေကို ကိုယ်နဲ့သက်ဆိုင်တာကို လုပ်စေချင်တယ် လုပ်ပိုင်ခွင့်လည်းရှိစေချင်တယ်။ လုပ်ပိုင်ခွင့်ထက် ပိုလုပ်တာမျိုးလည်း မဖြစ်စေချင်ဘူး။

**L.C ။ ။ ပုဂ္ဂလိကကဏ္ဍကို ဖွင့်ပေးတယ်ဆိုပေမယ့် ကန့်သတ်ချက်တွေရှိနေတဲ့အတွက် Transaction Cost တွေ မြင့်နေတာမျိုးရှိတော့ ပုဂ္ဂလိကကဏ္ဍအတွက် လုပ်ရကိုင်ရခက်တဲ့အနေအထားမျိုး ဖြစ်နေတယ်။ ဒါက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ ဖြစ်နိုင်မလား။**

**Dr. NWM ။** ။ မှန်တယ်။ အစိုးရရှိရင် Transaction Cost ရှိမယ်။ ဒါပေမဲ့ အစိုးရဆိုတာမျိုးက Transaction Cost ကို နည်းနိုင်သမျှနည်းအောင် လုပ်ပေးရတယ်။ အစိုးရရဲ့အုပ်ချုပ်ရေးယန္တရားအတွက် လိုအပ်တဲ့ကုန်ကျစရိတ်ကို အခွန်အနေနဲ့

www.foreverspace.com.mm





ဆီဖြန့်ဖြူးရောင်းချခွင့်သာမက သိုလှောင်ခွင့်ကိုပါ ခွင့်ပြုလိုက်ပြီဖြစ်သည်

ခေါ် ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်ကြီးကြပ်ရေးအဖွဲ့နှင့် လုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် အစိုးရအဖွဲ့တာဝန်ရှိသူများက ဒီဇယ် လျှောက်ထားရာတွင်လိုအပ်သော အောက်ပါအချက်များကို ကုမ္ပဏီ လုပ်ငန်းရှင် ၁၀၀ ကျော်ခန့်အား ခေါ်ယူအသိပေးပြောကြားခဲ့သည်။

## စက်သုံးဆီဒီဇယ်များ လျှောက်ထားရာတွင်လိုအပ်သောအချက်များ

၁။ Online ဖြင့် တင်ပြထားသော ၆ ကျပ်တန် တံဆိပ်ခေါင်း ကပ်ပြီးလျှောက်လွှာ၊

၂။ Proforma Invoice/ Sale Contract၊

၃။ Bank Credit/ Bank Balance

## စက်သုံးဆီလျှောက်ထားရာ၌ လိုအပ်သောအဆင့်များ

၁။ လိုင်စင်လျှောက်ထားခြင်း၊

၂။ EICC (ပို့ကုန်သွင်းကုန်ကြိုတင်ညှိနှိုင်းအစည်းအဝေး)/ EISC (ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်ရေးကြီးကြပ်မှုအဖွဲ့ အစည်းအဝေး)/ TC (ကုန်သွယ်မှု မူဝါဒကောင်စီ) အစည်းအဝေး သို့ အဆင့်ဆင့်ဆင့်ပြခြင်း၊

၃။ Custom Duty, Commercial Tax ဆောင်ပြီးကြောင်း ကုမ္ပဏီမှတင်ပြသည့်အခါ လိုင်စင်ထုတ်ပေးခြင်း၊

## ကုမ္ပဏီမှ သိရှိထားရန်လိုအပ်ချက်များ

၁။ Earning ငွေရှိပြီး မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ တင်သွင်းခွင့်လျှောက်ထားနိုင်ပါသည်။

၂။ သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်မလိုဘဲ လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသည့်အခါ စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်

---

ပေးဆောင်ရတယ်။ ဒါပေမဲ့ ၅ ရက်နဲ့ရမယ့်လိုင်စင်ကို ရက် ၄၀ ကြာလို့ ရက် ၄၀ စာငွေရင်းထားရတာမျိုး၊ ကြိုးနီစနစ် ကြောင့် ကုန်ကျစရိတ်တက်တာမျိုးလို မလိုအပ်ဘဲ Transaction Cost တက်တာမျိုးတွေ လျှော့ချပေးရမယ်။ နိုင်ငံတော် များရဲ့တာဝန်ဆိုတာက ပိုင်ခွင့်အမျိုးမျိုးကိုအာမခံပေးရမယ်၊ ဒီလိုအာမခံဖို့လုပ်ရာမှာ အစိုးရယန္တရားအတွက် လိုအပ်တဲ့ ကုန်ကျစရိတ်ကို အနည်းဆုံးဖြစ်အောင်လုပ်ရမယ်။ မလိုအပ်ဘဲ Transaction Cost တက်တာမျိုးတွေ လျှော့ချပေးရမယ်ဆို တာ နိုင်ငံတော်များရဲ့ အဓိကတာဝန်ပဲ။ ဒါပေမဲ့ ဒါမျိုး ဒီဇယ်ကဏ္ဍ မှာသွားဖြစ်ရင် အခြားကဏ္ဍမှာ ဖြစ်တာနဲ့မတူဘူး။ ဒီဇယ်က Political Goods ဖြစ်နေတော့ သိလွယ်မြင်လွယ်ရှိတယ်။ ဒီဇယ်လိုင်စင်ရဖို့ ရက် ၄၀ ကြာလို့၊ Export Earning မရှိလို့၊ ဈေးမြင့်လို့ စသဖြင့် transaction cost တစ်ခုခုကြောင့် ဒီဇယ် မတင်သွင်းနိုင်ရင်၊ ဒီဇယ်ဈေးတက်ရင်၊ ဈေးမငြိမ်ရင် စတဲ့ Impact တစ်ခုခုဖြစ်တာနဲ့ အစိုးရတွေကို ချက်ချင်းအာရုံပြု မိစေမယ်။ ဒါကြောင့် သူတို့သတိထားကြည့်လို့ ဘယ်ဟာတွေ ကြောင့်ဖြစ်တယ်ဆိုတာ သိသွားရင် ပြင်ဖို့ရာအကြောင်း ဖြစ် လိမ့်မယ်။ ဒီအခါ ရှင်းပြဖို့ရာလည်း မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းသူများအသင်းလို ထောက်ပြပေးနိုင်တဲ့နေရာလည်း ရှိနေတယ်။ ဆိုရင် အဲဒီမှာ Political Dialogue ဖြစ်လာမယ်။ ကျွန်တော့်ကို အကောင်းမြင်တယ်ပဲဆိုဆို ဒီလိုဖြစ်တာနဲ့ တခြား ကဏ္ဍတွေမှာလည်း အလားတူဖြစ်ရပ်တွေကို တွေ့ပြီးပြင်ဖို့ရာ အကြောင်း ဖြစ်လာလိမ့်မယ်။

**L.C ။ ။ ပုဂ္ဂလိကပိုင်ပြောင်းတဲ့နေရာမှာ Comprehensive လို့ခေါ်တဲ့ လုပ်ငန်းစဉ်တစ်ခုလုံး လိပ်ပတ်လည်ဖို့၊ လွှမ်းခြုံဖို့လိုတယ်ဆိုတာနဲ့ပတ်သက်ပြီး ဆရာ့အမြင်လေး သိပါရစေ။**

**Dr. NWM ။** ။ Comprehensive ဆိုတာက ဦးနှင်းပွဲထောင် မဖြစ်အောင် တစ်နေရာတည်း ကွက်ပြင်တာမျိုးမဟုတ်ဘဲ လွှမ်းခြုံပြုပြင်တာကိုခေါ်တာ။ ဥပမာ–ဒီဇယ်ကို ပုဂ္ဂလိကပေးတာ

www.foreverspace.com.mm

ထားသည့် Specification အတိုင်း တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လိုင်စင်လျှောက်ထားရန် သတ်မှတ်ထားသည့် အချက်အလက်ပြည့်စုံသည့် Invoice အမှန်ဖြင့် လျှောက်ထားရပါမည်။

၅။ Earning ငွေရှိ/ မရှိကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက စစ်ဆေးမည်ဖြစ်ပြီး Invoice ပါ ဈေးနှုန်းမှန်ကန်မှုရှိ/ မရှိနှင့် Specification မှန်ကန်မှုရှိ/ မရှိကို စွမ်းအင်ဝန်ကြီးဌာနက စစ်ဆေးမည်ဖြစ်သဖြင့် မှန်ကန်သည့်ဈေးနှုန်း Specification များဖြင့် လျှောက်ထားရမည်။

၆။ ကုန်သွယ်မှု မူဝါဒကောင်စီက စက်သုံးဆီတင်သွင်းခွင့်ပြုပြီးသည့်အခါ ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာ ကုမ္ပဏီက ပေးဆောင်စေပြီး အခွန်ပေးပြီးမှသာ သွင်းကုန်လိုင်စင်ကိုထုတ်ပေးပါမည်။



စက်သုံးဆီ အရည်အသွေးကို စောင့်ကြည့်စစ်ဆေးရန် လိုအပ်သည်

၇။ တင်သွင်းခွင့်ပြုထားသည့် စက်သုံးဆီများ ရောက်ရှိလာပါက ဖြန့်ဖြူးမှုမပြုမီသက်ဆိုင်ရာကုမ္ပဏီများသည် စွမ်းအင်ဝန်ကြီးဌာနသို့ သတင်းပို့ရမည်။

၈။ တရားဝင်လိုင်စင်ဖြင့် တင်သွင်းလာသည့် စက်သုံးဆီများကို ကုမ္ပဏီများအား ထိန်းသိမ်းဖြန့်ဖြူးခွင့်ပြုမည်ဖြစ်ပြီး ရောင်းချလိုသည့်သူထံသို့ ရောင်းချခွင့်ပြုပါမည်။

၉။ တင်သွင်းလာသည့် စက်သုံးဆီများကို စက်သုံးဆီကန်ပြုလုပ်ပြီး Pump ဖြင့် စက်သုံးဆီလက်လီရောင်းချခြင်းကိုခွင့်ပြုမည်မဟုတ်ပါ။

၁၀။ လောလောဆယ် စက်သုံးဆီ Tank မရှိသေးသည့် ကုမ္ပဏီများကို စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် စွမ်းအင်ဝန်ကြီးဌာနပိုင် Tank တွင်ထားရှိခွင့်ပြုပါမည်။ Complain ရှိနေသည့် ကုမ္ပဏီများကို စွမ်းအင်ဝန်ကြီးဌာနပိုင် Tank များတွင် ထားရှိခွင့်မပြုသည့်အပြင် စက်သုံးဆီတင်သွင်းခွင့်ပါ ခွင့်ပြုမည်မဟုတ်ပါ။

၁၁။ ကုမ္ပဏီများသည် စွမ်းအင်ဝန်ကြီးဌာနပိုင် Tank တွင် ထားရှိသည့် စက်သုံးဆီများအတွက် သတ်မှတ်ရက် ၃၀ ရက်ထက် ကျော်လွန်ပါက ရက်လွန်ကြေးကောက်ခံမည်ဖြစ်ပါသည်။

၁၂။ ကုမ္ပဏီများ သီလဝါဆိပ်ကမ်းတွင် Tank တည်ဆောက်လိုပါက ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

၁၃။ ကုမ္ပဏီများသည် စက်သုံးဆီများကို တရားမဝင်တင်သွင်းလာပါက ဖမ်းဆီးအရေးယူမည်ဖြစ်ပြီး ကုမ္ပဏီကိုပါ Black List ပြုလုပ်မည်ဖြစ်ပါသည်။

---

နည်းတူ အမေရိကန်ဒေါ်လာနဲ့ပတ်သက်တဲ့ ၁၉၄၇ နိုင်ငံခြားငွေကြေးလဲလှယ်မှု အက်ဥပဒေကိုပါပြင်ဆင်ပေးတာမျိုးပေါ့။ ဒါမှ ဒေါ်လာဝယ်မရလို့ ဒီဇယ်တင်သွင်းမှုပြတ်တောက်တာမျိုးတွေ ပြေလည်မယ်။ ဒီဥပမာကြည့်ရင် နိုင်ငံခြားငွေကြေးဆိုင်ရာ Financial issue ရော စွမ်းအင်မူဝါဒရော တစ်ပြိုင်တည်း ပြောင်းလဲရမယ်လို့ဆိုလိုတာ။ ဒါမှသာ Comprehensive ဖြစ်သွားပြီး ဦးနင်းပွဲထောင် မဖြစ်မှာ။

ပုဂ္ဂလိကပိုင်ပြုတာအနက် တစ်ပြိုင်နက် လုပ်ပေးရမယ့်ဟာ အားလုံးကို ပြင်ဆင်ပေးတာမျိုးကို Comprehensive လို့ခေါ်တယ်။ ဆိုပါစို့ ပုဂ္ဂလိကပိုင် ပြုတာတော့ဟုတ်ပြီ ဥပမာ– ပြင်ဦးလွင်က ဓာတ်ဆီဆိုင်ကိုယူမယ့် ဒေသခံဆိုပါစို့၊ သူ့ငွေနဲ့မလောက်ရင် ဘယ်ကပိုက်ဆံချေးမလဲ။ ဘဏ်တွေရှိဖို့ လိုသွားပြီ။ ဘဏ်တွေက ပိုက်ဆံချေးနိုင်ဖို့ လိုသွားပြီ။ ပိုက်ဆံချေးဖို့ဆိုရင် ဘဏ်တွေကို ဖွင့်ခွင့်ပေးရမယ်။ အတိုးနှုန်းက Negative Interestrate ဖြစ်လို့မရဘူး။ ဘဏ်တွေပြဿနာဖြစ်ရင် ကာကွယ်ဖို့ Deposit Insurance ဆိုတာ လိုသွားပြီ။

အဲဒီဓာတ်ဆီဆိုင်ကို လူ ၁၀စုပြီးလုပ်မယ်ဆိုရင် ကုမ္ပဏီထောင်ဖို့ လိုသွားပြီ။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်က ပေးအပ်တဲ့ Dead Line အတွင်း ကုမ္ပဏီထောင်တာ အချိန်မီမပြီးရင် အလုပ်လုပ်လို့မရဘူး။ တစ်မြို့လုံးက အဲဒီဓာတ်ဆီဆိုင်ကို ရှယ်ယာထည့်ပြီးယူမယ်ဆိုရင် အများပိုင်ကုမ္ပဏီထောင်ဖို့ လိုသွားပြီ။ အများပိုင်ကုမ္ပဏီတွေထောင်ရင် ရှယ်ယာဝင်တွေကို အကာအကွယ်ပေးတဲ့အဖွဲ့အစည်း အစိုးရက ထောင်ပေးရမယ်။ အခု အဲဒါမရှိဘူး။ ငွေမည်းတွေဝင်မလာအောင် စစ်ဆေးဖို့လိုမယ်။ နိုင်ငံခြားအရင်းအနှီး ခိုဝင်တာမျိုးကိုကာကွယ်ဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို တရားဝင်ဖွင့်ပေးရမယ်။ ဒါမှသာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံသားနည်းပညာနဲ့ မဆုံမပြဖြစ်တာတွေကို ဝင်ပြီးလုပ်ကိုင်နိုင်မယ်။ ဆက်စပ်ပြီးစဉ်းစားရင် တစ်ပြိုင်နက်လုပ်စရာတွေ အများကြီးရှိနေပါတယ်။ Comprehensive ပေါ့။

**L.C** ။ ။ **အပြောင်းအလဲကြားကာလမှာ အလုပ်**

www.foreverspace.com.mm



## ဒီဇယ်လျှောက်ထားရာတွင် ပြည့်စုံရမည့်သတ်မှတ်ချက်များ

| No. | Characteristics | Test Method | Specification |
|---|---|---|---|
| 1. | Colour | ASTM D 1500 | 2.0 max |
| 2. | Denisty at 15 deg.C.Kg/1 | ASTM D 1298 | 0.82-0.87 |
| 3. | Destilitation deg, C,90% Recovery | ASTM D 86 | 370 max |
| 4. | Cetane Index | ASTM D 976 | 48 min |
| 5. | Flash Point Deg,C | ASTM D 93 | 66 min |
| 6. | Sulphur, Mass% | ASTM IP 336 | 0.5 max |
| 7. | Copper Corrosion (3hrs, @ 100deg.C | ASTM D 130 | No.1 max |
| 8. | Ash, mass% | ASTM D 482 | No.0.01 max |
| 9. | Viscosity at 40 deg.C,cst | ASTM D 445 | 1.7-5.5 |
| 10. | Pour Point, deg.C | ASTM D 97 | 9 max |
| 11. | Conradson Carbon Residue, mass% | ASTM D 189 | 0.1 max |
| 12. | Water & Sediment, Vol% | ASTM D 2709 | 0.05 max |

၁၄။ ကုမ္ပဏီများ စက်သုံးဆီများတင်သွင်းရန် လျှောက်ထားသည့်အခါ အခွန်ကောက်ခံပါမည်။ တင်သွင်းပြီးနောက် ပြန်လည်အသုံးပြုခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းပြုလုပ်သည့်အချိန်တွင်လည်း အခွန်ကောက်ခံပါမည်။ အခွန်များပေးဆောင်ခြင်းမရှိပါက နောက်အကြိမ်များတွင် စက်သုံးဆီတင်သွင်းခွင့်မပြုတော့ကြောင်း အသိပေးအပ်ပါသည်။

**(ဇယား)**

ဇန်နဝါရီလ ၂၀ ရက်နောက်ပိုင်းတွင်မှ အစိုးရက နိုင်ငံအဝန်း စက်သုံးဆီရောင်းချနေသော စက်သုံးဆီအရောင်းဆိုင် ၂၄၆ ဆိုင်ကို ပုဂ္ဂလိကသို့လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးမည်ဟု လုပ်ငန်းရှင်ကြီးများထံသို့ အကြောင်းကြားခဲ့သည်။ ယင်းဆိုင်ပေါင်း ၂၄၆ ဆိုင်အနက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ၁၀ ဆိုင်ပြန်လည်လွှဲပြောင်းရန်ရှိပြီး ကျန်ဆိုင်များအားလုံးကို ပုဂ္ဂလိကသို့လွှဲပြောင်းမည်ဟုလည်း အကြောင်းကြားစာတွင်ပါရှိခဲ့သည်။

မတ်လ ၃၁ ရက်မတိုင်မီ အဆိုပါဆိုင်များ အားလုံးကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးမည်ဟုဆိုသည့်အတွက် ပုဂ္ဂလိကစက်သုံးဆီဖြန့်ဖြူးရောင်းဝယ်ရေးသည် ဧပြီလ ၁ ရက်တွင် စတင်အသက်ဝင်လာဖွယ်ရှိသည်။

နိုင်ငံအဝန်းပုဂ္ဂလိကသို့ လွှဲပြောင်းပေးမည့် ဆိုင်များမှာ ရန်ကုန်တိုင်း ၅၂ ဆိုင်၊ မန္တလေးတိုင်း ၃၉ ဆိုင်၊ ပဲခူး(အရှေ့) ၁၉ ဆိုင်၊ ပဲခူး(အနောက်) ၁၈ ဆိုင်၊ မကွေးတိုင်း ၁၅ ဆိုင်၊ စစ်ကိုင်းတိုင်း ၁၄ ဆိုင်၊ မွန်ပြည်နယ် ၁၆ ဆိုင်၊ ဧရာဝတီတိုင်း ၂၇ ဆိုင်၊ တနင်္သာရီတိုင်း ခြောက်ဆိုင်၊ ကချင်ပြည်နယ် ခုနစ်ဆိုင်၊ ကရင်ပြည်နယ်နှစ်ဆိုင်၊ ချင်းပြည်နယ် တစ်ဆိုင်၊ ရှမ်းပြည်နယ် ၂၄

---

**အယမ်းနည်းအောင် ဘာတွေသတိထားရမလဲ။**

**Dr. NWM ။** ။ ဒါအသွင်ကူးပြောင်းရေးလုပ်တဲ့ နိုင်ငံတိုင်းမှာ ကြုံတွေ့ရလေ့ရှိတယ်။ ဒါကဥပဒေ၊ နည်းဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေကို Regulate လုပ်တဲ့လူပုဂ္ဂိုလ်များရဲ့ Capacity မြင့်မားမှုနဲ့ဆိုင်တယ်။ နောက်တစ်ဆင့်တက်ပြောရရင် အခုအသွင်ကူးပြောင်းရေးက အပေါ်ထပ်အဆောက်အဦပြောင်းတာ၊ Superstructure ပြောင်းတာ Player မပြောင်းဘူး။ အပေါ်ထပ်အဆောက်အဦပဲပြောင်းတာဆိုတော့ မှန်းရလွယ်တယ်။ Player ပါပြောင်းရင်တော့ မှန်းရပိုခက်နိုင်တယ်။ အသွင်ကူးပြောင်းရေးမှာ Balance of Power အင်အားလွန်ဆွဲတာ ဖြစ်လေ့ရှိတယ်။ ဒါကိုရှောင်လွှဲလို့မရဘူး။

**L.C ။ ။ အခုအပြောင်းအလဲတွေကို ခြုံပြီးတော့ သုံးသပ်ပေးပါဦးဆရာ။**

**Dr. NWM ။** ။ ကျွန်တော့်အမြင်ပြောရရင် တံခါးတော့ပွင့်သွားပြီ။ ပွင့်သင်ပွင့်ထိုက်တာကိုဖွင့်ပေးလို့ကြိုဆိုရမယ်။ ဖွင့်ပုံဖွင့်နည်းတော့ လိုတာပေါ့။ ဖျာအောက်ကပိုက်ဆံတွေနဲ့ ပုဂ္ဂလိကလုပ်ငန်းသစ်တွေပေါ်လာဖို့ အစိုးရကလုပ်ပေးရမယ်။ Privitization မှာ အရေးကြီးဆုံးက အဲဒါပဲ။ ဖျာအောက်ကပိုက်ဆံတွေက တစ်ယောက်ချင်းဆို ဘာမှလုပ်လို့မရဘူး။ ဒါပေမဲ့ အစိုးရက Fund (ရန်ပုံငွေ)တစ်ခုထောင်ပြီး အများပိုင်ကုမ္ပဏီ ထောင်ပေးရမယ်။ ပြီးရင် လူတစ်စုပိုင်တဲ့လုပ်ငန်းတွေနဲ့အပြိုင် လုပ်ခွင့်ပေးလိုက်ရင် ဈေးကွက်လက်ဝါးကြီးအုပ်တာမျိုးတွေ လုပ်လို့မရနိုင်သလို တစ်ဖက်ကလည်း နိုင်ငံသားအများစု လုပ်ငန်းထူထောင်ခွင့်ရသွားမယ်။ နောက်ပိုင်းမှာ အစိုးရဆိုသူများက တဖြည်းဖြည်းထွက်သွားရမယ်။ ရာနှုန်းပြည့် အများပိုင်ကုမ္ပဏီတွေ ပေါ်လာမယ်။ ဒါဆို ရှိရင်းစွဲလူတစ်စုနဲ့ပြိုင်မယ့် အများပိုင်ကုမ္ပဏီ တွေပေါ်လာမယ်။ ဒါမှအေးထွက်ဆိုးကျိုးနည်းနိုင်မယ်။ နောက်အခုချထားတဲ့ မူဝါဒအရ နောင်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာမှာဆိုတော့ အခုကတည်းက လူလတ်တန်းစားတွေမွေးထုတ်ပေးရမယ်။

www.foreverspace.com.mm

ဆိုင်တို့ပါဝင်ကြသည်။

အလားတူ ကိုယ်ပိုင် Pump ဖြင့်ရောင်းချမည့် စက်သုံးဆီဆိုင်များကိုလည်း အစိုးရက ခွင့်ပြုပေးသွားရန်ရှိသည်ဆိုသည့်အတွက် မြန်မာနိုင်ငံအဝေးပြေးလမ်းမကြီးများတစ်လျှောက်တွင် အိမ်နီးချင်း ထိုင်းနိုင်ငံကဲ့သို့ ပုဂ္ဂလိကဆိုင်များ အများအပြားမကြာမီပေါ်ပေါက်လာရန်ရှိနေသည်။

နှစ်အတန်ကြာအစိုးရထိန်းချုပ်လုပ်ကိုင်စဉ်က မှောင်ခိုဈေးကွက်နှင့်အတူ ဆက်နွှယ်၍ အထူးဝင်ငွေကောင်းခဲ့ကြသူများ၊ အောက်ကားဗန်းပြ ဆီထုတ်၍ ပြန်လည်ရောင်းချအသက်မွေးကြသူများအပါအဝင် မြန်မာနိုင်ငံ ဆီမှောင်ခိုဈေးကွက်၏နေရာတွင် ဈေးကွက်က အလိုအလျောက်ထိန်းကျောင်းမည့် စီးပွားရေးမော်ဒယ်လ်အသစ်တစ်ခုသည် ၂၀၁၀ ပြည့်နှစ် ဧပြီလနောက်ပိုင်းတွင် ပိုမိုပီပြင်လာမည်ဟုလည်း ယခုမူဝါဒအပြောင်းအလဲက ယူဆရသည်။

အဆိုပါစနစ်သည် အလားတူ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပါအဝင် အဓိကစိုက်ပျိုးရေးနယ်ပယ်နှင့် ကုန်ဈေးနှုန်း၊ လူထုလူတန်းစားအလွှာအသီးသီးအထိ သက်ရောက်သည်ဖြစ်ရာ တစ်စုံတစ်ဦး လူတန်းစားအလွှာတစ်လွှာ အစုတစ်စုက ထိန်းချုပ်မည့်အစား သူ့သဘောသူဆောင်စေသော ဈေးကွက်တွင် အမြတ်မက်လုံးရှိသော လုပ်ငန်းအဖြစ် လွတ်လပ်စွာပြိုင်ဆိုင်လုပ်ကိုင်နိုင်ရေးအတွက် အစိုးရအဖွဲ့အစည်းများက ဒိုင်လူကြီးများသဖွယ် မျှတစွာ တည့်မတ်ပေးနိုင်မှုမှာ အထူးအရေးပါကြောင်း Living Color က သုံးသပ်သည်။

## မြန်မာ့ရွှေဈေးကွက်

ဗဟိုချုပ်ကိုင်စီးပွားရေးစနစ် ကျင့်သုံးခဲ့သည့်ကာလတစ်လျှောက်



**အသင်းဖွဲ့စည်းပြီးနောက် ဈေးကွက်ကို ထိန်းသိမ်းနိုင်ခဲ့သည်**

လုံး ခိုင်မာသော ငွေကြေးတစ်ရပ်မရှိခဲ့။ အချိန်မရွေးငွေဖြစ်လွယ် (Liquidity) သော ရွှေကိုစုခြင်း၊ အကျိုးအမြတ်ပုံမှန်ရနိုင်သော စီးပွားရေးလုပ်ငန်း ခိုင်ခိုင်မာမာမရှိခြင်း၊ ပိုင်ဆိုင်မှုအင်အားတစ်ခုဖြစ်သည့်နည်းတူ အချိန်မရွေးအသွင်ပြောင်းနိုင်ခြင်း Liquidity တို့ကြောင့် ရာနှုန်းအများစုတောင်သူလယ်သမားများအပါအဝင် မြန်မာပြည်သူလူထုတို့ စိတ်ချယုံကြည်စွာ ဝယ်ယူရောင်းချလေ့ရှိသော တစ်ခုတည်းသောကုန်စည်မှာ ရွှေဖြစ်သည်။

မြန်မာလူမျိုးတို့အတွက် ‘မရှိဝမ်းစာ ရှိတန်ဆာ’ ဆိုသည့်အတိုင်း ရွှေထည်ကုန်ပစ္စည်းများသည် နေ့စဉ်စားဝတ်နေရေးအတွက် မရှိမဖြစ်လိုအပ်သောကုန်စည် မဟုတ်သော်လည်း ဆန်၊ ဆီ၊ ဆား အခြေခံစားသောက်ကုန်မှအစ အထွေထွေကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုများရှိသောကြောင့် အစိုးရအဆက်ဆက် လက်အောက်တွင် ကန့်သတ်ချက်များဖြင့်သာ ရောင်းဝယ်ဖောက်ကား

---

## “အပြောင်းအလဲကာလမှာ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေ ပျောက်မသွားဖို့လိုတယ်”

**ရန်ကုန်စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခဒေါက်တာ တင်စိုးနှင့်တွေ့ဆုံခြင်း**

**ကျော်ဆန်းမင်း**

**L.C ။ ။ လတ်တလောစီးပွားရေးမူဝါဒ အပြောင်းအလဲပေါ် ဆရာ့အနေနဲ့ ဘယ်လိုသုံးသပ်မိပါသလဲ။ သီအိုရီ အရ ဘာတွေလိုအပ်မယ်ထင်ပါသလဲ။**

**Dr. TS** ။ ။ စီးပွားရေးမူဝါဒတွေ စပြောင်းတော့မယ်ဆိုရင် အရင်ဆုံးချပြရမှာက လက်ရှိသွားနေတဲ့အနေအထား၊ အခက်အခဲ ဘာတွေရှိသလဲပေါ့။ ဒါတွေပေါ်မှာ ဘယ်လိုသွားမလဲဆိုတာ ဝိုင်းစဉ်းစားရမယ်။ အခု ဒေသတွင်းနိုင်ငံတော်တော်များများမှာ Privatization လုပ်နေတာ တော်တော်ကြာနေပြီ။ ဒီမှာ အခုစလုပ်မယ်ဆိုတော့ သူတို့ရဲ့အမှားတွေ နမူနာယူလုပ်ရမယ်။ တစ်ခုရှိတာက ကိုယ့်ဆီမှာက ပုဂ္ဂလိကရော၊ အစိုးရမှာပါ အားကောင်းတဲ့ စီးပွားရေးလုပ်ငန်းကြီးတွေ မရှိသေးဘူး။ ဒီတော့ Privatization လုပ်ရင် ဘာတွေဖြစ်နိုင်မလဲဆိုတာ စဉ်းစားထားရမယ်။ စီးပွားရေးလုပ်ငန်းကြီးတွေ မရှိသေးသလို နည်းမှန်လမ်းမှန် လုပ်နိုင်တဲ့လုပ်ငန်းတွေကလည်း မရှိသလောက် နည်းနေသေးတော့ သိပ်မလွယ်လောက်ဘူး။ လုပ်နေရင်းနဲ့ လမ်းကြောင်းမပြောင်းသွားဖို့၊ လမ်းမချော်သွားဖို့လိုတယ်။ ဒီမှာက လမ်းချော်သွားရင် ဝင်ထိန်းပေးနိုင်မယ့် ခုနပြောတဲ့ လုပ်ငန်းတွေမရှိသေးဘူး။ အားနည်းတယ်ပေါ့။ ပြီးတော့ ပတ်ဝန်းကျင်နိုင်ငံတွေ အိမ်နီးချင်းနိုင်ငံတွေရဲ့ အနေအထားကိုလည်း ထည့်စဉ်းစားကြဖို့လိုတယ်။ ကျွန်တော့်

www.foreverspace.com.mm



ခဲ့ရသည်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းနှင့် တိုင်းနှင့်ပြည်နယ် ရွှေလုပ်ငန်းရှင်အသင်းခွဲများ မပေါ်ပေါက်သေးသော ၂၀၀၂ ခုနှစ် အချိန်မတိုင်မီက ပြည်တွင်းရွှေဈေးကွက်သည် စနစ်ကျမှုမရှိခဲ့ပေ။ ဒါပေမဲ့ ပြည်ထဲရေးဝန်ကြီးဌာန သတ္တုတွင်းဝန်ကြီး ဌာနက ၂၀၀၂ ခုနှစ်မှာ မြန်မာနိုင်ငံရွှေကုန်သည်များအသင်းဆိုပြီး ဖွဲ့ပြီးတဲ့နောက်မှာ ရွှေဈေးကွက်က ရောင်းရဝယ်ရတာ အတော်လေး အဆင်ပြေလာတယ်" ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်အသင်းက သီးသန့်ရွှေဈေးကွက်တစ်ခုကို အကောင်အထည်ဖော်လိုက်ပြီး ရွှေအရောင်းအဝယ်လုပ်ငန်းများကို ရွှေကုန်သည်များကိုသာ ရောင်းဝယ်ဖောက်ကားခွင့်ပြုခဲ့သည့်အတွက် ရွှေဈေးနှုန်းများ



ငွေအစား ယုံကြည်စိတ်ချစွာ ဝယ်ယူစုဆောင်းကြသည့်ကုန်စည်ဖြစ်သည်

တည်ငြိမ်ပြီး ရွှေလေပတ်ကားအရောင်းအဝယ်များ အလွန်ကျဆင်းလျော့နည်းသွားသည်။

"ရွှေဈေးကွက်မှာ ပြင်ပက ပိုက်ဆံချမ်းသာတဲ့ ငွေကြေးချမ်းသာတဲ့ စီးပွားရေးသမားတွေ တိုက်ရိုက်ဝင်ရောက်ရင်းနှီးမြှုပ်နှံတာမျိုးတွေတော့ အတော်ကို လျော့သွားတယ်။ ဈေးကွက်ကို အတိုင်းအတာတစ်ခုအထိ ထိန်းနိုင်သွားတယ်လို့ ပြောလို့ရတယ်" ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်အသင်း အထွေထွေအတွင်းရေးမှူးက ပြောကြားသည်။

သီးသန့်ရွှေဈေးကွက်ပေါ်ပေါက်လာသောကြောင့် ရွှေအရောင်းအဝယ်များ စနစ်ကျနလာသည်ဟုဆိုရမည်ဖြစ်သော်လည်း ရွှေဈေးကွက်ကို ထိန်းချုပ်ထားသည့် ပေါ်လစီမူဝါဒများ တစ်စုံတစ်ရာအပြောင်းအလဲ မတွေ့ရသေးဟု ရွှေကုန်သည်များက ပြောကြားသည်။

"ဈေးကွက်တော့ စနစ်ကျနလာတယ်။ ရွှေဈေးကွက်နဲ့ ပတ်သက်တဲ့မူဝါဒက ထူးထူးထွေထွေပြောင်းလဲတာမျိုးမရှိသေးဘူး" ဟု ရန်ကုန်သီးသန့်ရွှေဈေးကွက်မှ ဝါရင့်ရွှေကုန်သည်ကြီးတစ်ဦးက ရှင်းပြသည်။

တည်ဆဲဥပဒေများအရ ပြည်တွင်းရွှေဈေးကွက်သို့ ပြည်ပမှ ရွှေတင်သွင်းခြင်းနှင့် ပြည်ပဈေးကွက်သို့ ပြည်တွင်းမှ ရွှေတင်ပို့ခြင်းများ တရားဝင်လုပ်ဆောင်ခွင့်မရပေ ။


ပြည်တွင်းရွှေဈေးကွက် ရွှေဈေးနှုန်းများမှာ နိုင်ငံတကာရွှေဈေးနှုန်းများကို ဆက်စပ်အခြေခံဖြစ်ပေါ်နေ ခြင်း ဖြစ်သော်လည်း နိုင်ငံတကာဈေးကွက်နှင့်ချိတ်ဆက်ရောင်း ဝယ်ခြင်းမပြုနိုင်သည့်အတွက် ပြည်တွင်းရွှေဈေးနှင့် ကမ္ဘာ့ရွှေဈေးအကြား ဈေးကွာခြားချက်များ မကြာခဏဆိုသလိုဖြစ်ပေါ်လေ့ရှိသည်။

---

တစ်ဦးတည်းအမြင်ကို ပြောရရင် စမ်းသပ်ကာလ ဘယ်လောက်ပေါ့ သတ်မှတ်ပြီး ဒီစမ်းသပ်ကာလအတွင်း အောင်မြင်အောင်လုပ်ကြည့်ပြီးမှ တဖြည်းဖြည်းချင်း တိုးချဲ့ပေါ့။ လုပ်ငန်းကြီးမရှိတော့ စမ်းသပ်ကာလမှာ အတွေ့အကြုံယူပြီးသွားရမယ်။ စီးပွားရေးသမားက အိုင်ဒီယာရှိတယ်။ အခွင့်အရေးပေးဖို့ပဲ လိုတာ။ အရေးကြီးတာက အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေ မပျောက်သွားဖို့လိုတယ်။

**L.C ။ ။အပြောင်းအလဲကာလမှာ အလုပ်အယမ်း နည်းအောင် ဘာတွေသတိထားသင့်ပါလဲဆရာ။**

**Dr. TS** ။ ။အပြောင်းအလဲကာလမှာ စီးပွားရေးမူဝါဒအသစ်တွေ ချမှတ်တဲ့နေရာမှာ သိပ်သတိထားရမယ်။ ဘာလို့လဲဆိုတော့ ဒါတစ်နိုင်ငံလုံးရဲ့စီးပွားရေးနဲ့ သက်ဆိုင်နေတော့ ကြောက်ရတယ်။ အပြောင်းအလဲကာလမှာ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေ ပျောက်မသွားဖို့



ဒေါက်တာတင်စိုး

www.foreverspace.com.mm



ကမ္ဘာ့ရွှေဈေးနှင့်တူညီနိုင်ခြင်း မရှိသေးပေ

"ရွှေဈေးကွက်နဲ့သက်ဆိုင်တဲ့ မူဝါဒဟောင်းက အပြောင်းအလဲ မရှိပါဘူး။ ပြည်တွင်းရွှေကို ပြည်ပကို တင်ပို့လို့မရသလို ပြည်ပကရွှေကိုလည်း ပြည်တွင်းကိုတင်သွင်းလို့မရဘူး။ ရွှေဈေးနှုန်းက ကမ္ဘာ့ဈေးကွက်ကို မူတည်ပြီးပေါ်လာပေမယ့် ပြည်တွင်းဈေးကွက်နဲ့ ပြည်ပရွှေဈေးကွက်က ဘယ်လိုမှ အရောင်းအဝယ်ဆက်စပ်မှု မရှိဘူး" ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်အသင်း အထွေထွေအတွင်းရေးမှူးက ရှင်းပြသည်။

ဆက်စပ်မှုမရှိသော ဈေးကွက်အနေအထားများကြောင့် ပြည်တွင်းရွှေဈေးနှင့် နိုင်ငံတကာရွှေဈေးနှုန်းသည် တူညီခြင်းမရှိနိုင်ဘဲ ပြည်တွင်းဈေးက ကမ္ဘာ့ရွှေဈေးထက် နိမ့်ကျခြင်း၊ မြင့်တက်ခြင်းများ ပုံမှန်လိုလိုဖြစ်ပေါ်နေတတ်သည်။ ပြည်တွင်းရွှေဈေးနှင့် နိုင်ငံတကာရွှေဈေးကွက်ကို တစ်ပြေးညီ တန်းတူချိတ်ဆက်နိုင်ရန် အရေးကြီးဆုံးမှာ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းထားပင်ဖြစ်သည်။ တရားဝင်အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေခြောက်ကျပ်သာသတ်မှတ်ထားသော်လည်း ပြည်တွင်းရွှေဈေးကွက်တွင်မူ ပြင်ပဈေးကွက်၌ ဖြစ်ပေါ်နေသော ဒေါ်လာနှင့်ကျပ်ငွေလဲလှယ်နှုန်းထားကိုသာမူတည်ပြီး ပြည်တွင်းရွှေဈေးနှုန်း သတ်မှတ်ခြင်းဖြစ်သည်။

"ကမ္ဘာ့ရွှေဈေးကွက်မှာဖြစ်နေတဲ့ ရွှေတစ်အောင်စ ပေါက်ဈေးကို ဒီက ဒေါ်လာ၊ ကျပ်ငွေလဲနှုန်းနဲ့ပြန်တွက်ပြီး ပြည်တွင်းပေါက်ဈေးအဖြစ် ရောင်းဝယ်ဖောက်ကားတာဆိုတော့ ငွေလဲနှုန်းက အရမ်းအဓိကကျတယ်။ ငွေလဲနှုန်းပြောင်းရင် ရွှေဈေးပြောင်းတယ်။ မြန်မာငွေတန်ဖိုးကျရင် ရွှေဈေးက အတက်ကိုဦးတည်တယ်" ဟု ပြည်တွင်းရွှေဈေးကွက်အနေအထားကို ဝါရင့်ရွှေကုန်သည်ကြီးတစ်ဦးက ရှင်းပြသည်။

## ရင်းနှီးမြှုပ်နှံမှုအားကောင်းဆဲ အိမ်၊ ခြံ၊ မြေ

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးသုံးခုဖြစ်သည့် အိမ်၊



ရေရှည်အတွက် ရင်းနှီးမြှုပ်နှံကြခြင်းဖြစ်သည်

လိုတယ်။ သူတို့ကို ဆက်လက်ရှင်သန်အောင် လုပ်ပေးရမယ်။ လုပ်ငန်းကြီးတွေအဆင့် ရောက်သွားအောင် ပံ့ပိုးနိုင်ရင် အကောင်းဆုံးပေါ့။ နောက် ကျွန်တော်တို့နိုင်ငံက နိုင်ငံကြီးနှစ်ခုကြားမှာ ရောက်နေတော့ ကံကောင်းတယ်လို့ ပြောလို့ရသလို ကံဆိုးတယ်လို့လည်း ပြောလို့ရတယ်။ ဘာလို့လဲဆိုတော့ သူတို့က အင်အားကြီးနိုင်ငံတွေ ဖြစ်နေတော့ သတိထားရမယ်။ မလုပ်တတ်ရင်လည်း ခံရမယ်။ လုပ်တတ်ပြန်ရင်လည်း သူတို့က ပြန်လုပ်တဲ့ဒဏ်ခံနိုင်မှာ မဟုတ်ဘူး။ လုပ်ရကိုင်ရသိပ်ခက်တယ်။ ဒီတော့ ပါးပါးနပ်နပ်သွားဖို့လိုတယ်။ ဒီမှာက အခုမှစဖွင့်တာဆိုတော့ အဖွင့်မမှားဖို့၊ လမ်းမချော်ဖို့လိုတယ်။ အဖွင့်ကောင်းသွားရင် တောက်လျှောက် ကောင်းသွားပြီ။ ဟိုတုန်းကလို Think Tank ဖွဲ့ပြီးသွားရင် သွားရမယ်ပေါ့။ ပြည်တွင်းပညာရှင်တွေ၊ လုပ်ငန်းရှင်တွေ၊ မီဒီယာတွေကနေ အစွမ်းကုန် ပူးပေါင်းလုပ်ဆောင်သွားဖို့ လိုတယ်။

www.foreverspace.com.mm



ခြံ၊ မြေ၊ ရွှေနှင့်ကားလုပ်ငန်းများအနက် အိမ်၊ ခြံ၊ မြေလုပ်ငန်းသည် အမြတ်အစွန်းနည်းနည်းနှင့် အရောင်းအဝယ်ပုံမှန်သာရှိနေမှုကြောင့် ဈေးကွက်မပျက်စီးဘဲ ရေရှည်ရင်းနှီးမြှုပ်နှံသူများပြားလာသည်ကိုတွေ့ရသည်။

ဈေးကွက်စီးပွားရေးစနစ် စတင်စမ်းသပ်ကျင့်သုံးခဲ့သည့် ၁၉၉၀ ပြည့်နှစ်များမှစတင်ကာ ရန်ကုန်မြို့တော်ကို အခြေခံ၍ မြို့ကွက်သစ်များဖော်ထုတ်ခြင်း၊ အိမ်ရာစီမံကိန်းအကြီး၊ အလတ်၊ အငယ်များထူထောင်ခြင်း၊ စက်မှုဇုန်များထူထောင်ခြင်းစသည့် လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆောက်လုပ်ရေးလုပ်ငန်းများထူထောင်၍ လုပ်ငန်းလုပ်ပိုင်ခွင့်ပြုခဲ့ရာ ၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ် ဆယ်နှစ်တာအတွင်း မြန်မာနိုင်ငံ၏ အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်နှင့်ဆောက်လုပ်ရေးဈေးကွက်သည် ရွှေခေတ်ဟုခေါ်ဆိုနိုင်သည်အထိ အောင်မြင်ခဲ့ပြီး အမြတ်အစွန်းများများရရှိခဲ့သောအချိန်ဖြစ်ခဲ့သည်။

"အရင်အိမ်တစ်လုံးလွှတ်ရင် သိန်း ၂၀၊ ၃၀ အထက်မြတ်တာ။ အခု လေး၊ ငါးသိန်းမြတ်ဖို့ အာပေါက်နေရတယ်။ ကားတို့၊ ရွှေတို့ ထက်စာရင် အရှုံးမရှိသေးတော့ ရင်းနှီးမြှုပ်နှံမှုတွေရှိသေးတာပေါ့" ဟု မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းနေထိုင်သူ အသက် ၄၀ ကျော်အရွယ်ရှိ အိမ်၊ ခြံ၊ မြေဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ငွေအကြေးအမြတ်အစွန်းအလို့ငှာ လက်ပြောင်းလက်လွှဲလုပ်နေသော အိမ်၊ ခြံ၊ မြေအရောင်းအဝယ်နယ်ပယ်တွင် အိမ်၊ ခြံ၊ မြေများမှာ အသစ်တိုးလာရန် အကန့်အသတ်ရှိသည်ဖြစ်ရာ ဈေးနှုန်းအလွန်အကျွံကျဆင်းမှုမရှိနိုင်သောကြောင့် လုပ်ငန်းသုံးမျိုးအနက် စွန့်စားလုပ်ကိုင်ရမှုအနည်းဆုံးရင်းနှီးမြှုပ်နှံမှုများဖြစ်သည်ဟု ဆိုနိုင်သည်။

"လက်ထဲမှာငွေကိုင်ထားမယ့်အတူ အိမ်၊ ခြံ၊ မြေမှာ ရေရှည်ရင်းနှီးမြှုပ်နှံသင့်တယ်" ဟု စီးပွားရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦးကဆိုသည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ရိုက်ခတ်ပြီးစကာလနှင့် ၂၀၁၀ မြန်မာ့နိုင်ငံရေးအချိုးအကွေ့ကာလများအပေါ်တွက်ဆပြီး အိမ်၊ ခြံ၊ မြေကဏ္ဍအပေါ် ရင်းနှီးမြှုပ်နှံသင့်ကြောင်း၊ လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခုအနက် အိမ်၊ ခြံ၊ မြေလုပ်ငန်းသည် သိသိသာသာ အရှုံးမပေါ်ဘဲ ဈေးကွက်လည်ပတ်နိုင်ပြီး ရင်းနှီးမြှုပ်နှံသူတိုးလျက်ရှိကြောင်း ရန်ကုန်မြို့တော်ရှိ ယူနတီအကျိုးဆောင်ကုမ္ပဏီမှ မန်နေဂျာဦးဇော်ဇော်က ပြောကြားသည်။


ဈေးကွက်အတွင်း ဈေးနှုန်းများတည်ငြိမ်မှုရှိစေရန် အဓိကရည်ရွယ်ပြီး မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းနိုင်ရန် ညှိနှိုင်းအကောင်အထည်ဖော်ဆဲဖြစ်သည်ကိုလည်း တွေ့ရသည်။

မြန်မာနိုင်ငံ၏ မြေဈေးများ ၂၀၁၀ ပြည့်နှစ်အတွင်း မြင့်တက်နိုင်သည်ဟုခန့်မှန်းကြသော်လည်း လက်ရှိတွင်ကာလပေါက်ဈေးထက် လျော့နည်းပြီး အရောင်းအဝယ်ပြုလုပ်နေကြသည်။

"အိမ်၊ ခြံ၊ မြေမှာ ရင်းနှီးမြှုပ်နှံတဲ့သူတွေဟာ ရေရှည်အတွက်ပဲကြည့်ကြတာ။ ရင်းနှီးမြှုပ်နှံမှုကြီးရင် အမြတ်အစွန်းများများရလေလို့ အရင်ကတည်းက ရင်းနှီးမြှုပ်နှံကြတာ" ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

မြန်မာနိုင်ငံတွင် ငွေကြေးတတ်နိုင်ပြီး အများဆုံးဝင်ရောက်လုပ်ကိုင်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးမျိုးသည် ဈေးကွက်တွင် ငွေကြေးဖောင်းပွမှုရှိခဲ့လျှင်သော်လည်းကောင်း၊ ရောင်းအားမလုံလောက်ခဲ့လျှင်သော်လည်းကောင်း၊ မြတ်စွန်းနိုင်သောလုပ်ငန်းများဖြစ်၍ ဤလုပ်ငန်းမျိုးကို နိုင်ငံတကာကလည်း Hatch ခေါ် ဥမှအကောင်ဖောက်သောလုပ်ငန်းများဟု ခေါ်ဝေါ်သုံးစွဲကြပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြသည်။

လက်ရှိတွင် အစိုးရအနေဖြင့် ပုဂ္ဂလိကသို့ ဆီတင်သွင်းခွင့်၊ ကားတင်သွင်းခွင့်စသောကဏ္ဍအများအပြားလွှဲပြောင်းလုပ်ကိုင်ခွင့်များပြုလုပ်မှုကြောင့် ကားဈေးကွက်နှင့် ရွှေဈေးကွက်ရှိ ရင်းနှီးမြှုပ်နှံသူများ လုပ်ငန်းပြောင်း၍ ရင်းနှီးမြှုပ်နှံလာနိုင်သည်။ သို့သော် အိမ်၊ ခြံ၊ မြေဈေးကွက်သည် အထိအခိုက်နည်းနေပြီး အမြတ်အစွန်း ကျန်ရှိနေသော လုပ်ငန်းတစ်ခုဖြစ်နေသောကြောင့် သိန်းထောင်သောင်းချီ ရင်းနှီးမြှုပ်နှံမှုအပြင် သိန်းရာဂဏန်းအထိ ရင်းနှီးမြှုပ်နှံမှုအရေ အတွက်တိုးတက်လာမှုကို ဈေးကွက်အတွင်း



**အဆင့်မြင့်ကွန်ဒိုများတွင် လျှပ်စစ်မီးနှင့် ဓာတ်လှေကားပြဿနာကို ထည့်သွင်းစဉ်းစားရန်လိုသည်**

www.foreverspace.com.mm

တွေ့ရသည်။

အခြားတစ်ဖက်တွင်လည်း နှစ်ပေါင်းများစွာအရည်အသွေး စစ်ဆေး၊ ကြပ်မတ်၊ အတည်ပြုသူများ၊ ဆောက်လုပ်ခွင့်ပြုသူများ၊ ဆောက်လုပ်နေသူများ အစရှိသည့် အိမ်၊ ခြံ၊ မြေဆောက်လုပ်ရေး နယ်ပယ်တစ်ခုလုံးစနစ်ကျနသော စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာကြပ်မတ်မှု အားနည်းခဲ့သောကြောင့် တန်းမမီ စံမမီသော အိမ်ရာတိုက်ခန်း ဈေးကွက်သာ ကြီးစိုးခဲ့ရာမှ မကြာသေးခင် နှစ်အနည်းငယ်ခန့်မှစပြီး အရည်အသွေးဦးစားပေးသောဈေးကွက် တစ်ရပ်ပေါ်ထွန်းလာသည်ကို တွေ့ရသည်။ ယခင်နှစ်များထက်စာလျှင် နိုင်ငံတကာအတွေ့အကြုံပိုများလာသည့်အပြင် မီဒီယာမျိုးစုံ၏ သတင်းအချက်အလက်စီးဆင်းမှု ကျယ်ပြန့်လာခြင်းကြောင့် အသိပညာဗဟုသုတမြင့်မားလာသော စားသုံးသူများကသာ ထိုက်တန်သော၊ အရည်အသွေးကောင်းသော အိမ်ရာ၊ တိုက်ခန်းများကို တောင်းဆိုလာခြင်းဖြစ်သည်။ အိမ်ရာ၊ တိုက်ခန်းတည်ဆောက်မှုတွင် ရေရှည်အတွက် မျှော်ကိုး၍ စည်းကမ်းချမှတ်ကြီးကြပ်မှု အပိုင်း လောလောဆယ် အားနည်းနေသေးသော်လည်း နောင်တွင် လူအများစုလုံခြုံစိတ်ချ၍ ကျန်းမာရေးနှင့် ညီညွတ်သော 'နေရေး' ကိစ္စအပေါ် အထူးအလေးပေးလုပ်ဆောင်လာလျှင်မူ စည်းကမ်းကို နည်းမျိုးစုံသုံး၍ ကျော်ဖြတ်နေသော အရည်အသွေးနိမ့်အိမ်ရာ တိုက်တာများ၊ လုပ်ငန်းရှင်များပျောက်ကွယ်သွားမည်ဖြစ်သည်။

## တယ်လီဖုန်းဈေးကွက်အလားအလာ

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေး၏ လိုအပ်ချက်သည် မြင့်မားလျက်ရှိသည်။ ထိုကွက်လပ်ကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာဆက်သွယ်ရေးလုပ်ငန်းက ၂၀၁၀ပြည့်နှစ်အတွင်း ကျပ်ငါးသိန်းတန် CDMA 800MHz အထိုင်ဖုန်းများအား ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များရှိ မြို့နယ်များတွင် လျှောက်ထားသူတိုင်း ရရှိစေသောစနစ်ဖြင့် ဖုန်းများငှားရမ်းအသုံးပြုခွင့်ပေးလိုက်ခြင်းဖြင့်



လူတိုင်းဖုန်းကိုင်နိုင်သည့်အခြေအနေ ရောက်ရှိလာတော့မည်ဖြစ်သည်





နိုင်ငံတကာ စံနှုန်းနှင့်နှိုင်းယှဉ်လျှင် များစွာလိုအပ်နေဆဲဖြစ်သည်

တစ်နည်းတစ်ဖုံ ဖြည့်ဆည်းခဲ့ရာမှ GSM၊ CDMA၊ WCDMA၊ ဆယ်လူလာ စသော ဖုန်းများ၏ ပြင်ပပေါက်ဈေးများ ကျဆင်းလာသည်။

"လူတိုင်း ဖုန်းကိုင်လာနိုင်တဲ့အခြေအနေ ရောက်ရှိသင့်ပါတယ်။ လောလောဆယ်မှာ ဈေးကွက်ပျက်တယ်ထင်ရပေမယ့် နောက်ပိုင်း ဒီထက်သက်သာတဲ့ အဖိုးအခနဲ့ချပေးလာရင် သူ့ဈေးကွက်နဲ့သူရှိလာမှာပါ" ဟု ရန်ကုန်မြို့မှ ဝါရင့်ဖုန်းအကျိုးဆောင်ကြီး တစ်ဦးက ဆိုသည်။

လက်ရှိတွင် GSM၊ CDMA၊ WCDMA ၊ ဆယ်လူလာ စသော ဖုန်းများ၏ပြင်ပဈေးကွက်သည် ဖုန်းဈေးများကျဆင်းလာပြီး အရောင်းအဝယ်အေးစက်လျက်ရှိနေသည်။ ဈေးကွက်အတွင်း ရောင်းလိုအားက ဝယ်လိုအားထက်ပိုသော အခြေအနေတစ်ရပ်ဖြစ်နေသည်။ မြန်မာနိုင်ငံ၏ တယ်လီဖုန်းဈေးကွက်သည် ၂၀၀၀ ပြည့်နှစ် လွန်နှစ်များမှစတင်ပြီး ၂၀၀၆ ခုနှစ်အထိ အရောင်းအဝယ်၊ အငှားဈေးကွက်အောင်မြင်ခဲ့သော်လည်း ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့် ဆက်စပ်သောစီးပွားရေးလုပ်ငန်းများ ကျဆင်းလာခြင်း၊ ၂၀၀၉ ခုနှစ်အတွင်း GSM၊ CDMA၊ WCDMA စသောဖုန်းများ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် အသုံးပြုခွင့်ပေးလာခြင်း စသော အပြောင်းအလဲများကြောင့် ဖုန်းဈေးကွက် နာလန်မထူနိုင်ဖြစ်နေခဲ့သည်။

"ချပေးမယ့် ငါးသိန်းတန်ဖုန်းတွေမှာ စိတ်ဝင်စားမှုပိုနေကျပြီ၊ ဒီတော့ လက်ထဲကိုင်ထားတဲ့ GSM၊ ဆယ်လူလာတွေရဲ့ဈေးတွေ ကျလာတယ်။ ထိုးကျသွားတာ မဟုတ်ပေမယ့် ကျတာက ကြောက်ဖို့ကောင်းတယ်" ဟု ရန်ကုန်မြို့ခံ ဖုန်းဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးက ငှားရမ်းအသုံးပြုခွင့်ပြုထားသည့် မိုဘိုင်းလ်ဖုန်းများအနက် GSM MPT ဖုန်းကတ်များ၏ ပြင်ပပေါက်ဈေးသည် ကျပ် ၁၅သိန်းဝန်းကျင်၊ ဆယ်လူလာဖုန်းများ၏

www.foreverspace.com.mm





**ကျပ်ငါးသိန်းတန်ဖုန်းများ မိုဘိုင်းလ်အဖြစ်သုံးလာနိုင်ပါက မိုဘိုင်းလ်ဖုန်းဈေးများ ကျဆင်းလာမည်ဖြစ်သည်**

ပြင်ပပေါက်ဈေးသည် ကျပ် ကိုးသိန်းဝန်းကျင်၊ ယခင် ကျပ် ၂၂ သိန်းပေါက်ဈေးရှိသော WCDMA မိုဘိုင်းလ်ဖုန်းသည် ကျပ် ၁၆ သိန်းခွဲဝန်းကျင်ထိ ဈေးနှုန်းများ ကျဆင်းသွားသည်။ ထိုသို့ ဖုန်းဈေးများကျဆင်းမှုသည် ငါးသိန်းတန် တယ်လီဖုန်းများကို ရန်ကုန်မြို့တွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင် ချပေးပြီးလျှင် ဈေးများပိုမိုကျဆင်းလာနိုင်ကြောင်း ဝါရင့်ဖုန်းအကျိုးဆောင်ကြီးများက သုံးသပ်ကြသည်။

"ဒီငါးသိန်းတန်ဖုန်းတွေကို နောက်ပိုင်းမှာ မိုဘိုင်းလ်ဖုန်းပုံစံ လုပ်လာမယ်ဆိုရင် GSM၊ CDMA၊ WCDMA ၊ ဆယ်လူလာတွေကတော့ ဈေးကျပြီးရင်းကျလာမှာပဲ၊ ငါးသိန်းတန်ဖုန်းဈေးကွက်ကတော့ အလုပ်ဖြစ်လာနိုင်ခြေများတယ်" ဟု ရန်ကုန်မြို့မှ ဖုန်းအကျိုးဆောင်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍကို နိုင်ငံတကာတွင် အသုံးပြုနေသော ဆက်သွယ်ရေးစနစ်အတိုင်းပြုပြင်ပြောင်းလဲနိုင်သောအခြေအနေတစ်ရပ်ရှိနေဆဲဖြစ်ပြီး လက်ရှိတွင် ငါးသိန်းတန် CDMA 800MHz ဖုန်းများကို စမ်းသပ်အသုံးပြုခွင့်ပေးမှုမှစပြီး မြန်မာ့ဆက်သွယ်ရေးကဏ္ဍကို အဆင့်ဆင့်ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ဈေးကွက်အခေါ် ကြိုးဖုန်းဟုခေါ်သော အော်တိုတယ်လီဖုန်းများအပါအဝင် တယ်လီဖုန်းလိုအပ်ချက်ကြီးမားနေပြီး ဈေးနှုန်းမြင့်မားနေသော မြန်မာနိုင်ငံတွင် ငွေကြေးပေးကတ်ထည့်သွင်းအသုံးပြုရသော ဈေးနှုန်းအတန်အသင့်သက်သာသည်ဟု ဆိုနိုင်သည့် ငါးသိန်းတန်ဖုန်းများ အလွယ်တကူချထားပေးခြင်းသည် သိသာသော အပြောင်းအလဲတစ်ခု အသွင်ဆောင်လာသည်။ သို့ရာတွင် နိုင်ငံတကာစံနှုန်းနှင့်ယှဉ်လျှင်မူ လိုအပ်ချက်ကြီးကြီးမားမားရှိနေဆဲဟု ဆိုနိုင်ပေသေးသည်။

အချုပ်ဆိုရလျှင်မူ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအချို့ကို ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်အထိုက်အလျောက် လွှဲပေးရန် စီစဉ်နေသည်ဆိုသော သတင်းများထွက်ပေါ်နေခြင်း၊ လက်ရှိအထိုင်ဖုန်းတချို့ကို မိုဘိုင်းလ်ဖုန်းသဖွယ်ပြောင်းလဲရန် စီစဉ်နေခြင်းစသည့်သတင်းများအပြင် တစ်နိုင်ငံလုံး ကွန်ရက်သဖွယ်ဆက်သွယ်မှုပြီးစီးလုနီးပါးရှိနေသော ဖိုက်ဘာကေဘယ်လ်ကွန်ရက်ဆက်ကြောင်းတို့ကလည်း အပြောင်းအလဲ၏ပုံရိပ်ကို သိသာထင်ရှားစေသည်။

ထို့ပြင် ရတနာပုံအိုင်စီတီရက်သတ္တပတ်တွင် ဆက်သွယ်ရေးကုမ္ပဏီများ အများအပြားဝင်ရောက်ပြသသည့်အပြင် ဖိုက်ဘာကေဘယ်လ် အခြေခံဆက်သွယ်ရေးနည်းပညာများပြသခဲ့ခြင်း၊ ဘီးလိုင်းသရီးဂျီ ဆင်းမ်ကတ်ကုမ္ပဏီကဲ့သို့ နိုင်ငံတကာအဆင့် ဆက်သွယ်ရေးကုမ္ပဏီများကပင် မြန်မာနိုင်ငံတွင် အခြေစိုက်ရန် ပြင်ဆင်နေခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် အပြောင်းအလဲတစ်ခုသို့ သိသိသာသာတာစူနေသည်ဟု ဆိုရပေမည်။

ယင်းအပြင် အထိုင်ဖုန်းဖြစ်စေ၊ မိုဘိုင်းလ်ဖုန်းဖြစ်စေ သာမန်တယ်လီဖုန်းလိုအပ်နေသူတိုင်း တတ်နိုင်သည့်ပမာဏတစ်ရပ်ဖြင့်သာ ရောင်းချဝန်ဆောင်မည်ဆိုပါက ဝန်ဆောင်သူရော သုံးစွဲလိုသူအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် အပြောင်းအလဲများ လုပ်ကိုင်ဖွယ်ရာ များစွာရှိနေသေးသည့် ဈေးကွက်ကြီးတစ်ခုဖြစ်သည်ဆိုသည်ကိုပါ ထင်ရှားစွာ တွေ့မြင်ရပေသည်။

**သတင်းအဖွဲ့**



**နိုင်ငံတစ်ဝန်း ဆက်သွယ်အသုံးပြုနိုင်ရန် အခြေခံအဆောက်အဦများ လိုအပ်နေဆဲဖြစ်သည်**

www.foreverspace.com.mm

# NIPPON ပုစွန်ကင်မ်ချီခေါက်ဆွဲ

**မြန်မာနိုင်ငံ၏ အသင့်စား စားသောက်ကုန်ဈေးကွက်အတွင်း အရသာသစ်ဖြင့် ထိုးဖောက်ဝင်ရောက်လာသည့် အသင့်စား ပုစွန်ကင်(မ်)ချီအရသာဘူးခေါက်ဆွဲဖြစ်သည်။**

- ☆ NGU SHWE WAR CO., LTD. က ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၂၆ ရက်တွင် စတင်ထုတ်လုပ်ဖြန့်ချိ။
- ☆ အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးသိန်းထွေးဖြစ်ပြီး ဝန်ထမ်းအင်အား ၁၄၀ ဦးခန့်ရှိ။
- ☆ ဂျပန်နည်းပညာနှင့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ နိုင်ငံတကာအဆင့်မီစက်ပစ္စည်းများဖြင့်ထုတ်လုပ်ထား။
- ☆ ဈေးကွက်လိုအပ်ချက် ပြည့်မီအောင်ထုတ်လုပ်နိုင်ဟုဆို။
- ☆ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး လောလောဆယ် ၂၄ ဘူးပါတစ်ပါကင်လျှင် ၁၁,၄၀၀ ကျပ်နှုန်းဖြင့်ဖြန့်ချိ။
- ☆ ကုန်ပစ္စည်းအာမခံသက်တမ်း တစ်နှစ်ပေးထား။
- ☆ လက်ရှိတွင် NIPPON ပုစွန်ကင်(ခ်)ချီအရသာ ခေါက်ဆွဲဘူးတစ်မျိုးတည်းကိုသာ ထုတ်လုပ်လျက်ရှိပြီး ဆက်လက်၍ အခြားစားသောက်ကုန်အမျိုးအစားများကို တိုးချဲ့ထုတ်လုပ်ရန် အစီအစဉ်ရှိကြောင်းသိရ။




☆ **ဆက်သွယ်ရန်ကုမ္ပဏီလိပ်စာ**

NGU SHWE WAR CO., LTD.
NIPPON NOODLES
FACTORY
– အမှတ်–၁၁၉/၁၂၂၊
စက်မှု (၁၀) လမ်း၊
စက်မှုဇုန် (၁)
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။
– အမှတ်–၁၁၇/၁၁၉ ၊
Room (A+B)၊ (ခြောက်ထပ်)
ကျီတော်အိမ်ရာ၊
အထက်ပုဇွန်တောင်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
ဖုန်း–၂၉၇၀၉၃၊ ၂၉၁၇၂၅၊
၂၉၄၃၉၃

www.foreverspace.com.mm



# COLOR STONES Exercise Books & Note Books

**မြန်မာနိုင်ငံ ဗလာစာအုပ်ဈေးကွက်အတွင်း အရည်အသွေးမီ အဖုံးဒီဇိုင်းဆန်းများဖြင့် ထိုးဖောက်ဝင်ရောက်လာသော စာအုပ်များဖြစ်သည်။**




☆ ရာသက်ပန်စာအုပ်လုပ်ငန်းက ၂၀၀၇ ခုနှစ်တွင်စတင်ထုတ်လုပ်ဖြန့်ချိ။

☆ လုပ်ငန်းအကြီးအကဲမှာ ဦးနေလင်းအောင်ဖြစ်ပြီး ဝန်ထမ်းအင်အားစုစုပေါင်း ၄၀ ဦးခန့်ရှိ။

☆ ပြည်တွင်းတွင်ဝယ်ယူရရှိနိုင်သည့် ပြည်ပမှ ကုန်ကြမ်းပစ္စည်းများကို အဓိကသုံးစွဲ၍ ကိုယ်ပိုင်နည်းပညာဖြင့် ထုတ်လုပ်ထား။

☆ Colorstones အမှတ်တံဆိပ် လေ့ကျင့်ခန်းသုံးဗလာစာအုပ် အမျိုးမျိုးအပြင် Drawing Pads ၊ Drawing Books၊ Origami (ဂျပန်စက္ကူခေါက်) Packs ၊ မြန်မာ ၁၂ ရာသီပွဲတော်အထူးထုတ် Note Books ၊ အခြားသော Note Books အမျိုးမျိုးတို့ကို ထုတ်လုပ်လျက်ရှိကြောင်းသိရ။




☆ မြန်မာလပွဲတော်လိုက် ပန်းချီပုံများနှင့် ထုတ်လုပ်လျက်ရှိသည့် Note Book များမှာ ဈေးကွက်အတွင်းအကြိုက်တွေ့ကြသည်ဟု အရောင်းဆိုင်များထံမှ သိရှိရပြီး လတ်တလောပေါက်ဈေး တစ်အုပ်လျှင် ကျပ် ၁၀၀၀ ဝန်းကျင်ခန့်ရှိ။

☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ကြောင်းသိရ။


☆ ဆူပါမားကတ်များတွင် အလွယ်တကူဝယ်ယူနိုင်စေရန် စီစဉ်ထားပြီး ဈေးကွက်အတွင်းသို့ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိ။

☆ ရာသက်ပန်စာအုပ်လုပ်ငန်းအနေဖြင့်အခြားသော အရည်အသွေးမီ Paper Products များကို ဆက်လက်တိုးချဲ့ထုတ်လုပ်သွားရန် အစီအစဉ်ရှိကြောင်းသိရ။




☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဦးနေလင်းအောင် (Managing Director)
ရာသက်ပန် Paper Products Distribution
အမှတ်-၆၉၊ မြေညီထပ်၊ ၁၂၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၀၃၉၃၃၊ ၀၉-၅၁၇၃၇၇၈



www.foreverspace.com.mm

# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Kyo Cera Copier (ဂျပန်) | GLOBAL TECHNOLOGY CO., LTD.<br>အဆောင်–၇၊ အခန်းအမှတ်–၁/၂၊ Myanmar Info-Tech၊ တက္ကသိုလ်များ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၆၅၂၃၂၄၊ ၆၅၂၂၃၂၊ ၅၀၇၀၅၄<br>E- mail: ttt@globalnet.com.mm | ဦးသိန်းသန်းတိုး (Commercial Director) | မရှိ |
| ၂။ | Lorix ဝဲလိမ်းဆေး (ဘင်္ဂလားဒေ့ရှ်) | MODEL PHARMA CO., LTD.<br>အမှတ်–C 2 ၊၁၆/၂၀ နေကြာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၀၁၆၁၅၊ ၃၉၇၆၈၁<br>E- mail :uttcl@myanmar.com.mm | ဦးဖြိုးမင်းအေး (Sales Manager) | MODEL PHARMA CO., LTD.<br>အမှတ်–၆၉/၇၀၊ ၆၈လမ်းနှင့် ၄၃ လမ်းထောင့်၊<br>မဟာအောင်မြေမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၃၄၂၇၂၊ ၀၉–၂၀၃၇၁၅၃ |
| ၃။ | UNIVIT/UNIVIT M ဗီတာမင်အားဆေးရည်/တောင့် (ပါကစ္စတန်) | ACRO CO., LTD.<br>အမှတ်–၈၆၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၉၈၀၉၄၊ ၄၄၁၂၂၉၅ | ဒေါ်ဝင်းဝင်းမာ (Sale Supervisor) | ACRO CO., LTD.<br>အမှတ်–၂၇၀၊ တိုယိုတာကားပစ္စည်း အရောင်းဆိုင်နှင့်မျက်နှာချင်းဆိုင်၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား ၊ ၃၆ × ၃၇ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၉–၅၀၅၅၂၄၇ |
| ၄။ | HANMA Medical Devices (တရုတ်) | PAI BROTHERS' INTERNATIONAL TRADING CO., LTD.<br>အမှတ်–၈၃၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၅၂၃၈၈၊ ၅၅၂၃၉၉<br>၀၉–၅၁၆၀၀၀၀ | ဒေါ်မိုးမိုးဝင်း (Manager) | PAI BROTHER INTERNATIONAL CO., LTD.<br>အမှတ်–BLK၁၁၄၊ ၈၇လမ်း၊ ၂၁လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၇၂၆၆၆၊ ၂၂၇၇၇၊ ၂၂၉၉၉၊ ၆၆၆၈၇၊ ၆၈၉၉၉ |
| ၅။ | AGFA Blue/Green X-ray Films (ဘယ်လ်ဂျီယံ) | AUSTRALASIA MARKETING TRADE & TECHNOLOGY CO., LTD.<br>အမှတ်–၃၊ သာလာဝတီလမ်း၊ (၇) ရပ်ကွက်၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၆၆၆၈၀၂၊ ၇၀၉၉၂၂၊ ၇၂၇၉၅၂<br>ဖက်စ်–၆၆၇၆၀၉<br>Email:info@amt2.com.mm | ဒေါ်ဇာခြည်ဖြိုး (Assistant Manager) | AUSTRALASIA MARKETING TRADE & TECHNOLOGY CO., LTD.<br>အမှတ်–M(2)၊ ၇၇လမ်း၊ ၂၉ လမ်းနှင့် ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၆၈၁၂၉<br>E-mail:anwamttmdy@mandalay.net.mm |

**ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။**

# ကုန်ဈေးနှုန်း

၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သောကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၅-၂-၂၀၁၀)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (၈ဂ) | ၄၀ |
| Dagon Jeep | | (၈ဂ) | ၇၅ |
| Toyota Publica | 84 | (၁က) | ၈၅ |
| Sunny Pickup | 81 | (ခ) | ၆၅ |
| Nissan Sunny Supersaloon | 86 | (၃က) | ၂၁၀ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၂၁၀ |
| Suzuki Wagon R+ | | ၁ဂ | ၂၃၀ |
| Suzuki Wagon R- | | ၉ခ | ၁၁၅ |
| Tow Ace (ပုစဉ်းခေါင်း) 2000 | | (၈င) | ၁၈၀ |
| Toyota Corolla | CE 96 | (၃က) | ၂၄၀ |
| Corolla 1.8 Van | 96 | (၉က) | ၃၀၀ |
| Toyota MarkII | 92 | (၄ခ) | ၅၀၀ |
| Toyota MarkII | 94 | (၉ခ)ဒီဇယ် | ၇၅၀ |
| Mitsubishi Pajero V46(ဦးပိုင်) | 96 | (၄ခ) | ၈၀၀ |
| Toyota Hilux Surf S/W(ဦးပိုင်) | 97 | (၆ခ) | ၁,၀၀၀ |
| Land Crusier | 97 | (၉ခ) | ၁,၈၀၀ |
| Parado | 97 | (၁ဂ) | ၁,၁၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။






www.foreverspace.com.mm

www.foreverspace.com.mm

## တီဗီရောင်စုံ

(၂၅-၂-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SONY | KLV-205400A | 20" | ၃၉၅,၀၀၀ |
| SONY | KLV-40W550 | 40" | ၁,၆၉၀,၀၀၀ |
| SONY | KLV-32W550A | 32" | ၉၉၀,၀၀၀ |
| Panasonic(LCD) | L32X10X | 32" | ၆၀၅,၀၀၀ |
| Panasonic(LCD) | L32C10 | 32" | ၅၅၀,၀၀၀ |
| SAMSUNG (LCD) | LA40A750 | 40" | ၁,၈၃၅,၀၀၀ |
| SAMSUNG (LCD) | LA32B350 | 32" | ၅၀၀,၀၀၀ |
| SAMSUNG (LCD) | LA40B530 | 40" | ၁,၃၅၈,၀၀၀ |
| STAR | T-29068 | 29" | ၂၅၃,၅၀၀ |
| STAR | 21-T50 | 21" | ၁၂၅,၀၀၀ |
| STAR | 21-T21A | 21" | ၁၁၆,၅၀၀ |
| T-HOME | SA2127 | 21" | ၁၄၀,၀၀၀ |
| T-HOME | SA2900 | 21" | ၂၀၅,၀၀၀ |
| FUJI | T2125 | 21" | ၁၁၃,၀၀၀ |
| FUJI | T2107AIE | 21" | ၁၁၀,၀၀၀ |
| FUJI | N1407AIE | 14" | ၆၅,၀၀၀ |

## ရေခဲသေတ္တာ

(၂၅-၂-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| STAR | RL-100 | ၁၈၅,၀၀၀ |
| STAR | RL-135 | ၁၄၅,၀၀၀ |
| LG | GC-151SNS | ၁၅၉,၀၀၀ |
| LG | GC-191SN | ၂၈၀,၀၀၀ |
| SAMSUNG (Two door) | RT-25SCPP/BP | ၃၁၂,၀၀၀ |
| SAMSUNG (Two door) | RT-22SCPP/BP | ၂၅၅,၀၀၀ |
| SAMSUNG (One door) | RA-19FASS | ၁၉၅,၀၀၀ |
| SAMSUNG (One door) | RA-19FAPP | ၂၄၉,၀၀၀ |
| SAMSUNG (One door) | RT-19FASS | ၁၂၅,၀၀၀ |

## DVD ပြစက်

(၂၅-၂-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | 3413 | ၅၉,၀၀၀ |
| LG | 381 | ၆၅,၀၀၀ |
| STAR | B-3317 | ၄၉,၀၀၀ |
| STAR | B-096(MP4+DC) | ၃၉,၀၀၀ |
| STAR | B036 | ၃၇,၅၀၀ |
| FUJI (EVD) | F510 | ၃၂,၀၀၀ |
| FUJI (EVD) | EVD 3399 | ၃၂,၅၀၀ |
| DAEWOO | DV1400S | ၃၉,၅၀၀ |
| DAEWOO | B129 | ၃၅,၀၀၀ |

## လေအေးစက်

(၂၅-၂-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AS-09 FLN | ၃၀၉,၀၀၀ |
| SAMSUNG | AS-12 FLN | ၃၆၀,၀၀၀ |
| STAR | T-09G | ၂၆၇,၅၀၀ |
| STAR | T-12G | ၃၁၀,၅၀၀ |
| LG | 0962TA3 | ၂၆၉,၀၀၀ |
| LG | 12645A4 | ၃၇၅,၀၀၀ |

## အဝတ်လျှော်စက်

(၂၅-၂-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | WA-85U3 | ၂၃၅,၀၀၀ |
| SAMSUNG | WA-95U3 | ၂၆၈,၅၀၀ |
| STAR | WA-95U7 | ၂၇၈,၀၀၀ |
| STAR | WT-75H2 | ၁၆၃,၀၀၀ |
| STAR | WT-105H2 | ၃၂၀,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၅-၂-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၅၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၉၅၀ |
| Junior Horlick (400g) | ၃,၄၅၀ |
| Milo (400g) ခဲထုပ် | ၄,၂၅၀ |
| Milo (400g) (ပုလင်း) | ၃,၈၈၀ |
| Maltova (450g) (နီ) | ၃,၂၀၀ |
| Ovaltine (400g) နီ | ၃,၆၀၀ |
| Ovaltine (200g) နီ | ၁,၉၅၀ |
| Ovaltine 400g (ဖြူ) | ၃,၆၅၀ |
| Ovaltine 200g (ဖြူ) | ၂,၂၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၅၀၀ |

## နိုင်ငံခြားအရက်

(၂၅-၂-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75CI) (12YearsOld) | ၁၁,၆၀၀ |
| VAT 69 (75CI) | ၁၀,၅၀၀ |
| Jonnie Walker (Red)(75CI) | ၁၁,၆၀၀ |
| Jonnie Walker (Red)(1Liter) | ၈၅၀ |
| Jonnie Walker (Black)(37.5CI) | ၁၆,၀၀၀ |
| Jonnie Walker (Black)(75CI) | ၁၃,၀၀၀ |
| Jonnie Walker(Black)(1Liter) | ၂၃,၆၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Black & White (1Liter) | ၃၁,၅၀၀ |
| Black & White (75Cl) | ၁၄,၀၀၀ |
| Grand Royal (အပြား)ရွှေပတ်ကြီး/ သေး | ၂,၉၅၀/ ၁,၈၅၀ |
| SPY(CLASSIC)(Red) (Wine) | ၅,၈၀၀ |
| Mekhong (75CL) | ၂,၃၀၀ |
| Mekhong (37.5CL) | ၇,၄၀၀ |

## မုန့်ပုံးသံဘူး

(၂၅-၂-၂၀၁၀)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| မိသားစု | ၆,၃၀၀ |
| Cream Crackers(Hup Seng) | ၅,၉၀၀ |
| (KHIAN GUAN) Top Choice | ၅,၆၅၀ |
| (HWA TA) Choice | ၆,၄၅၀ |
| (Munchys) Funmix | ၅,၆၀၀ |
| Lee Daily Delight | ၇,၂၀၀ |
| Every Time | ၅,၄၅၀ |
| (Julie's) Biscuit Assorties | ၄,၉၀၀ |
| (Julie's) Love letters | ၄,၅၉၀ |

## ခေါက်ဆွဲခြောက်

(၂၅-၂-၂၀၁၀)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၆၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၈၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၅၀ |
| Shin Shin (ကြာဆံ) | ၂၀၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၅၀ |

## သွားတိုက်ဆေး

(၂၅-၂-၂၀၁၀)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/ ၈၅၀ |
| Best-T (125g) White | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၅၀ |
| Colgate (160g) Double Cool Stripe | ၁,၇၀၀ |
| Close-Up (New)(18 g) | ၃၅၀ |
| Close-Up (160g) ပြာ | ၁,၈၀၀ |
| Colgate Fresh Cool Mint 200g | ၁,၆၀၀ |
| Colgate Great Regular 200 g | ၁,၇၀၀ |
| Colgate Whitening 160g | ၂,၆၀၀ |
| Colgate gel (စိမ်း) 160g | ၁,၉၀၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၅-၂-၂၀၁၀)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| Imperial Leather (65g) | ၃၀၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၃၀၀ |
| Miss | ၂၈၀ |
| Kanebo | ၂,၃၅၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၆၅၀ |
| CAMAY | ၅၀၀ |
| Spa | ၃၈၀ |
| E-Lan | ၃၅၀ |
| LUX 100g | ၄၅၀ |
| KAO | ၄၀၀ |
| Parrot | ၄၀၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၂၈၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၀၀ |

## ခေါင်းလျှော်ရည်

(၂၅-၂-၂၀၁၀)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| Head and Shoulder 400g | ၄,၆၀၀ |
| Head and Shoulder 200g | ၂,၅၀၀ |
| Head and Shoulder 100g | ၇၀၀ |
| Pantene 400g | ၄,၃၀၀ |
| Pantene 200g | ၂,၂၅၀ |
| Pantene 100g | ၇၅၀ |
| Clinic Clear 350g | ၃,၈၀၀ |
| Clinic Clear 90g | ၁,၆၀၀ |
| Palmolive 100 g | ၁,၃၀၀ |
| Palmolive 200 g | ၂,၈၀၀ |
| Rejoice 100 g | ၆၅၀ |
| Rejoice 200 g | ၁,၆၀၀ |

## ခြင်ဆေးခွေ

(၂၅-၂-၂၀၁၀)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၃၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Fuji | ၃၀၀ |
| ATAK | ၄၀၀ |
| FIGHTER | ၃၈၀ |
| GO! | ၂၅၀ |
| ပါရမီ | ၃၅၀ |
| MOSFLY | ၂၆၀ |
| ဂေါ်ဇီလာ | ၃၅၀ |
| Spider | ၂၅၀ |
| Golden Lion | ၂၅၀ |
| Special | ၃၀၀ |




( ၂၄-၂-၂၀၁၀)

❑ **Lucky Bird P4 Home & Office PC 775**

- Intel Pentium 4-775 Dual Core 2.6 GHz
- Memory 1 GB DDR2 800
- MSI Motherboard
- 250 GB HDD SATA
- AOPEN PS2 Keyboard & Optical Mouse & PAD
- P4 ATX Tower Casing

Price 235 US$

❑ **Lenovo 3000 B 450L Notebook**

- Intel Dual Core Processor T4300 (2.1 GHz 800 MHz FSB, 1MB L2 Cache
- 1 G DDR 2 RAM
- 14.1" WXGA LED Back Light Display
- 160 GB HDD SATA
- Dual Layer Multiburner Drive (DVD-RW)
- nVIDIA GeForce 9300M GS 256MB graphic
- Graphic x 4500
- 14.1" WXGA LED Back Light Display
- Lenovo Wireless b/g . LAN
- Bluetooth, 1.3 M Pixel Web Cam
- Standard Speakers, 4 in 1 Card Reader
- Veriface (Face Recognition Technology)
- One Key Rescue System . 6 Cells Battery. Free DOS
- One Year Warranty

Price 479 US$

❑ **KMD Classic Model**

- Intel Dual Core 2.8 GHz E 6300 (2MB, 1066 MHz)
- Intel G 43 Express Chipset Motherboard (775/DDR2/1333) with PCIE + Sound + LAN
- 320 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR3 RAM (PC 800 MHz, Kingston)
- 18.5" LCD Color Digital Monitor (Samsung, Wide View)
- 16 in 1 CardReader, Moderm, LAN
- Combo Set Keyboard Optical Mouse and Pad
- P4 Casing (Medium Light)

Price 521,000 Ks

❑ **TOSHIBA Satellite L510 (PSLF8L-00C001) Notebook**

- Intel Dual CoreT4500 2.3 GHz Processor
- 14.1" HD 200 CSV Super Shine View screen
- 1GB DDR3 SDRAM
- 320GB HDD [SATA]
- DVD-RW Super Multi Double Layer Drive
- Wireless LAN 802.11 b/g, Bluetooth,
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Web Cam, Card Reader, Mouse

Price 579US$

❑ **Lucky Bird P4 Accelerator PC 775**

- Intel Pentium 4-775 Core 2 Quard 2.33 GHz (775 CPU)
- ASUS 512MB PCI Express Graphic
- 1GB DDR 2 RAM
- 250 GB HDD SATA
- GIGABYTE P31 DS3L Motherboard
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad
- P4 ATX Tower Casing

Price 389 US$

❑ **KMD Premium Model**

- Intel Pentium Core 2 Quad 2.66 GHz Q8400(4MB, L2 Cache, 1333 FSB)

www.foreverspace.com.mm

- Intel G 43 Express Chipset Motherboard (With PCIE+Sound+LAN)
- 2 GB DDR3 RAM (PC 800 MHz) Kingston
- PICE 1GB (N9500GT) GIGABYTE
- 320 GB HDD SATA
- 18.5" LCD Color Monitor (Philips)
- DVD-RW Multi-Layer Drive (SATA)
- Combo Set Keyboard and Optical Mouse, Pad
- P4 Casing (Handle High)
- Silent Chassis with 280 Watt Power Supply

Price 725,000 Ks

### ❑ KMD Innovator Model

- Intel Pentium Core2 Duo 2.93 GHz E 7400 (3 MB L2 Cache/1066 FSB)
- Intel P43 ES3G Express Chipset Motherboard (775/ DDR2/ 1333) (with PICE, Sound + LAN)
- 1GB DDR2 RAM (PC 800 MHz) Kingston
- PICE 1 GB (N9400 GT) GIGABYTE
- DVD-RW Multi-Layer Drive (SATA)
- 250 GB HDD SATA
- 18.5" LCD Color Monitor (Philips) (Wide View)
- Combo Set Keyboard & Mouse (Prolink)
- Optical Mouse Pad
- P4 Casing (Light High)

Price 522,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| 22 x DVD Writer (LG) SATA Light Scribe with Box | 32,000 KS |
| 24 x DVD Writer (Sony) SATA | 30,500 Ks |
| 24 x DVD Writer (ASUS) SATA | 35,000 Ks |
| 24 x DVD Writer (Samsung) SATA External | 63,000 Ks |
| Microlab M 223 Speakers with sub woofer | 25,000 Ks |
| Microlab M 900 Speakers with sub woofer | 37,000 Ks |
| Microlab M 666 Speakers with sub woofer | 31,000 Ks |
| Microlab M-200 Speakers with sub woofer | 28,000 Ks |

### ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 25,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 43,000 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 54,000 Ks |
| 2GB (DDR 3 RAM) 800 MHz (Kingston) | 48,000 Ks |
| Notebook RAM | |

### ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 44,000 Ks |
| 320 GB (Seagate) SATA | 50,000 Ks |
| 500 GB (Seagate) SATA | 58,000 Ks |
| 750 GB (Seagate) SATA | 75,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 45,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 50,000 Ks |
| 320 GB (Hitachi/Seagate) Notebook SATA | 60,000 Ks |

### ❑ Monitor

| | |
|---|---|
| 17" SVGA Color Monitor (Dyna) | 58,000 Ks |
| 15" LCD Color Monitor (NEC) | 105,000 Ks |
| 17" LCD Color Monitor (Prolink/Samsung) Square View | 120,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1932 wm | 160US$ |
| 19" LCD Color Monitor (View Sonic) Wide View 1940 w with DVI | 164 US$ |
| 18.5" LCD Color Monitor (Prolink)Wide View | 125,000 Ks |
| 18.5" LCD Color Monitor (View Sonic) Wide View | 126 US$ |
| 18.5" LCD Color Monitor (Acer) Wide View | 119,000 Ks |
| 22" LCD Monitor (Prolink) 2211W with DVI and Speakers | 157,00 Ks |

### ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 43 US$ |
| Canon PIXMA-iP6320 Printer (USB) | 47,000 Ks |
| Canon Laserjet 3050 Printer (USB) | 111,000 Ks |
| HP Laserjet 1215 Printer (USB) | 360,000 Ks |
| HP Desk Jet 2410 Printer | 64,000 Ks |
| HP Laserjet 1522 N A 10 Printer (USB) | 395,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 202,000 Ks |
| Star Receipt Printer | 230,000 Ks |
| HP Laserjet 1005 Printer with cable | 115,000 Ks |
| Fuji Xerox Colour Laser DPC 1110 Network Ready | 605US$ |
| Fuji Xerox Colour Laser DPC 1110B | 480US$ |
| Fuji Xerox Colour Laser Multifunction 2090Fs | 1350US$ |
| Fuji Xerox Multifunction WC PE 220 | 500US$ |

### ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 58,500 Ks |
| HP 1010/ 1320/ 1300 Toner | 67,500 Ks |
| HP 2015/ 1522 Toner | 72,500 Ks |
| Canon 2900 Toner/Canon 3050 Toner | 54,500 Ks |
| Canon 1120 Toner | 54,500 Ks |
| HP 2055 Toner | 80,000 Ks |

### ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| HP Flatbed Scanner 2410 (USB) | 90,000 Ks |
| Canon Scanner Lide 100 | 55,000 Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree/ Prolink) Basic | 41,000 Ks |
| 1250 VA (Power Tree/ Prolink) | 72,000 Ks |
| IPS 500 Long Time Inverter UPS (Prolink) | 62,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd.၊ Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

www.foreverspace.com.mm



# Which & Why
# ဘယ်ပစ္စည်းဘာ့ကြောင့်

## Aladdin 3D LED မီးအိမ်




Aladdin အမှတ်တံဆိပ် 3D - E 108 မော်ဒယ်လ်အမျိုးအစား LED မီးအိမ်ဖြစ်။ LED မီးလုံး ၁၀၈ လုံးပါရှိပြီး ၃၆ လုံးထွန်းပါက ၁၅ နာရီ၊ ၇၂ လုံးထွန်းပါက ၁၀ နာရီနှင့် ၁၀၈ လုံးထွန်းပါက ကိုးနာရီ အထိအထွန်းခံ။ မီးအားအတိုးအလျှော့ကို လိုသလိုချိန်ညှိနိုင်။ မီးအားသွင်း၍အသုံးပြုရခြင်းဖြစ်။ AC/ DC အသုံးပြုနိုင်ပြီး မီးပျက်ပါက အလိုအလျောက် မီးလင်းသည့်စနစ်ပါရှိ။ ပစ္စည်းအတွက်ကုမ္ပဏီက တစ်သက်တာအာမခံပေးထား။ မြန်မာနိုင်ငံ လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၈,၀၀၀ ကျပ်ဖြစ်။



## JXD MP4 Player

JXD အမှတ်တံဆိပ် 980 မော်ဒယ်လ်အမျိုးအစား MP4 Player ဖြစ်။ MP3, Camera, Video, Recording များ အသုံးပြုနိုင်။ Memory 4GB ဖြစ်။ လျှပ်စစ် အားသွင်း၍အသုံးပြုရခြင်းဖြစ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၇၇,၀၀၀ ကျပ်ဖြစ်။

## Solar Charger

Handset များကို အားသွင်းပေးနိုင်သော Solar Charger ဖြစ်။ Camera, MP3, MP4 များကိုလည်းအားသွင်း၍ရ။ Handset မျိုးစုံကို အားသွင်းပေးနိုင်။ မီးအလင်းရောင်ရှိရုံဖြင့်အားသွင်းပေးခြင်းဖြစ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၇,၀၀၀ ကျပ်ဖြစ်။



www.foreverspace.com.mm



## Pango ခြေထောက်အကြောပြေကိရိယာ



Pango အမှတ်တံဆိပ် PG- 260213 မော်ဒယ်လ်အမျိုးအစား ခြေထောက်အကြောပြေကိရိယာဖြစ်။ ဖိနပ်ပုံသဏ္ဍာန်ဖြစ်ပြီး တုန်ခါမှုပုံစံဖြင့် ခြေထောက်အကြောပြေစေခြင်းဖြစ်။ တုန်ခါမှုအဆင့် ရှစ်ဆင့်ပါရှိ။ Electrode ပြားများပါရှိသဖြင့် ကိုယ်ခန္ဓာအနှံ့ကို နှိပ်နယ်ပေးနိုင်။ AAA ဓာတ်ခဲ သုံးလုံးဖြင့် အသုံးပြုရ။ AC ဖြင့်အသုံးပြုပါက Adaptor ခံ၍အသုံးပြုနိုင်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၅,၀၀၀ ကျပ်ဖြစ်။




## ငါးလိပ်ကျောက်သားရေ ပိုက်ဆံအိတ်

အမျိုးသားကိုင် ငါးလိပ်ကျောက်သားရေပိုက်ဆံအိတ်ဖြစ်။ ပိုက်ဆံအိတ်တွင် အိတ်ကပ်အကြီးငါးခုနှင့် အသေး ၁၀ ခုပါရှိ။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၅,၀၀၀ ကျပ်ဖြစ်။



## Dixon Water Heater

Dixon အမှတ်တံဆိပ် YRE- D 12 မော်ဒယ်လ်အမျိုးအစား Water Heater ဖြစ်။ ရေပူနှင့် သဘာဝရေ နှစ်မျိုးရရှိနိုင်။ ၂၀ လီတာရေဘူးများဖြင့် အသုံးပြုရ။ AC ဖြင့် တိုက်ရိုက်သုံးနိုင်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၅၀၀ Watt ဖြစ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅,၄၀၀ ကျပ်ဖြစ်။



## Mistral ပန်ကာ

Mistral အမှတ်တံဆိပ် MPE - 99 မော်ဒယ်လ်အမျိုးအစား စားပွဲတင်ပန်ကာဖြစ်။ ၃၆၀ ဒီဂရီလှည့်နိုင်။ အနေးအမြန် သုံးဆင့်ပါရှိ။ ပလတ်စတစ် သားဖြင့်ပြုလုပ်ထားခြင်းဖြစ်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၃၀ Watt ဖြစ်။ မလေးရှားလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၅,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## ZEK သစ်သီးဖျော်စက်




ZEK အမှတ်တံဆိပ် သစ်သီးဖျော်စက်ဖြစ်။ သစ်သီးမျိုးစုံကိုဖျော်၍ရပြီး ပဲနို့အဆင့် အထိပြုလုပ်၍လည်းရ။ မိမိဖျော်လိုသည့် သစ်သီးပေါ်မူတည်ပြီး အချိန်သတ်မှတ်ပေးထား၍ ရ။ အပူဖျော်လိုပါကလည်း အပူပေးသည့်စနစ်ပါရှိ။ 800 Watt ဖြစ်ပြီး AC ဖြင့် တိုက်ရိုက် အသုံးပြုနိုင်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၁,၀၀၀ ကျပ်ဖြစ်။



## Mistral Induction Cooker

Mistral အမှတ်တံဆိပ် Mic 2000 PS မော်ဒယ်လ်အမျိုးအစား ထမင်း၊ ဟင်း ချက်ပြုတ်နိုင်သည့် ပေါင်းအိုးဖြစ်။ 2000 Watt ဖြစ်။ ထမင်း၊ ဟင်း ချက်ပြုတ်နိုင်ပြီး မိမိနှစ်သက်ရာကို Timer ခလုတ်နှိပ်၍ ချက်ပြုတ်နိုင်။ Touch Screen Button စနစ်ဖြစ်။ မလေးရှားနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်း ဈေး ၈၀,၀၀၀ ကျပ်ဖြစ်။

## CHALLENCE Heater



CHALLENCE အမှတ်တံဆိပ် UH - 1602 A မော်ဒယ်လ်အမျိုးအစား Heater ဖြစ်။ တစ်ယောက်သုံးအတွက်ဖြစ်ပြီး နှစ်ပေပတ်လည်အပူပေးနိုင်။ 2400 Watt ဖြစ်။ အပူ ချိန်အတိုးအလျှော့ပြုလုပ်နိုင်။ ရိုးရိုးပန်ကာလေအတွက်လည်း အသုံးပြုနိုင်။ ၉၀ ဒီဂရီ လှည့်ပတ်နိုင်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ် ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၅,၀၀၀ ကျပ် ဖြစ်။



## LEBENSSTIL Sandwich Maker

LEBENSSTIL အမှတ်တံဆိပ် PST -7005S မော်ဒယ်လ်အမျိုးအစား Sandwich Maker ဖြစ်။ ပန်းပွင့်ပုံ၊ လေးထောင့်ပုံ၊ တြိဂံပုံ စသည်တို့ကို ပုံဖော်၍ရ။ 700 Watt ဖြစ်။ မလေးရှားနိုင်ငံ လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈၀,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## PHILIPS Deep Fryer

PHILIPS အမှတ်တံဆိပ် HD 6157 မော်ဒယ်လ်အမျိုးအစား အသားကြော်စက်ဖြစ်။ မိမိနှစ်သက်ရာကိုကြော်ရန်အတွက် Timer ပါရှိ။ အပူချိန်အနည်းအများကိုလည်း ထိန်းညှိနိုင်။ လျှပ်စစ်သုံးစွဲမှု ၁,၆၀၀ Watt ဖြစ်။ ဆီထည့်ရန် ခွက်ပါရှိ။ အညှော်နံ့ကိုထိန်းသည့်စနစ်ပါရှိ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၁၅,၀၀၀ ကျပ်ဖြစ်။







## Supersonic မီးအိမ်ကက်ဆက်

Supersonic အမှတ်တံဆိပ် S 300 မော်ဒယ်လ်အမျိုးအစား မီးအိမ်ကက်ဆက်ဖြစ်။ FM Radio ကက်ဆက်အဖြစ်အသုံးပြုနိုင်သလို LED မီးအိမ်နှင့် ဓာတ်မီးအဖြစ်လည်း အသုံးပြုနိုင်။ LED မီးလုံး ၁၈ လုံးပါရှိ။ ဓာတ်မီးအတွက် LED မီးလုံး ငါးလုံးပါရှိ။ AC ဖြင့် အသုံးပြုနိုင်သလို UM 1 ဓာတ်ခဲသုံးလုံးထည့်၍လည်း အသုံးပြုနိုင်။ ခရီးဆောင်အဖြစ်အသုံးပြုနိုင်။ Speaker အသံထွက်အားကောင်း။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ် ပြီး ရောင်းဈေး ၂၁,၀၀၀ ကျပ်ဖြစ်။

## Sony Digital Radio

Sony အမှတ်တံဆိပ် ICFSW81 မော်ဒယ်လ်အမျိုးအစား Digital Radio ဖြစ်ပြီး နှိုးစက်နာရီပါရှိ။ FM, MW, SW-7 ဖမ်းယူရရှိနိုင်။ ရေဒီယိုဖွင့်မည့်အချိန်ကို ကြိုတင်သတ်မှတ်ပေးထားနိုင်။ AA ဓာတ်ခဲနှစ်လုံးဖြင့် အသုံးပြုရ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈,၄၀၀ ကျပ်ဖြစ်။






## အရုပ် Speaker

MP3, MP4 နှင့် ကွန်ပျူတာများတွင် တွဲဖက်အသုံးပြုနိုင်သည့် အရုပ် Speaker ဖြစ်။ AAA ဓာတ်ခဲသုံးလုံးဖြင့် အသုံးပြုနိုင်။ အရုပ်၏ခြေထောက်တွင် Speaker များတပ်ဆင်ထား။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၄,၀၀၀ ကျပ်ဖြစ်။

**ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ကုန်ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို Ever Fine၊ စိန်ဂေဟာ Super Centre နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၁-၁-၂၀၁၀**✱ မြန်မာနိုင်ငံတွင်ယခင်က ကန့်သတ်ချက်များစွာဖြင့်သာ တင်သွင်းခွင့်ပြုခဲ့သော လုပ်ငန်းသုံးနှင့် ခရီးသည်တင်ယာဉ်များကို အကောက်ခွန်နှုန်းထားသစ်ဖြင့်စတင်၍ တင်သွင်းခွင့်ပြု။

**၂-၁-၂၀၁၀**✱ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးကုန်သည်များနှင့် ၂၀၀၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဆန်စပါးအထူးပြုကုမ္ပဏီများပါဝင်သည့်မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း (Myanmar Rice Industry Association) ကို တရားဝင်ဖွဲ့စည်းတည်ထောင်။

**၈-၁-၂၀၁၀**✱ ပဉ္စမအကြိမ်မြောက် မြန်မာ–ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးဆိုင်ရာ ကျွမ်းကျင်သူအဆင့်အစည်းအဝေးကို ဇန်နဝါရီလ ၈ ရက်မှ ၉ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့တွင်ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်။

**၁၃-၁-၂၀၁၀**✱ နေပြည်တော်တွင် ၂၀၁၀ ပြည့်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီလ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ကျင်းပခဲ့ သော အသုံးမလိုပိုလျှံယာဉ်မျိုးစုံ ၁၇၆စီးလေလံပွဲမှာ ၇၅ ရာခိုင်နှုန်း အောင်မြင်ခဲ့သည့်ပွဲဖြစ်ပြီး ဝင်ငွေ ကျပ် ၁၈ ဘီလီယံကျော်ရရှိခဲ့ (ကိုးကား – ဇန်နဝါရီလ ၂၂ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်)

**၁၅-၁-၂၀၁၀**✱ ၂၀၁၀ ပြည့်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်တို့ မွန်းလွဲ ၁ နာရီမှ ၁ နာရီ ၃၀ မိနစ်အချိန်အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ဂေဟာတွင် တွေ့ဆုံ။

✱ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Doan Xuan Hung နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Chi Vinh တို့ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်။

✱ ၁၅၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံမှ အပြည့်နီးပါးမြင်တွေ့ခဲ့ရသည့် ၂၄ ကြိမ်မြောက် နေကြတ်မှု ဖြစ်ပေါ်ခဲ့ရာ ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံ ဒေသအချို့မှ ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရ။

**၁၈-၁-၂၀၁၀**✱ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဇန်နဝါရီလ ၁၆ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် အရှေ့အာရှနှင့် လက်တင်အမေရိကပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Forum For East Asia-Lattin America Cooperation-FEALAC)၏ ၄ ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

✱ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပမည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် (CLMV) နိုင်ငံများအတွင်း ယဉ်ကျေးမှုဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်းအစည်းအဝေးသို့တက်ရောက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးဌာနဝန်ကြီး H.E. Mr. Him Chhem ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr. Mounkeo ORABOUN နှင့်ဇနီး Mrs. Vilayvieng PHIMMASONE ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr. Hoang Tuan Anh နှင့် အဆိုပါနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ မြန်မာနိုင်ငံသို့ ဇန်နဝါရီလ ၁၈ ရက်နှင့် ၁၉ ရက်နေ့များက ရောက်ရှိလာခဲ့ကြကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၁၉-၁-၂၀၁၀**✱ ရန်ကုန်–ပဲခူး–မိတ္ထီလာ–မန္တလေးလမ်းပိုင်းတွင် BOT စနစ်ဖြင့်ဆောင်ရွက်မည့် ပုဂ္ဂလိကလုပ်ငန်းရှင် ၇ ဦးနှင့် ပဋိညာဉ်စာချုပ်ကို နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုးချုပ်ဆို။

**၂၀-၁-၂၀၁၀**✱ သတ္တမအကြိမ် မဲခေါင်ဒေသတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်တွင် ကျင်းပ။

www.foreverspace.com.mm



**၂၁-၁-၂၀၁၀**✱ မြန်မာနိုင်ငံ မုတ္တမကမ်းလွန်ဒေသ ရေနက်ပိုင်းလုပ်ကွက်များဖြစ်သော MD-4, MD-5 နှင့် MD-6 တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်များကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မလေးရှားနိုင်ငံ Petronas Carigali Overseas Sdn. Bhd. နှင့် စင်ကာပူသမ္မတနိုင်ငံမှ UNOG Pte., Ltd. တို့နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင်လက်မှတ်ရေးထိုးချုပ်ဆို။

✱ဦးမောင်အောင် ၊ ဒု-ဝန်ကြီး (ငြိမ်း)၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (အသက် ၇၆ နှစ်) ကွယ်လွန်။

**၂၂-၁-၂၀၁၀**✱ မြန်မာနိုင်ငံအတွင်းရှိ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း ၁၁ ခုပိုင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၁၁၀ကို ပုဂ္ဂလိကပိုင်ပြုလုပ်ရန်အတွက် ရောင်းချမည်ဖြစ်ကြောင်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ယနေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

✱မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် တစ်ကမ္ဘာလုံးအသိအမှတ်ပြု စံချိန်စံညွှန်းမီ အဆင့်မြင့်ကျောက်မျက်ဓာတ်ခွဲခန်းတစ်ခုကို မြန်မာနိုင်ငံတွင်အကြီးဆုံးဖြစ်သည့် JTC ကျောက်မျက်ရတနာအရောင်းခန်းမနှင့်တွဲ၍ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင်ဖွင့်လှစ်။

**၂၃-၁-၂၀၁၀**✱ ပဲခူးတိုင်းအခြေစိုက် တပ်မများဖြစ်သော တပ်မ (၆၆) နှင့် လက်အောက်ခံအဖွဲ့များဖြစ်သော ခမရ (၈၀)၊ (၆၈)၊ (၇၅)နှင့် တပ်မ (၇၇) တို့တွင် တပ်ဖွဲ့ဝင်များအာဏာဖီဆန်သည့်ဖြစ်ရပ်များဖြစ်ပေါ်လျက်ရှိကြောင်း ၂၀၀၉ ခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ်ဝန်းကျင်က ဘီဘီစီအသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများ၌ ဆောင်းပါးရှင်မောင်မှတ်၏ တပ်မတော်ဖြိုခွဲမည့်အကြံဒိုလက်ခံ ခေါင်းစဉ်ဖြင့် သတင်းဆောင်းပါးတွင် အပြည့်အစုံ ဖော်ပြရှင်းလင်း။

✱ ကယားပြည်နယ် ဒီမောဆိုမြို့နယ် လိုတာခုကျေးရွာအနီးတွင် လောပိတမှတောင်ငူသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်သည့် ၂၃၀ ကေဗွီဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ် ၁၃၄ ကို ည ၈ နာရီခန့်တွင် KNPP အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသွားခဲ့သဖြင့် တာဝါတိုင်ကျိုးကျသွားခဲ့ရာလျှပ်စစ်ဓာတ်အားပို့လွှတ်မှု ပြတ်တောက်သွားခဲ့ရကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

**၂၅-၁-၂၀၁၀**✱ ပုသိမ်မြို့ ပုသိမ်ဘူတာမှ ပုသိမ်ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်သို့ပြေးဆွဲမည့် ရထားလိုင်းဖွင့်လှစ်။

**၂၆-၁-၂၀၁၀**✱ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် သိမ်တန်းရပ်ကွက်ရှိအဆောက်အအုံတစ်ခုရှေ့တွင် နံနက် ၄ နာရီခန့်ကလည်းကောင်း၊ မေတ္တာရပ်ကွက် အိမ်တစ်အိမ်ရှေ့တွင် နံနက် ၄နာရီ ၄၅ မိနစ်ခန့်ကလည်းကောင်း ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

**၂၇-၁-၂၀၁၀**✱ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပေါ်ခဲ့သောဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ၊ ဖောက်ခွဲရန်ကြံစည်ခဲ့သူများကို ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၂၇ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ဖမ်းဆီးရမိခဲ့သူများမှာ မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရွာရှိ ပဋ္ဌမအလင်းစာအုပ်ဆိုင်တွင်နေထိုင်သော ကျော်ဇေလင်း (ခ) ကိုဆိုင်းပါ ၁၁ ဦးဖြစ်ပြီး အဆိုပါပုဂ္ဂိုလ်များနှင့်အတူ ဒီတိုနေတာတပ်ဆင်ပြီး ဒေသန္တရလက်လုပ် မိုင်း ငါးလုံး၊ ဒီတိုနေတာ ၄၃ ခု၊ စပိန်နိုင်ငံလုပ် Astra MOD ၃၀၀၀ အမျိုးအစား ဒသမ ၃၂ ပစ္စတို တစ်လက်၊ ကျည်ကတ် တစ်ခု၊ ၎င်းကျည် ၃၃ တောင့်၊ ACES R 190 Satellite စာတန်းပါ ဂြိုဟ်တုဖုန်းတစ်လုံးအစရှိသည့် ဖောက်ခွဲရေးပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများကို ဇန်နဝါရီလ ၂၂၊ ၂၄၊ ၂၅ ရက်နေ့များ၌ ဖမ်းဆီးရမိခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

✱ ရန်ကုန်မြို့မှ ဧရာဝတီတိုင်း လပွတ္တာမြို့သို့ပြေးဆွဲလျက်ရှိသည့် မိုးဆမ်းပန်းအမည်ရှိ လူစီးတစ်ထပ်သင်္ဘောတစ်စင်းသည် ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်ရှိ နဝရတ်လွန်းကျင်းတွင် လွန်းတင်ပြုပြင်နေစဉ် မီးလောင်မှုတစ်ရပ်ဖြစ်ပွား။

**၂၈-၁-၂၀၁၀**✱ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့၏ပူးပေါင်းဆောင်ရွက်မှုဖြင့် EU နိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့ရောင်းချခွင့်ရရှိခဲ့သည့် ကုမ္ပဏီရစ်ခုကို ထုတ်ပြန်ကြေညာ။

✱စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်ရှိ ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံ ဖွင့်လှစ်။

**၃၀-၁-၂၀၁၀**✱ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ ဆိုဖီဟိုတယ်၌ ဇန်နဝါရီလ ၂၇ ရက်မှ ၂၉ ရက်အထိကျင်းပသည့် ဒုတိယအကြိမ်မြောက် အရှေ့အာရှနိုင်ငံများ၏ ပတ်ဝန်းကျင်သန့်ရှင်းရေး

www.foreverspace.com.mm



နှင့် တစ်ကိုယ်ရေးသန့်ရှင်းရေးဆိုင်ရာ ဝန်ကြီးများအဆင့်ညီလာခံသို့တက်ရောက်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၂-၂-၂၀၁၀*** ၁၂ ကြိမ်မြောက်အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနအုပ်ချုပ်မှုကောင်စီ အစည်းအဝေးကို နေပြည်တော်ရှိ အမရာဟိုတယ်တွင် ကျင်းပ။

* ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး ခုတင် ၂၀၀ ဆံ့အဆောက်အအုံ ဖွင့်လှစ်။

**၃-၂-၂၀၁၀*** အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကို နေပြည်တော်ရှိ အမရာဟိုတယ်တွင် ကျင်းပ။

**၅-၂-၂၀၁၀*** ပုဂ္ဂလိကကဏ္ဍကို စက်သုံးဆီဖြန့်ဖြူးရန်အတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း၏ စက်သုံးဆီအရောင်းဆိုင် ၂၄၆ ဆိုင်ကို ပုဂ္ဂလိကသို့ရောင်းချရန် အဆိုပြုလွှာခေါ်ယူသည့် ကြော်ငြာစာကို ယနေ့ထုတ်နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

* ရုပ်ရှင်ဟာသသရုပ်ဆောင် ဦးကျော်လီဆွေ (အသက် ၈၀နှစ်) ကွယ်လွန်။

**၆-၂-၂၀၁၀*** ၂၀၀၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို နေပြည်တော်ရှိ လေဟာပြင်ဇာတ်ရုံတွင် ကျင်းပ။

* ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက်မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း စစ်ဆေးတွေ့ရှိရ ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၅ ရက်နေ့ရက်စွဲဖြင့် ယနေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

**၇-၂-၂၀၁၀*** လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး H.E.Mr.Dr.Phouthong SENG-AKHOM ခေါင်းဆောင်သော အားကစားကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ။

**LIVING COLOR MEDIA**

**သမ္မတဟိုတယ် (Business Suite)**
**အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊**
**ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။**
**ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂**

www.foreverspace.com.mm



# တွေ့ဆုံဆွေးနွေးမှုများ

## ၁၅-၁-၂၀၁၀

* ဒေါ်အောင်ဆန်းစုကြည်နှင့်လုပ်ငန်းများဆက်သွယ်ဆောင်ရွက်ရန်အတွက် ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ယူထားသူ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေး။
* ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Doan Xuan Hung နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Nguyen Chi Vinh တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၈-၁-၂၀၁၀

* အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.Kari Tapiola နှင့်အဖွဲ့သည် အလုပ်သမားဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ Viet A Group မှ ဒုတိယဥက္ကဋ္ဌ Mr. Nguyen Chi Vinh နှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၉-၁-၂၀၁၀

* ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဌာနေကိုယ်စားလှယ် Mr.Ramesh Shrestha သည် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၁-၁-၂၀၁၀

* အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E , Mr. Gopal K. Pillai ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) နှင့် တွေ့ဆုံဆွေးနွေး။
* ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အတိုင်ပင်ခံအရာရှိနှင့်ကမ္ဘာ့အကောက်အခွန်အဖွဲ့ လေ့လာဆန်းစစ်ချက်စတမ်းကောက်ယူရေးအဖွဲ့ခေါင်းဆောင် Mr.Leonardo Correia Loma Mace do ဦးဆောင်သောအဖွဲ့သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် တွေ့ဆုံဆွေးနွေး။
* တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ China CAMC Engineering Group Co., Ltd. ဥက္ကဋ္ဌ Madam . Luo Yan နှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တွေ့ဆုံဆွေးနွေး။
* M.H.I Partner (B) မှ B.O.D များဖြစ်ကြသော He Li Union ဥက္ကဋ္ဌ Mr.Jean Christophe Schmitt နှင့် ဒုတိယဥက္ကဋ္ဌ Mr. Geoffroy Vivaux တို့သည် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တွေ့ဆုံဆွေးနွေး။

## ၂၃-၁-၂၀၁၀

* မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ဦးဆောင်ကျင်းပမည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) နိုင်ငံများအတွင်း ယဉ်ကျေးမှုဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့်အနုပညာဝန်ကြီးများ၏စားပွဲဝိုင်းအစည်းအဝေးသို့တက်ရောက်ကြမည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများမှ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၁-၂၀၁၀

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Union Resources & Engineering Co., Ltd. မှ Chairman Mr. Feng Ke နှင့်အဖွဲ့သည် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တွေ့ဆုံဆွေးနွေး။

## ၂၉-၁-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Ye Dabo သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

ဤကဏ္ဍတွင် . . . . .


၇၂ ၂၀၁၀ စာပေနှင့် e-Book အလားအလာ
၈၀ နိုင်ငံတကာဈေးကွက်ဝင်နိုင်သော မြန်မာ့စဥ့်ထည်
၈၆ ရှေ့ဆက်ရမည့်နေ့ရက်များ
၉၂ ရန်ကုန် ကုန်စည်ဈေးကွက်


# ၂၀၁၀ စာပေနှင့် e- Book အလားအလာ

နေလင်းထိုက်

**၂၀၁၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံရှိ စာကြည့်တိုက်များနှင့် လက်ရှိရောင်းချနေသော စာအုပ်ဆိုင်များရှိ စာအုပ်များကို အီလက်ထရွန်နစ်စာအုပ်ခေါ် e-Book နှင့် e-Book Reader က မလွှမ်းမိုးနိုင်သေးသော်လည်း စာအုပ်ဆိုင်လုပ်ငန်းရှင်များ၊ စာကြည့်တိုက်မှူးများသည် စာအုပ်ဆိုင်စာအုပ်ခန်းအတွင်း၊ စာကြည့်တိုက်အတွင်း ထိုင်မနေသင့်တော့သော ကာလတစ်ခုဟု ဆိုရမည် ဖြစ်သည်။**

သေချာသည်မှာ e-Book Reader သည် စာအုပ်ထုတ်ဝေရေးလောကတွင်ဖြစ်ပေါ်လေ့ရှိသော ပြဿနာဟောင်းများ၊ လုံးလည်ချာလည်လိုက်မှုများကို ဖြေရှင်းပေးနိုင်မည့် ခေတ်ပြောင်းစနစ်တစ်ခုဖြစ်သည်။ မြန်မာစာအုပ်များကို e-Book အဖြစ်ဖတ်ရှုနိုင်မည့် အနာဂတ်မှာ အလှမ်းဝေးသော်လည်း ၂၀၁၀ ပြည့်နှစ် စာပေနယ်ပယ်တွင် စတင်ရင်းနှီးမြှုပ်နှံမည့်သူများသည် e-Book Revolution ခေါ် အီလက်ထရွန်နစ်စာအုပ်တော်လှန်ပြောင်းလဲရေးတစ်ရပ်နှင့်ကြုံရတော့မည်ကို သတိပြုရတော့မည်ဖြစ်သည်။ 'Survial



www.foreverspace.com.mm



of the Fittest' ဆိုသည့် 'စွမ်းရည်အရှိဆုံးသူသာလျှင် ကြွင်းကျန်ရစ်မည်' ဟူသော စကားလုံးကို စဉ်းစားသင့်ပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် e-Book မှ ရသည့်ဝင်ငွေသည် စာအုပ်ဆိုင်များစာအုပ်ရောင်းရငွေထက်ကျော်လွန်နေပြီ ဖြစ်သည်။

## e-Book Reader ခြေလှမ်းများ

မြန်မာနိုင်ငံ၌ Smart Electronic Dictionary၊ Alpha Computer ၏ အိတ်ဆောင်တိပိဋကတ်နှင့် အဘိဓာန် Pocket PC သည် မြန်မာဘာသာဖြင့်ထွက်ရှိလာသော e-Book Revolution ၏ ခြေလှမ်းများဖြစ်သည်။ Electronic Dictionary သည် အင်္ဂလိပ်ဘာသာဖြင့် မသိနားမလည်သည့်စကားလုံးများကို ရှာဖွေရန် သက်သက်မဟုတ်ဘဲ စာအုပ်တစ်အုပ်သဖွယ် ဖတ်ရှုလေ့လာသင့်သော စကားလုံးပေါင်းချုပ်တစ်ခုဖြစ်ကြောင်း၊ အသိဉာဏ်ပညာတိုးပွားရေးအတွက်၊ ဖြန့်ကြက်တွေးခေါ်နိုင်ရေးအတွက် စကားလုံးသည် အရေးကြီးကြောင်း၊ စာအုပ်ဖတ်သကဲ့သို့ ဖတ်ရန်မလိုဘဲ စိတ်ကူးပေါ်သည့် စကားလုံးများအကြောင်း၊ ပြောပြလိုသည့်စကားလုံးများကိုလေ့လာရာ စာအုပ်တစ်အုပ်ပင်ဖြစ်ကြောင်း Smart English Dictionary အရောင်းတာဝန်ခံတစ်ဦးဖြစ်သူ ဦးမောင်မောင်ဦးက Living Color သို့ပြောကြားသည်။ Electronic ပိဋကတ်သုံးပုံနည်းပညာကြောင့် ယင်းကျမ်းဂန်များကိုလေ့လာလိုက်စားလိုသူများနှင့် ရဟန်းသံဃာတော်များသည်အချိန်ကုန်အပင်ပန်းခံကာ ပိဋကတ်တိုက်များသို့သွားရောက်ရန်မလိုတော့ဘဲ စာအုပ်ပေါင်းမြောက်မြားစွာ ရှာဖွေသိမ်းဆည်းခြင်းအခက်အခဲများကိုပါ ဖြေရှင်းနိုင်ခဲ့ပြီး MP3, MP4 တစ်ခုကို အသုံးပြုတတ်ရုံဖြင့် စာရွက်ပေါင်းများစွာကြောင့် ခုတ်လှဲရသော သစ်တောပြုန်းတီးမှုအန္တရာယ်မှ လွတ်မြောက်တော့မည် ဖြစ်သည်။

## စာဖတ်သူ အရေးကြီး

သို့ရာတွင် e-Book Revolution ဖြစ်



စဉ်တွင် ခေတ်အခြေအနေအရ စာပေမူပိုင်ခွင့်များက အရေးပါသလို ဝင်ရောက်အသုံးတော်ခံမည့်သူများအပြင် နည်းပညာကျွမ်းကျင်သူ Blogger များ၊ Internet အသုံးပြုမှုကျွမ်းကျင်သူများ၊ စာရေးဆရာများ၊ လက်ရှိစာပေထုတ်ဝေသူများသာမကဘဲ e-Book ၏အကျိုးကိုသိသော စာဖတ်သူများက ပို၍အရေးကြီးပေသည်။


Internet ကျွမ်းကျင်သူဆိုသည်မှာ နည်းပညာရှင်များကိုသာဆိုလိုသည်မဟုတ်ဘဲ Internet User အားလုံးကို ဆိုလိုနိုင်ကြောင်း၊ သို့သော် အင်တာနက်ကို လွဲမှားစွာအသုံးချသူများ၊ မိတ်ဆွေအချင်းချင်းဆက်သွယ်ပြောဆိုရန်အတွက်သာ အသုံးချသူများကို Internet Expert ဟု မခေါ်ဆိုနိုင်သေးကြောင်း မြန်မာ Blogger တစ်ဦးက ဆိုသည်။ ထို့အပြင် အင်တာနက်သုံးစွဲသူများတွင် Internet Expert ၃၀ ရာခိုင်နှုန်းခန့်သာရှိသည်ဟု ခန့်မှန်းမိကြောင်း Blogger တစ်ဦးလည်းဖြစ်သော လှည်းတန်းရှိ အင်တာနက်ဆိုင်တာဝန်ခံ ကိုလပြည့်က ၎င်း၏ဆိုင်တွင် လာရောက်သုံးစွဲသူများကိုလေ့လာမေးမြန်းချက်အရ ခန့်မှန်းပြောကြားသည်။ ထို့ကြောင့် e-Book ဖြစ်စဉ်တွင် Internet အသုံးပြုသူများသည် နိုင်ငံတကာ e-Library များကို နေ့စဉ်ဝင်



www.foreverspace.com.mm

ထွက်သွားလာသင့်ကြောင်း၊ ထိုသို့သွားလာနိုင်ရန်လည်း အင်တာနက် အမြန်နှုန်း Connection များ ကောင်းမွန်မြန်ဆန်ရန်လည်းလိုလာပြန်ကြောင်း ၎င်းက ဆိုသည်။ ထို့ကြောင့် နည်းပညာသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည်ဆိုသော ရှုထောင့်မှရပ်တည်နေသော လူပုဂ္ဂိုလ်များသည် အခြားရှုထောင့်တစ်ခုကိုထပ်မံ၍ ကြည့်ရှုရဦးမည် ဖြစ်သည်။

e-Book ပရိသတ်များတိုးပွားလာရန်အတွက် ယခုလက်ရှိစာအုပ်၊ စာပေများ၏ စာဖတ်ပရိသတ်ဦးရေသည်ပင် နည်းနေသေးကြောင်း၊ ဘ၀တိုးတက်ခြင်းအတွက် စာဖတ်ခြင်းနှင့် စာအုပ်စင်ကျေးဇူးကို သိရှိလက်ခံသူပမာဏ တိုးပွားလာသည်နှင့်အမျှ စာပေနယ်ပယ်ဖွံ့ဖြိုးလာပြီး e-Book နှင့် e-Book Reader ၏အရှိန်သည်လည်း မြင့်တက်လာနိုင်မည်ဖြစ်ကြောင်း အင်း၀စာပေမှ တာ၀န်ခံတစ်ဦးက ဆိုသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် e-Book Revolution ဖြစ်နိုင် မဖြစ်နိုင်သည်၊ စာဖတ်သူဦးရေ မည်မျှရှိသည်နှင့် သက်ဆိုင်နေသည်။ စာဖတ်ပရိသတ်မရှိသော e-Book သည် ဆင်းရန် ဘီးမထွက်သော လေယာဉ်ပျံကဲ့သို့ပင် ကောင်းကင်တွင်သာ၀ဲပျံနိုင်ပြီး အမှန်တကယ် စာဖတ်ပရိသတ်များအကြား မဆင်းသက်နိုင်ဘဲ ဖြစ်နေပေဦးမည်။




ယင်းကဲ့သို့ စာဖတ်သူများတိုးပွားလာစေရန် နည်းလမ်းတစ်ခုမှာ ဖိလစ်ပိုင်နိုင်ငံတွင် လွတ်လပ်ရေးရကာစနောက်ပိုင်း ပေါ်ထွက်ခဲ့သော 'Each One Teacher One' မူ၀ါဒဖြင့် စာသင်ကြားခဲ့သည့် ပုံစံဖြင့် စာဖတ်သူတစ်ဦးသည် အနည်းဆုံး စာမဖတ်သူတစ်ဦးကို စာဖတ်ချင်စိတ်ရှိအောင်ဆောင်ရွက်သင့်ကြောင်း ကမာရွတ်မြို့နယ် လှည်းတန်းရှိ အင်္ဂလိပ်စာနည်းပြဆရာတစ်ဦးက ဆိုသည်။ ထို့ကြောင့် စာကြည့်တိုက်များသည် စာကြည့်တိုက်ချည်းသက်သက်ဖွင့်လှစ်မည့်အစား စာကြည့်၀ိုင်းကဲ့သို့သော အဖွဲ့အစည်းများလည်းရှိလာရမည် ဖြစ်သည်။



## နည်းပညာသည် အနုပညာမဟုတ်ပါ

၂၀၀၉ ခုနှစ်အထူးထုတ် Newsweek စာစောင်ပါ Avatar ရုပ်ရှင်ထုတ်လုပ်သူ James Cameron နှင့် ၎င်းကဲ့သို့ပင် ကမ္ဘာကျော်တစ်ဦးဖြစ်သူ Peter Jackson တို့၏ ဆွေးနွေးချက်များထဲတွင် 3D Version ကဲ့သို့သော ခေတ်မီနည်းပညာပေါ်ပေါက်ခဲ့သောကြောင့် Animation များဖြင့် ဆန်းသစ်ခဲ့ကြရသော်လည်း ရုပ်ရှင်ကြည့်ပရိသတ်များသည် ရုပ်ရှင်ဇာတ်လမ်းတွင်သာ ခံစားသူများဖြစ်ကြောင်း၊ နည်းပညာများအပေါ်တွင်ခံစားသူများမဟုတ်ကြောင်း၊ အနာဂတ်နှစ် ၂၀ ကျော် ၃၀ ကျော်အတွင်း ရုပ်ရှင်ထုတ်လုပ်ရေးပျောက်ဆုံးမည်မဟုတ်သေးကြောင်း James Cameron က ပြောကြားခဲ့သည်။ ထို့ကြောင့် နည်းပညာသည် နည်းပညာသာဖြစ်ပြီး အနုပညာမဟုတ်ကြောင်းကို စာရေးသူများအနေနှင့်လည်း သတိထားရမည်ဖြစ်သည်။ ထို့အပြင် အနုပညာအတွက် ကာကွယ်ပေးထားသည့် ဉာဏပစ္စည်းမူပိုင်ခွင့် စသည်ကို အလွန်ပင် တင်းကျပ်နိုင်မှသာ မြန်မာနိုင်ငံ၏ e-Book Revolution သည် ၂၀၁၀ ပြည့်နှစ်အတွက် နိုင်ငံတကာရှိ အခြားနိုင်ငံများနှင့် တန်းတူရင်ပေါင်တန်းသွားနိုင်မည် ဖြစ်သည်။

အထက်ပါလိုအပ်ချက်များဖြည့်ဆည်းနိုင်ပါက မဝေးတော့သော အနာဂတ်တွင် စာပေတော်လှန်ရေး အသွင်ဆောင်သည့် e-Book Revolution ဈေးကွက်များပင်လျှင် စီးပွားရေးအသစ်၊ အခွင့်အလမ်းအသစ် ထပ်မံပေါ်ပေါက်လာမည် ဖြစ်ပါသည်။

## ပကတိအခြေအနေများထဲမှ အကြောင်းအရင်းတစ်ရပ်နှင့် အနာဂတ်

လက်ရှိအချိန်တွင် Up to date ဖြစ်သော နိုင်ငံခြားစာအုပ်ကောင်းများကို ဝယ်ယူရန် ငွေပေးချေခြင်းစနစ်တစ်ရပ် (e-Banking) စနစ်မပေါ်ပေါက်သေးသော်လည်း စာအုပ်အမျိုးအစားများစွာကို အင်တာနက်မှ အခမဲ့ရယူနိုင်ပါသည်။ Shake-

www.foreverspace.com.mm





speare ဝတ္ထုတိုများအပါအဝင် ကမ္ဘာကျော်စာရေးဆရာများစွာ၏ ဝတ္ထုတိုများကို Google Search Engine တွင် နာမည်ရိုက်ထည့်လိုက်ရုံဖြင့် အခမဲ့ဖတ်ရှုနိုင်သော e-Book များကို Download လုပ်၍ MP4 အတွင်းထည့်သွင်း ဖတ်ရှုနိုင်ပါသည်။ ထို့အပြင် Dale Carnegie တို့ကဲ့သို့သော တက်ကျမ်းရေးသားသော စာရေးဆရာများ၏လက်ရာများ၊ ကမ္ဘာကျော်တို့၏ အဆိုအမိန့်များနှင့် ၎င်းတို့၏အတ္ထုပ္ပတ္တိများ၊ အစားအသောက်ချက်နည်းပြုတ်နည်းကဲ့သို့သော နည်းအသွယ်သွယ်ကို ဖော်ပြသော How to စာအုပ်များများကို e-Book ဖြင့် အခမဲ့ရယူနိုင်သည်ကို စာပေဝါသနာရှင်များအနေဖြင့် သိရှိပြီးဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

သို့ရာတွင် ယင်းကဲ့သို့စာအုပ်များကို အင်္ဂလိပ်ဘာသာဖြင့်သာဖတ်ရှုနိုင်ခြင်းကြောင့် အင်္ဂလိပ်စာကျွမ်းကျင်သူများနှင့် လေ့လာလိုက်စားသူများသာ e-Book ဖတ်ရှုနေကြသေးသည်ကို တွေ့ရှိရမည်ဖြစ်သည်။ အင်္ဂလိပ်စာအထူးသဖြင့် Reading Skill အားနည်းသူများသည် e-Book နှင့် အလှမ်းဝေးနေဦးမည်ဖြစ်သည်။ ထို့ကြောင့် ပကတိအခြေအနေများထဲမှ အင်္ဂလိပ်စာ တတ်ကျွမ်းမှုသည်လည်း e-Book ပြောင်းလဲမှုဖြစ်စဉ်အတွက် အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။

ထို့ကြောင့် မြန်မာ e-Book များသာထွက်ရှိလာခဲ့ပါက e-Book များဖွံ့ဖြိုးမှုသည် ရေမြင့်လျှင်ကြာတင့်သည်ဟု ဆိုသကဲ့သို့ ထုတ်လုပ်သူဘက်မှ မြှင့်တင်ပါမှ စာဖတ်သူပရိသတ်မှာလည်း တိုးပွားလာမည်ဖြစ်သည်။ လက်ရှိစာရေးဆရာများအနေဖြင့်လည်း ဈေးနှုန်းချိုသာစွာဖြင့် မိမိ၏ e-Book ကို ရောင်းချနိုင်မှသာ စာဖတ်သူပရိသတ်ကိုဆွဲဆောင်နိုင်မည်ဖြစ်သည်။ စာဖတ်သူကိုရွေးချယ်ခြင်းနှင့် မိမိ၏မူပိုင်ခွင့်ကိုကာကွယ်ခြင်း အစွန်းနှစ်ခုမရောက်ရလေအောင် ကြိုတင်၍တွက်ဆထားမှသာလျှင် အကောင်းဆုံးနည်းလမ်းတစ်ခုကို ရှာဖွေဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

၂၀၁၀ ပြည့်နှစ်တွင် e-Book လွယ်ကူစွာဖတ်ရှုနိုင်သော MP4 Touch Screen များကို ငွေကျပ်နှစ်သောင်းကျော်မျှဖြင့် ဝယ်ယူရရှိနိုင်ခြင်း၊ စာဖတ်ရန်အတွက်သီးသန့်အထူးထုတ်လုပ်ထားသော e-Book Reader များလည်းဈေးကွက်အတွင်းရောက်ရှိလာခြင်းများကြောင့် e-Book မှာ အသက်ဝင်လှုပ်ရှားစပြုလာပြီ ဖြစ်သည်။ ထို့ကြောင့် ကွန်ပျူတာသုံးစွဲသူ၊ MP4 သုံးစွဲသူ၊ e-Book Reader သုံးစွဲသူများတိုးပွားလာပါက မြန်မာစာပေလောကတွင်လည်း e-Book ပြောင်းလဲမှုဖြစ်စဉ်ကို မလွဲမသွေကြုံတွေ့ရမည် ဖြစ်ပါတော့သည်။

**နေလင်းထိုက်**

www.foreverspace.com.mm

# "အခွင့်အလမ်းနဲ့ပြောင်းလဲမှုကိုမြင်နိုင်တဲ့သူကတော့ အသုံးချသွားနိုင်ပါတယ်"

## မြန်မာနိုင်ငံစာကြည့်တိုက်များအကြား e-Book Reader စတင်သုံးစွဲသူ Knowledge Bank စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဇာနည်ထက်နှင့် တွေ့ဆုံခြင်း

နေလင်းထိုက်



**L.C ။ ။ မြန်မာနိုင်ငံမှာ e-Book Reader ကို စတင်သုံးစွဲဖို့ စီစဉ်ရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

**UZNH** ။ ။ သုံးရတဲ့ရည်ရွယ်ချက်ကတော့ အဓိကက အရာအားလုံးဟာ အခုချိန်မှာ Electronic Digital Trend ကို သွားနေကြပြီ။ ဒါက e-Library ဘက်ကိုသွားချင်တဲ့ ရည်ရွယ်ချက်ကြောင့်ပါ။ နောက်တစ်ခုက နေရာအကျယ်အဝန်းက Limit ရှိနေတယ်။ ဒီလို e-Library လိုမျိုးကျတော့ နေရာသိပ်ပြီးတော့ အခက်အခဲမရှိဘူး။ ဒါလည်းပါတယ်။ မြန်မာပြည်ကလူငယ်တွေ နောက်ဆုံးပေါ်နည်းပညာနဲ့ ဆက်စပ်တဲ့ပစ္စည်းတွေကို ထိတွေ့စေချင်တဲ့ သဘောပါ။

**L.C ။ ။ လက်ရှိစာအုပ်တွေထက်ပိုတဲ့ e-Book Reader ရဲ့ အားသာချက်ကို ပြောပြပေးပါ။**

**UZNH** ။ ။ e-Book Reader တစ်ခုထဲမှာ စာအုပ်ပေါင်းသောင်းနဲ့ချီပြီး သိမ်းထားလို့ရတယ်။ ပြီးတော့ လူတစ်ယောက်က ဒီစာအုပ်တစ်အုပ်ကို ဖတ်လို့မပြီးသေးဘူး။ နောက်စာအုပ်တစ်အုပ်ကို ညွှန်းချင်တယ်ဆိုရင် ရိုးရိုးစာအုပ်တွေက အရမ်းဒုက္ခရောက်တယ်။ သယ်ရခက်တာတွေရှိတယ်။ e-Book Reader နဲ့ကျတော့ ချက်ချင်း နောက်တစ်အုပ်ကို ထပ်ထပ်ပြီး ညွှန်းလို့ရနိုင်တယ်။ အင်္ဂလိပ်စာလေ့လာသူတွေအတွက်လည်း Listening Skill ပါ တစ်ပါတည်းရနိုင်သလို မျက်စိမှုန်တဲ့သူတွေအတွက် စာလုံးကို ကြိုက်တဲ့အရွယ်အစားနဲ့ ကြည့်လို့ရတယ်။ အသံရဲ့ပြောနှုန်းကိုလည်း နှေးနှေးဖြစ်စေ၊ မြန်မြန်ဖြစ်စေလိုသလို ပြောင်းလို့ရတဲ့ e-Book Reader တွေရှိသလို စကားလုံးမသိရင် ထောက်လိုက်တာနဲ့ အဓိပ္ပာယ်သိနိုင်တဲ့ e-Book Reader တွေလည်းရှိတယ်။ နောက်တစ်ခုက စာအုပ်နဲ့မရနိုင်တဲ့စာအုပ်တွေကို e-Book နဲ့ရအောင် လုပ်ထားပေးပါတယ်။

**L.C ။ ။ e-Book Reader စတင်အသုံးပြုတဲ့အတွက် အခက်အခဲတွေရှိလား။**

**UZNH** ။ ။ အခက်အခဲကတော့ မြန်မာပြည်မှာ ကုန်ပစ္စည်းမရသေးတာပါပဲ။ ကျွန်တော်ဆို လိုချင်လို့ ဒီက Sony ကုမ္ပဏီကို သွားမေးတယ်။ ဒီက Sony က အဆင်မပြေဘူး။ နောက်ပြီး Asia Pacific တစ်ခုလုံးကို ကျွန်တော်လှမ်းမေးကြည့်တယ် မရဘူး။ West မှာပဲ ရောင်းတယ်ပေါ့နော်။ အဲဒီတော့ ကျွန်တော်လိုချင်သလောက် မရနိုင်ဘူး။ အဲဒီလိုကျော်လွှားပြီးတော့ ရအောင်လုပ်ထားပေးပါတယ်။

**L.C ။ ။ မြန်မာနိုင်ငံမှာ e-Book Reader ရောင်းနေတဲ့သူတွေရှိနေပြီလား။**

**UZNH** ။ ။ မရှိပါဘူး။ ကျွန်တော်မသိတာလည်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ကျွန်တော်သိသလောက်တော့ မရှိပါဘူး။

**L.C ။ ။ မြန်မာစာအုပ်တွေနဲ့ပတ်သက်ပြီး e-Book**

www.foreverspace.com.mm

**Reader တွေထွက်ရှိလာမယ် ထင်ပါသလား။**

**UZNH** ॥ ॥ ကျွန်တော်ကတော့ ဖြစ်လာစေချင်တယ်။ ဒါပေမဲ့ စာရေးသူဘက်က မူပိုင်ခွင့်ဘယ်လောက်ရှိသလဲဆိုတာ မူတည်တာပေါ့။ Soft Copy ရဲ့အားနည်းချက်က အလွယ်တကူ ခိုးယူလို့ရတယ်။ သီချင်းတွေလိုပဲ။ ဒီတော့ Copyright ရယ်၊ ဉာဏပစ္စည်းမူပိုင်ခွင့် (Intellectual Property of Right) တွေကို ဘယ်လိုလုပ်နိုင်မလဲဆိုတဲ့အပေါ်မှာ မူတည်သေးတယ်။ တစ်ဖက်က စာရေးသူတွေ၊ ထုတ်ဝေသူတွေက ရင်းနှီးထားရတဲ့အချိန်တွေ၊ ငွေတွေကို တစ်ဖက်က အလွယ်လိုက်ချင်သူတွေက ထိုက်သင့်တဲ့ တန်ရာတန်ကြေးမပေးဘဲနဲ့ အလကားယူချင်တာမျိုးက မဖြစ်သေးဘူး။ ဒီတော့ သူ့ဘက်ကိုယ့်ဘက်မျှတတဲ့၊ ခိုင်မာတဲ့နည်းလမ်းနဲ့ လုပ်ထားတဲ့အကာအကွယ်ပေးမှုတွေရှိလာရင်တော့ မြန်မာစာအုပ်တွေလည်း e-Book ဖြစ်လာနိုင်ပါတယ်။

**L.C** ॥ ॥ **ဒါဆိုရင် မြန်မာနိုင်ငံမှာ e-Book Reader တွေ ဖွံ့ဖြိုးလာပြီဆိုရင် လက်ရှိစာအုပ်ဆိုင်တွေနဲ့ စာအုပ်ထုတ်ဝေသူတွေ Trend ပြောင်းရမယ့် သဘောလား။**

**UZNH** ॥ ॥ ဒါကတော့ သူတို့က ဒီလောကမှာ နှစ်ပေါင်းများစွာကျင်လည်ခဲ့ရတော့ ပြောင်းလဲလာတဲ့အခြေအနေကို သူတို့အတွက် အကျိုးရှိအောင် သုံးစွဲနိုင်ရင်တော့ သူတို့အတွက် အဆင်ပြေပါတယ်။ Trend ပြောင်းတာ၊ မပြောင်းတာ သူတို့နဲ့ပဲဆိုင်တယ်။ ဒါပေမဲ့ e-Book Reader တွေ ဖွံ့ဖြိုးလာဖို့ကတော့ ဒီပတ်ဝန်းကျင်တစ်ခုလုံးနဲ့ ဆိုင်ပါတယ်။ စာရေးဆရာတွေရော၊ ထုတ်ဝေသူတွေရော၊ စာဖတ်သူရော၊ သက်ဆိုင်ရာကချမှတ်မယ့် ခိုင်မာတဲ့မူပိုင်ခွင့်ဥပဒေတွေရော အားလုံးပါပဲ။

**L.C** ॥ ॥ **Production နဲ့ပတ်သက်ပြီးတော့ရော ဘယ်လိုထင်ပါသလဲ။**

**UZNH** ॥ ॥ Production အပိုင်းမှာ ဈေးနှုန်း (Cost) တွေ ကျမယ်၊ အဲဒီလို Cost တွေ ဈေးကျတဲ့အတွက်ကြောင့် လူတွေလည်း ပိုပြီးစာဖတ်နိုင်မယ် ထင်ပါတယ်။ အခုလက်ရှိ e-Book Reader ရဲ့ ဈေးနှုန်းက တစ်ကမ္ဘာလုံးမှာ အရှိန်ကောင်းလာပြီဆိုတော့ စပေါ်ခါစမှာ ဈေးကြီးပေမယ့် နောက်ပိုင်းအပြိုင်အဆိုင်များလာတော့ ထုံးစံအတိုင်း ဈေးနှုန်းချိုသာပြီး လူတိုင်းနီးပါးသုံးလာနိုင်တဲ့ပစ္စည်း ဖြစ်လာနိုင်တယ်။ အမေရိကန်ထုတ် Amazon ရဲ့ e-Book Reader ရောင်းအားကတော့ သတ်မှတ်အလုံးရေထက်ကျော်သွားပြီး အရမ်းကို ရောင်းထွက်သွားတယ်။

**L.C** ॥ ॥ **ဒါဆိုရင် e-Book Reader နဲ့ပတ်သက်ပြီး စီးပွားရေးအခွင့်အလမ်းတွေ အများကြီးပေါ်ထွက်လာနိုင်တာပေါ့နော်။**

**UZNH** ॥ ॥ ဒါကတော့ အခွင့်အလမ်းကို အသုံးချနိုင်တဲ့သူ၊ ပြောင်းလဲမှုကို မြင်နိုင်တဲ့သူတွေကတော့ အသုံးချနိုင်တာပါပဲ။

**L.C** ॥ ॥ **နောက်ဆုံးအနေနဲ့ e-Book Reader ကို သုံးစွဲလာမယ့် စာဖတ်သူတွေအတွက် ဘာပြောချင်ပါသေးလဲ။**

## Knowledge bank Library and Learning Center

| | | |
|---|---|---|
| စတင်ဖွင့်လှစ်သည့်ရက် | – | ဇန်နဝါရီ ၁ ရက်၊ ၂၀၁၀ |
| ရရှိနိုင်သောဝန်ဆောင်မှု | – | စာအုပ်ပေါင်း ၄၅၀၀၀ ကျော်၊ |
| | – | အင်တာနက်အခမဲ့ တစ်နာရီ သုံးစွဲခွင့် |
| | – | e-Book Reader တစ်နာရီ သုံးစွဲခွင့် |
| လိပ်စာ | – | အမှတ်–၂၁၄၊ လေးလွှာ၊ အနော်ရထာလမ်းနှင့် ၃၂ လမ်းထောင့်၊ ပန်းဘဲတန်း၊ ရန်ကုန်။ |
| ဝင်ကြေး | – | အမျိုးအစားငါးမျိုးခွဲခြားထား ကျပ်ရှစ်ထောင်မှ –––––– |

**UZNH** ॥ ॥ e-Book Reader က စာဖတ်သူကို ပိုပြီးတော့ အကျိုးရှိစေပေမယ့်လည်း အဓိကကတော့ ဒီ e-Book Reader သုံးခြင်း၊ မသုံးခြင်းထက် စာဖတ်ဖို့က ပိုပြီးအရေးကြီးပါတယ်။ ဒီပစ္စည်းရှိပြီး စာမဖတ်ရင် ပကာသနတစ်ခုလိုပဲ ဖြစ်နေလိမ့်မယ်။ တစ်ဖက်ကလည်း e-Book Reader က စာဖတ်သူတွေအတွက် ပိုပြီးသက်သောင့်သက်သာဖြစ်စေမယ့်နည်းလမ်းတွေ၊ စာဖတ်ပြတဲ့ စနစ်တွေပါတော့ ပိုပြီးအသုံးတည့်မယ်ထင်ပါတယ်။

**L.C** ॥ ॥ **e-Book Reader နဲ့ ကွန်ပျူတာ ဘာကွာခြားချက်တွေရှိပါသလဲ။**

**UZNH** ॥ ॥ ကွန်ပျူတာကတော့ ကွန်ပျူတာပိုင်းဆိုင်ရာတွေလုပ်ရတာပေါ့။ e-Book Reader ကတော့ စာပဲဖတ်လို့ရတာပေါ့။ e-Book Reader ကတော့ Portable ပဲ ဖြစ်တာပေါ့။ တစ်ခါအားသွင်းထားရင် အကြာကြီးခံတယ်။ ကွန်ပျူတာ Laptop နဲ့ ဘတ်စ်ကားစီးရင်း ဖတ်လို့မရဘူး။ e-Book ကတော့ စာအုပ်အရွယ်အစားအတိုင်းပဲ ဖတ်လို့ရတယ်။

**L.C** ॥ ॥ **e-Book Reader နဲ့ ကွန်ပျူတာတန်ဖိုး ကွာခြားမှုတွေကရော။**

**UZNH** ॥ ॥ e-Book Reader တစ်ခုကတော့ လောလောဆယ်ဈေးသိပ်မပေါသေးဘူးပေါ့နော်။ ဒါပေမဲ့ အမေရိကန်ဒေါ်လာ ၂၀၀ ကျော် ၃၀၀ ကျော်နဲ့ Amazon ရဲ့ Products တွေ ဝယ်နိုင်တယ်။ Sony လည်း အဲဒီလောက်ပဲရှိသေးတယ်။ နောက်ပိုင်းတော့ Competition များလာရင် ထုံးစံအတိုင်းပဲ ငွေနည်းနည်းနဲ့ ဝယ်လို့ရမှာပေါ့။

**နေလင်းထိုက်**

www.foreverspace.com.mm

# “နည်းပညာသစ်ကြောင့် ပြောင်းလဲမှုတွေဖြစ်လာမှာပါ”

## e-Book စနစ်နှင့်စပ်လျဉ်း၍ စာရေးဆရာဖေမြင့်နှင့် တွေ့ဆုံခြင်း

နေလင်းထိုက်



**L.C ။ ။ စာရေးဆရာတစ်ဦးဖြစ်တဲ့အပြင် ထုတ်ဝေသူတစ်ဦးလည်းဖြစ်တဲ့ ဆရာ့အနေနဲ့ မြန်မာနိုင်ငံမှာ e-Book Reader တို့လိုနည်းပညာနဲ့ပတ်သက်ပြီး သတိထားမိပါသလား။**

**PM** ။ ။ နည်းနည်းတော့ သတိပြုမိပါတယ်။ ဟိုနေ့က စာပေဟောပြောပွဲတစ်ခုမှာတောင် ဘဝတိုးတက်ခြင်းအတွက် စာဖတ်ခြင်းကိုပြောတုန်းက နည်းပညာနဲ့ပတ်သက်ပြီး နည်းနည်းထည့်ပြောခဲ့သေးတယ်။

**L.C ။ ။ မြန်မာနိုင်ငံရဲ့ စာပေလောကမှာ မြန်မာ e-Book တွေ ဘယ်အချိန်လောက်လွှမ်းမိုးနိုင်မယ်ထင်ပါသလဲ။**

**PM** ။ ။ မြန်မာမှာ e-Book အနေနဲ့တော့သိပ်မသိဘူး။ ဒါပေမဲ့ e-Version နဲ့တော့ Forever Group က လုပ်တာ ၁၀ နှစ်လောက်ရှိသွားပြီထင်တယ်။ နည်းနည်းပါးပါးရောင်းရတာကို သိတယ်၊ အများကြီးတော့ မတွေ့သေးဘူး။

**L.C ။ ။ ဆရာ့ရဲ့ စာအုပ်တွေကို e-Book နဲ့ပတ်သက်ပြီး ပြင်ဆင်ထားတာရှိပါသလား။**

**PM** ။ ။ တို့ဆီမှာက e-Book Reader က အခုမှရတာ။ ပြီးတော့ e-Version ကလည်း သိပ်ပြီးမသုံးကြသေးဘူး။ အသုံးမတွင်ကျယ်သေးဘူး။ ပြီးတော့ ကိုယ်တိုင်လည်း ဒီလိုနည်းပညာတွေနဲ့မရင်းနှီးသေးတော့ ဘာမှတော့ပြင်ဆင်ထားတာမရှိသေးဘူး။

**L.C ။ ။ e-Book နဲ့ထုတ်တဲ့ တခြားစာရေးဆရာတွေရော ရှိပါသလား။ နောက်ထပ်စာရေးဆရာတွေကရော e-Book အတွက် ပြင်ဆင်နေကြပြီလားဆရာ။**

**PM** ။ ။ Forever Group ကတော့ စာရေးဆရာတော်တော်များများနဲ့ သဘောတူညီချက်တွေဘာတွေယူပြီး လုပ်ထားတာတွေရှိတယ်။ တချို့မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေလည်း ရှိတယ်။ ဒါပေမဲ့ e-Book နဲ့တော့ မရှိသေးဘူး ထင်တယ်။ နည်းပညာအသစ်ကို လူတွေ တွင်တွင်ကျယ်ကျယ်သုံးလာရင်တော့ လုပ်ကြရမှာပေါ့။ ဘယ်လိုပုံစံနဲ့လုပ်နေတယ်ဆိုတာတွေကို သေချာမေးမြန်းပြီးတော့ လုပ်ရမှာပေါ့။ ဈေးကွက်မှာ e-Book Reader တွေများလာပြီဆိုရင် မြန်မာစာရေးဆရာတွေနဲ့ ထုတ်ဝေသူတွေကလည်း လုပ်ကြမယ်။ ထုတ်ဝေတဲ့သူတွေများလာပြန်ရင်လည်း ဈေးကွက်မှာ ပိုပြီးဝယ်သုံးမယ့်သူတွေ များလာလိမ့်မယ်။

**L.C ။ ။ e-Book တွေလုပ်ကြပြီဆိုရင် စာရေးဆရာတစ်ယောက်အနေနဲ့ ဘယ်လိုကောင်းကျိုးတွေရှိလာနိုင်သလဲ။**

**PM** ။ ။ အနာဂတ်နည်းပညာကိုတော့ လောလောဆယ်မပြောနိုင်သေးဘူး။ e-Book Reader လို့ပြောနေတဲ့ ပစ္စည်းတွေ မြန်မာပြည်မှာ သုံးလို့ရမယ်။ နိုင်ငံတကာစာပေတွေကိုဖတ်လို့ရမယ်ပေါ့ကွာ။ အဲဒီမှာစီးပွားရေးအရ၊ ငွေကြေးအရဆက်ဆံရတဲ့သူတွေကတော့ သူ့ဟာနဲ့သူတော့အဆင်ပြေတဲ့ပုံစံ တဖြည်းဖြည်းပေါ်လာမှာပေါ့။

**L.C ။ ။ e-Book က လက်ရှိထုတ်လုပ်ရေးအပိုင်းနဲ့ နှိုင်းယှဉ်ရင် ဘယ်လိုအားနည်းချက်တွေကော ရှိနိုင်မလဲ။**

**PM** ။ ။ အခုထိတော့ သေချာမသိသေးဘူး။ သူ့ရဲ့အစိတ်အပိုင်းက မမြင်နိုင်အောင်သေးသေးလေးပဲရှိသေးတယ်။ တ

www.foreverspace.com.mm

ကယ်လို့ နောက်တစ်ချိန်မှာ e-Book Reader တွေပေါ်များလာရင် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှာ ပြောင်းလဲမှုတွေဖြစ်လာမယ်။ ထုတ်ဝေသူကလည်း Electronic နည်းပညာနဲ့ပဲထုတ်မလား။ ဒါမှမဟုတ်လက်ရှိပုံစံအတိုင်းပဲထုတ်မလား။ နှစ်ခုလုံးပဲလုပ်ကြမလားဆိုတာ စဉ်းစားရတော့မယ်။ နည်းပညာအသစ်ကြောင့် ပြောင်းလဲမှုတွေဖြစ်လာမှာပါ။ ပြောင်းလဲဖို့ဆိုတာ လူတွေဘယ်လောက်အသုံးပြုသလဲဆိုတာ မူတည်တယ်။ မြန်မာပြည်မှာ e-Book လို့ပြောနေတာကြာပြီ။ e-Book Reader ကတော့ အခုမှပေါ်နေဦး။ အခုထိတော့ ပြည်တွင်းမှာလည်း လက်ရှိပုံစံကို မကျော်နိုင်သေးပါဘူး။

**L.C ။ ။ e-Book တွေမြန်မာလို ထွက်လာပြီဆိုရင် Copyright ဆိုတာတွေလည်းအရေးကြီးလာတော့ ဘယ်လိုပြင်ဆင်ကြမလဲ။**

**PM** ။ ။ ဒါလည်းပဲ e-Book ဆိုတဲ့ပစ္စည်းက မတွင်ကျယ်သေးတော့ ပြဿနာသိပ်မရှိသေးဘူး။ မရှိသေးတဲ့ပြဿနာကိုတော့ ဘယ်သူမှ မစဉ်းစားကြတော့ဘူး။ နိုင်ငံတကာမှာ သုံးစွဲမှုတွေရှိတော့ Copyright ဆိုတာ ဒီမှာလည်းပေါ်လာမှာပဲ။ နောက်ပိုင်းတော့ ပြဿနာတွေရော၊ ဖြေရှင်းတဲ့နည်းလမ်းတွေရော ပေါ်လာကြမှာပါပဲ။ Forever Group ကတော့ Copyright နဲ့ပတ်သက်ပြီး စာအုပ်တွေကို ပြန်ပြီး Copy မလုပ်နိုင်အောင်ထိန်းသိမ်းပေးတဲ့ နည်းပညာနဲ့လုပ်ထားတယ်လို့ ပြောတာပါပဲ။

**L.C ။ ။ အခုအချိန် ဈေးကွက်မှာ e-Book ပေါ်များနေပြီဆိုရင် ဆရာ့အနေနဲ့ ဘာတွေပြင်ဆင်မလဲဆရာ။**

**PM** ။ ။ အဲဒီအခါကျရင်တော့ စာအုပ်စာပေနဲ့ မသက်ဆိုင်တဲ့ နည်းပညာတွေလေ့လာသင်ယူရမှာပေါ့ကွာ။ လုပ်နည်းကိုင်နည်းကအစ လုပ်သင့်လုပ်ထိုက်တာကိုလုပ်ရမှာပေါ့။ သူများထက်တော့ နောက်ကျကျန်နေလို့မဖြစ်ဘူးပေါ့ဗျာ။

**L.C ။ ။ နည်းပညာကြောင့် အနုပညာအရည်အသွေးမြင့်တက်နိုင်ပါသလား။**

**PM** ။ ။ နည်းပညာဆိုတာ Medium တစ်ခုပါ။ အနုပညာပြောင်းတာမှမဟုတ်တာ။ ဒါပေမဲ့လို့ e-Book တွေဖြစ်လာတဲ့အခါတို့ဆီမှာရှိတဲ့စာအုပ်တွေအတွက် Ref: တွေ၊ Source တွေကရှာဖို့ နည်းနည်းခက်တယ်။ စာကြည့်တိုက်ဆိုတာကလည်း ကောင်းကောင်းမရှိတော့ ရှားပါးတဲ့စာအုပ်တွေ၊ သမိုင်းစာအုပ်မျိုးတွေကို e-Book နဲ့လွယ်လွယ်ကူကူဖတ်လာလို့ရရင် စာအုပ်ရဲ့အရည်အသွေးပိုပြီးတော့စုံလင်လာမယ်။ မြန်မာ့ရှေးဟောင်းစာအုပ်တွေအများကြီးရှိပေမယ့် ဒီမှာလိုက်ရှာဖို့က မလွယ်ဘူး။ မဂ္ဂဇင်းအဟောင်းတွေကိုရှာဖို့ မလွယ်တော့ဘူး။ စာရေးသူအတွက်ကတော့ Reference အပိုင်းနဲ့ပတ်သက်ရင် အများကြီး ကောင်းသွားမှာပါ။

**L.C ။ ။ ဆရာရဲ့ပရိသတ်တွေကို e-Book နဲ့ပတ်သက်ပြီး ဘာပြောချင်ပါသလဲ။**

**PM** ။ ။ e-Book နဲ့ပတ်သက်ပြီး ကောင်းကျိုးက အများကြီးရှိပါတယ်လို့ပဲပြောချင်ပါတယ်။ ဆိုးကျိုးကတော့ နည်းနည်းပါးပါးပဲရှိမယ်လို့ ထင်ပါတယ်။

**L.C ။ ။ မြန်မာနိုင်ငံမှာ ကွန်ပျူတာတွေ ပေါ်ပေါ်များများသုံးလာကြပေမယ့် e-Book တွေ ဘာကြောင့် မတွင်ကျယ်သေးတာလို့ ထင်ပါသလဲ။**

**PM** ။ ။ e-Book တွေမတွင်ကျယ်တာက မြန်မာစာအုပ်ဆိုရင် e-Book ကို ဖတ်စရာမလိုဘဲ အပြင်မှာစာအုပ်တွေပေါ်ပေါ်များများဖတ်နိုင်တယ်။ ဒါကြောင့် e-Book မတွင်ကျယ်တာ။ ဒါပေမဲ နိုင်ငံတကာကစာအုပ်တွေဝယ်ဖတ်ချင်ရင်တော့ အင်္ဂလိပ်လိုရေးထားတဲ့ e-Book တွေဝယ်မှရမှာ။ ဒါပေမဲ့ မြန်မာနိုင်ငံမှာက Bank Account တွေဘာတွေလည်းမရှိဘူး။ ဝယ်ဖတ်ချင်ရင် ငွေပေးချေဖို့ Online စနစ် မရှိဘူး။ ဒီတော့ ဝယ်ဖို့နည်းလမ်းရှိပေမယ့်လည်း ငွေချေလို့မရတော့ ဒီမှာ e-Book တွေ မတွင်ကျယ်သေးတာပါ။

**နေလင်းထိုက်**

**ကိုယ်ရေးအကျဉ်း**

| | | |
|---|---|---|
| အမည် | – | ဦးဖေမြင့် |
| မွေးသက္ကရာဇ် | – | ၁၉၄၉ ခုနှစ် (သံတွဲမြို့) |
| မိဘ | – | ဦးအောင်ညိမ်း–ဒေါ်ခင်သိန်း |
| ပညာအရည်အချင်း | – | M.B.,B.S (၁၉၇၅၊ ရန်ကုန်ဆေးတက္ကသိုလ်–၁) |
| စာပေလှုပ်ရှားမှုများ | – | ၁၉၇၅ ခုနှစ်တွင် ဆေးရုံဆိုသောဘာသာပြန်ဝတ္ထုနှင့် စာပေလောကသို့စတင်ဝင်ရောက်ခဲ့ပြီး ဒုတိယမြောက်ဖြစ်သော လူနာဆောင်အမှတ်ခြောက်အမည်ရှိစာအုပ်ဖြင့် အောင်မြင်ကျော်ကြားကာ ၂၀၀၉ ဒီဇင်ဘာလထုတ် စာအုပ်ကမ္ဘာအမည်ရှိစာအုပ်အထိ စုစုပေါင်း အုပ်ရေ ၄၀ တိတိကို ရေးသားခဲ့သည်။ ထို့အပြင် စာပေဂျာနယ်၊ သင့်ဘဝမဂ္ဂဇင်းနှင့် ဒီလှိုင်းမဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ |
| လိပ်စာ | – | ဖေမြင့်စာပေ၊ အမှတ် (၁၈) ဘီ၊ ၅၆ လမ်း (လမ်းတို)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

www.foreverspace.com.mm




www.foreverspace.com.mm



# နိုင်ငံတကာဈေးကွက်ဝင်နိုင်သော မြန်မာ့စဥ့်ထည်

နိုင်မင်းဝေ

**သမိုင်းအစဉ်အလာကြီးမားပြီး သီးခြားဟန်နှင့် ကိုယ်ပိုင်နည်းပညာဖြင့် ထုတ်လုပ်လာခဲ့သော မြန်မာ့စဥ့်ထည်လုပ်ငန်း ဈေးကွက်သည် အနိမ့်အမြင့်၊ အတက်အကျများဖြင့် ရင်ဆိုင်နေရသော်လည်း နည်းပညာဖွံ့ဖြိုးမှုနှင့် ဈေးကွက်သစ်များရရှိလာပါက နိုင်ငံတကာဈေးကွက်တွင် ဝေစုတစ်ခုအခိုင်အမာရရှိနိုင်ကြောင်း စဥ့်သမိုင်းပညာရှင်များနှင့် စဥ့်လုပ်ငန်းရှင်များက ခိုင်မာစွာယုံကြည်ထားကြသည်။**

## ကမ္ဘာကျော် မြန်မာစဥ့်သမိုင်း

"အင်္ဂလိပ်မှတ်တမ်းတွေထဲမှာ အေဒီ ၁၃၅၀ လောက်ကစပြီး ပဂိုးအိုး၊ မဒမအိုး ဆိုပြီး စဥ့်အိုးတွေအကြောင်း ဖတ်နေရတယ်။ အိုးတွေကကြီးကြီး လှလှခိုင်ခံ့တယ်။ စဥ့်သုတ်ထားလို့ သိုလှောင်အိုးအဖြစ်သုံးတဲ့နေရာမှာ ဟိုးအခါကအကောင်းဆုံးပေါ့။ တွံတေးကလုပ်ပြီး မဒမမှာ နိုင်ငံခြားပင်လယ်ကူး သင်္ဘောတွေကိုရောင်းလို့ထင်တယ်။ အိန္ဒိယသမုဒ္ဒရာထဲမှာသွားလာနေတဲ့ သင်္ဘောတွေမှာ ရေလှောင်တယ်။ ဒီသင်္ဘောတွေကပဲ အိန္ဒိယအနှံ့သုံးဖို့ဝယ်သွားသေးတယ်။ အိန္ဒိယကိုလွန်ပြီး အနောက်ဘက်အာရေဗျအထိ ပေါက်ရောက်တယ်" ဟု လွန်ခဲ့သည့်နှစ် ၆၀၀ က ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နိုင်ခဲ့သည့် မုတ္တမစဥ့်အိုးအကြောင်းကို ဒေါက်တာသန်းထွန်းက မြန်မာ့အိုးသမိုင်းစာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။

သရေခေတ္တရာမြို့တော်ဟောင်း၌ တွေ့ရှိခဲ့ရသည့် အေဒီ ၇ ရာစုက ရေးထိုးခဲ့သော သက္ကတကျောက်စာတွင်ပါဝင်သည့် ကလသာပူရ (ကလာသာ = အိုး + ပူရ = နေရာမြို့) အိုးမြို့ကို မြန်မာနိုင်ငံအောက်ပိုင်းရှိ တွံတေးမြို့ဟု ယူဆထားကြကြောင်း၊ စဥ့်အိုးလုပ်ငန်း၊ မြေအိုးလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရန်အတွက် အချိန်အများအပြားယူရကြောင်း၊ တွံတေးကစခဲ့လျှင် မြန်မာ့စဥ့်သမိုင်းကို နှစ်ရာစုခန့်တိုးပြီး ၅ ရာစုခန့်ကစတင်ခဲ့သည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း မြန်မာနိုင်ငံစဥ့်အသင်း ဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်က မြန်မာ့စဥ့်သမိုင်းအစကို ကောက်နုတ်ရှင်းပြသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံရှိရှေးဟောင်းသင်္ချိုင်းတစ်ခုကို တူးဖော်ကြရာတွင် စိမ်းဖြူ (Celadon) စဥ့်ထည်အမြောက်အမြားတွေ့ရှိခဲ့ကြောင်း၊ ယင်း စိမ်းဖြူစဥ့်ထည်များသည် ထိုင်းနိုင်ငံလုပ်မဟုတ်၍ ထုတ်လုပ်သည့်နိုင်ငံကိုသိရှိရန် ဂျပန်ပညာရှင်များက ကြိုးပမ်းအားထုတ်ခဲ့ကြကြောင်း၊ အောက်ခံနို့နှစ်ဖြူရောင်စဥ့်သည် သံဖြူအခြေခံစဥ့်ဖြစ်၍ ပဲခူးမြို့ ရွှေဂူကြီးဘုရား မာနတ်စေတီများစဥ့်ချပ်နှင့် ပုဂံစဥ့်နမူနာများကို ခေတ်ခွဲစမ်းသပ်ကြည့်ရာ မြန်မာနိုင်ငံအောက်ပိုင်းမြိတ်၊ တနင်္သာရီဒေသထွက် သတ္တုများနှင့် အိုင်ဆိုတုပ်အချိုးတူညီနေသည်ကိုတွေ့ရ၍ စိမ်းဖြူစဥ့်ထည်၏ မူလဇာစ်မြစ်မှာမြန်မာနိုင်ငံကဟု ကမ္ဘာ့စဥ့်ပညာရှင်များက အသိအမှတ်ပြုလာကြသည်။

"အဲဒီအချိန်နောက်ပိုင်း မြန်မာ့စဥ့်ထည်တွေကို တစ်ကမ္ဘာလုံးက ပြန်ပြီးစိတ်ဝင်စားလာတယ်" ဟု စဥ့်သုတေသနပညာရှင်လည်းဖြစ်သူ ဒေါက်တာမျိုးသန့်တင်က ဆိုသည်။

## ဈေးကွက်ဝေစု လျော့ပါး

စဥ့်ထည်၊ စဥ့်အိုးအသုံးအဆောင်များနေရာတွင် ပလတ်စတစ်ဘူးများ၊ ဒန်အိုးဒန်ခွက်များ၊ စတီးခွက်များ၊ သောက်ရေသိုလှောင်ရာတွင် ဘိလပ်မြေဖြင့်ပြုလုပ်သည့် ကွန်ကရစ်စည်များ၊ ရေတိုင်ကီများ၊ သံပီပါများ အစားထိုးဝင်ရောက်လာရာတွင် ဈေးနှင့် ထင်းလောင်စာကြောင့် ကုန်ကြမ်းဈေးမြင့်ပြီး ယှဉ်မရောင်းနိုင်သောကြောင့် စဥ့်ဝယ်လိုအားကျဆင်းလာပြီး ထုတ်လုပ်မှုလည်းကျဆင်းလာခဲ့ကြောင်း၊ လွန်ခဲ့သည့် အနှစ် ၂၀ က တွံတေးမြို့တွင် စဥ့်အိုးလုပ်ကိုင်သည့် အိုးလုပ်ငန်းရှင် (အိုးဖို) ၆၀ ခန့်ရှိရာမှ ယခုအခါ လေး၊ ငါးဖိုခန့်သာကျန်သည်အထိ လျော့ကျခဲ့ရကြောင်း မြန်မာနိုင်ငံစဥ့်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်သန်းက သုံးသပ်ပြောကြားသည်။

အစဉ်အလာအရအိုးများသာ ထုတ်လုပ်နေသဖြင့် ဈေးကွက်သည် ကန့်သတ်ချက်ကြီးနေသည့်အပြင် ထုတ်လုပ်မှုနည်းပညာကန့်သတ်ချက်လည်းကြီးမားကြောင်း၊ နည်းပညာနှင့် ပတ်သက်၍ လေ့လာမှုအားနည်းသကဲ့သို့လေ့လာရကောင်းမှန်းလည်း မသိကြကြောင်း၊ အနုပညာအမြင်မရှိဘဲ ပြည်တွင်းဈေးကွက်ကျဉ်းကျဉ်းလေး၌သာ ကျင်လည်နေပြီး ကမ္ဘာတွင်စဥ့်ထည်နှင့် ပတ်သက်၍ မည်သို့တွင်ကျယ်နေသည်ကို မသိကြကြောင်း၊ ၂၀၀၉ ခုနှစ်တွင် စဥ့်အသင်းဖွဲ့စည်းပြီးနောက် နည်းပညာနှင့် အနုပညာအမြင်များဖွံ့ဖြိုးအောင် လုပ်ဆောင်နိုင်ခဲ့ပြီး အစဉ်အလာစဥ့်ထည်များကို ထပ်ဆင့်

www.foreverspace.com.mm

တန်ဖိုးတက်အောင်လုပ်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

စဥ့်အိုးထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်သည် ပြည်တွင်း၌ပင်ရောင်းချပြီး ကျန် ၂၀ ရာခိုင်နှုန်းကို ဥရောပနှင့် ဂျပန်နိုင်ငံသို့ စင်ကာပူမှတစ်ဆင့် တင်ပို့ရောင်းချနေကြောင်း၊ တစ်လလျှင် အနိမ့်ဆုံးကွန်တိန်နာနှစ်လုံးမှ လေးလုံးအထိရောင်းချရပြီး အများဆုံး ခြောက်လုံးအထိတင်ပို့နိုင်ကြောင်း၊ စဥ့်ဖိုများအနေဖြင့် တွံတေး၊ ပုသိမ်၊ နေပြည်တော် ပျဥ်းမနား၊ မော်လမြိုင်၊ ညောင်ရွှေ (နောင်ဘိုနှင့် ကျောက်တိုင်)၊ မိုင်းကိုင် (ဟိုနား) တို့တွင် အခြေစိုက်ထုတ်လုပ်ကြပြီး ရွှေဘိုခရိုင် ကျောက်မြောင်းနွယ်ညိမ်း၌ အဓိကထုတ်လုပ်ကြောင်း ဒေါက်တာမျိုးသန့်တင်က ဆိုသည်။

အရွယ်အစားအသေးဆုံး ဆားအိုး၊ ငါးပိအိုးတစ်အိုးလျှင် ၁,၅၀၀ ကျပ်မှ အကြီးဆုံးရာဝင်အိုးတစ်လုံးလျှင် ၂၅,၀၀၀ ကျပ်မှ ၃၅,၀၀၀ ကျပ်အထိရှိကြောင်း၊ စဥ့်ပန်းအိုးများမှာ တစ်ပေမှ သုံးပေအထိရှိပြီး ဈေးနှုန်းမှာ ၆,၀၀၀ ကျပ်မှ ၃၅,၀၀၀ ကျပ်ခန့်အထိရှိကြောင်း ရန်ကုန်မြို့ ကန်တော်ကြီးစဥ့်အိုးဈေးကွက်မှသိရှိရသည်။

## မီးဖိုချောင်မှ ဧည့်ခန်းဆောင်သို့

အစဥ်အလာအားဖြင့် မြန်မာ့စဥ့်ထည်များသည် မီးဖိုချောင်သုံး ငါးပိအိုး၊ ဆားအိုး၊ ငံပြာရည်အိုး၊ ပန်းအိုးများလောက်သာထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ် မေလတွင် တွံတေးမြို့ တံခွန်တိုင်ကျေးရွာ၌ ပုဂံခေတ်နောက်ပိုင်း ပထမဆုံး လုံးတော်ပြည့်စဥ့်ချပ်များဖြင့် ပူဇော်သည့် ဆံချည်စေတီပုံစံကို တည်ဆောက်ရာတွင် ကြွေပြားကဲ့သို့ စဥ့်ချပ်များကို ထုတ်လုပ်အသုံးပြုခဲ့ကြောင်း ဦးဇော်သန်းက ဆိုသည်။

ယဥ်ကျေးမှု ဖွံ့ဖြိုးလာခြင်းနှင့်အတူ မိမိတို့နေထိုင်ရာပတ်ဝန်းကျင်ကို လှပသာယာစေရန် ဖန်တီးရယူသင့်ကြောင်း သိရှိလာကြသည်။ မိမိနေထိုင်သည့် အိမ်အပြင်အဆင်များက လူနေမှုအဆင့်အတန်းကို ဖော်ညွှန်းရာရောက်သည်ဟု ယူဆချက်နှင့်အတူ ခြံဝင်းများအတွင်း အလှဆင်ရန် ဥယျာဥ်ငယ်များဖန်တီးပြုလုပ်လာသကဲ့သို့ ရုံးခန်းများ၊ ဧည့်ခန်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များတွင် စဥ့်အိုးများ၊ စဥ့်ပန်းအိုးများကို အလှဆင်ပစ္စည်းအဖြစ် မပါမဖြစ်ထည့်သွင်းလာကြသည်။

စစ်ကိုင်းတိုင်း ရွှေဘိုမြို့အနီး ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ရွှေတိုက်၊ ရွှေကွန့်၊ နွယ်ညိမ်း၊ မခေါက်ကျေးရွာများတွင် စဥ့်ဖိုအမြောက်အမြားရှိပြီး ကျောက်မြောင်းဒေသ ထွက်စဥ့်ထည်များကို Decoration ဦးစားပေးထုတ်လုပ်လျက်ရှိကြောင်း မြေပဒေသာကျွန်းကန်တော်ကြီးမှ ရွှေမြန်မာ မြန်မာ့စဥ့်ထည်နှင့် စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## နာဂစ်အိပ်မက်ဆိုးမှ နိုးထ

မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်တို့က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် တွံတေးမြို့ရှိ ပြန်လည်



www.foreverspace.com.mm

ဖွံ့ဖြိုးကာစ အိုးဖိုများ အက်ကွဲပျက်စီးခဲ့ရသည်။ နဂိုမူလကတည်းက ငွေကြေးအရင်းအနှီးနည်းပါးသော အိုးလုပ်ငန်းရှင်များ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါ ထိခိုက်ခဲ့ရသည်။ ဖိုလုပ်သားများ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။

ယင်းအိုးဖိုလုပ်ငန်းများပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံစဥ့်အသင်းက ကျပ်သုံးသိန်းမှ သိန်းငါးဆယ်အထိ အသေးစားနှင့် အလတ်စားချေးငွေများ ထုတ်ချေးနိုင်ရန် စီစဉ်ပေးခဲ့ကြောင်း၊ အိုးဖိုလုပ်ငန်းရှင်များသာမက အိုးလုပ်သားများကိုပါ ငွေထုတ်ချေးပေးခဲ့ကြောင်း၊ အိုးဖိုလုပ်ငန်းရှင်များနှင့် အိုးလုပ်သားများသည် ဘဏ်လုပ်ငန်းနှင့်ပတ်သက်သည့် အတွေ့အကြုံမရှိသကဲ့သို့ ရုံးလုပ်ငန်းနှင့်ပတ်သက်သည့် ဗဟုသုတလည်း နည်းပါးကြောင်း၊ စဥ့်အသင်းကလည်း ငွေထုတ်ချေးနိုင်လောက်အောင် ရန်ပုံငွေမတောင့်တင်းကြောင်း၊ အိုးဖိုလုပ်ငန်းရှင်များနှင့် ဘဏ်များကြားတွင် ကြားခံ၊ အာမခံဆောင်ရွက်ပေးပြီး ငွေထုတ်ချေးပေးရန်စီစဉ်ပေးခဲ့ကြောင်း၊ ငွေအရင်းအနှီးရရှိသဖြင့် ဖို ရှည် (ဖိုကြီး) သမားသုံးဦးခန့် တိုးလာသကဲ့သို့ တစ်နိုင်ဖိုသေးလုပ်သူများလည်း တိုးလာကြောင်း ဦးဇော်သန်းက ရှင်းပြသည်။

နာဂစ်မုန်တိုင်းဒဏ်ကြောင့် သောက်သုံးရေခက်ခဲသောဒေသများအတွက် ရေစစ်အိုးများကို NGO များ၏ မှာကြားမှုကြောင့် ထုတ်လုပ်ပေးရကြောင်း၊ ယခင်ကတည်းက တွံ့တေးမှထုတ်လုပ်သည့် ဘုံဘိုင်အိုးသည် လူကြိုက်များ၍ ဈေးကွက်ရှိပြီးသားဖြစ်ကြောင်း၊ ရေစစ်အိုးများကို အလွယ်တကူထုတ်လုပ်နိုင်ကြောင်း၊ ရေစစ်အိုးများထုတ်လုပ်ရန်အတွက် နိုင်ငံတကာမှ နည်းပညာပံ့ပိုးမှုများရကြောင်း၊ အထူးသဖြင့် သမားရိုးကျမီးထိုးပေါက်တစ်ပေါက်မှ အမေရိကန်နည်းပညာဖြစ်သည့် မီးထိုးပေါက်နှစ်ပေါက်ဖိုကို သုံးစွဲခွင့်ရလာကြောင်း၊ ယခင် မီးထိုးပေါက်တစ်ပေါက်ဖိုသည် ထင်းလောင်စာကိုသုံးပြီး လေးရက်ခန့်မီးထိုးရကြောင်း၊ ယခု ဖိုသစ်သည်နှင့်



ဖွဲလောင်စာကိုသုံး၍ရပြီး တစ်ရက်ခန့်သာ မီးထိုးရကြောင်း၊ ယခင်က ထင်းလောင်စာ သုံး၍ ကျပ်နှစ်သောင်းခန့်ကုန်ကျခဲ့ပြီး ယခုဖိုနည်းပညာသစ်ကြောင့် ကျပ် ၆,၀၀၀ ခန့်သာကုန်ကျကြောင်း တွံ့တေးအိုးဖိုရပ်မှ အိုးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"နာဂစ်မုန်တိုင်းက အကောင်းနဲ့ အဆိုးနှစ်မျိုးစလုံးကို သယ်လာတယ်လို့ ပြောလို့ရတယ်။ အခုအိပ်မက်ဆိုးက နိုးထလာကြတာပဲ" ဟု ၎င်းက ဆိုသည်။

အထူးသဖြင့် နွေရာသီ၌သောက်သုံးရန် ရေချိုရှားပါးမှုကြောင့် မိုးရေကို ထည့်သွင်းသိုလှောင်၍ သောက်သုံးနေရသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ စဥ့်အိုးအများစုမှာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ကွဲအက်ပျက်စီးခဲ့ရပြီး ယခုအခါ ဒေသလိုအပ်ချက်နှင့် NGO အဖွဲ့အစည်းများ၏ပံ့ပိုးနိုင်မှုအချိုးအစားများစွာ ကွာဟနေသေးကြောင်း ဒေးဒရဲမြို့နယ် ဥတိုတိုးချဲ့ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာနှင့် သံဒိတ်ကျေးရွာတို့တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်လျက်ရှိသော တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

မြန်မာ့အိုးလုပ်ငန်းများသည် တစ်နိုင်ငံလုံးဒေသအလိုက် ပြန့်ကျဲနေပြီး မန္တလေးတိုင်းဝန်းကျင် အင်းဝတွင် အိုးဖိုများရှိသကဲ့သို့ ရှမ်းပြည်နယ် ညောင်ရွှေတွင်လည်းရှိကြောင်း၊ ရှမ်းပြည်နယ် မိုင်းကိုင်



www.foreverspace.com.mm

နှင့် စစ်ကိုင်းတိုင်း ရွှေဘိုမြို့အနီးတစ်ဝိုက်တွင်လည်း အိုးဖိုများရှိကြောင်း၊ ဒေသအလိုက်မြို့နယ် စဉ့်အသင်းများဖွဲ့စည်း၍ နည်းပညာဖလှယ်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ချေးငွေများရရှိရန်စီစဉ်ခြင်းတို့ပြုလုပ်လျက်ရှိကြောင်း မြန်မာနိုင်ငံစဉ့်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်သန်းက ဆိုသည်။

## ကြွေထည်ကဲ့သို့ စိမ်းဖြူစဉ့်

ရက္ခမူချော်ဖြင့်ပြုလုပ်သည့် Celadon စိမ်းဖြူစဉ့်ထည်များသည် ကြွေထည်ကဲ့သို့ပင် လှပခိုင်ခံ့ကြောင်း၊ လက်ရှိပန်းအိုးများ၊ စဉ့်အိုးများကို ခဲချော်ဖြင့်ပြုလုပ်ကြောင်း၊ ရှမ်းပြည်နယ် မိုင်းကိုင်မြို့နယ် ဟိုနားကျေးရွာတွင် သစ်ပင်မှရသည့်ပြာ (ရက္ခမူချော်) နှင့်လုပ်သည့်စဉ့်အိုးများရှိကြောင်း၊ စိမ်းဖြူစဉ့်ထည်နှင့် ရေနွေးကြမ်းပန်းကန်၊ လက်ဖက်ရည်အချိုရည်ပန်းကန်လုံး၊ ဟင်းချိုသောက်ပန်းကန်လုံးများထုတ်လုပ်နိုင်လျှင် ရောင်းပန်းလှဈေးကွက်ဝင်နိုင်ကြောင်း၊ အနုပညာအမြင်ပါရှိပြီး လက်မှုပညာနှင့်လုပ်သည့်စဉ့်ထည်များသည် ကြွေထည်များထက် နိုင်ငံခြားသားနှစ်သက်ကြောင်း ပန်းချီ၊ ပန်းပုပညာရှင်လည်းဖြစ်သူ ဦးဇော်သန်းက ဆိုသည်။

လက်ရှိကမ္ဘာ့စဉ့်ဈေးကွက်ကို ဦးဆောင်နေသည်မှာ ထိုင်းနိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံစဉ့်ထည်လုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်နေသည့်ပညာရှင်အများစုမှာ မြန်မာနိုင်ငံမှ ရှမ်းတိုင်းရင်းသားများဖြစ်ကြောင်း၊ စဉ့်လုပ်ငန်း၏ မူလအစသည် မြန်မာကဖြစ်သည်ကို ကမ္ဘာက တဖြည်းဖြည်းသိလာကြောင်း ဒေါက်တာမျိုးသန့်တင်က ပြောကြားသည်။

ပုံမှန်ပန်းအိုးတစ်လုံးကို ၂၀၀ ကျပ်နှင့် ရောင်းချနေရာမှ ပုဂံခေတ်ကြာဖူးပုံပါ အရွယ်တူစဉ့်ထည်ပန်းအိုးသည် ၂၀၀၀ ကျပ်ခန့်ရရှိနိုင်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးပြီးနိုင်ငံများသည် လက်မှုပညာကို တန်ဖိုးထားသကဲ့သို့ သမိုင်းကြောင်းနှင့် ဆက်စပ်သည့်ပစ္စည်းများကို တန်ဖိုးထားဝယ်ယူလေ့ရှိကြောင်း ဦးဇော်သန်းက ရှင်းပြသည်။

"ဒါလေးဆို အရင်း တစ်ထောင်မရှိဘူး။ သုံးရက်နဲ့ လုပ်လို့ရတယ်။ ငါးဒေါ်လာဆိုလည်းဝယ်မှာပဲ။ နိုကီယာနဲ့ဆို အတော်ပဲ" ဟု တစ်မိုက်ခန့်ရှိ ကယားတိုင်းရင်းသူတစ်ဦးပလိုင်းလွယ်ထားဟန်ပြုလုပ်ထားသော ဖုန်းတင်သည့်စင်အရုပ်ကလေးကို ပြသလျက် ဦးဇော်သန်းက ဆိုသည်။

ရှမ်းပြည်နယ် အင်းလေးဒေသသည် ခရီးသွားလုပ်ငန်းအားကောင်းပြီး နိုင်ငံခြားသားအဝင်အထွက်များကြောင်း၊ ယင်းဒေသတွင် အိုးဖိုများလည်းရှိကြောင်း၊ ယင်းအိုးဖိုများအနေဖြင့် ရိုးရာဟန်လည်းရှိ၊ အသုံးချတန်ဖိုးလည်းရှိသည့် စဉ့်ထည်များထုတ်လုပ်လျှင်ဖြစ်နိုင်ကြောင်း၊ စဉ့်ထည် ပန်းချီကားများ၊ မြေဖုတ်ပန်းချီကားများလည်း ထုတ်လုပ်၍ရကြောင်း၊ ဖောင်းကြွဖြစ်ရုံသာမက ဆေးရောင်စုံထည့်သွင်းနိုင်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

## ကိုယ်ပိုင်နည်းပညာနှင့် သီးခြားဟန်

မြန်မာ့စဉ့်ထည်များကို အရှေ့တောင်အာရှအနှံ့အပြားတွင် တွေ့ရှိရကြောင်း၊ တူးဖော်တွေ့ရှိချက်များအရ မြန်မာ့စဉ့်ထည်များသည် ကိုယ်ပိုင်နည်းပညာနှင့် သီးခြားဟန်ရှိကြောင်း Independent Researchers of Art History of Southeast Asia မှ Dr.Down Rooney က ဆိုသည်။



www.foreverspace.com.mm



စဉ့်ထည်များသည် ယခုအခါ ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့်နေရာယူလာသည့် ပလတ်စတစ်ပုံးများ၊ ခွက်များကြောင့် ထုတ်လုပ်လာမှုလျော့ကျခဲ့ရသော်လည်း သမိုင်းတစ်ခေတ်ပြန်လည်လာပြီး ပလတ်စတစ်၏ဆိုးကျိုးများကြောင့် အန္တရာယ်ကင်းသည့်မြေအိုးများ ပြန်လည်တွင်ကျယ်လာသည်ဟု တွံတေး အိုးဘိုရပ်ကွက် အိုးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"ဒန်အိုး၊ ပလတ်စတစ်ပုံးတွေ၊ ခွက်တွေကြောင့် မြေအိုးတွေနေရာပျောက်သွားမလားလို့ စိုးရိမ်ခဲ့တာ။ ပလတ်စတစ်က နေပူရင်မကောင်းဘူး။ စတီးချိုင့်က ဈေးကြီးတာကြောင့် လူတိုင်းမဝယ်နိုင်ဘူး။ ရေစစ်အိုးက ၁၁,၀၀၀။ မကွဲသရွေ့ အသုံးခံတယ်။ ရေလည်းကြည်တယ်။ သန့်တယ်" ဟု အစဉ်တစိုက်အိုးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

"သောက်ရေအိုးကတော့ မြေအိုးပဲ။ အဲဒီမြေအိုးဒီဇိုင်းကလည်း နှစ်ထောင်ချီနေပြီ" ဟု ၎င်းက ဆိုသည်။

မြန်မာ့ရိုးရာလက်မှုပညာ စဉ့်ထည်လုပ်ငန်းသည် နည်းပညာသစ်များဝင်ရောက်လာခြင်း၊ ဈေးငွေအစီအစဉ်ပေါ်ပေါက်လာခြင်း၊ ဂျပန်၊ စင်ကာပူနိုင်ငံတို့မှ မှာကြားမှုရှိလာခြင်း၊ အစဉ်အလာမှခွဲထွက်၍ အမယ်သစ်များ၊ အသုံးချတန်ဖိုးမြင့်သည့်ပစ္စည်းများထုတ်လုပ်လာခြင်း စသော ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီး ပွင့်လင်းမှုများနှင့်အတူ အလားအလာကောင်းရှိသည်ဟု လုပ်ငန်းရှင်များက ယုံကြည်လျက် ရှိသည်။

## နိုင်ငံတကာဈေးကွက်ဝင်ဖို့

ရိုးရာလက်မှုပညာသုံးပစ္စည်းတစ်ခု နိုင်ငံတကာဈေးကွက်ဝင်ဖို့ဆိုလျှင် နိုင်ငံတကာက လက်ခံနိုင်သောအရည်အသွေးရှိနေဖို့လိုသည်။ ရိုးရာလက်မှုပညာဖြစ်သည့်အတွက် အဆင်ဒီဇိုင်းများ ရိုးရာဟန်ဖြစ်နေရန်လိုသည့်အပြင် လက်ရာကလည်းသပ်ရပ်လှပကြွရွနေဖို့လိုသည်။ ဝယ်သူ့မျက်စိတွင် ပေးရသည့်တန်ဖိုးနှင့် ထိုက်တန်ကြောင်း ကျေကျေနပ်နပ်လက်ခံဖို့လိုသည်။ မြန်မာ့ရိုးရာလက်မှုပစ္စည်းအများစု နိုင်ငံတကာဈေးကွက်ဝင်သင့်သလောက်မဝင်ခြင်းမှာ လက်ရာပိုင်းတွင် လိုအပ်ချက်များရှိနေခြင်းက အဓိကအချက်တစ်ချက်ဖြစ်သည်။ လက်ရာများ ချောမွေ့သေသပ်ဖို့ အနုစိတ်လုပဖို့အတွက် အချိန်ယူရသည်။ ကျွမ်းကျင်မှုလိုအပ်သည်။ လက်ရာကောင်းကောင်းထုတ်လုပ်လာစေရန် အတတ်ပညာရှင်များကိုဆွဲဆောင်နိုင်သည့် မက်လုံးကောင်းကောင်း (လုပ်ခ၊ ရောင်းဈေး) ရှိဖို့လိုသည်။ မြန်မာ့လက်မှုပစ္စည်းများ ပြည်တွင်းတွင်ဈေးနှိမ်ခံရကာ ထိုင်းဈေးကွက်တွင် ဈေးကောင်းကောင်းဖြင့်ရောင်းချနေခြင်းမှာ ကြားခံများက အဆင့်ဆင့်အမြတ်ယူနေကြခြင်း၊ တစ်နည်းအားဖြင့် ဈေးကွက်နှင့်ထုတ်လုပ်သူများအကြား အဆင့်များစွာခံနေခြင်းကြောင့် ထိုက်တန်သောဈေးမရဖြစ်နေသည်။ ထိုအချက်ကိုပြုပြင်နိုင်ပါက လက်ရာကောင်းကောင်း၊ ဆင့်အတန်းမြင့်မြင့် မြန်မာ့ရိုးရာလက်မှုပစ္စည်းများ နိုင်ငံတကာဈေးကွက်တွင် ဂုဏ်သိက္ခာရှိရှိ ရောင်းပန်းလှနိုင်မည်ဖြစ်သည်ဟု ဈေးကွက်လေ့လာစောင့်ကြည့်သူအချို့က သုံးသပ်အကြံပြုကြသည်။

**နိုင်မင်းဝေ**



www.foreverspace.com.mm

တစ်နေ့ ယခုလိုဖြစ်လာမည်ကိုသိနေသော်လည်း သည်လောက်မြန်လိမ့်မည်ဟု မဆွေဝင်းမထင်ထားခဲ့။ သူ၏ရှေ့တွင်ရှိသော ငွေတစ်သိန်းအုပ်ကိုကြည့်ရင်း တွေဝေနေသည်။ "ဒီဆိုင်ကနေထွက်ပေးပါ။ တခြားဆိုင်တွေကိုလည်းသွားဖို့စိတ်မကူးပါနဲ့" ဟု ယခု သူမအလုပ်လုပ်နေသောရွှေဆိုင်က သူ့တွင် HIV ပိုးရှိသည်ဟု သိသည်နှင့် ထိုသို့ပြောလာခြင်းဖြစ်သည်။ သူသည် သူ၏ခင်ပွန်းထံမှတစ်ဆင့် HIV ရောဂါပိုးကူးစက်ခံထားရပြီဖြစ်ရာ ထိုစကားကြောင့် မည်သို့ပြန်ပြောရမှန်းမသိတော့ပေ။

# ရှေ့ဆက်ရမည့်နေ့ရက်များ . . .

ဇာဏီထွဏ်း




"တကယ်ဆိုရင် သူတို့က ပညာတတ်၊ ဆရာဝန်မျိုးရိုးတွေပါ။ အခုလို သူများကိုကူးမှာစိုးလို့ဆိုပြီး အလုပ်ထုတ်တာကို အရမ်းအံ့သြတယ်" ဟု ဆိုကာ သောက်လက်စရေနွေးခွက်ကို စားပွဲပေါ်တင်လိုက်သည်။

HIV ရောဂါပိုးကူးစက်ခံရသူအများစုသည် ယင်းအခြေအနေအဖြစ်အပျက်မျိုးနှင့်ကြုံတွေ့ကြရကြောင်း Myanmar Positive Group (MPG) မှ တာဝန်ရှိသူ တစ်ဦးက ဆိုသည်။

## လုပ်ငန်းခွင်နှင့် HIV

HIV ရောဂါပိုးကူးစက်ခံရသူနှင့် ရုံး၊ ကျောင်းလုပ်ငန်းခွင်အတွင်း အလုပ်အတူတူလုပ်ကိုင်ပါက ရောဂါပိုးကူးစက်ရန်အန္တရာယ်မရှိကြောင်း၊ ၎င်းတို့နှင့်အတူ နီးကပ်စွာအလုပ်လုပ်ရသော်လည်း အသားချင်း၊ သွေးချင်း၊ ဖန်ခွက်တစ်ခွက်တည်းဖြင့် ရေအတူသောက်ခြင်း၊ ထမင်းအတူစားခြင်း၊ အိမ်သာအတူသုံးခြင်းတို့ဖြင့် ကူးစက်နိုင်သောအရာမဟုတ်ကြောင်း၊ သို့ရာတွင် ရောဂါပိုးပါသောသွေးကို ကိုင်တွယ်ရသောကျန်းမာရေးဝန်ထမ်းများတွင် ကူးစက်ခံရန် အန္တရာယ်ရှိသောကြောင့် အခြေခံကာကွယ်မှုများဖြင့် ကာကွယ်သင့်ကြောင်း ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (မြန်မာ) တို့ ပူးပေါင်း၍ထုတ်ဝေသော HIV/AIDS

အမေးအဖြေများစာအုပ်တွင် ဖော်ပြထားသည်။

HIV ဗိုင်းရပ်စ်ပိုးသည် လူတစ်ဦးတွင် ကူးစက်နေသည်ဆိုရုံနှင့် ချက်ချင်းသေဆုံးသွားနိုင်သောရောဂါပိုးမျိုးမဟုတ်ပေ။ ရောဂါပိုးရှိရုံနှင့် AIDS ရောဂါအဆင့်သို့ ချက်ချင်းရောက်ရှိခြင်းမဟုတ်။ လူ၏ခန္ဓာကိုယ်အတွင်း ယင်းပိုးရှိသော်လည်း ရောဂါလက္ခဏာပြသခြင်းမရှိသေးသည့်အချိန်အထိ သာမန်လူကောင်းတစ်ယောက်ကဲ့သို့ လုပ်ကိုင်နိုင်သေးသည်။

**HIV ဗိုင်းရပ်စ်ပိုးသည် လူတစ်ဦးတွင် ကူးစက်နေသည်ဆိုရုံနှင့် ချက်ချင်းသေဆုံးသွားနိုင်သော ရောဂါပိုးမျိုးမဟုတ်ပေ။ ရောဂါပိုးရှိရုံနှင့် AIDS ရောဂါအဆင့်သို့ချက်ချင်းရောက်ရှိခြင်းမဟုတ်။ လူ၏ခန္ဓာကိုယ်အတွင်း ယင်းပိုးရှိသော်လည်း ရောဂါလက္ခဏာပြသခြင်းမရှိသေးသည့်အချိန်အထိ သာမန်လူကောင်းတစ်ယောက်ကဲ့သို့ လုပ်ကိုင်နိုင်သေးသည်။**

"တချို့အလုပ်ရှင်တွေက ဒီရောဂါရှိတယ်မှန်းသိရင်အလုပ်ကထုတ်မယ်။ စာနာစိတ်ရှိရင်တော့ လျော်ကြေးပေးမှာပေါ့။ အကြောင်းပြချက်က အလုပ်မှာတခြားသူကို ကူးမယ်၊ လုပ်ငန်းသိက္ခာကျမယ်၊ သူများအပြောခံရမယ်။ ဒါကိုကြောက်ပြီး ထုတ်ကြတာ" ဟု MPG မှ HIV ရောဂါပိုးကူးစက်ခံထားရသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော့်မှာ ဒီရောဂါဖြစ်တယ်ဆိုတော့ သူဌေးကမထုတ်ချင်ဘူး။ ဒါပေမဲ့ ကျွန်တော့်နေရာကို လိုချင်တဲ့သူတွေက ဝိုင်းပြောတော့ မနေသာဘဲ ကျွန်တော့်ကို နားခိုင်းလိုက်တယ်။ အဲဒီကနေစပြီး အလုပ်မဆင်းရတော့ပါဘူး။ လျော်ကြေးဆိုတာလည်းမရပါဘူး။ သူကစကားတစ်ခွန်းပြောသေးတယ်။ မင်းနေရ နောက်တစ်နှစ်ပဲတဲ့။ ကျွန်တော် အခု HIV နဲ့အသက်ရှင်နေတာ သုံးနှစ်ရှိပြီဗျ" ဟု မြောက်ဥက္ကလာပမြို့နယ်တွင်နေထိုင်ပြီး သဘော်ာကုမ္ပဏီမန်နေဂျာတစ်ဦးအဖြစ်မှ အလုပ်ထုတ်ပယ်ခြင်းခံရသူတစ်ဦးက ပြောကြားသည်။

## အလုပ်အကိုင်အခွင့်အလမ်းများနှင့် HIV

HIV ဆိုသောရောဂါပိုးသည် အသက်အရွယ်ကြီးသော၊ ငယ်သော၊ ပညာတတ်သော၊ မတတ်သော၊ ဆင်းရဲသော၊ ချမ်းသာသော စသည်တို့ကိုခွဲခြားပြီး ကူးစက်သည်မဟုတ်ဘဲ လူတိုင်းကိုကူးစက်နိုင်သော ရောဂါကြီးတစ်ခုဖြစ်ရာ ယင်းရောဂါပိုးကူးစက်ခံရသူများတွင် လူတန်းစားပေါင်းစုံပါဝင်နေသည်။ ယင်းရောဂါပိုး မိမိခန္ဓာကိုယ်တွင်းရှိသည်ကိုသိသည်နှင့် စိတ်ဆင်းရဲခြင်းခံစားရကာ လုပ်ငန်းခွင်မှ ထုတ်ပယ်ခံရနိုင်ခြင်းမျိုးအပြင် အလုပ်သစ်ထပ်မံရရှိရန်အတွက်လည်း မလွယ်ကူကြောင်း၊ အကယ်၍ အလုပ်မရှိပါက အသက်ရှင်လျက် အခိပ္ပာယ်မဲ့ကာ မိသားစုစားဝတ်နေရေး၊ မိမိကျန်းမာရေးအတွက်ပါ အခက်အခဲဖြစ်လာကြောင်း၊ ယခုကဲ့သို့အချိန်တွင် သာမန်လူများအတွက်ပင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေလျက်ရှိရာ ယင်းကဲ့သို့ကူးစက်ခံရသူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် စားဝတ်နေရေးတို့အပြင် ဆေးအတွက် ကုန်ကျစရိတ်များပါ ထပ်ဆောင်းဖြစ်ပေါ်လာကြောင်း Myanmar Positive Group မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အလုပ်အကိုင်ရှားပါးတာတော့ နေရာတိုင်းပါ။ ရှားပါးတဲ့အထဲ ခွဲခြားခံရတာ။ HIV မှတင်မဟုတ်ပါဘူး တစ်ခါတလေ ဘာသာရေး၊ အသက်အရွယ်ကြီးလို့၊ ငယ်လို့၊ နောက်တော့ အမျိုးသားမို့လို့၊ အမျိုးသမီးမို့လို့ ခွဲခြားခံနေရတာလည်းရှိပါတယ်" ဟု Marie Stopes International မှ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူး ဒေါက်တာစစ်နိုင်က ပြောကြားသည်။

ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မှတ်တမ်းများတွင် မြန်မာနိုင်ငံ၌ HIV ရောဂါပိုးကူးစက်ခံရသူနှင့် AIDS ဝေဒနာခံစားရသူ နှစ်သိန်းလေးသောင်းခန့်ရှိသည်ဟု ဖော်ပြထားသည်။ HIV/AIDS ကာကွယ်တိုက်ဖျက်ရေးဆောင်ရွက်သော Self-help Group များတွင် HIV ကူးစက်ခံရသူများ ဆောင်ရွက်မှုကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ရာ၌ ၂၀၀၈ ခုနှစ်အတွင်း ၆၀ ရာခိုင်နှုန်း တိုးတက်လာပြီး ပါဝင်သူများ၏ ၄၉ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းအလိုက် ကိုယ့်အားကိုယ်ကိုးအဖွဲ့များတွင် မန္တလေးမှ အများဆုံးဖြစ်ပြီး ၅၁၄၇ ဦးရှိကာ တစ်နိုင်ငံလုံး၏ ၃၈ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ကိုယ့်အားကိုယ်ကိုးအဖွဲ့တွင် ပါဝင်ဆောင်ရွက်သူ ၁၃၂၄၇ ဦးရှိကြောင်း၊ ရန်ကုန်တိုင်းတွင် ၂၈၄၆ ဦးရှိကာ တစ်နိုင်ငံလုံး၏ ၂၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း www.himburmese.com တွင် ဖော်ပြထားသည်။

ကမ္ဘာ့စီးပွားရေးကျပ်တည်းမှုနှင့် အတူယှဉ်ပြိုင်မှုပြင်းထန်လာသော ယနေ့အချိန်တွင် လုပ်ငန်းခွင်တစ်ခု၌ ဝန်ထမ်းခန့်ထားမည်ဆိုပါက အရည်အချင်းလိုအပ်ချက်နှင့်အတူ ကျန်းမာရေးကိုပါ ထည့်သွင်းစဉ်းစားရသည်။

ထိုအခါ ကန့်သတ်ချက်၊ စစ်ဆေးချက်အမျိုးမျိုးလုပ်ကြပြီး HIV ပိုးရှိသူများကို လုပ်ငန်းခွင်တွင် ဆက်ခန့်မည်၊ မခန့်မည်ကို အလုပ်ရှင်တစ်ဦးချင်းစီ၏ ကျန်းမာရေးဗဟုသုတရေချိန်ပေါ်မူတည်၍ စဉ်းစားဆုံးဖြတ်ကြသည်။

အမှန်တကယ်က အလုပ်နဲ့တော့ မပတ်သက်ပါဘူး။ အလုပ်ထဲမှာ ဒီရောဂါပိုးအကူးခံထားရပေမယ့် တစ်ကမ္ဘာလုံးမှာရှိတဲ့

www.foreverspace.com.mm



အများစုသောအလုပ်တွေ လုပ်နိုင်ပါသေးတယ်။ အိပ်ရာထဲလဲပြီဆိုရင် HIV မှမဟုတ်ဘူး တခြားရောဂါတွေကိုလည်း ဆေးခန်းပြရတာပဲ။ ရောဂါဖြစ်ပေမယ့် မလုပ်နိုင်တာမရှိဘူး။ အလုပ်ရှင်တွေအနေနဲ့ အကူးခံရမှာကြောက်လို့ ကျန်တဲ့သူကို ကူးမလား စိုးရိမ်တာ။ ကုမ္ပဏီမှာ ဒီရောဂါရှိလာယ်ဆိုရင် အထင်သေးမခံချင်တာ" ဟု ဒေါက်တာစစ်နိုင်က ရှင်းပြသည်။

ယင်းကဲ့သို့ ကြောက်ခြင်း၊ စိုးရိမ်ခြင်းစသည်တို့သည် HIV ရောဂါပိုးအကြောင်းကို နားမလည်မှုက အခြေခံလာခြင်းဖြစ်သည်။ သည့်အပြင် အဆိုပါရောဂါပိုးရှိသူကို အကျင့်စာရိတ္တမကောင်းသော ယောက်ျား၊ မိန်းမဟူ၍ လုပ်ငန်းခွင်တွင်ရှိ မနေစေချင်တော့။ ရောဂါရှိမှန်းမသိ၍ ခန့်အပ်မိသော်လည်း သိလာပါက အလုပ်ထုတ်မည့်သာဖြစ်သည်။ ယင်းအကြောင်းပြချက်သည် ကျန်းမာရေးကို ခုတုံးလုပ်ခြင်းသာဖြစ်သည်။ အချို့လုပ်ငန်းရှင်များက လူမှုရေးအရ စာနာခြင်းနှင့် အားနာခြင်းတို့ကြောင့် အလုပ်မှထုတ်မပစ်သော်လည်း ၎င်းအတွက် တိုးတက်ရာလမ်းမပေးချင်တော့၊ တိုးတက်ရာလမ်းပေါ်ပေါက်ပါက ဆက်လုပ်နေမည်စိုးသောကြောင့်ဖြစ်သည်။

"ဒါလုပ်အားရှင်ဈေးကွက်မှာဖြစ်နေတဲ့ မတရားမှုပဲ၊ ဒါတွေက မရှိသင့်တော့ဘူး" ဟု ဒေါက်တာစစ်နိုင်က ပြောကြားသည်။

ပညာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေသည့်လုပ်ငန်းရှင်တစ်ဦးက ၎င်း၏လုပ်ငန်းတွင် ယင်းကဲ့သို့ဖြစ်ပေါ်လာပါက လက်ရှိဆေးကုသမှုခံယူခြင်းရှိ၊ မရှိ၊ လုပ်ငန်းခွင်အတွင်း စနစ်တကျနေထိုင်ခြင်းရှိ၊ မရှိ စသည်တို့ကိုကြည့်မည်ဖြစ်ကြောင်း၊ လူ့ကျင့်ဝတ်နဲ့မညီ၍ ကူးစက်ပါကတစ်မျိုး၊ မတော်တဆကူးစက်ခံရပါကတစ်မျိုး စဉ်းစားရမည်ဖြစ်ကြောင်း၊ သို့ရာတွင် လူသားချင်းစာနာသောအားဖြင့် ယခင်က မှားသောကြောင့် ဖြစ်ခဲ့ဖူးသောအရာကို ပြန်လည်ဆင်ခြင်လာပါက လက်ခံနိုင်မည်ဖြစ်ကြောင်း၊ သို့သော် ယခင်ကဲ့သို့ဆက်လက်ပြုမူနေပါက အခြားသောဝန်ထမ်းများအတွက်စဉ်းစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

"ဒါကြောင့် အလုပ်ဖြုတ်ပစ်တယ်ဆိုရင် သူ့ရဲ့စီးပွားရေးရော၊ လူမှုရေးရော ရိုက်ခတ်မှာပဲ။ အဲဒီအခါ စိတ်ဓာတ်ကျပြီး လူကို ဆွဲချသလိုဖြစ်မှာလည်းစိုးရိမ်တယ်" ဟု ၎င်းကဆိုသည်။

ကျန်းမာရေးနှင့်ပတ်သက်ပါက ဝန်ထမ်း၏မိဘ၊ မောင်နှမများ နေမကောင်းဖြစ်ပါက ခွင့်ပေးသည်ဖြစ်ရာ ဝန်ထမ်းကိုယ်တိုင် ကျန်းမာရေးမကောင်းပါက ဦးစားပေးရမည်ဖြစ်ကြောင်း၊ သို့သော် အလုပ်သဘောအရ အလုပ်များနေသောကာလအတွင်း ၎င်းခွင့်ယူသည့်အကြိမ်များပြားလာ၍ လုပ်ငန်းကို ထိခိုက်မှုသိသာပါကလည်းကောင်း၊ ယင်းရောဂါပိုးရှိသူသည် လုပ်ငန်းခွင်တွင် အရေးကြီးသောနေရာတွင်ရှိနေပါက ယင်းရောဂါလက္ခဏာများပေါ်ပေါက်လာပြီး ကျန်းမာရေးကျဆင်းလာလျှင် အလုပ်အတွက် လုပ်နိုင်စွမ်းအားပေါ်မူတည်၍ စဉ်းစားမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းရှင်က ဆက်လက်ပြောကြားသည်။




## NGO အလုပ်များနှင့် HIV

ဖွံ့ဖြိုးဆဲနိုင်ငံငယ်တို့သည် နိုင်ငံ၏ဘဏ္ဍာရေးအခြေအနေအရ လိုအပ်ချက်များစွာရှိနေတတ်ရာ ထိုလိုအပ်ချက်ကို နိုင်ငံကြီးများနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းတို့က ဝင်ရောက်ဖြည့်ဆည်းပေးတတ်ကြသည်။

ယင်း NGO များသည် HIV/AIDS ရောဂါပြုစုစောင့်ရှောက်ရေး၊ ဆေးဝါးတိုက်ကျွေးရေး၊ မိဘမဲ့ကလေးစောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေး၊ လူ့အသိုင်းအဝိုင်းမှကြည်ဖြူရေးတို့ ကြိုးပမ်းလုပ်ကိုင်ရာတွင် အချို့နေရာ၌ HIV ရောဂါကူးစက်ခံရသူများကို ခန့်အပ်တာဝန်ပေးကြသည်။ အချင်းချင်းလုပ်ကိုင်ပေးလျှင် ပိုမိုထိရောက်သဖြင့် အကြံပေးခြင်း၊ ကူညီပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းတို့အတွက် လုပ်ကိုင်ပေးသော်လည်း နည်းပါးသောအရေ

www.foreverspace.com.mm

အတွက်သာ ရှိသေးသည်။

"အခြေအနေချင်းတူတဲ့လူချင်း လုပ်ပေးရင် ပိုအဆင်ပြေတဲ့အတွက် ဦးစားပေးရွေးတာရှိပါတယ်။ ဒါပေမဲ့ ဒါတွေက မများသေးပါဘူး" ဟု ဒေါက်တာစစ်နိုင်က ပြောကြားသည်။

အချို့ NGO များသည် HIV/AIDS ရောဂါနှင့်ပတ်သက်၍ ကူညီပေးသည်ဟု ဆိုသော်လည်း ဝေဒနာရှင်များကိုလက်မခံကြကြောင်း၊ HIV ပိုးရှိသူများကို ခွဲခြားမှုမရှိရဆိုသော်လည်း လုပ်ငန်းခွင်အတွင်း အောက်ခြေဝန်ထမ်းအချင်းချင်းခွဲခြားကြကြောင်း၊ ပိုးရှိသော်လည်း လုပ်ကိုင်ခွင့်ရရှိသူများအနေဖြင့်လည်း နှစ်သိမ့်ဆွေးနွေးပညာပေးသူအဖြစ်သာရှိပြီး အုပ်ချုပ်မှုအဆင့်နေရာများတွင် ခန့်အပ်ခံရခြင်းမရှိကြောင်း NGO အဖွဲ့တစ်ခုတွင်လုပ်ကိုင်နေသော ဝေဒနာရှင်အချို့က ပြောကြားသည်။

"ဒါက HIV ဖြစ်လို့ မဟုတ်ပါဘူး။ အရည်အချင်းကြောင့်ပါ။ ကိုယ့်ဘက်က ဘာအားနည်းချက်ရှိသလဲဆိုတာကို မပြောချင်ကြဘူး။ HIV ရှိလို့ ခွဲခြားနှိမ့်ချပြီး အခွင့်အလမ်းမပေးတာ မဟုတ်ဘူး။ တကယ်လို့ HIV (+) မို့လို့ သူတို့အလုပ်ပေးတာဆိုရင် သူ့ကိုသနားတာ၊ အားပေးချင်တာ။ အဓိက လိုတာ အရည်အချင်းပါ" ဟု INGO တစ်ခု၏ ဌာနေကိုယ်စားလှယ်က ပြောကြားသည်။




## အလုပ်မရှိခြင်း၏ နောက်ကွယ်

လူတစ်ဦးတိုင်း၊ မိသားစုတိုင်း၊ စားရေး၊ ဝတ်ရေး၊ နေရေးဟူသော အဓိက အရေးသုံးပါးကို နေ့စဉ်ဖြေရှင်းနိုင်ရေး အလုပ်ရှိရန် လိုအပ်မည်။ HIV ရောဂါပိုးရှိသူများကို အလုပ်ထုတ်ပစ်ခံရပါက အထုတ်ခံရသူအပါအဝင် ၎င်းတို့ကိုမှီခိုနေသော မိသားစုစားဝတ်နေရေး ထိခိုက်မည်။ စက်ရုံတွင် ၎င်းတို့၏လုပ်အားမရှိသောကြောင့် စက်ရုံ၏ထုတ်လုပ်မှုအားကျဆင်းမည်။ ထိုသို့သောအဖြစ်အပျက်များ များပြားလာပါက စက်ရုံ၏ထုတ်လုပ်မှုအား ကျဆင်းသောကြောင့် လုပ်ငန်းရှင်ကိုလည်း ရိုက်ခတ်မှုရှိသည့်အပြင် ထိုမှတစ်ဆင့် နိုင်ငံ့စီးပွားရေးကိုပါ ထိခိုက်လာနိုင်သော နောက်ဆက်တွဲအကြောင်းအရာများ ရှိသေးသည်။ အလုပ်ထုတ်ပယ်ခံရသူတို့ဘက်တွင်လည်း ပုံမှန်လုပ်နေသောလုပ်ငန်းတစ်ခုမရှိတော့သည့်အခါ စိတ်ဓာတ်ကျဆင်းမှုကြောင့် မည်သည့်အရာမှလည်း အဆင်မပြေတော့။ အဆင်မပြေခြင်းဆိုရာတွင် ပထမဆုံး ရင်ဆိုင်ရမည်မှာ "စားဝတ်နေရေးပြဿနာပင်။ အလုပ်မရှိ၊ ထမင်းစားရန်မရှိ ဖြစ်လာသည်။ ရရာနောက်ဆုံးအဆင့်လုပ်သည့်အနေဖြင့် ကျောင်းနေသည့်ကလေးငယ်များကို အလုပ်လုပ်ခိုင်းစေသည်အထိ ဖြစ်လာသည်။ ကျောင်းတက်နေသည့်ကလေးကို ကျောင်းထုတ်၍ ငွေရှာခိုင်းမည်ဆိုသည့်အခြေအနေများ ဖြစ်လာသည်။

ယင်းကဲ့သို့ ကလေးကို ဝင်ငွေရှာခိုင်းပါက ကလေးထံမှရလာသော ဝင်ငွေကို မျှော်ကိုးလာတော့သည်။ ယခင်တစ်လဝင်ငွေထက် နှစ်ဆသုံးဆ ပေးမည်ဟုဆိုကာ လာခေါ်ပါက ယင်းအလုပ်သည် ကောင်းရောင်းကောင်းဝယ်အလုပ်ဟုတ်၊ မဟုတ် မစဉ်းစားနိုင်တော့၊ စဉ်းစားဖို့အားနည်းလာပြီး ယင်းထက်မကဆိုးသော အခြေအနေများစွာဖြစ်လာနိုင်သည်ဟု လေ့လာသုံးသပ်သူတို့က ဆိုသည်။

"အဲဒီလိုမိသားစုမျိုးတွေကို အခွင့်ကောင်းယူတဲ့လူမျိုးတွေက လိုချင်တာပေးပြီး ပုံသွင်းအမြတ်ထုတ်လာတာတွေ တွေ့လာတယ်။ အလုပ်ဖြုတ်တယ်ဆိုတာ ကြည့်လိုက်ရင် သေးသေးလေးပဲ။ သူ့နောက်မှာ အများကြီးရှိတယ်။ လူကုန်ကူးမှုကာကွယ်ရေးတွေကိုလုပ်တဲ့အခါ HIV ကို ဦးတည်ထားတယ်ဆိုတာ အဲဒါပဲ" ဟု FXB (International Francois - Xavies Bagnoud Myanmar) မှ Country Director ဒေါ်ကေသီရှိန်က ပြောကြားသည်။

"လုပ်ငန်းရှင်တွေ ဒါကိုနားမလည်တာကလည်း သဘာဝကျပါတယ်။ ဥပမာ– လူမှုရေးလုပ်နေတဲ့သူတွေ ရွှေဈေး သိချင်မှ သိမယ်။ ကိုယ်လုပ်တဲ့အလုပ်နဲ့ ပတ်သက်တာပဲသိမယ်။ ကိုယ့်ဘဝ၊ ကိုယ့်မိဘ၊ ကိုယ့်မိသားစုနဲ့ပတ်သက်မှုမရှိရင် မသိဘူး။ လုပ်ငန်းမှာပဲလုပ်နေရတော့ အလုပ်များနေပြီး မသိတာ သဘာဝကျပါတယ်" ဟု ဒေါက်တာစစ်နိုင်က ရှင်းပြသည်။

## အားမလျှော့ဘူး၊ ပေါင်းလုပ်ကြမယ်

ဖြစ်လာသည့်ပြဿနာ အဖြေရှာတော့ တွေ့သည်။ ထို့ကြောင့် အခက်အခဲရှိသူအချင်းချင်း၊ ခွဲခြားခံရသူအချင်းချင်း ပူးပေါင်းပြီး အဖွဲ့ကလေးများဖွဲ့စည်းကာ တစ်ပိုင်တစ်နိုင် လုပ်ကိုင်လာကြကြောင်း HIV ရောဂါပိုးကူးစက်ခံရသူများက ပြောကြားသည်။

"HIV/AIDS နဲ့ သေဆုံးသွားတဲ့ အမျိုးသားတွေရဲ့ ဇနီးမယားတွေစုတယ်။ ပြီးတော့ Sprine ဆိုတဲ့ မုဆိုးမများအဖွဲ့ကို

www.foreverspace.com.mm

ဖွဲ့ပြီး ဈေးရောင်းတယ်။ ရလာတဲ့အမြတ်တွေနဲ့ ကလေးတွေကျောင်းစရိတ်၊ HIV နဲ့ ဆေးရုံတက်နေရသူတွေရဲ့စရိတ်ကို ထောက်ပံ့တယ်”ဟု AIDS ရောဂါဖြင့် ခင်ပွန်းဆုံးပါးသွားခဲ့ရသော ဇနီးသည်တစ်ဦးဖြစ်သူ မဆွေဝင်းက ပြောကြားသည်။

ယင်းကဲ့သို့ အဖွဲ့ကလေးပြုလုပ်ကြရာတွင် ရောဂါပိုးကူးစက်ခံရသော ဘဝတူဝေဒနာရှင်များ ပုံမှန်ဘဝပြန်လည်ရရှိရေး အပြင် ကိုယ့်အားကိုယ်ကိုးကာ အချင်းချင်း အားပေးကူညီကြကြောင်း၊ ယခင်က မည်သို့ပင်အခြေအနေချင်းကွဲပြားခဲ့စေကာမူ HIV ပိုးရှိကြောင်း စစ်ဆေးတွေ့ရှိပြီးဆိုသည်နှင့် အားလုံးခံစားချက်ချင်း တူညီသွားကြရာမှ မိမိခံစားရသမျှကို မိသားစု၊ ပတ်ဝန်းကျင်တွင် ပြောပြမရသောစကားလုံးများကို ဆွေးနွေးပြောဆိုကြကြောင်း၊ စနစ်တကျဖွဲ့စည်းပြီး ငွေကြေးထိန်းသိမ်းတတ်စေရန်၊ အလှူငွေရှာဖွေတတ်စေရန်၊ အလုပ်အကိုင်ရရှိလာနိုင်စေရန် ကူညီပေးသော ယင်းကဲ့သို့အဖွဲ့အစည်းများ မြန်မာနိုင်ငံတွင် ၁၀၀ ကျော်ခန့်ရှိပြီး ရန်ကုန်မြို့တွင် ၄၂ ဖွဲ့ခန့်ရှိကြောင်း MPG မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

“နဂိုကတည်းကလည်း ကျွမ်းကျင်တဲ့အသက်မွေးလုပ်ငန်းကလည်းမရှိ၊ နေ့စဉ်စားသောက်ဖို့ဝင်ငွေမရှိဘူး။ အလုပ်အကိုင်အခွင့်အလမ်းကလည်း နည်းလာတော့ ပုံမှန်ဘဝပြန်ရဖို့ အသက်မွေးလုပ်ငန်းတွေ သင်ပေးရတယ်။ အခုဆို ဒီလိုလုပ်ပေးလို့ စက်ချုပ်၊ ကားမောင်း၊ ဈေးရောင်းတဲ့သူတွေတောင်ရှိနေပြီ။ သူတို့ကလည်း တခြားသူတွေအတိုင်း လုပ်နိုင်ပါတယ်။ အရင်က Positive (HIV ပိုးရှိသူ) တွေ ရောင်းတာဆိုရင် မစားဘူး အောက်မေ့တာ၊ လက်ခံလာတာတွေ တွေ့ရပါတယ်။ ဒါပေမဲ့ နည်းပါသေးတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

HIV ရောဂါပိုးကူးစက်ခံရသူများ၏ ဘဝအခြေအနေများကို ရေးသားနေသော စာရေးသူတစ်ဦးဖြစ်သူ လှိုင် (PEER) က ၎င်းသည် သင်္ဘောကုမ္ပဏီ မန်နေဂျာရာထူးမှ အလုပ်ထုတ်ခံရပြီးနောက် ဘဝတူများနှင့်စုပေါင်းကာ Good Hope အဖွဲ့ကို ဖွဲ့စည်းပြီး ဝင်ငွေတိုးလုပ်ငန်းအဖြစ် အသားရောင်းခြင်း၊ မီးသွေးရောင်းခြင်း စသည်တို့ကို ပြုလုပ်နေကြောင်း၊ ရရှိလာသောအမြတ်ငွေများနှင့် အလှူရှင်များက လှူဒါန်းငွေများကို သေတ္တာတစ်လုံးထဲတွင် စုထည့်ထားပြီး သေတ္တာသော့များကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ ကြီးကြပ်ရေးမှူးတို့တွင်ထားရှိကာ အဆိုပါ လေးဦးဆုံမှသာ ယင်းသေတ္တာကိုဖွင့်ကြကြောင်း ပြောကြားသည်။

**ဝန်ထမ်း၏ မိဘ၊ မောင်နှမများ နေမကောင်းဖြစ်ပါက ခွင့်ပေးသည် ဖြစ်ရာ ဝန်ထမ်းကိုယ်တိုင် ကျန်းမာရေး မကောင်းပါက ဦးစားပေးရမည်ဖြစ်ကြောင်း၊ သို့သော် အလုပ်သဘောအရ အလုပ်များနေသောကာလအတွင်း ၎င်းခွင့်ယူသည့်အကြိမ်များပြားလာ၍ လုပ်ငန်းကိုထိခိုက်မှုသိသာပါကလည်း ကောင်း၊ ယင်းရောဂါပိုးရှိသူသည် လုပ်ငန်းခွင်တွင် အရေးကြီးသောနေရာတွင်ရှိနေပါက ယင်းရောဂါလက္ခဏာများပေါ်ပေါက်လာပြီး ကျန်းမာရေး ကျဆင်းလာလျှင် အလုပ်အတွက် လုပ်နိုင်စွမ်းအားပေါ်မူတည်၍ စဉ်းစားမည် ဖြစ်ကြောင်း အဆိုပါလုပ်ငန်းရှင်က ဆက်လက်ပြောကြားသည်။**

“HIV ပိုးရှိနေပေမယ့် ဒီလိုလူတွေမှာ ဦးဆောင်ကောင်းတဲ့သူ၊ နောက်လိုက်ကောင်းတဲ့သူတွေ၊ တော်တဲ့သူတွေရှိတယ်။ တချို့တွေက ဒီလိုနှိမ်တာကိုမခံနိုင်လို့ ပိုကြိုးစားလုပ်ပြကြပြီး အောင်မြင်သွားတာတွေရှိတယ်။ အဖွဲ့အစည်းတွေထူထောင်တာက အကျိုးအမြတ် ရတာရှိသလို၊ ပျက်တာလည်း ရှိတယ်။ ဒါက လုပ်ငန်းသဘာဝအရဖြစ်တတ်တာပဲ”ဟု ဒေါက်တာစစ်နိုင်က ပြောကြားသည်။

သို့ရာတွင် အချို့မှာ အခွင့်အရေးရယူရန် မျှော်လင့်ချက်ဖြင့် အဖွဲ့အစည်းတစ်ခုမှတစ်ခုသို့ ကူးပြောင်းကာ အလှူငွေရယူခြင်း၊ ရန်ပုံငွေရှာဖွေခြင်းဖြင့် အခွင့်အရေးယူနေသူများရှိသောကြောင့် အမှန်တကယ်လိုအပ်နေသူများအတွက် နစ်နာကြောင်း MPG အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

လူတစ်ဦးတွင် ဥစ္စာ၊ ပညာ၊ အလုပ်၊ အသိုင်းအဝိုင်းအင်အားလိုအပ်သည်။ ဥစ္စာမရှိ၊ ပညာအရည်အချင်းနည်းပါး၊ အလုပ်လက်မဲ့ဖြစ်လာသော်လည်း လူမှုအသိုင်းအဝိုင်းဖြင့် ဖေးမပါက ပြန်လည်အားပြည့်လာနိုင်မည်ဖြစ်ရာ အသိုင်းအဝိုင်းအင်အားလိုအပ်ကြောင်း၊ အဆိုပါအဖွဲ့အသိုင်းအဝိုင်းများတွင် စုပေါင်းလုပ်ကိုင်ခြင်းမှာ ကောင်းမွန်ကြောင်း၊ ယင်းအဖွဲ့များရေရှည်တည်တံ့စေရန်၊ လုပ်နည်းမှန်ကန်စေရန်လိုအပ်ပြီး ယင်းနည်းလမ်း၊ လုပ်နည်းမှန်များသိရှိပြီး လုပ်ဆောင်ရန်လည်းလိုအပ်ကြောင်း ဒေါ်ကေသီရှိန်က ပြောကြားသည်။

သီအိုရီအရ ခွဲခြားဆက်ဆံမှုမရှိသင့်သော်လည်း လက်တွေ့တွင်ရှိနေဦးမည်ဖြစ်သည်။ မည်သူမဆို ခွဲခြားဆက်ဆံသူနှင့် ခွဲခြားခြင်းခံရသူနေရာနှစ်ခုအနက် တစ်ခုခုတွင်ရှိနေမည်ဖြစ်သော်လည်း ယင်းနှစ်ခု၏ ကွာဟချက်နည်းပါးပါက ပို၍ကောင်းမွန်လာနိုင်မည်ဖြစ်သည်။

မဆွေဝင်းကဲ့သို့ ဘဝကို အနိုင်မခံ အရှုံးမပေးဘဲ AIDS ရောဂါကူးစက်ခံရသူများအချင်းချင်းပူးပေါင်းကာ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနေသော ခြေလှမ်းများအတွက် ခွဲခြားဆက်ဆံခြင်းများလျှော့ချပြီး လူသားအချင်းချင်း နားလည်မှု၊ စာနာမှုများဖြင့် လက်တွဲပေးနိုင်ပါက ၎င်းတို့ ရှေ့ဆက်ရမည့်ခြေလှမ်းများ ဖြောင့်ဖြူးလာပါလိမ့်မည်။

**ဇာဏီထွဏ်း**

www.foreverspace.com.mm

### ဘုရင့်နောင်ကုန်စည်ဈေးကွက်

မြန်မာနိုင်ငံ၏ အကြီးဆုံးလယ်ယာထွက်ကုန်သီးနှံမျိုးစုံရောင်းဝယ်ရေးဈေးကွက်ဖြစ်သော ဘုရင့်နောင်ပွဲရုံတွင် ပွင့်လင်းရာသီဖြစ်သည်နှင့်အညီ အနည်းငယ်ပြန်လည်စည်ကားလာသည်ကို တွေ့မြင်ရသည်။ ကာလအတန်ကြာပျောက်ကွယ်နေသည့် ဆန်အိတ်ပုံများကြားတွင် ဆန်များပုံ၍ ကတ္တားချိန်အိတ်သွတ်နေသည့်မြင်ကွင်းများ ပြန်လည်သက်ဝင်လှုပ်ရှားလာသည်ကို တွေ့မြင်ရသည်။

စားဖိုဆောင်သီးနှံဈေးကွက်တွင် ပြီးခဲ့သည့်လအထိ စံချိန်တင်မြင့်တက်နေသော ကြက်သွန်နီဈေးနှုန်းများ ထက်ဝက်ခန့်ကျဆင်းလာသကဲ့သို့ ရေတိုက်ရှည်တစ်ပိဿာလျှင် ကျပ် ၂,၀၀၀ အောက်သို့ ပြန်လည်ကျဆင်းလာကြောင်း၊ ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်သို့ ပဲတီစိမ်း၊ ခရမ်းရွှေဝါ အသစ်များ စတင်ဝင်ရောက်လာကြောင်း၊ စားအုန်းဆီဈေးနှုန်းမှာမူ တက်ပြီးမှ ပြန်ကျလာကြောင်း၊ ဆန်ပွဲရုံများသည် ပြည်ပတင်ပို့ခွင့်ကို မျှော်လင့်နေကြောင်း သက်ဆိုင်ရာပွဲရုံလုပ်ငန်းရှင်များ၏ အဆိုအရ သိရှိရသည်။

### ဒေါက်ချိုးကျတဲ့ မိုးကြက်သွန်

နွေကြက်သွန်ပေါ်ချိန်တွင် ပြည်ပသို့တင်ပို့ခွင့်ရရန်အတွက် ကုမ္ပဏီကြီးအချို့သည် ယခုနှစ်ပေါ်သည့် မိုးကြက်သွန်များကို ဈေးဆွဲချမှုကြောင့် ကြက်သွန်နီဈေးနှုန်းသည် ထက်ဝက်ခန့်ကျဆင်းလာကြောင်း၊

# ရန်ကုန် ကုန်စည်ဈေးကွက်

**နိုင်မင်းဝေ ၊ ဇာလီကျော်**



www.foreverspace.com.mm



ယခုနှစ်ပေါ်သည့် မိုးကြက်သွန်သည် အထားမခံ၍ သိုလှောင်ရောင်းချ၍မရကြောင်း၊ ပြည်ပမှလည်း မိုးကြက်သွန်ကို နှစ်သက်မှုမရှိကြောင်း၊ မိုးကြက်သွန်ဈေးနိမ့်မှသာ နွေကြက်သွန်ကို တင်ပို့ခွင့်ရမည်ဖြစ်၍ ထွက်ပေါက်အားလုံးပိတ်ပြီး ပြည်တွင်းဈေးကွက်ကိုသာ ရောင်းချစေသဖြင့် တစ်ရက်လျှင် တစ်ပိဿာ ၅၀၊ ၁၀၀ ကျပ်ခန့် ဆက်တိုက် ဈေးကျဆင်းလာကြောင်း အောင်သပြေလမ်းမှ စားဖိုဆောင် ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ကြက်သွန်နီနယ်ဈေးမှာလည်း ကျဆင်းနေကြောင်း၊ နွေကြက်သွန်များသည် မတ်လတွင်စပေါ်ပြီး ကြက်သွန်တစ်ပိဿာ ၅၀၀ ကျပ်အောက်သို့ကျဆင်းမှသာ ပြည်ပတင်ပို့ခွင့်ချပေးမည်ဆိုသည့်သတင်းကြောင့် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလာကြောင်း၊ ပြီးခဲ့သည့်လက ကြက်သွန်နီအမြင့်တစ်ပိဿာ ကျပ် ၁,၀၀၀ ခန့်၊ အနိမ့်တစ်ပိဿာ ကျပ် ၆၀၀ ခန့်ရှိရာမှ ယခုလတွင် အမြင့်တစ်ပိဿာ ကျပ် ၆၀၀ ခန့်၊ အနိမ့် တစ်ပိဿာ ၂၅၀ ကျပ်ခန့်သာရှိကြောင်း၊ နေ့စဉ် ကြက်သွန်ကား ၁၅ စီး၊ အစီး ၂၀ ခန့် ပုံမှန်ဝင်ရောက်နေကြောင်း ကုန်စည်ဒိုင်အခြေစိုက် ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။


“ဒီအတိုင်းထွက်ပေါက်မရှိရင်တော့ ဈေးဆက်ကျမှာပဲ” ဟု ၎င်းက သုံးသပ်ပြောကြားသည်။

## လက်ကျန်နည်း ရှမ်းကြက်သွန်ဖြူ

ကြက်သွန်ဖြူအသစ်များမပေါ်သေးသဖြင့် ဈေးကွက်အတွင်း ရှမ်းကြက်သွန်ဖြူတစ်မျိုးသာရှိကြောင်း၊ လက်ကျန်နည်းနေ၍ ဈေးတက်လာသော်လည်း တစ်ပိဿာ ကျပ် ၄၀၀၀ ခန့်ဖြစ်ချိန်တွင် ဝယ်မည့်သူမရှိတော့၍ ဈေးပြန်ချပေးရကြောင်း၊ မြင်းခြံနှင့် မုံရွာတို့မှ ကြက်သွန်ဖြူများ ရာသီဥတုကြောင့် ထွက်ချိန်နောက်ကျနေကြောင်း၊ လက်ရှိ ကြက်သွန်ဖြူအနိမ့် တစ်ပိဿာ ၂၇၀၀ ကျပ်၊ အမြင့် တစ်ပိဿာ ၃၆၀၀ ကျပ်ခန့်ရှိပြီး ကြုံကုတ် တစ်ပိဿာ ၂၄၀၀၊ ၂၅၀၀ ကျပ်ခန့်ရှိကြောင်း၊ ကြက်သွန်ဖြူအဝင်များသည့်ရက်ဆိုလျှင် အိတ် ၄၀၀၊ ၅၀၀ ခန့် ဝင်ရောက်ပြီး ပျမ်းမျှတစ်ရက်လျှင် ၃၀၀ ခန့် ဝင်ရောက်ကြောင်း ဘုရင့်နောင်ပွဲရုံ ၄၀လမ်းမှ ကြက်သွန်ဖြူရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## တစ်ပိဿာ ၂၀၀၀ ကျပ်အောက်ရောက် ငရုတ်

ငရုတ်ရှည်များ ဒေသစုံမှ ဝင်ရောက်လာသဖြင့် ငရုတ်သီးဈေးနှုန်းသည် တစ်ပိဿာ ကျပ် ၂၀၀၀ အောက်သို့ ကျဆင်းလာကြောင်း၊ ငရုတ်သီးသစ်များ ဝင်ရောက်လာနေသော်လည်း ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် အဝင်နည်းကြောင်း၊ ငရုတ်အဝင်နည်းသော်လည်း ဝယ်သူမရှိ၍ ဈေးချရောင်းရကြောင်း၊ ကျောက်ရဲ၊ ဟင်္သာတ (ဓမ္မိ)၊ မုံရွာ၊ တမူး၊ မြဝတီ၊ ရှမ်း၊ မြင်းခြံမှ ငရုတ်သီးခြောက်များ ဝင်ရောက်နေသကဲ့သို့ ပခုက္ကူမှလည်း ငရုတ်သီးများ စပေါ်နေကြောင်း ဖေဖော်ဝါရီလအတွင်း မြစ်ဝကျွန်းပေါ်ငရုတ်များထွက်လာလျှင် ငရုတ်သီးဈေးနှုန်းထပ်မံကျဆင်းနိုင်ကြောင်း ဘုရင့်နောင်ပွဲရုံ အောင်သပြေလမ်းမှ ငရုတ်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြား



www.foreverspace.com.mm

သည်။

ပြည်တွင်းငရုတ်များဈေးကောင်းချိန်က ဝင်ရောက်လာခဲ့သော အိန္ဒိယနှင့် ဗီယက်နမ် ငရုတ်များသည်လည်း တစ်ပိဿာ ၃၀၅၀ ကျပ်မှ တစ်ပိဿာ ၂၅၀၀ ကျပ်အထိ ကျဆင်းလာကြောင်း၊ ငရုတ်အနီမှဲ့စတစ်ပိဿာ ကျပ် ၁၉၀၀၊ အမြင့်စတစ်ပိဿာ ၂၂၀၀ ကျပ်ခန့်ရှိကြောင်း၊ ငရုတ်အပုတစ်ပိဿာ ၅၀၀၀၊ ၂၂၀၀၊ ၂၉၀၀ ကျပ်ခန့်ရှိကြောင်း၊ ဝယ်လိုအားနည်းပါးသဖြင့် အိတ် ၁၀၀ ခန့် ကုန်ရန် ဝယ်သူ ၃၀ ခန့် ရှာရောင်းရကြောင်း၊ ဘုရင့်နောင်ပွဲရုံသို့ တစ်ရက်လျှင် ပျမ်းမျှငရုတ်အိတ် ၁၀၀၀ ခန့် ပုံမှန်ဝင်ရောက်နေကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

## အာလူးဈေး ငြိမ်

ဒီဇင်ဘာလကုန်ပိုင်းမှစ၍ ဆင်ဖြူကျွန်းအာလူးများ စတင်ဝင်ရောက်လာကြောင်း၊ ရှမ်းအာလူးနှင့် ဆင်ဖြူကျွန်းအာလူးနှစ်မျိုး ဝင်ရောက်ချိန်တွင် အာလူးဈေးနှုန်းသည် ငြိမ်သက်နေကြောင်း၊ ရှမ်းအာလူးတုံးသွားလျှင် အာလူးဈေးနှုန်း အပြောင်းအလဲဖြစ်နိုင်ကြောင်း၊ တစ်ရက်လျှင် အာလူးကား နှစ်စီး၊ သုံးစီးခန့် ပုံမှန်ဝင်ရောက်နေပြီး အာလူးဈေးကောင်းသည့်အပတ်ဆိုလျှင် လေးစီး၊ ငါးစီးခန့်ဝင်ရောက်လာကြောင်း၊ လာမည့်လတွင် ဆင်ဖြူကျွန်းအာလူးများ ပေါပေါများများဝင်လာရန်ရှိကြောင်း အောင်သပြေလမ်းမှ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ခရမ်းရွှေဝါ အသစ်ပေါ်

ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်သို့ ပဲတီစိမ်း ခရမ်းရွှေဝါများ စတင်ဝင်ရောက်လာပြီး ပေါ်ဦးပေါ်ဖျား ဈေးကောင်းရနေကြောင်း၊ မတ်ပဲမှာမူ RC တစ်မျိုးတည်းသာအရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံမှာမူ အရောင်းအဝယ်မဖြစ်ဘဲ ပြီးခဲ့သည့်လကထက် ခေါ်ဈေးမြင့်လာကြောင်း ၊ ပို့ကုန်ဝင်ငွေ ပြန်လည်ကျဆင်းလာပြီး ပဲအသစ်များနယ်မှ အဝင်များလာလျှင် တရုတ်နှစ်သစ်ကူးပြီး နောက်ပိုင်းကာလများတွင် ပဲအရောင်းအဝယ် ပိုသွက်လာနိုင်ကြောင်း၊ ဇန်နဝါရီလနောက်ဆုံးပတ်တွင် မတ်ပဲ Raw တစ်အိတ် ၆၈,၀၀၀ ကျပ်၊ RC တစ်တန် ၇၀၀,၀၀၀ ကျပ်၊ ၇၀၅,၀၀၀ ကျပ်၊ SQ RC တစ်တန် ၈၀၅,၀၀၀ ကျပ်၊ ခရမ်းရွှေဝါ တစ်အိတ် ၉၃,၀၀၀ ကျပ်၊ ပဲစင်းငုံနီ တစ်တန် ၈၄၅,၀၀၀ ကျပ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ Export Earning တစ်ဒေါ်လာ ၁၀၁၅ ကျပ်ခန့်သာရှိတော့ကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။

## ငြိမ်နေသည့် စားဆီ

အခြေခံလူတန်းစားများအများဆုံး



www.foreverspace.com.mm



စားသုံးသည့် စားအုန်းဆီ ပြင်ပပေါက်ဈေးမှာ သိသိသာသာပြောင်းလဲမှုမရှိဘဲငြိမ်နေကြောင်း၊ ဇန်နဝါရီလပထမပတ်တွင် တစ်ပိဿာ ၁၇၉၀ ကျပ်ရှိရာမှ ဒုတိယပတ်အတွင်း ၁၈၅၀ ကျပ်အထိမြင့်တက်ခဲ့သော်လည်း နယ်စပ်မှ စားအုန်းဆီများဝင်လာသဖြင့် ဇန်နဝါရီလနောက်ဆုံးပတ်တွင် ၁၇၉၀ ကျပ်ပြန်ဖြစ်လာကြောင်း၊ စားအုန်းဆီကိုယ်စားလှယ်များ၏ ဘဏ်သွင်းဈေးမှာ တစ်ပိဿာ ၁၄၉၇ ကျပ်မှ ၁၅၁၄ ကျပ်သို့ ပြောင်းလဲခဲ့ကြောင်း၊ မြေပဲဆီမှာ ပီပါဈေး တစ်ပိဿာ ၃၁၀၀ ကျပ်ခန့်ရှိကြောင်း၊ စားအုန်းဆီ FOB တစ်တန်လျှင် ၇၈၅ ဒေါ်လာမှ ၇၆၀ ဒေါ်လာအထိ ကျဆင်းလာပြီး ငွေလဲနှုန်း (Earning) မှာလည်း ၁၁၅၂ မှ ၁၁၀၀ ကျပ်အထိ ကျဆင်းလာကြောင်း ကုန်စည်ဒိုင်မှ စားအုန်းဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ညောင်ပင်လေးပလာဇာ

လက်လီ၊ လက်ကားရောင်းချပြီး ဒေသစုံဝယ်လိုအားရှိနေသေးသည့် ညောင်ပင်လေးပလာဇာဈေးကွက်မှာ နှစ်သစ်ကူးပွဲတော်ရက်များရှိနေခဲ့သောကြောင့် ၂၀၀၉ ခုနှစ်ကုန် ဒီဇင်ဘာလနှောင်းပိုင်းရက်များမှ ၂၀၁၀ ဇန်နဝါရီလ ပထမပတ်ကျော်လွန်သည်အထိ ဝယ်လိုအားပမာဏ တက်လာခဲ့သော်လည်း ဇန်နဝါရီလနှောင်းပိုင်းရက်များမှ ဖေဖော်ဝါရီလ ၁ ရက်အထိ အရောင်းဈေးကွက်ပြန်လည်ငြိမ်သက်သွားပြီဖြစ်ကြောင်း ညောင်ပင်လေးပလာဇာအတွင်းမှ သိရသည်။

"ဝန်ထမ်းတွေ လစာတိုးတဲ့ကိစ္စကတော့ ဈေးကွက်မှာ ဘာရိုက်ခတ်မှုမှဖြစ်တာမရှိပါဘူး" ဟု အဆိုပါပလာဇာအတွင်း စားသောက်ကုန်ရောင်းချသူလုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

ဈေးကွက်အတွင်း၌ စားသုံးသူများအနေဖြင့် လိုအပ်ချက်များပေါ်မူတည်၍ လိုအပ်သည်အထိသာ ဝယ်ယူကြကြောင်းနှင့် ယခင်ကကဲ့သို့ ကြိုတင်ဝယ်ယူစုဆောင်းသည့်အနေအထားတစ်ရပ်မှာ မရှိတော့ကြောင်း ညောင်ပင်လေးပလာဇာထူထောင်သည့်သက်တမ်းနှင့် မတိမ်းမယိမ်း ဈေးရောင်းချလာခဲ့သူတစ်ဦးက ၎င်း၏အတွေ့အကြုံကို သုံးသပ်ရှင်းပြသည်။

ထို့အတူ ညောင်ပင်လေးပလာဇာ၏ ပုံမှန်အရောင်းသွက်ရက်များမှာလည်း များသောအားဖြင့် ပုံမှန်မရှိတော့ဟု ယင်းဈေးကြီးအတွင်းမှ စုံစမ်းသိရှိရသည်။ တနင်္လာနှင့် စနေနေ့တို့မှာ ပုံမှန်အရောင်းကျလေ့ရှိသည့်ရက်များဖြစ်သော်လည်း ယခုအခါ ပုံသေတွက်၍မရတော့ကြောင်း၊ တစ်ခါတစ်ရံ အဆိုပါရက်များတွင် ဝယ်သူပါး၍ အရောင်းအေးနေပြီး ကျန်ရက်အချို့တွင် အရောင်းသွက်နေတတ်ကြောင်း လုပ်ငန်းရှင်တစ်ဦးက ဈေးကွက်အတွင်း ရောင်းအားအတက်အကျရှိသည့်နေ့များ၏ အနေအထားကိုရှင်းပြသည်။

## အချိုရည်အတက် အဆင်း

အချိုရည်ဈေးကွက်မှာ ဇန်နဝါရီလနှောင်းပိုင်းရက်များအတွင်းက မြဝတီ၊ မဲဆောက်လမ်းပန်းဆက်သွယ်ရေးပိုင်းတွင် အနည်းငယ်အခက်အခဲရှိခဲ့သည့်အတွက် ပစ္စည်းအဝင်နည်း၍ ယင်းလမ်းပိုင်းမှဝင်ရောက်သည့် အချိုရည်အချို့ဈေး အနည်းငယ်မြင့်သွားခဲ့ကြောင်း၊ အထူးသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ထွန်းသည့် Coke အပါအဝင် အချိုရည် (သံကပ်) တို့မှာ တစ်ကတ်လျှင် ၅၀၀ ကျပ်အထိဈေးကွာဟမှုရှိသွားကြောင်း စုံစမ်းသိရှိရသည်။ သို့သော်လည်း ဖေဖော်ဝါရီလ ၁ ရက်တွင် သိရှိရသည့်ဈေးနှုန်းများအရ ပစ္စည်းပုံမှန်ပြန်လည်ဝင်ရောက်သည့် အချိုရည်တို့မှာမူ တစ်ကတ်လျှင် ၂၀၀ ကျပ်အထိသာ ဈေးကွာဟမှုရှိတော့ပြီး ပစ္စည်းအဝင်ပြတ်နေသည့် အချိုရည်အမျိုးအစားအချို့တို့သာ ဈေးအနည်းငယ်မြင့်လျက်ရှိနေသေး၍ ယင်းတို့မှာလည်း ပစ္စည်းပြန်ဝင်ပါက ဈေးပြန်ကျသွားမည်ဖြစ်ကြောင်း ညောင်ပင်လေးပလာဇာအတွင်းရှိ အချိုရည်လက်လီလက်ကား အရောင်းဆိုင်ကြီးများထံမှ သိရသည်။

## အဝင်အထွက်ပေါ်မူတည်သည့်ဈေးနှင့် အမယ်သစ်ကော်ဖီမစ်များ

ပြည်တွင်းထုတ်များနှင့် ပြိုင်ဆိုင်နေသော ပြည်ပမှဝင်ရောက်သည့်ကော်ဖီမစ်ဈေးကွက်တွင် နာမည်ရပစ္စည်းအချို့ ဈေးအနည်းငယ်ကျ၍ ဈေးကွက်အတွင်း ရောင်းအားကျနေသည့် ကော်ဖီမစ်အချို့မှာမူ ဈေးအနည်းငယ်တက်သွားခဲ့ရာ ယင်းမှာ



www.foreverspace.com.mm

ဈေးကွက်အတွင်းသို့ ပစ္စည်းအဝင်အထွက်ပေါ်မူတည်ပြီးပြောင်းလဲခြင်းဖြစ်ကြောင်း၊ ပြည်ပကော်ဖီမစ်ဈေးကွက်တွင် ဝယ်လိုအားသုံးချိုးနှစ်ချိုးကျဆင်းသွားခဲ့သော Mister Cup ကော်ဖီမစ်မှာ ဇန်နဝါရီလဆန်းက ၂၀၀၀ ကျပ်သာရှိရာမှ ဖေဖော်ဝါရီလ ၁ ရက်ပေါက်ဈေးအရ ၂,၂၀၀ ကျပ်ဖြစ်နေပြီး ကော်ဖီမစ်အချို့ပစ္စည်းအဝင်ပြတ်၍ Mister Cup ကို အစားထိုးခြင်းကြောင့်ဖြစ်သည်ဟု သိရကြောင်း၊ ပြည်တွင်းဈေးကွက်ခိုင်မာမှုရရှိနေသော Birdy အမှတ်တံဆိပ်မှာ ယခင်လက ၂,၈၅၀ ကျပ်မှ ၃,၀၀၀ ကျပ်နီးပါးအထိရှိနေခဲ့ရာမှ ယခုအခါ ၂,၇၅၀ ကျပ်သို့ ပြုတ်ကျလာကြောင်း ပြည်ပထုတ်ကော်ဖီမစ်များတင်သွင်းရောင်းချသူ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ပြည်တွင်းထုတ်ကော်ဖီမစ်ဈေးကွက်တွင် ကော်ဖီမစ်အမျိုးအစား များစွာထွက်ရှိနေသည့်အတွက် အမှတ်တံဆိပ်သစ်များတိုးလာလျက်ရှိရာ ထုတ်လုပ်သူများအနေဖြင့် မိမိဈေးကွက်ပဲ့ပါမသွားရေးကို နည်းလမ်းစုံသုံးကာ ထိန်းသိမ်းနေရကြောင်း ပလာဇာရှိ ကော်ဖီမစ်လက်ကား ဖြန့်ချိသူတစ်ဦးက ပြောပြသည်။

အခြားစားသောက်ကုန်လုပ်ငန်းရှင်တစ်ဦးကလည်း "Brand တွေက ရိုးလာသလာတယ်။ ဒါကြောင့် Brand အသစ်၊ ထုပ်ပိုးမှုအသစ်နဲ့ စားသုံးသူကိုဆွဲဆောင်ဖို့ကြိုးစားတယ်" ဟု ကော်ဖီမစ်အမယ်သစ်များ တိုးလာခြင်းနှင့်ပတ်သက်၍ သုံးသပ်သည်။

အရည်အသွေးပိုင်းမှာမူ အားနည်းချက်ရှိနေဆဲဖြစ်ကြောင်းလည်း သုံးသပ်သူတို့ကဆိုကြသည်။ ဈေးနှုန်းများအနေနှင့်မူ ဖေဖော်ဝါရီလ ၂ ရက် ပေါက်ဈေးများအရ Gold Roast မှာ ယခင်လကထက် ၅၀ ကျပ်ခန့်ဈေးကျသွားပြီး ၃,၉၅၀ ကျပ်၊ Super မှာ ယခင်လထက် ၆၀ ကျပ်မြင့်၍ ၃,၉၆၀ ကျပ်၊ Premier မှာလည်း အလားတူ ၅၀ ကျပ်မြှင့်၍ ၂,၅၅၀ ကျပ်၊ မီကို ကော်ဖီမစ်မှာမူ ၃,၇၀၀ ကျပ် ပေါက်ဈေးရှိနေကြောင်းတွေ့ရသည်။

## ဆပ်ပြာပြန်ငုပ်

ဆပ်ပြာတောင့်ဈေးကွက်တွင် ရွှေဝါဆပ်ပြာမှာ ယခင်လက ၁၆,၀၀၀ ကျပ်ခန့်အထိပြန်မြင့်လာခဲ့သော်လည်း ဖေဖော်ဝါရီလ ၂ ရက်တွင် သိရှိရသည့်ပေါက်ဈေးများအရမူ အတောင့် ၈၀ ပါ ဆပ်ပြာတစ်ဖာလျှင် ၁၅,၅၀၀ ကျပ်သို့ ပြန်လည်ကျဆင်းနေကြောင်း ညောင်ပင်လေးပလာဇာအတွင်းမှ စုံစမ်းသိရှိရသည်။



ရွှေဝါဆပ်ပြာများမှာ ယခင်က နယ်ဈေးကွက်အားကောင်းခဲ့သော်လည်း ယခုအခါတွင် ရန်ကုန်ဈေးကွက်သာရှိနေပြီး နယ်ဈေးကွက်ပြုတ်ကျနေကြောင်း ဆပ်ပြာလက်လီ၊ လက်ကားဖြန့်ချိသူတစ်ဦးထံမှ သိရှိရသည်။

ယခုလတ်တလော ညောင်ပင်လေးပလာဇာဈေးကွက်တွင် 'ဝါဝါ' ဆပ်ပြာတောင့်မှာ လအနည်းငယ်အတွင်း သိသာစွာ အရောင်းတက်လာကြောင်း၊ ယင်းဆပ်ပြာမှာ အတောင့် ၈၀ ပါ တစ်ဖာလျှင် ၈,၄၀၀ ကျပ်ရှိခြင်းနှင့် ရနံ့မွှေးမှုတို့ကြောင့်ဖြစ်နိုင်ပြီး လယ်သမားများ ပိုမိုအကြိုက်တွေ့နေကြကြောင်း၊ အဆိုပါကုမ္ပဏီမှပင် ထုတ်လုပ်သော 'ဝါးမွှေး' ဆပ်ပြာတောင့်မှာလည်း တစ်ဖာလျှင် ၇,၇၀၀ ကျပ်၊ 'ဝါတစ်လုံး' မှာ ၇,၈၀၀ ကျပ်တို့ ပေါက်ဈေးရှိနေကြောင်း အဆိုပါဈေးကြီး ပထမထပ်ရှိ ဆပ်ပြာအရောင်းဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဈေးကွက်အတွင်းဝင်ရောက်မှုသက်တမ်း တစ်နှစ်ခန့်အတွင်းသာရှိသေးပြီး ၂၀၀၉ ခုနှစ်အတွင်းက ဈေးကွက်အတွင်း အရောင်းသွက်လူကြိုက်များခဲ့သော ဂေါ်ဇီလာဆပ်ပြာမှာ ၁၉,၉၂၀ ကျပ်နှင့် ဆင်မင်းဆပ်ပြာ ၁၂,၈၀၀ ကျပ်ရှိနေပြီး အခြားပုဂ္ဂလိကထုတ်ဆပ်ပြာများဖြစ်သော ရွှေမင်းသားဆပ်ပြာမှာ ၁၉,၅၀၀ ကျပ်၊ နေဝါဆပ်ပြာ ၁၅,၀၀၀ ကျပ် စသည်ဖြင့် ပေါက်ဈေးအသီးသီး ရှိနေသည်။

ဆပ်ပြာမှုန့်ဈေးကွက်တွင်မူ ယခုအခါ အမှုန့်အသုံးပြုသူနည်းပါးလာခဲ့ပြီး ခရင်(မ်) ကိုအသုံးများလာကာ လက်ရှိတွင် နာမည်ရအမှတ်တံဆိပ်အချို့တို့သာ အသုံးများမှုရှိနေတော့ကြောင်း ညောင်ပင်လေးပလာဇာ ဆပ်ပြာမှုန့်ဈေးကွက်အတွင်းမှ သိရသည်။

## ဗျူဟာလိုနေတဲ့သကြား

ကြံစိုက်ပျိုးသူ တောင်သူတို့မှာ ယမန်နှစ်က သကြားဈေးကျဆင်းမှုကြောင့် စိုက်

www.foreverspace.com.mm



ပျိုးမှုလျော့ချခဲ့ရာ ယခုနှစ်တွင် ကုန်ကြမ်းအထွက်နည်းမည်ဖြစ်သည့်အပြင် ပြည်ပဈေးကွက်တွင်လည်း ဝယ်လိုအားအရိပ်အခြေရှိနေသောကြောင့် သကြားဝယ်ယူလိုသူများပြားနေသဖြင့် သကြားရှားပါးနိုင်ခြေရှိကြောင်း သကြားဈေးကွက်မှ စုံစမ်းသိရှိရသည်။ ပွက်ရည်ဈေးမှာ ယခင်လအတွင်းက ၈၀၀ ကျပ်နီးပါးအထိ မြင့်တက်ခဲ့ပြီး သကြားဈေးမှာလည်း အရှိန်ဖြင့်ခပ်ကြမ်းကြမ်းပြေးခဲ့ရာ ဇန်နဝါရီလ ၁၈ ရက်တွင် တစ် ပိဿာ ၁,၂၅၀ ကျပ်၊ ၂၃ ရက်တွင် ၁,၃၀၀ ကျပ်၊ ၂၅ ရက်တွင် ၁,၃၄၀ ကျပ်အထိသို့ရောက်ခဲ့သည်ဟု ဘုရင့်နောင်သကြားဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယင်းကဲ့သို့ဈေးနှုန်းများမြင့်တက်သွားခဲ့သော်လည်း ဝယ်လိုအားမှာမူ လိုက်ပါခဲ့မှုမရှိခြင်းကြောင့် ဈေးအနည်းငယ်ပြန်ဆင်းလာခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်တွင် တစ်ပိဿာ ၁,၂၀၀ ကျပ်သို့ ပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ လက်ရှိပွက်ရည်ဈေးမှာလည်း ၇၁၀ ကျပ်သို့ ပြန်လည်ကျဆင်းသွားခဲ့ကြောင်းလည်းသိရှိရပြီး သကြားဈေးမှာလည်း အလတ်စများမှာ တစ်ပိဿာလျှင် ၁,၀၅၀ ကျပ်မှ ၁,၁၀၀ ကျပ်အထိရှိနေကြောင်း ဘုရင့်နောင်ရှိ သကြားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။


လက်ရှိအနေအထားများအရ သကြားဈေးမှာ Export ပေါ်မူတည်နေကြောင်း၊ Export ရှိပါက သကြားဈေးမှာမကျဘဲ ဆက်လက်မြင့်တက်နေနိုင်ကြောင်းနှင့် ယင်းကဲ့သို့ သကြားဈေးမြင့်တက်ပါက ဝယ်လိုအားလျော့နည်းကျဆင်းမှုရှိသွားသည့်အတွက် ရောင်းချသည့်လုပ်ငန်းရှင်များအနေဖြင့်လည်း ဈေးမြင့်ပါကအလုပ်မဖြစ်ကြောင်း ဘုရင့်နောင်ရှိ သကြားရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## အချိုးညီမှုသာ

ဈေးကွက်စီးပွားရေးဟု အမည်တပ်၍ ရောင်းဝယ်ဖောက်ကားလာသော မြန်မာ့ကုန်စည်နှင့် သီးနှံဈေးကွက်သည် သက်တမ်းအားဖြင့် နှစ် ၂၀ နီးပါးရှိလာပြီဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးပေါ်ပေါက်လာမည့် အရပ်သားအစိုးရတစ်ရပ်မတိုင်မီ ဈေးကွက်စီးပွားရေးဟူသောအမည်နာမနှင့် လိုက်လျောညီထွေဖြစ်မည့် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်လာသည်ကိုလည်း တွေ့မြင်ရသည်။ အထူးသဖြင့် နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုခြင်းသည် ဈေးကွက်စီးပွားရေးစနစ်၏ ထင်သာမြင်သာအရှိဆုံး စရိုက်လက္ခဏာတစ်ရပ်ဟု ဆိုနိုင်သည်။ ရန်ကုန်မြို့တော်အခြေပြုလည်ပတ်နေသော သီးနှံနှင့် ကုန်စည်ဈေးကွက်အတွက်မူ ကုန်သွယ်ရေးမူဝါဒများအပြောင်းအလဲကသာ ဈေးကွက်ဖြစ်ထွန်းတိုးတက်မှုကို အဓိကသက်ရောက်စေမည် ဖြစ်သည်။ ထို့ကြောင့် တရားဝင်နိုင်ငံခြားငွေရှိသူတိုင်း မော်တော်ယာဉ်အပါအဝင် အခြားကုန်စည်အားလုံး လွတ်လပ်စွာတင်သွင်းရောင်းဝယ်ခွင့်ပြုခြင်းကဲ့သို့ မူဝါဒအပြောင်းအလဲက နှစ်ပေါင်းများစွာလှိုင်းထလေထန်ခဲ့သော ဈေးကွက်ရေပြင်ကို အတော်ကြီးငြိမ်သွားစေမည့် နိဒါန်းလေပြည်လေညင်း ဖြစ်ပေသည်။

ထို့အတူ နယ်ပယ်အသီးသီးအလိုက်စုဖွဲ့ထားသော အသင်းအဖွဲ့တို့သည်လည်း သက်ဆိုင်ရာနယ်ပယ်အတွင်းရှိ တောင်သူလယ်သမား၊ စီးပွားရေးလုပ်ငန်းရှင်၊ အတတ်ပညာရှင်တို့ အကျိုးစီးပွားနှင့် အမျိုးသားတစ်ရပ်လုံးအကျိုးစီးပွားအလို့ငှာ မျှတ၍ လုပ်သာကိုင်သာရှိသော၊ ခြုံလွှမ်း အကျိုးသက်ရောက်မှုရှိစေသော မူဝါဒကောင်းများ၊ အကြံဉာဏ်ကောင်းများဖြင့် အချိုးကျအကျိုးအမြတ်ခံစားခွင့်ရရှိစေရန် ဆောင်ကြဉ်းသူများဖြစ်လာလျှင် နိုင်ငံစီးပွားဖွံ့ဖြိုးရေး ကားလိပ်အဖွင့်ဟုလည်း ဆိုရမည်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်နှင့်လမ်းများ၊ ဆက်သွယ်ရေးနှင့် ငွေကြေးများ အဆင်ပြေမြန်ဆန်ချောမွေ့စွာ လည်ပတ်နိုင်မည့် ခေတ်မီသောဘဏ်စနစ် အစရှိသည့် စီးပွားရေးရေခံမြေခံများလည်း အချိုးညီညီပြောင်းလဲလာပါက နိုင်ငံ့စီးပွား(ဝါ) အမျိုးသားအကျိုး မုချစီးပွားဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း အစဉ်တစိုက် ဈေးကွက်လေ့လာနေသူများက မှတ်ချက်ပြုကြသည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**



www.foreverspace.com.mm



# စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် ခေါင်းဆောင်မှုစွမ်းရည်

**မျုးခန့်စံ**

**စီးပွားရေးလုပ်ငန်းတစ်ခု တိုးတက်ကြီးပွားမှု အလားအလာသည် လုပ်ငန်းရှင်၏ စီမံခန့်ခွဲမှုစွမ်းရည်၊ ခေါင်းဆောင်မှုစွမ်းရည်တိုးတက်လာမှုနှင့် တိုက်ရိုက်သက်ဆိုင်သည်။ စီးပွားရေးလုပ်ငန်းစတင်တည်ထောင်သော စွန့်ဦးတီထွင်လုပ်ငန်းရှင်တို့သည် လုပ်ငန်းစတင်သည့်အဆင့်နှင့် လုပ်ငန်းရပ်တည်ရေးကြိုးစားခဲ့သည့်အဆင့်တွင် ဆုံးဖြတ်ချက်များကို တစ်ဦးတည်းဆုံးဖြတ်ချလေ့ရှိသည်။ လုပ်ငန်းပမာဏကြီးထွားတိုးတက်လာချိန်တွင် လုပ်ငန်းအနာဂတ်လားရာကို တစ်ဦးတစ်ယောက်၏ဆန္ဒ၊ စွမ်းဆောင်ရည်ဖြင့် ဆုံးဖြတ်လုပ်ကိုင်ရန် မဖြစ်နိုင်တော့ချေ။ ကုမ္ပဏီ၏လုပ်ငန်းစဉ်များ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန်နှင့် ဈေးကွက်အပြောင်းအလဲများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များကို လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်းထားရန် လိုအပ်သည်။**




လုပ်ငန်းရှင်သည် မိမိလက်အောက်ဝန်ထမ်းများကို ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်များကို အပ်နှင်းထားရပေမည်။ ထိုသို့အပ်နှင်းထားရန် ဆန္ဒမရှိပါက မိမိလုပ်ငန်းတိုးတက်ကြီးထွားလာမှုကို ပိတ်ပင်ကန့်သတ်ရာ ရောက်သည်။

လုပ်ငန်းအဆင့်တိုင်းတွင် ထူးခြားကွဲပြားသည့်ဆက်နွှယ်ပတ်သက်မှုများရှိသည်။ ဈေးကွက်ဝေစုကို ထိန်းထားနိုင်ရန် အားနည်းချိန်တွင် ဈေးကွက်အစိတ်အပိုင်း (Segment) သည် အရှိန်အဟုန်ဖြင့် ကြီးထွားလာတတ်သည်ကို ကြုံရတတ်သည်။ ထိုအခြေအနေတွင် လုပ်ငန်းရှင်အနေဖြင့် အသေးအဖွဲ့ပုံမှန်လုပ်ငန်းစဉ်များတွင် နေရာတကာဝင်ပါလျက် ရပြီးသားဈေးကွက်ဝေစုဖြင့် ကျေနပ်နေမည်လား၊ ဈေးကွက်အတွင်း ဖြစ်ပေါ်လာသော အခွင့်အလမ်းများကို အသုံးချ၍ ကုမ္ပဏီကြီးထွားအောင် မဟာဗျူဟာကျကျလုပ်ကိုင်ဆောင်ရွက်မည်လားဆိုသည်ကို ရွေးချယ်ရပေမည်။ လုပ်ငန်းတည်ထောင်သူအများစုသည် ဤအဆင့်တွင် ‘ဟိုဟာလည်းလက်မလွှတ်ချင်၊ ဒီဟာလည်း လက်မလွှတ်ချင်နှင့် သောကပွေကာ’

www.foreverspace.com.mm



ရှုံးနိမ့်သွားလေ့ရှိသည်။ လုပ်ငန်းကြီးထွားအောင်မြင်လိုလျှင် ထိုက်သင့်သော လုပ်ပိုင်ခွင့်များကို အပ်နှင်းထားရန်လိုသည်။

ကုမ္ပဏီ၏အနာဂတ်အောင်မြင်မှုသည် စွန့်ဦးတီထွင်တစ်ဦးတစ်ယောက်၏ စွမ်းဆောင်ရည်ဖြင့် မလုံလောက်၊ ဝန်ထမ်းအားလုံးအပေါ်တွင် မူတည်သည်။ လုပ်ငန်းရှင်က Operation လုပ်ငန်းများတွင် တိုက်ရိုက်ဝင်ရောက်ဆုံးဖြတ်သည်များကို လျှော့ချ၍ ဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် မဟာဗျူဟာချမှတ်ခြင်းများကိုသာ အာရုံစူးစိုက်လုပ်ဆောင်သင့်သည်။ လုပ်ပိုင်ခွင့်အပ်နှင်းထားသော မန်နေဂျာများနှင့် ဝန်ထမ်းအသီးသီးသည် မိမိတို့လုပ်ငန်းတာဝန်များကို အစဉ်ထက်မြက်နေစေရန်အားထုတ်ရပေမည်။ တာဝန်ယူမှုရှိရမည်။ တာဝန်ယူနိုင်စွမ်း ရှိရမည်။ တာဝန်ကျေပွန်ရမည်။ လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်ဝတ္တရားတို့သည် ဟန်ချက်ညီရန်လိုသည်။

ကုမ္ပဏီကြီးထွားလာသည်နှင့်အမျှ ဝန်ထမ်းတို့၏ စီမံခန့်ခွဲမှုစွမ်းရည်၊ ခေါင်းဆောင်မှုစွမ်းရည်များ တိုးတက်မြင့်မားလာရန်လိုသည်။ လုပ်ငန်းရှင်များအနေဖြင့် စာရင်းအင်း၊ ဘဏ္ဍာရေး၊ ဈေးကွက်ရေးရာ၊ လူ့စွမ်းအားအရင်းအမြစ်၊ ဥပဒေရေးရာ၊ အခွန်အခနှင့် စီမံရေးရာကိစ္စများတွင် ထဲထဲဝင်ဝင်ရှိရန်လိုအပ်သကဲ့သို့ ဝန်ထမ်းများအား တာဝန်နှင့် လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေအပ်နှင်းရာတွင် ဆရာတစ်ဆူဖြစ်ရန်လိုအပ်သည်။ ကုမ္ပဏီကြီးထွားလာချိန်တွင် စွန့်ဦးတီထွင်လုပ်ငန်းရှင်သည် 'လုပ်ပိုင်ခွင့်အပ်နှင်းသူ၊ စေ့ဆော်သူ၊ ခေါင်းဆောင်သူ' တစ်ဦး၏အခန်းကဏ္ဍသို့ ရောက်ရှိလာသည်။

ခေါင်းဆောင်မှုပုံစံအမျိုးမျိုးရှိရာတွင် အကောင်းဆုံးခေါင်းဆောင်မှုပုံစံဟူ၍ မရှိပါချေ။ ဖြစ်ပေါ်နေသောအခြေအနေတစ်ရပ်တွင် နောက်လိုက်(ဝန်ထမ်း)များနှင့် အသင့်တော်ဆုံးပုံစံသည် အကောင်းဆုံးခေါင်းဆောင်ပုံစံ ဖြစ်ပါသည်။ ထိရောက်သော ခေါင်းဆောင်မှုဟူသည် နောက်လိုက်ငယ်

**အောင်မြင်သော ခေါင်းဆောင်တို့သည် မိမိကိုယ်ကိုယ် ယုံကြည်မှုအပြည့်အဝရှိသည်၊ ဆုံးဖြတ်ရမည့်ကိစ္စရပ်များကို လွယ်လင့်တကူ ဆုံးဖြတ်နိုင်စွမ်းရှိကြသည်ဟု လက်အောက်ငယ်သားများက မှတ်ထင်ထားလေ့ရှိပြီး လွယ်လွယ်ပင်လိုက်ပါလုပ်ဆောင်ပေးတတ်ကြသည်။ အောင်မြင်သော ခေါင်းဆောင်တို့သည် မသေချာမှုများကို ကျွမ်းကျင်နိုင်နင်းစွာ ကိုင်တွယ်ဆောင်ရွက်နိုင်စွမ်းရှိကြသည်။**

သားတို့၏လက်ခံနိုင်မှုပင်ဖြစ်သည်။ ခေါင်းဆောင်သည် နောက်လိုက်တို့၏ လက်ခံမှုကို လွတ်လွတ်လပ်လပ်ကြည်ကြည်ဖြူဖြူ ရရှိမှသာလျှင် ခေါင်းဆောင်မှုသည် ထိရောက်ပေမည်။

အောင်မြင်သောခေါင်းဆောင်နှင့် ခေါင်းဆောင်မဟုတ်သူများ၏ ခြားနားချက်မှာ 'လွှမ်းမိုးသက်ရောက်နိုင်မှု၊ သြဇာရှိမှု' ပင်ဖြစ်သည်။ အောင်မြင်သောခေါင်းဆောင်တို့သည် လမ်းဟောင်းကိုလိုက်သူမဟုတ်၊ လမ်းသစ်ထွင်ကြီးကြပ်လျှောက်လှမ်းသူများ ဖြစ်သည်။ အဟောင်းတို့နှင့် ကျေနပ်မနေ၊ အသစ်အသစ်တို့ဖြင့် စည်ပင်ဝေဆာစေသူများ ဖြစ်သည်။

ခေါင်းဆောင်မှုပေးရာတွင် အောင်မြင်မှု၏တွန်းအားတစ်ရပ်မှာ နောက်လိုက်အဖွဲ့သားများ၏လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှုနှင့် ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးကို ထိရောက်စွာလမ်းညွှန်နိုင်မှုတို့ကို ဟန်ချက်ညီစေခြင်း ဖြစ်ပါသည်။ ရှင်းလင်းစွာဆိုရလျှင် ဖြစ်ချင်သည်ကို ထိရောက်စွာလမ်းညွှန်ပြီး ဖြည့်ဆည်းစရာရှိသည်များကို ဖြည့်စွမ်းပေးနိုင်ခြင်း ဖြစ်သည်။

ကုမ္ပဏီအချို့တွင် ဦးဆောင်သူပုဂ္ဂိုလ်ကဖြစ်လိုသောရည်မှန်းချက်များ၊ မူဝါဒများချမှတ်ပေးပြီး စီမံခန့်ခွဲမှုအဖွဲ့များက လုပ်ငန်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းမပေးနိုင်သောအခါတွင် အောင်မြင်သင့်သလောက် မအောင်မြင်တော့ချေ။ ရှုံးနိမ့်မှုများပင် ကြုံတွေ့ရတတ်သည်။

တစ်ခါတစ်ရံတွင် လုပ်ငန်းမန်နေဂျာတို့သည် ရရှိထားသော လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်၍ သုံးစွဲသောအခါ အာဏာရှင်ဆန်လာလေ့ရှိသည်။ အောင်မြင်သော မန်နေဂျာတို့သည် လူ့စိတ်သဘောသဘာဝကိုနားလည်ပြီး လူ့စွမ်းအားအရင်းအမြစ်များကိုကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်ကြသည်။ ဝန်ထမ်းများကို ဖိအားပေးစေခိုင်းသည်ထက် ဝန်ထမ်းများနှင့် အတူတကွလက်တွဲဆောင်ရွက်ခြင်းသည် လုပ်ငန်းပိုမိုတွင်ကျယ်ပြီး ဝန်ထမ်းများ၏ ချစ်ကြည်လေးစားမှုကို ရရှိစေပါသည်။ ဝန်ထမ်းများလုပ်ငန်းခွင်တွင် ကျေနပ်ပျော်ရွှင်မှုရရှိကာ ကုမ္ပဏီလုပ်ငန်းများ အောင်မြင်တိုးတက်လာမည် ဖြစ်သည်။

အောင်မြင်သော ခေါင်းဆောင်တို့သည် မိမိကိုယ်ကိုယ် ယုံကြည်မှုအပြည့်အဝရှိသည်၊ ဆုံးဖြတ်ရမည့်ကိစ္စရပ်များကို လွယ်လင့်တကူ ဆုံးဖြတ်နိုင်စွမ်းရှိကြသည်ဟု လက်အောက်ငယ်သားများက မှတ်ထင်ထားလေ့ရှိပြီး လွယ်လွယ်ပင်လိုက်ပါလုပ်ဆောင်ပေးတတ်ကြသည်။ အောင်မြင်သော ခေါင်းဆောင်တို့သည် မသေချာမှုများ (Uncertainly) ကို ကျွမ်းကျင်နိုင်နင်းစွာ ကိုင်တွယ်ဆောင်ရွက်နိုင်စွမ်းရှိကြသည်။ အပြောင်းအလဲကို စိုးရွံ့လိုစိတ်မရှိဘဲ အပြုသဘောဆောင်သော၊ အကောင်းမြင်သောစိတ်သဘောထားရှိကြသည်။ တီထွင်ဆန်းသစ်မှု၊ ပြောင်းလဲမှုကို လိုလားသူဖြစ်ပြီး အပြောင်းအလဲကို တိုးတက်မှုဟု အပြည့်အဝယုံကြည်ကြသည်။ မန်နေဂျာတို့သည် ခေါင်းဆောင်မှုအခန်းကဏ္ဍ၏ အရေးပါမှုကို သိရှိနားလည်ပြီး ဆက်လက်တည်မြဲစေရန်နှင့် လုပ်ငန်းအဖွဲ့အစည်း၏ ရည်မှန်း

www.foreverspace.com.mm

ချက်များ အောင်မြင်စေရန် ပတ်ဝန်းကျင်ပြောင်းလဲမှုများနှင့်အညီ လိုက်ပါတိုးတက်ပြောင်းလဲရမည်။

ခေါင်းဆောင်ကောင်းတို့တွင် သူတကာထက်သာလွန်သော၊ သူတကာမမြင်သာသောအချက်များကို တွေ့မြင်နိုင်စွမ်းရှိပြီးလက်အောက်ငယ်သားများကို တိုးတက်ပြောင်းလဲအောင် အားပေးကူညီလေ့ရှိသည်။ ခေါင်းဆောင်ကောင်းတို့သည် သူတစ်ထူးကိုပါ တကယ်စံပြဖြစ်စေနိုင်စွမ်းရှိကြသူများ ဖြစ်သည်။ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ လုပ်ငန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် အသင်းအဖွဲ့စိတ်ဓာတ်မြင့်မားအောင် အားပေးဆောင်ရွက်လေ့ရှိကြသည်။ ထို့ပြင် အောင်မြင်သော ခေါင်းဆောင်တို့သည် မိမိကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်းရှိကြသည်။ မိမိ၏အရည်အချင်းနှင့် အစီအမံများကို ယုံကြည်မှုအပြည့်ရှိပြီး လုပ်ငန်းရည်မှန်းချက်ပန်းတိုင်ရောက်ရှိအောင် စုစည်းစီမံဆောင်ရွက်နိုင်စွမ်းရှိကြသူများ ဖြစ်သည်။

လက်အောက်ငယ်သားတို့သည် ယုံကြည်လေးစားလောက်သော ခေါင်းဆောင်တို့ကိုသာလိုလားလေ့ရှိသည်။ နောက်လိုက်ငယ်သားများကို မိမိဘက်သို့ပါအောင် ဆွဲဆောင်လိုလျှင် မိမိသည် ယုံကြည်ရသော၊ မိတ်ဆွေကောင်းတစ်ဦးပမာဖြစ်ကြောင်းပြသရန်လိုသည်။ လက်အောက်ငယ်သားများက မိမိကိုတည်ကြည်သူ၊ ပြတ်သားသူ၊ တာဝန်ကျေပွန်သူ၊ တာဝန်ယူစိတ်ရှိသူဟု ယုံကြည်လာအောင်ကြိုးစားရမည်။ နာမည်ကောင်းထွက်သော ခေါင်းဆောင်တို့နောက်သို့သာ လူတွေချဉ်းကပ်ချင်ကြသည်ကို သတိပြုရပေမည်။ နောက်လိုက်ငယ်သားများကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းရုံးရန်လိုသည်။



လုပ်ငန်းကြီးထွားလာသည်နှင့်အမျှ ဝန်ထမ်းများကို တိုးချဲ့ခန့်ထားရန်ဖြစ်လာသည်။ မန်နေဂျာတို့အတွက် ခေါင်းဆောင်မှုပုံစံသည် တိုးမြင့်လာသော ဝန်ထမ်းဦးရေနှင့်အညီ ပိုမိုလိုက်လျောညီထွေရှိလာရန်လိုအပ်သကဲ့သို့ ခေါင်းဆောင်မှု၏အခန်းကဏ္ဍသည် ပိုမိုအရေးပါလာသည်။ လုပ်ငန်းကြီးထွားလာမှု မြန်ဆန်လာလေ ဝန်ထမ်းများကို ဦးဆောင်မှုပေးရန် မန်နေဂျာတို့တွင် ပိုမိုတာဝန်ရှိလာလေဖြစ်သည်။ ထို့အတူ လုပ်ငန်းတည်ထောင်သူ စွန့်ဦးတီထွင်သူတို့သည် မန်နေဂျာများကို ဦးဆောင်ကွပ်ကဲရန် ပိုမိုတာဝန်ရှိလာသည်။ လုပ်ငန်းအဖွဲ့အစည်း၏ ရည်မှန်းချက်များ တိုးတက်မြှင့်တင်ရန်နှင့် ပူးပေါင်းအကျိုးဆောင်သူများကို ကူညီထောက်ပံ့ရန်မှာ ခေါင်းဆောင်၏တာဝန် ဖြစ်သည်။

လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားမှု၊ စိတ်ဓာတ်တက်ကြွမှုသည် အရေးပါသည်။ ဝန်ထမ်းများကို စိတ်တက်ကြွအောင်လှုံ့ဆော်နှိုးဆွမှု၊ စေ့ဆော်မှု (Motivation)ပြုရန်လိုသည်။ ဝန်ထမ်းများ၊ မန်နေဂျာများ၊ ပိုင်ရှင်များသည် စိတ်လှုပ်ရှားတက်ကြွနေလျှင် စွမ်းဆောင်ရည် ပိုမိုမြင့်မားပြီး လုပ်ဆောင်ချက်များ ထိရောက်တွင်ကျယ်စေသည်။ စေ့ဆော်မှု (Motivation ) သည် ထူးချွန်ပြောင်မြောက်မှုကို အာမခံနိုင်သော်လည်း၊ ထူးချွန်

www.foreverspace.com.mm



ပြောင်မြောက်သော လုပ်ဆောင်ချက်တိုင်းတွင် စေ့ဆော်မှုမပါသောကိစ္စရပ်သည် မရှိသလောက် ရှားပါးသည်။

စွန့်ဦးတီထွင်တို့သည် စေ့ဆော်မှု၏ တန်ဖိုးနှင့်အကျိုးရလဒ်ကိုကောင်းစွာ နားလည်အသုံးချသင့်သည်။ စေ့ဆော်မှုပြုလိုလျှင် ဝန်ထမ်းတစ်ဦးချင်းစီကို ဦးစွာနားလည်အောင်ကြိုးစားသင့်သည်။ 'လူအမျိုးမျိုး စိတ်အထွေထွေ' ဟူသည့်အတိုင်း လူတစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း၊ အကြိုက်ချင်း ထပ်တူထပ်မျှမဖြစ်နိုင်ချေ။

မတည်မြဲသောလောကတွင် လူသားတို့၏ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများသည်လည်း အစဉ်ပြောင်းလဲနေသည်။ လူသားတို့၏ လိုအင်ဆန္ဒတို့သည်ချဉ်ခြင်းတစ်ခုပြေသည်နှင့် စေ့ဆော်မှုကိုရပ်တန့်စေပြီး ချဉ်ခြင်းအသစ်တစ်ခု ထပ်မံဖြစ်ပေါ်လေ့ရှိသည်။

ယေဘုယျအားဖြင့် လိုအင်ဆန္ဒ (သို့မဟုတ်) ချဉ်ခြင်းတို့သည် တစ်ဆင့်ပြီးတစ်ဆင့် ဆင့်ကဲ (Hierarchy) ဖြစ်ပေါ်လေ့ရှိသည်ဟု Maslow's hierarchy of Nees Theory က ဆိုသည်။ သုတေသနရလဒ်များအရ လိုအင်မှုဆင့်ကဲဖြစ်စဉ်သည် ထင်သလောက် မရိုးရှင်း။ လူ့စိတ်လူ့သဘောသည်ဆန်းကြယ်သည်။ လူတိုင်း၏ဆန္ဒနှင့်ကိုက်ညီနိုင်မည့် ဆုံးဖြတ်ချက်မျိုး ချမှတ်ကူညီရေးသည် လွယ်မယောင်နှင့် ခက်ခဲလေ့ရှိသည်။ တိမ်မယောင်နှင့် နက်နဲလေ့ရှိသည်။ လူ့အလိုနတ်မလိုက်နိုင်ဟူ၍ပင် ဆိုထုံးပြုကြသည်။ ဝန်ထမ်းများကို စေ့ဆော်မှုပြုရန်၊ လိုအင်ဆန္ဒများကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန်အတွက် အရေးကြီးဆုံးမှာ ဝန်ထမ်းများနှင့်နွေးထွေးစွာဆက်ဆံ၍ ၎င်းတို့၏အခက်အခဲများ၊ လိုအင်များကို နားလည်ခံစားပေးနိုင်ခြင်းဖြစ်သည်။ ၎င်းတို့ကို နားလည်ခံစားပေးနိုင်မှသာ ၎င်းတို့လိုအင်ကို သိရှိဖြည့်ဆည်းပေးနိုင်မည်၊ စေ့ဆော်မှုဖြစ်စေနိုင်မည် ဖြစ်သည်။

ဝန်ထမ်းများ၏လိုအင်နှင့် ခံစားမှုများကို နားလည်အသိအမှတ်ပြုခြင်းမရှိလျှင် 'ပေးကားပေး၏မရ' ဟူသကဲ့သို့ 'အနာတခြား၊ ဆေးတခြား' ဖြစ်နေပေမည်။ ဝန်ထမ်းများ၏နေရာမှနေ၍ သူတို့တွေးသလိုတွေး၊ သူတို့စဉ်းစားသလိုစဉ်းစားပြီး နားလည်ခံစားပေးနိုင်မှသာလျှင် ထိရောက်သောလုပ်ဆောင်ချက်များဖြစ်ပြီး လုပ်ငန်းပိုမိုအောင်မြင်ဖြစ်ထွန်းမည် ဖြစ်သည်။ နောက်လိုက်ငယ်သားများ၊ ဝန်ထမ်းများသည် မိမိတို့ခေါင်းဆောင်ကို ယုံကြည်သည်၊ အားကိုးအားထားပြုသည်ဟူသောအချက်ကို အစဉ်နှလုံးသွင်းသင့်ပေသည်။

**ကြီးကျယ်မြင့်မြတ်သောခေါင်းဆောင်တို့တွင် ထူးခြားသောအရည်အချင်းများပိုင်ဆိုင်ဖို့လိုသည်ဟု အချို့ကတွေးထင်တတ်ကြသည်။ ထိရောက်သော ခေါင်းဆောင်တစ်ဦးဖြစ်ရန်အတွက် လွန်ကဲထူးခြားသောအရည်အချင်းရှိရန် မလိုချေ။ အချို့သော အောင်မြင်ထင်ရှားသည့် စီးပွားရေးလုပ်ငန်းရှင်ခေါင်းဆောင်တို့သည် မိမိတို့၏ဝန်ထမ်းများ၏ ချစ်ခင်ကြည်ညိုမှုနှင့်စိတ်ထားကို သိမ်းကျုံးယူ၍ အောင်မြင်မှုရရှိအောင်စွမ်းဆောင်ကြခြင်း ဖြစ်သည်။**

ထူးကဲသာလွန်သောစွမ်းဆောင်ချက်များ၊ ထူးချွန်အောင်မြင်သော ဝန်ထမ်းများကို ချီးကျူးဂုဏ်ပြုရမည်။ အသိအမှတ်ပြုရမည်။ လူတိုင်းသည် ပြစ်တင်ဝေဖန်မှုကို အောင့်သက်သက်ဖြစ်သော်လည်း အချီးကျူးခံချင်ကြသည်ကို မမေ့သင့်ချေ။ အသိအမှတ်ပြုခြင်း၊ ချီးကျူးဂုဏ်ပြုခြင်းသည် ထိရောက်သော၊ စွမ်းအားကြီးသောစေ့ဆော်မှုတစ်ရပ်ဖြစ်သည်။ ဝန်ထမ်းသည် မိမိ၏ထူးကဲသာလွန်သောစွမ်းဆောင်ချက်အတွက် အဖွဲ့အစည်း၏အသိအမှတ်ပြုမှုကို မျှော်လင့်သည်။ မျှော်လင့်သည့်အတိုင်း အသိအမှတ်ပြုမခံရလျှင် စိတ်ပျက်အားလျော့သည်။ ဝန်ထမ်းတို့၏လုပ်ချင်စိတ်ကို ဖျက်ဆီးရာရောက်ပြီး သင့်ကိုပင် အကောင်းအဆိုး၊ အကျိုးအပြစ်ကို မခွဲခြားတတ်သူ၊ အမြော်အမြင်မရှိသူ၊ နှိုင်းနှိုင်းချိန်ချိန်မရှိသူဟု ထင်မှတ်သွားနိုင်သည်။

စွန့်ဦးတီထွင်လုပ်ငန်းရှင်တို့သည် ကိုယ်တိုင်ကစေ့ဆော်မှုအားကောင်းသူများ၊ တက်ကြွသူများဖြစ်ပေရာ အခြားဝန်ထမ်းများကိုလည်း မိမိကဲ့သို့ပင် စေ့ဆော်မှုအားကောင်းသူ၊ သူ့အလိုလို တက်တက်ကြွကြွ လုပ်ကိုင်ဆောင်ရွက်ကြလိမ့်မည်ဟူ၍ မှားယွင်းစွာ ယူဆလေ့ရှိကြသည်။ ထိုသို့မှားယွင်းစွာယူဆမိကြ၍ လှုံ့ဆော်တွန်းအားပေးဆောင်ရွက်ရန်၊ ထိရောက်သောခေါင်းဆောင်မှုများပေးရန် ပျက်ကွက်လေ့ရှိကြခြင်းဖြစ်သည်။ မကြာခဏမှားတတ်လေ့ရှိသောအမှားတစ်ရပ်မှာ 'စေ့ဆော်မှုအားကောင်းသည့်၊ တက်ကြွသည့်ဝန်ထမ်းများကို ရွေးချယ်ခန့်ထားပြီးသည့်နေ့မှစ၍ သူ့အလိုလို လန်းဆန်းတက်ကြွစွာလုပ်ကိုင်ဆောင်ရွက်နေမည်' ဟု မှားယွင်းစွာယူဆခြင်းဖြစ်သည်။

ကြီးကျယ်မြင့်မြတ်သောခေါင်းဆောင်တို့တွင် ထူးခြားသောအရည်အချင်းများပိုင်ဆိုင်ဖို့လိုသည်ဟု အချို့က တွေးထင်တတ်ကြသည်။ ထိရောက်သော ခေါင်းဆောင်တစ်ဦးဖြစ်ရန်အတွက် လွန်ကဲထူးခြားသောအရည်အချင်းရှိရန် မလိုချေ။ အချို့သော အောင်မြင်ထင်ရှားသည့် စီးပွားရေးလုပ်ငန်းရှင်ခေါင်းဆောင်တို့သည် မိမိတို့၏ဝန်ထမ်းများ၏ ချစ်ခင်ကြည်ညိုမှုနှင့်စိတ်ထားကို သိမ်းကျုံးယူ၍ အောင်မြင်မှု

www.foreverspace.com.mm

ရရှိအောင်စွမ်းဆောင်ကြခြင်း ဖြစ်သည်။ ခေါင်းဆောင်သည် နောက်လိုက်ငယ်သားတို့၏ 'မျှော်လင့်ခြင်းအိပ်မက်ကို ပုံဖော်ဆောင်ရွက်' ပေးသူ ဖြစ်သည်။ "စစ်မှန်သောခေါင်းဆောင်မှုဟူသည် ခေါင်းဆောင်၏ကိုယ်ကျိုးအတွက်မဟုတ်။ နောက်လိုက်ငယ်သားများ၏ အကျိုးဖြစ်ထွန်းရေးကို ရှေးရှုဆောင်ရွက်ခြင်း ဖြစ်သင့်သည်" ဟု Robert Townsend က ပြောဆိုခဲ့ဖူးသည်။

ခေါင်းဆောင်မှုဆိုသည်မှာ "တစ်ခုတည်းသောယုံကြည်မှုနှင့်ရည်ရွယ်ချက်ကို တဖွားဖွားဖြစ်ပေါ်စေသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏အနောက်တွင် ယောကျ်ား၊ မိန်းမများကို စုစည်းပေးလိုသောစိတ်နှင့် စုစည်းပေးနိုင်သော အရည်အချင်းပင်" ဖြစ်သည်ဟု ဗြိတိသျှစစ်သေနာပတိချုပ် ဘားနပ် မောင့်ဂိုမာရီက မိန့်ဆိုခဲ့ဖူးသည်။

နောက်လိုက်ငယ်သားတို့သည် ယုံကြည်လေးစားလောက်သော ခေါင်းဆောင်တို့ကိုသာ လိုလားလေ့ရှိသည်။ ခေါင်းဆောင်၏ ကိုယ်ရည်ကိုယ်သွေးကောင်းခြင်း၊ ကြံ့ ရည်ဖန်ရည်ကောင်းမွန်ခြင်းကို နောက်လိုက်ငယ်သားများက အားကိုးအားထားပြုသည်။ ခေါင်းဆောင်ကောင်းတို့သည် စွန့်လွှတ်အနစ်နာခံတတ်သူဖြစ်ပြီး စွန့်လွှတ်အနစ်နာခံရန်လည်း အမြဲအဆင်သင့်ဖြစ်နေတတ်သည်။ ခေါင်းဆောင်ကောင်းတို့သည် နောက်လိုက်ကောင်းဘဝကိုဖြတ်သန်းခဲ့ကြသူများဖြစ်ပြီး ခေါင်းဆောင်ကောင်းတို့နောက်တွင် နောက်လိုက်ကောင်းများ အဆင်သင့်ရှိနေတတ်သည်။

စီးပွားရေးလုပ်ငန်းရှင်ခေါင်းဆောင်ကောင်းတို့သည် မိမိတို့အနီးအနားတွင် ထူးချွန်ထက်မြက်သော၊ ပါရမီရှင်မန်နေဂျာများဝန်းရံနေသည်ကို လိုလားလေ့ရှိသည်။ ခေါင်းဆောင်ကောင်းတို့သည် 'ဖောင်းတော်ညိတ်စိတ်တော်သိ' ဝန်ထမ်းများကို လိုလားလေ့မရှိ။ အကြံဉာဏ်ကောင်းပေးနိုင်သူများ၊ ရိုးသားသူများကိုသာလိုလားသည်။ အမြင်ကျယ်သူ၊ ဖောက်ထွက် တွေးနိုင်သူများကိုသာ မြတ်နိုးသည်။

> **တိုးတက်သော၊ ပြိုင်ဆိုင်မှုများသော ယနေ့ခေတ်တွင် ခေါင်းဆောင်မှုအရည်အသွေးပိုမိုပြည့်ဝရန် လိုအပ်လာပြီဖြစ်သည်။ အမြင်ကျယ်ရမည်။ အမြင်စူးရှရမည်။ ဝေးဝေးကို မြင်နိုင်ရမည်။ အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်းရှိရမည်။ လားရာများကို တွက်ဆနိုင်ရမည်။ ခေါင်းဆောင်တို့သည် အခြေအနေနှင့်အချိန်အခါကို မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်စွမ်းရှိကြသူများ ဖြစ်သည်။**

တိုးတက်သော၊ ပြိုင်ဆိုင်မှုများသော ယနေ့ခေတ်တွင် ခေါင်းဆောင်မှုအရည်အသွေးပိုမိုပြည့်ဝရန် လိုအပ်လာပြီဖြစ်သည်။ အမြင်ကျယ်ရမည်။ အမြင်စူးရှရမည်။ ဝေးဝေးကို မြင်နိုင်ရမည်။ အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်းရှိရမည်။ လားရာများကို တွက်ဆ နိုင်ရမည်။ ခေါင်းဆောင်တို့သည် အခြေအနေနှင့်အချိန်အခါကို မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်စွမ်းရှိကြသူများ ဖြစ်သည်။ ခေါင်းဆောင်မှုပုံစံအမျိုးမျိုးရှိကြရာတွင် တိုးတက်ပြောင်းလဲလာသောအခြေအနေနှင့် အချိန်အခါကိုမူတည်၍ ပိုမိုသင့်လျော်သောခေါင်းဆောင်မှုပုံစံကို ပြောင်းလဲကျင့်သုံးလေ့ရှိသည်။ အတော်ဆုံးခေါင်းဆောင်တို့သည် အနာဂတ်အမြင် (Vision) ရှိကြသူများဖြစ်ပြီး အမြဲလေ့လာဆည်းပူးနေကြသူများလည်းဖြစ်ကြရာ မိမိတို့လုပ်ငန်းများအောင်မြင်မှုရရှိစေရန် ဖြစ်ပေါ်လာသောအခြေအနေများနှင့်အညီ အစဉ်ကြိုးပမ်းနေကြသူများလည်း ဖြစ်ကြပါသည်။ အတော်ဆုံးခေါင်းဆောင်တို့သည် အမြဲလေ့လာဆည်းပူး၍ ဖြစ်ပေါ်လာသောအခြေအနေများနှင့်အညီ မှန်ကန်စွာသုံးသပ်၍ အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ကြသူများလည်း ဖြစ်ပါသည်။ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်နိမ့်ကျသော လုပ်ငန်းအဖွဲ့အစည်းတို့သည် အောင်မြင်မှုကို ရေရှည်ထိန်းထားနိုင်ခြင်းမရှိဘဲ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်မြင့်မားသော စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတို့တွင် အောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်ပြီးရရှိထားသော အောင်မြင်မှုကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင်ကြပါသည်။




**မှူးခန့်စံ**

**Ref : Leading and Managing the growing business; Effective small business manage ment (5th Edition) By Narman M. Scarborough Thomas W. Zimmerer**

www.foreverspace.com.mm



# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၇၆ ၂၀၁၀ ပြည့်နှစ်၊ မတ်

## ငွေတိုက်စာချုပ် ဝယ်မလား

ကိုယ့်ဆီမှာ ငွေသားပိုက်ဆံမထားလိုသူတွေအတွက် ခိုင်မာမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုလို့တောင် စီးပွားရေးပညာရှင်တွေကဆိုတဲ့ ငွေတိုက်စာချုပ်ကို ဝယ်လို့ရအောင် ဒီတစ်လလမ်းညွှန်ပေးလိုက်ပါတယ်။ ဒီနှစ် ဇန်နဝါရီ ၁ ရက်ကစလို့ တစ်သောင်းတန်၊ တစ်သိန်းတန်၊ တစ်သန်းတန်၊ ၁၀ သန်းတန် စတဲ့ ငွေတိုက်စာချုပ်တွေကို ရောင်းချပေးနေတာမို့ ငွေကြေးမြောက်မြားစွာနဲ့ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကိုယ့်ရဲ့ကုမ္ပဏီကဝန်ထမ်းတွေကို အပိုဆုကြေးအဖြစ် ပေးလိုသူတွေ ဒါမှမဟုတ် အမွေပစ္စည်းအဖြစ်ပေးလိုသူတွေအတွက် အဆင်ပြေအသုံးဝင်မယ် ထင်တယ်နော်။

**လိပ်စာ**

မြန်မာ့ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေးကုမ္ပဏီ (MSEC)
အမှတ် (၂၁/၂၅)၊ ဆူးလေဘုရားလမ်း၊ ပထမထပ်၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

E-mail:msexchange@mptmail.net.mm
ဖုန်း-၃၈၇၀၃၁၊ ၃၈၇၀၃၂၊ ၃၇၄၈၉၄၊ ၃၇၈၆၄၇

## အဆောက်အအုံတစ်ခု အစပြုဖို့

နေအိမ်အဆောက်အအုံသစ် ဒါမှမဟုတ် ရုံးခန်းအဆောက်အအုံသစ်တစ်ခု စပြီးဆောက်တော့မယ်ဆိုတာနဲ့ အရေးကြီးတာတစ်ခုက ဒီဇိုင်းပါပဲ။ ကိုယ့်ရဲ့ နေအိမ်လေး ဒါမှမဟုတ် ရုံးခန်းလေး အများအမြင် ထင်းလင်းနေအောင်က ဒီဇိုင်းထူးခြားဖို့ပါ။

အခုညွှန်ပေးမယ့်ကုမ္ပဏီက အဆောက်အအုံဆောက်လုပ်တာမျိုးကို တာဝန်ယူပေးတဲ့အပြင် ဗိသုကာဒီဇိုင်းရေးဆွဲပေးပြီး အတွင်းခန်းအပြင်အဆင်ပြောင်းလဲတာမျိုး ဒါမှမဟုတ် အလှဆင်တာမျိုးကိုပါ လက်ခံလုပ်ဆောင်ပေးတာ တွေ့ရတယ်။ ဒီလိုလုပ်ငန်းအပ်နှံဖို့ဆိုတာ တော်ရုံကိစ္စတစ်ခုလုပ်တာမဟုတ်လို့ ကိုယ့်ရဲ့ဆန္ဒနဲ့ကိုက်ညီအောင် ဆောင်ရွက်ပေးနိုင်မှုရှိ၊ မရှိကို အသေအချာမေးမြန်းပြီးတော့မှ ဆောင်ရွက်ပါလို့တော့ အကြံပြုလိုက်တယ်နော်။

**လုပ်ငန်းလိပ်စာ**

CLASSICAL ARCHITECT CO., LTD.
အခန်းအမှတ်-၄၀၂၊
တိုက်အမှတ်-၃၅၁၊ သိမ်ဖြူကွန်ဒို၊
သိမ်ဖြူလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၈၅၄၁၇၊ ၀၉-၈၀၂၄၂၃၈၊
၀၉-၅၁၇၇၂၁၈

## ရိုးရာအက

ဟိုတယ်လုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေလုပ်ကိုင်နေသူများ ဆက်သွယ်ဖို့ လိုအပ်မယ်ထင်တဲ့လုပ်ငန်းတစ်ခုအဖြစ်ယူဆရလို့ လမ်းညွှန်လိုက်တယ်။ အဲဒါကတော့ အကဖျော်ဖြေတင်ဆက်မှုလုပ်ငန်းပါပဲ။ နိုင်ငံခြားခရီးသွားဧည့်သည်တွေအတွက် ဖျော်ဖြေမယ်ဆို ဖျော်ဖြေပေးလို့ရအောင်ပါ။

ဒီလုပ်ငန်းအနေနဲ့ အပျိုတော်အက၊ ပုဂံအက၊ ပျူအက၊ နှစ်ပါးသွား၊ ခေတ်သုံးခေတ် (အင်းဝ၊ ကုန်းဘောင်၊ ပုဂံ) အက၊ ဆီမီးခွက်ယိမ်း၊ ဒသဂီရိမယ်သီတာပန်းဆက်၊ ဦးရွှေရိုး ဒေါ်မိုး၊ ရှမ်း၊ ကရင်အက၊ သင်္ကြန်ယိမ်း၊ စောင်းလက်စွမ်း စတဲ့ မြန်မာ့ရိုးရာအကအလှအမျိုးမျိုးကို ဖျော်ဖြေပေးနိုင်တယ်လို့ သိရတယ်။ ဆက်သွယ်နိုင်မယ့်နေရာက-

တိုက်-၂၈၉၊ အခန်း-၂၊ အရှေ့ရန်ကင်း၊ ကြားမှတ်တိုင်၊ ရန်အောင်လမ်းသွယ် (၃)၊ ရန်ကင်းစင်တာ အနောက်ဘက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်။ ဖုန်း-၅၅၅၂၅၀၊ ၆၄၁၄၀၇

www.foreverspace.com.mm

# သမိုင်းမတင်ခင်ကနေ တင်ပြီးတဲ့အထိ ဘာတွေဖြစ်ခဲ့သလဲ

သမိုင်းဖြစ်စဉ်တွေကို တစ်နေရာတည်းမှာတစ်စုတစ်စည်းတည်းလေ့လာဖို့ အသင့်တော်ဆုံး website တစ်ခု ဖော်ပြပေးပါမယ်။ ဒီဆိုက်ရဲ့လိပ်စာက www.besthistory sites.net ဖြစ်ပြီး။ ကမ္ဘာကြီးရဲ့ သမိုင်းကြောင်းတွေကို နည်းလမ်းမျိုးစုံနဲ့ လေ့လာနိုင်တဲ့နေရာပါ။ သမိုင်းတွေကို Prehistory၊ American History ၊ Modern History၊ World War History နဲ့၊ Maps စတာတွေနဲ့ပြထားပြီး အဲဒါတွေထဲမှာ ခေါင်းစဉ်ခွဲတွေအများကြီးထပ်ပွားထားလို့ ကမ္ဘာ့သမိုင်းကျမ်းလို့တောင်တင်စားနိုင်တဲ့နေရာပါ။ ဥပမာ– Prehistory ကိုရွေးပြီးဖတ်မယ်ဆိုရင် အဲဒါနဲ့ပတ်သက်တဲ့သတင်းတွေ၊ Prehistory နဲ့ပတ်သက်တဲ့ အကောင်းဆုံး အဖတ်သင့်ဆုံးထိပ်တန်း Website ကို ညွှန်းပေးထားတာတွေ၊ Prehistory နဲ့ဆိုင်သမျှ Website တွေ၊ Prehistory ကို သူများကို ပြန်သင်မယ်ဆိုရင် သင်ဖို့ Lesson Plan Teacher Guides တွေနဲ့ Activites နဲ့ ဂိမ်းလိုမျိုးစတဲ့ တခြားဆွဲဆောင်နိုင်တာ အများကြီးပါသေးလို့ ဖတ်ရုံတင်မဟုတ်ဘဲ လက်တွေ့အသုံးချနိုင်တာတွေလည်း တစ်ပုံတစ်ပင်ပါတဲ့နေရာပါလို့။ ဒီထဲမှာပါတဲ့ဂိမ်းတွေကလည်း သမိုင်းကြောင်းကို တကယ်ကိုလက်တွေ့ကျကျထဲထဲဝင်ဝင် ပိုပြီးမှတ်မိအောင်လုပ်ပေးနိုင်တဲ့ဂိမ်းတွေမို့ တစ်ခါဝင်ကစားမိတာနဲ့တင် သမိုင်းဖြစ်စဉ်ထဲက ဖြစ်ရပ်တွေကို သဘောပေါက်သွားနိုင်ပါတယ်။ တချို့ဂိမ်းတွေဆို BBC တို့လို Website ကတင်ထားတဲ့ တကယ်မိုက်တဲ့ ဂိမ်းတွေအထိပါ Link ချိတ်ပေးထားလို့ ဒီ Website က ဘယ်တော့မှမေ့ထားလို့မရတဲ့ Website ပါ။ ကိုယ်တိုင်ပဲဖတ်ဖတ် အပျင်းပြေဂိမ်းပဲဆော့ဆော့ ကလေးတွေကို ပြန်ရှင်းပြဖို့ပဲသုံးသုံး ရတာနာသိုက်တစ်ခုလိုသုံးနိုင်တဲ့နေရာ ဖြစ်ပါတယ်။

# လိပ်စာတွေကို ရှင်းထားမယ်

အခုအချိန်ဟာ သတင်းအချက်အလက်လုံခြုံရေးကို အလေးထားဂရုစိုက်ရမယ့်အချိန် ရောက်နေပါပြီ။ နေ့တိုင်းနေ့တိုင်း ဘယ်ကွန်ပျူတာနဲ့ ဘယ်အဖွဲ့အစည်းရဲ့ကွန်ပျူတာစနစ်တွေ ဖောက်ထွင်းတိုက်ခိုက်ခံရတယ်ဆိုတာ ကြားလာနေရတယ်ဆိုတော့ အရေးကြီးမှန်းသိသာနေပြီပေါ့။ အဲဒီအတွက် လူတိုင်းက စတင်ဂရုစိုက်မှ ကိုယ့်အဖွဲ့အစည်းပါလုံခြုံမှာဖြစ်လို့ ကိုယ်သုံးသမျှလုံခြုံဖို့က စလုပ်ကြရအောင်ပါ။

ဒီတော့ အင်တာနက်မှာ မွှေနှောက်ရှာဖွေထားသမျှတွေ၊ Address Bar ထဲကိုရိုက်ထည့်ထားသမျှတွေ ပြန်ရှင်းပစ်နိုင်တဲ့နည်းလမ်းကို ပြောပြပေးချင်ပါတယ်။ အဲလိုရှင်းထုတ်တဲ့နည်းကို လူသုံးများတဲ့ အင်တာနက်ဘရောက်ဇာတွေဖြစ်တဲ့ Internet Explorer နဲ့ Mozilla Firefox နှစ်ခုအတွက် ဖော်ပြပေးမှာပါ။ ကိုယ်သုံးထားရှာဖွေထားသမျှစာသားတွေနဲ့ ကိုယ်သွားထားတဲ့စာမျက်နှာတွေရဲ့လိပ်စာတွေကိုပြန်ဖျက်ပစ်တဲ့နည်းလမ်းလည်း ဖြစ်ပါတယ်။

တစ်ခါတလေပေါ့ဆမိလို့ ကိုယ်သုံးထားသမျှကို Back ပြန်သွားပြီး ရှာဖွေတိုက်ခိုက်ခံရတဲ့အခါ မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေ ဖြစ်မလာခင် ကြိုတင်တားဆီးပါ။

Internet Explorer မှာဆိုရင်

1. Menu Bar
↓
2. Internet Option ကိုရွေး
↓
3. Content Tab ကိုနှိပ်
↓
4. Auto Complet ကိုနှိပ်
↓
5. ရှိသမျှ Box အားလုံးကို Uncheck လုပ်
↓
6. Form ကို Clear လုပ်
↓
7. Ok ကိုနှိပ် ဒါဆိုရင်ရပါပြီ။

Mozilla Firefox မှာတော့

- Menu Bar
↓
- Tool ကိုရွေး
↓
- Clear Private data
↓
- Ok ကိုနှိပ်ရုံနဲ့ ရပါပြီ။

www.foreverspace.com.mm



# အကျိုးရှိရှိအသုံးချရမယ့် နွေကျောင်းပိတ်ရက်များ

အတန်းတင်စာမေးပွဲတွေဖြေဆိုပြီးတဲ့ နွေရာသီအားလပ်ရက်တွေရောက်လာပါပြီ။ ဒီအချိန်တွေဟာ တစ်နှစ်တာလုံးပင်ပန်းထားသမျှတွေအတွက် စိတ်ရော၊ လူရော အပန်းဖြေရမယ့်အချိန်လို့ ဆိုပေမယ့်လည်း ဘဝအတွက် အကျိုးရှိစေမယ့် ပညာရပ်တွေကို လေ့လာဖို့၊ သင်ယူဖို့အတွက်ပါ အချိန်တွေကို ခွဲဝေအသုံးချနိုင်ရင် အကောင်းဆုံးဖြစ်နိုင်မှာပါ။ နွေကျောင်းပိတ်ရက်တွေကို ရောက်လာရင် ပြင်ပမှာလေ့လာသင်ယူစရာတွေ တစ်ပုံကြီးရှိပါတယ်။ ဒီသင်တန်းတွေထဲကမှ အင်္ဂလိပ်စာလေ့လာသင်ယူမှုကို အထောက်အကူပြုစေမယ့် International School တွေကို ဖော်ပြပေးမှာပါ။ ဘဝတိုးတက်မှုအတွက် အင်္ဂလိပ်စာတတ်မြောက်မှုက အဓိကနေရာကနေရှိတယ်လို့ ခံယူထားသူ ကျောင်းသူ၊ ကျောင်းသားလူငယ်တွေရော၊ ဒီအဆိုကိုလက်ခံကျင့်သုံးနေတဲ့ မိဘတွေပါ သိချင်နေကြတဲ့ ကျောင်းလိပ်စာတွေဖြစ်မယ်လို့ထင်ပါတယ်။ အချိန်စာရင်း၊ ကျောင်းလခ စတာတွေကို သိလိုသူတွေ ကိုယ်တိုင်မသွားနိုင်ရင်တောင် ဖုန်းလေးတစ်ချက်ကောက်ဆက်လိုက်ရုံနဲ့ Information အပြည့်အစုံကို သိနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ နောက်ထပ်တခြားကျောင်းတစ်ခုကိုလည်း ထပ်စုံစမ်းနိုင်သေးတာကြောင့် ရွေးချယ်စရာတွေ ပိုများလာတာပေါ့။

- **MISY (Myanmar International School Yangon)**
  အမှတ် ၂၉၊ ပြည်လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၀၅၆၅၊ ၇၂၈၇၅၉၊ ၀၉–၅၀၀၅၅၅၅

- **YIS (Yangon International School)**
  အမှတ်–၁၁၇၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၇၈၁၇၁၊ ၅၇၃၁၄၉၊ ဖက်စ်–၅၇၈၆၀၄
  www.yismyanmar.com

- **ILBC (International Language & Business Centre)**
  အမှတ်–၃၄၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၂၉၈၂၊ ၅၄၅၇၂၀၊ ၅၄၅၇၃၆၊ ၅၄၉၁၀၆၊ ၄၀၀၁၅၆
  ဖက်စ်–၅၄၁၀၄၀၊ E-mail: info@ilbc.net.mm.

- **TOTAL Learning Academy**
  – အမှတ်–၂၂/အေ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၄၂၃၅၇၊ ၇၂၅၇၈၈
  – အမှတ်–၁၄၂(ဘီ)၊ မင်းရဲကျော်စွာလမ်း၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၄၇၀၁၊ ၂၂၄၄၂၆
  – အမှတ်–၅၆/၁၁၊ ယွန်းကြီးလမ်း၊ တောင်ကြီး။
  ဖုန်း–၀၈၁–၂၂၆၈၀

- **Horizon International Education Centrer**
  အမှတ်–၂၅၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၁၁၅၉၉၊ ၅၄၈၄၅၂

- **PIEC (Pride International Education Centre)**
  အမှတ်–၁၀–၂၃၊ အောင်ချမ်းသာ ၄ လမ်း၊
  အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။



www.foreverspace.com.mm

ဖုန်း−၂၂၁၂၆၇၊ ၅၃၀၆၄၀၊ ၅၃၀၆၄၁၊ ၅၀၃၆၈၈
၅၃၀၆၄၂၊ ၅၃၀၇၆၇
www.piecmyanmar.com

- **ALBA (Asia Language and Business Academy)**
  အမှတ်−၆၆၊ တတိယထပ်၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း−၃၈၄၀၅၅၊ ၇၂၀၉၆၆၊ ၄၄၁၁၁၃
- **SILTA (Skills Integrated Learning & Teaching Academy)**
  အမှတ်−၂၂၀/ ၂၂၂၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း−၂၉၄၃၉၇
- **MIES (Myanmar International Educational Services)**
  အမှတ်−၂၀(ဘီ)၊ ပညာဝတီလမ်းနှင့် စစ်တောင်းလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၅၅၈၁၀၉၊ ၅၅၈၁၁၅~ ၈
- **SILC (Summit International Learning Centre)**
  အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း−၂၂၂၆၆၁၊ ၇၂၅၇၁၈
- **Do-Re-Mi**
  Marina Residence၊ အခန်း−၁၀၁/၁၀၃၊ အမှတ်−၈၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၆၅၀၆၃၄၊ ၆၅၀၆၅၁ (လိုင်းခွဲ−၁၀၂)
- **ES4E (Language & Training (Centre)**
  အမှတ်−၅၁၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၆၆၂၉၇၀၊ ၆၆၃၈၂၀၊ ၆၆၂၉၃၇
  E-mail: es4e.education @ gmail.com

## တရုတ်လုပ် ဆန်စက်

ဆန်စက်လုပ်ငန်းတည်ထောင်လုပ်ကိုင်ဖို့ စဉ်းစားနေရင်ဖြစ်ဖြစ်၊ လက်ရှိဆန်စက်လုပ်ငန်းလုပ်ကိုင်နေရင်း လုပ်ငန်းတိုးချဲ့ဖို့အစီအစဉ်ရှိနေရင်ပဲဖြစ်ဖြစ် ဆန်စက်အော်ဒါမှာဝယ်ယူနိုင်တဲ့လုပ်ငန်းတစ်ခု ညွှန်ပေးမယ်။ ကျွမ်းကျင်တဲ့ပညာရှင်တွေကိုယ်တိုင် ဒီစက်တွေကိုလာဆင်ပေးမှာဖြစ်တယ်လို့ ဆိုထားတယ်။

ပစ္စည်းစစ်မှန်မှု၊ ဈေးနှုန်းမှန်ကန်မှုကို အဓိကထားတယ်လို့လည်းဆိုထားတာတွေ့ရတယ်။ တရုတ်ကထုတ်တဲ့ဆန်စက်တွေကို တန် ၂၀ ကနေ တန် ၅၀၀ လောက်အထိ လိုအပ်သလိုမှာယူလို့ရတယ်လို့ ဆိုထားတယ်။ ဆက်သွယ်ရမှာက မန္တလေးမြို့က ဦးကျန်အောင်ဝင်းဖြစ်ပြီး ဖုန်းကတော့ ၀၉−၅၁၈၇၆၈၈၊ ၀၂−၃၅၃၈၀ တို့ပဲ ဖြစ်တယ်။

- **YIEC**
  W-၂၂/ ၂၄၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း−၅၃၀၀၈၂၊ ၅၃၀၀၅၉၊ ၅၃၀၀၆၀
- **Bright**
  အမှတ်−၃၀၆၊ ပြည်လမ်း (မဟာမြိုင်မှတ်တိုင်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း−၅၃၆၀၂၈၊ ၇၀၈၈၁၅



www.foreverspace.com.mm



# နေပြည်တော်က ကွန်ပျူတာနဲ့ပတ်သက်လို့ ဝန်ဆောင်ပေးမယ့်နေရာတွေ

ယခင်က နယ်ဆန်ဆန်မြို့လေးတွေဖြစ်ပေမယ့် ရန်ကုန်က အစိုးရဝန်ကြီးဌာနတွေ ပြောင်းရွှေ့အခြေစိုက်ရာ မြန်မာနိုင်ငံရဲ့ မြို့တော်သစ်နေပြည်တော်အဖြစ် ခေတ်မီတိုက်တာအဆောက်အအုံတွေ၊ စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့ဖွင့်လှစ်လာလို့ မြို့ပြသဏ္ဍာန်တစ်စထက်တစ်စ ပိုမိုပီပြင်လာတာကို နေပြည်တော်ရော နေပြည်တော်အဖြစ်သတ်မှတ်ထားတဲ့နေပြည်တော်မြို့နယ်တွေ (ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း) မှာပါ တွေ့လာရပါတယ်။ ဒါကြောင့် အစိုးရဝန်ကြီးဌာနတွေနဲ့ ဒေသခံတွေအတွက် ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်း ဝယ်မယ်၊ တစ်ကိုယ်ရေအိမ်သုံးကွန်ပျူတာဝယ်မယ်၊ လက်တော့ပ်ဝယ်မယ် ဒါမှမဟုတ် ပျက်သွားတဲ့ကွန်ပျူတာပြင်မယ် စတဲ့လုပ်ငန်းတွေဟာလည်း အနည်းနဲ့အများ လိုအပ်မှုရှိလာမှာသေချာတယ်။ အဲဒါကြောင့် ကွန်ပျူတာနဲ့ပတ်သက်ရင် ဆိုခဲ့ပါအချက်တွေကို ဝန်ဆောင်မှုပေးနေတဲ့ လုပ်ငန်းတချို့ကို ဖော်ပြပေးလိုက်ပါတယ်။

- **Chip**
  ၉ လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော်ပျဉ်းမနား။
  ဖုန်း-၀၆၇-၂၃၂၅၅
- **အင်ကြင်းနိုင်**
  အမှတ်(ပ/၃၆)၊ ပွဲရုံတန်း၊ မြို့မဈေး၊ နေပြည်တော်။
  ဖုန်း-၀၆၇-၄၁၀၉၅၄
- **လင်းသူဇာ**
  မြို့မဈေး၊ နေပြည်တော်။
  ဖုန်း-၀၆၇-၄၂၀၇၁၁
- **Lu Nge**
  လမ်းမတော်၊ နေပြည်တော်တပ်ကုန်း။
  ဖုန်း-၀၆၇-၇၀၁၂၃
- **M.C.C**
  အမှတ် (ပ/၇၈)၊ မြို့မဈေး၊ နေပြည်တော်။
  ဖုန်း-၀၆၇-၄၂၀၉၅၈
- **Myanmar Golden Rock Int'l Co., Ltd.**
  အမှတ် (၁၅/၇၅၆)၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း (၃) ရပ်ကွက်၊ နေပြည်တော်ပျဉ်းမနား။
  ဖုန်း-၀၆၇-၂၃၄၃၉
- **Myanmar Technology Gateway**
  အမှတ် (၁၂၇)၊ သင်းရတနာရှော့ပင်းမော၊ နေပြည်တော်။
  ဖုန်း-၀၆၇-၄၂၀၉၆၈
- **Myittar Nel Myay**
  အမှတ် (တ-၄၉/၅၀)၊ သပြေကုန်းဈေး၊ နေပြည်တော်။
  ဖုန်း-၀၆၇-၄၁၄၆၃၈
- **New Light**
  ယောက်သွားအင်းရပ်ကွက်၊ နေပြည်တော်ပျဉ်းမနား။
  ဖုန်း-၀၆၇-၂၂၁၉၇
- **ESE Computer Center**
  အမှတ် (၁၅/၆၉)၊ ဗိုလ်တာရာလမ်း၊ နေပြည်တော်ပျဉ်းမနား။
  ဖုန်း-၀၆၇-၂၃၂၈၈
- **Icon**
  အမှတ် (၁၀/၁၀)၊ ဗိုလ်ချုပ်လမ်း၊ နေပြည်တော်ပျဉ်းမနား။
  ဖုန်း-၀၆၇-၂၂၄၉၂
- **Laser**
  သပြေကုန်းဈေး၊ နေပြည်တော်။
  ဖုန်း-၀၆၇-၄၁၄၉၈၉
- **Laser Printing House**
  အမှတ် (၈/၂၅)၊ ဗိုလ်တောက်ထိန်လမ်း၊ ရန်အောင် (၁) ရပ်ကွက်၊ နေပြည်တော်ပျဉ်းမနား။
  ဖုန်း-၀၆၇-၂၃၂၁၂

# အမျိုးသမီးများအတွက် J Folli-Follie

ထိုင်းနဲ့ဂျပန်နိုင်ငံတို့ကနေ အများဆုံးတင်သွင်းတဲ့အဝတ်အထည်တွေကို ရောင်းပေးတာတွေ့ရပါတယ်။ တစ်ခါတစ်ခါ အမျိုးသမီးကြီး၊ အမျိုးသမီးလတ်တွေအတွက် ပွဲတက်အင်္ကျီမျိုးကိုပါ ဝယ်လို့ရတတ်တယ်။

ဂျပန်လုပ် ဖုန်းအိတ်လေးတွေနဲ့ Fancy အသုံးအဆောင်ပိစိကွေးလေးတွေပါ ရနိုင်တာမို့ ဂျပန်ဒီဇိုင်းကြိုက်သူတွေအတွက်ပါ အဆင်ပြေနိုင်တယ်။

အဝတ်အထည်တွေကို အဓိကထားရောင်းတာတွေ့ရပေမယ့် အိတ်တို့၊ ထီးတို့ စတာတွေကိုလည်း အရောင်အသွေးကျကျ၊ အရေအတွက်နည်းနည်း တင်ပေးထားတာတွေ့ရတယ်။ တစ်လအတွင်းမှာပဲ သုံးကြိမ်၊ လေးကြိမ်လောက် အသစ်အသစ်တွေ ရောက်တတ်တာ တွေ့ရပြီး ဖက်ရှင်ချစ်သူတွေအတွက်လည်း Taste တစ်ခုခုပေးနိုင်မှာ သေချာလို့ ညွှန်ပေးလိုက်တာ။ ဒဂုံမြို့နယ် လပြည့်ဝန်းပလာဇာမြေညီထပ်မှာ ဒီဆိုင်လေးရှိတယ်။

www.foreverspace.com.mm



# အညောင်းအညာပြေ၊ သက်လုံလည်းကောင်း၊ ကျန်းမာရေးကိုလည်းထောက်ကူ

ဒီသုံးချက်နဲ့ကိုက်ညီလိုက်လျောတဲ့ အားကစားနည်းတစ်ခုကို ဆွဲထုတ်ပြရမယ်ဆို 'ရေကူးတာပါ' လို့ ပြောကြမယ်ထင်တယ်။ ရေကူးတာကို တချို့က အရပ်ရှည်ချင်လို့ကူးတယ်၊ တချို့က ပိန်ချင်လို့ကူးတယ်၊ တချို့က အမောခံနိုင်အောင် ဒါမှမဟုတ် ရေအန္တရာယ်ကြုံလာရင်ဖြေရှင်းနိုင်အောင်လို့ကူးကြတယ်၊ သင်ကြတယ်။ ဒီလိုမျိုးတွေထဲမှာမှ ဖက်ရှင်တစ်ခုအဖြစ် အသိုင်းအဝိုင်းတစ်ခုရဲ့ဓလေ့ကိုမျှောပါနိုင်အောင် ကူးကြသူတွေလည်း ရှိကြပါသေးတယ်။

ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ပဲကူးကူး ရေကူးတယ်ဆိုတာ ကောင်းတဲ့အလေ့အထအားကစားတစ်ရပ်လည်းဖြစ်တာမို့ ရေမကူးသင့်ဘူးလို့ကန့်ကွက်မယ့်သူရှိမယ်တောင်မထင်ပါဘူး။ အဲဒါကြောင့် အပန်းလည်းပြေ၊ စိတ်ကျေနပ်မှုလည်းပေးနိုင်တဲ့ ရေကူးတာမျိုး ကြိုက်နှစ်သက်ကြတဲ့သူတွေအတွက် ရန်ကုန်မြို့တော်က ရေကူးကန်တချို့ကို ရွေးပြီးဖော်ပြပေးလိုက်တယ်။ ရေမကူးတတ်သူတွေ သင်တန်းရှိ၊ မရှိစုံစမ်းနိုင်အောင်လို့ ဖုန်းတွေပါထည့်ပေးထားတယ်။ တချို့ရေကူးကန်တွေက Member အဖြစ်ဝင်ပြီးကူးရင် အကုန်အကျ ပိုသက်သာတတ်တာတွေ့ရတယ်။ စိတ်ကြိုက်နေရာလေးမှာ ကူးနိုင်အောင် အောက်ကရေကူးကန်လိပ်စာတွေက ကိုယ်သွားဖို့ လွယ်၊ မလွယ်ရွေးကြည့်လိုက်ဦးနော်။

- **ရန်ကုန်တက္ကသိုလ်ရေကူးကန်**
  သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၃၃၁၀၉၊ ၅၀၀၅၄၄၊ ၀၉–၅၁၀၄၁၄၀
- **ဗဟိုစည်**
  ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၂၄၈၉
- **မြရိပ်ညို**
  အမှတ်–၂၀၊ ပုလဲလမ်း၊ ရွှေတောင်ကြားရပ်ကွက်၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၈၃၁၀~၇
- **မြကန်သာဥယျာဉ်အိမ်ရာ**
  အမှတ်–၅၃၊ မြနန္ဒာလမ်း၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၇၂၄၇၆၇
- **ကုက္ကိုင်းရေကူးကန်**
  အမှတ်–၃၄၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဆရာစံလမ်းအနီး၊
  ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၂၇၄၉၊ ၇၀၃၅၂၅
- **City Golf Resort (YCDC)**
  သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၆၄၀၀၈၆၊ ၆၄၁၃၃၈~ ၄၃၊ ၆၄၁၆၆၉၊
  ၆၄၃၅၀၈
- **Sakura**
  အမှတ်–၉၊ Sakura Residence၊ အင်းလျားလမ်း၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၅၀၀၁
- **ကန်တော်ကြီး**
  ကမ္ဘာအေးဘုရားလမ်း၊ ကန်တော်ကြီးသဘာဝဥယျာဉ်၊
  ဗိုလ်ချိုလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၂၃၇၁၇၊ ၅၅၄၂၆၆၊ ၅၅၃၉၃၁
- **Health Club**
  အမှတ်–၈၊ ကမ္ဘာအေးဘုရားလမ်း၊ Marina Residence၊
  မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၀၆၅၁
- **ရှုခင်းသာ (View Point)**
  ယမုံနာလမ်း၊ ရှုခင်းသာပန်းခြံ၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၂၇၅၉၁
- **တက္ကသိုလ်များရေကူးကန်**
  သထုံလမ်း၊ တက္ကသိုလ်တင်းနစ်ကွင်းအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၀၅၄၄၊ ၀၉–၅၁၀၄၁၄၀
- **အမျိုးသားရေကူးကန်**
  အမှတ်–၆၈၊ ဦးဝိစာရလမ်း၊ ဦးဝိစာရအိမ်ရာအနီး၊
  ဒဂုံမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၃၇၈၅၅၀
  ပြည်ထောင်စုလမ်းမကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၈၄၃၁၉

# ဓာတ်ပုံတွေကို စနစ်တကျပြုပြင်တတ်ဖို့

ဘဝမှာ နောက်တစ်ကြိမ်ပြန်ရိုက်ဖို့မဖြစ်နိုင်တော့တဲ့ဓာတ်ပုံတွေ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားတဲ့အခါ နဂိုအတိုင်းဖြစ်အောင်ပြုပြင်လိုသူတွေနဲ့ ဒီပြင်ဆင်မှုအတတ်ပညာကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်လိုသူတွေတက်ရောက်နိုင်မယ့် သင်တန်းတစ်ခုအကြောင်းကို ပြောပြချင်ပါတယ်။ သင်တန်းတက်မယ့်သူတွေအနေနဲ့ ကွန်ပျူတာအခြေခံတော့တတ်ထားရပါမယ်။ သင်တန်းကာလကတော့ တစ်လဖြစ်ပါတယ်။ သင်တန်းချိန်နဲ့ ကျသင့်မယ့်နှုန်းထားတွေကို မေးမြန်းစုံစမ်းနိုင်ဖို့ သင်တန်းလိပ်စာကို အောက်မှာ ဖော်ပြပေးထားပါတယ်။ ဓာတ်ပုံဆိုင်ဖွင့်လိုသူတွေအတွက်လည်း အခြေခံဓာတ်ပုံရိုက်နည်းသင်တန်းရှိတာကြောင့် ဒီသင်တန်းတက်မယ့်သူတွေလည်း စုံစမ်းနိုင်ပါတယ်။ ဆက်သွယ်စုံစမ်းနိုင်မယ့်ဖုန်းနံပါတ်ကတော့ ၀၉–၅၁၃၆၀၃ နဲ့ ၅၀၅၈၈၂ တို့ပါ။

www.foreverspace.com.mm

## လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **The Living Vine Magazine**
  အမှတ်–၂၂၊ ဒုတိယထပ်၊ မြောင်းကြီးလမ်း၊ ရေကျော်ရပ်ကွက်၊
  ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၀၁၅၀၃၊ ၀၉–၅၀၆၈၂၇၁၊ ၀၉–၅၀၈၇၂၇၁
- **ကျန်းမာရေးနှင့် ကိုယ်ကာယအလှလေ့ကျင့်ခန်းမ (အမျိုးသမီးသီးသန့်)**
  မောင်ဗမာစိန်မောင်နှင့် မြေးမဝင်းစန္ဒာမောင်
  တိုက်အမှတ်–၃၁၊ B-2၊ မဟာဆိုရှယ်လမ်း၊
  (တာလီရွှေဆိုင်အနောက်ဘက်)၊ လှည်းတန်းဈေးအနီး၊
  ၈ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၈၂၄၉၈၊ ၀၉–၅၀၂၀၁၄၆၊ ၀၉–၅၁၆၀၃၈၅၊ ၀၉–၅၀၃၇၈၂၈
- **Win Unity Hotel (Pyin Oo Lwin)**
  အမှတ်–၈ ခ/၃၊ နန္ဒာလမ်း၊ ပြင်ဦးလွင် ကန်တော်ကြီးဥယျာဉ်အနီး၊
  ရပ်ကွက်ကြီး ၆၊ ပြင်ဦးလွင်မြို့။
  ဖုန်း–၀၉–၆၈၁၈၇၅၉၊ ၀၈၅–၂၃၀၇၉၊ ၂၃၀၈၀၊ ၂၂၇၇၅
- **Health Care Journal**
  **Myanmar Media Group**
  အမှတ်–၁၂၂၊ ဒုတိယထပ်၊ ၄၂ လမ်း(အလယ်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၅၇၃၉
- **နန်းမို (ယောဂ၊ အေရိုးဗစ်နှင့် အကသင်တန်း)**
  အမှတ်–၂၅၁၊ ၈–လွှာ (ဘီ)၊ ဗားကရာလမ်း၊ မြေနီကုန်း၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **ရှီလာ (အလှပြုပြင်ရေးနှင့် Hair Spa)**
  အမှတ်–၇၉၊ ဗားကရာကုန်းပေါ်လမ်း၊ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၃၆၉၂၆
- **Fashion Media Teen Collection**
  အမှတ်–၆၁၄၊ မဟာဗန္ဓုလလမ်းနှင့် ၂၃ လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်။
- **Jingle Distribution**
  (Ther, SPA Care, Wite Orchid, February အလှကုန်ပစ္စည်းများ)
  ၂၉ လမ်း၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြား၊ အခန်းအမှတ်–D၊
  ဗထူးအားကစားကွင်းမြောက်ဘက်တိုက်တန်း၊ မန္တလေး။
- **Omega Beauty Salon**
  ၆၂ လမ်း၊ သိပ္ပံလမ်းနှင့် ပိတောက်လမ်းကြား၊ မန္တလေး။
- **ကန့်ဘလူ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံ**
  တပင်ရွှေထီးလမ်းနှင့် မြို့ရှောင်လမ်းထောင့်၊ အမှတ် (၃) ရပ်ကွက်၊
  ကန့်ဘလူမြို့၊ စစ်ကိုင်းတိုင်း။

## စားသောက်ဆိုင်သစ်

- **Billion Gold International Restaurant**
  အမှတ်–၃၃၀၊ အလုံလမ်းနှင့်
  ပြည်လမ်းထောင့်၊ ရန်ကုန်
  အင်တာနေရှင်နယ်ဟိုတယ်ဝင်း
  အတွင်း (ယခင်မီလျံကွိုင်နေရာ)၊
  ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၂၉၂၂၄–၉၊ ၇၂၃၃၁၈၊
  ဖက်စ်–၂၂၉၂၂၈
- **ရွှေနန်းတော် မန္တလေးမုန့်တီ၊ မြီးရှည်**
  အမှတ်–၁၆၂ (B)၊
  အောက်ကြည့်မြင်တိုင်လမ်းမကြီး၊
  သီရိရိပ်သာအနီး၊ အလုံမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၀၉–၅၁၆၉၉၄၉
- **Enjoy Garden GRILLS SALADS & KOREAN FOOD**
  အမှတ်–၁၂၄၊
  ပြည်ထောင်စုရိပ်သာလမ်း၊
  Feel Myanmar
  ထမင်းဆိုင်ဘေး၊ ဒဂုံမြို့နယ်၊
  ရန်ကုန်။
  ဖုန်း–၇၂၅၇၃၆၊ ၀၉–၅၁၁၆၈၇၂၊
  ၀၉–၅၁၁၈၄၁၅
- **D & G Food Centre**
  ၈၄ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်း
  ကြား၊ ဝင်းလိုက်အဆင့်မြင့်ရုပ်ရှင်ရုံ
  အနီး၊ မန္တလေး။
- **J'Donuts ဆိုင်ခွဲသစ်**
  ဗိုလ်ရာညွန့်လမ်းနှင့်
  နဝဒေးလမ်းထောင့်၊
  ယောမင်းကြီးရပ်ကွက်၊
  ဒဂုံမြို့နယ်၊ ရန်ကုန်။
- **ရွှေမင်္ဂလာ (၂) အအေးနှင့်စားသောက်ဆိုင်**
  အုတ်ပုံဆိပ်လမ်း၊
  တံတားလေးလမ်းဝမှတ်တိုင်အနီး၊
  အမှတ် (၈) ရပ်ကွက်၊
  မရမ်းကုန်းမြို့နယ်၊

www.foreverspace.com.mm

ရန်ကုန်။ ဖုန်း-၆၆၃၉၈၂

- **အောင်စည်းစိမ် အဆင့်မြင့်လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာ**
  အင်းစိန်လမ်းနှင့် သံလမ်းထောင့်၊ အမှတ် (၉) ရပ်ကွက်၊ သံလမ်းမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်။
- **KING လားရှိုးခုနစ်လွှာပေါက်စီနှင့် ဟောင်ကောင်ကြက်ဆီထမင်း**
  ပြည်လမ်း၊ စမ်းချောင်းလမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

# ရိုးရှင်းတဲ့ဒီဇိုင်းနဲ့ ပျဉ်းကတိုးသားပရိဘောဂများ

အိမ်တွင်းအပြင်အဆင်ကို ရိုးရှင်းတဲ့ပရိဘောဂဒီဇိုင်းလေးတွေနဲ့ အလှဆင်မယ့်သူတွေ၊ ဒါမှမဟုတ် အိမ်ခန်းအသစ်လေးအတွက် ဘယ်လိုပရိဘောဂပစ္စည်းလေးတွေ ဝယ်ရင်ကောင်းမယ်လို့ စဉ်းစားနေသူအတွက် ရွေးချယ်စရာဆိုင်တစ်ခုကို ပြောပြပေးမယ်။ ဒီဆိုင်လေးမှာ အများအားဖြင့်တော့ ပျဉ်းကတိုးသားနဲ့လုပ်ထားတဲ့ပရိဘောဂတွေ အဓိကထားရောင်းချတာ တွေ့ရပါတယ်။ ဈေးမြင့်တဲ့ကျွန်းပရိဘောဂတွေကိုလည်း မဝယ်ချင်၊ ခိုင်ခံ့မှုအားနည်းတဲ့ကြိတ်သားပရိဘောဂတွေကိုလည်းမသုံးချင်သူတွေ အကြိုက်တွေ့နိုင်ပါတယ်။ သွားလာရလွယ်ကူတဲ့နေရာမှာရှိတာကြောင့် မဝယ်သေးဘဲ လှေ့လာရုံပဲ လှေ့လာချင်တယ်ဆိုရင်လည်း အဆင်ပြေစေနိုင်တာကြောင့် လမ်းညွှန်လိုက်ရတာပါ။

လိပ်စာ- Asia Wood Co., Ltd.

အမှတ်-၆၆၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

ဖုန်း-၂၂၅၉၅၈၊ ၅၁၄၃၆၄

# အရောင်အသွေးကျ ကျောက်ထည်နားကပ် လက်ကောက်

ကျောက်ထည်လို့လေးလေးပင်ပင်ဆိုလိုက်လို့ ပုံတုံးတုံးတန်ဖိုးကြီးကြီး ကျောက်နားကပ်ကြီးတွေ ပြေးမမြင်လိုက်နဲ့နော်။ Fancy ကျောက်လေးတွေခတ်ထားတဲ့ နားကပ်၊ နားဆွဲလေးတွေပါ။ လက်ကောက်လေးတွေလည်းရှိပါတယ်။ Fancy ကျောက်ဆိုပေမယ့် အရည်အသွေးမြင့် လက်ရာမြောက်တာတွေ့ရပါတယ်။

ခုတလော Fancy ဝတ်ဆင်သူတွေများလာလို့ ဒီဇိုင်းတူ ပေါပေါများများဝတ်ရတာ မကြိုက်သူတွေအတွက်လည်း ဒီဆိုင်က အဆင်ပြေနိုင်တယ်။ အရမ်းကြီးတဲ့ကျောက်၊ အရောင်ရှားတဲ့ကျောက်မဟုတ်ရင် ပြုတ်သွားတာတောင် ဆိုင်ကဝန်ထမ်းလေးတွေက ပြန်ကပ်ပေးမှာပါလို့ဆိုတယ်။ ပြုတ်သွားတဲ့ကျောက်ကိုယ့်မှာရှိရင်တော့ အတိုင်းထက်အလွန်ပေါ့။ ကပ်တတ်တယ်ဆိုပြီး တွေ့ကရာကော်နဲ့တော့ ပြန်မကပ်နဲ့နော်။ ကျောက်ကပ်တဲ့ကော်က သီးသန့်ရှိလို့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဈေးကွက်မှာအတွေ့မြင်ရများတဲ့ Fancy မျိုး မဝတ်ချင်ပါဘူးဆိုသူတွေအတွက်တော့ ဒီဆိုင်လေးတွေကို သွားလိုက်ရင် အဆင်ပြေနိုင်ပါတယ်။

**SWEET COLLECTIONS**

မင်္ဂလာတောင်ညွန့်မြို့နယ်က ယုဇနပလာဇာပထမထပ်ရယ်၊ မရမ်းကုန်းမြို့နယ်က ကမ္ဘာအေးဂမုန်းပွင့် မြေညီထပ်မှာရယ် ဒီဆိုင်လေးတွေ ရှိတယ်။ နားကပ်၊ လက်ကောက် Fancy လေးတွေအပြင် တခြား Fancy Accessories တွေ အရည်အသွေးကောင်းကောင်း အိတ်ကလေးတွေလည်း တွေ့နိုင်တယ်။

**ပွင့်ဖြူ**

ရန်ကင်းစင်တာပထမထပ်၊ ဒဂုံစင်တာဒုတိယထပ်နဲ့ ကမ္ဘာ အေးဂမုန်းပွင့်ဒုတိယထပ်တို့မှာ ပွင့်ဖြူဆိုင်ခွဲလေးတွေရှိတယ်။ ဒီဆိုင်မှာကတော့ ဖိနပ်လေးတွေ၊ အင်္ကျီလေးတွေနဲ့ အလှကုန်တချို့လည်း ဝယ်လို့ရတာတွေ့တယ်။ ထိုင်းက တင်သွင်းတာပါတဲ့။

# ဆိုင်ထဲမှာပဲ ကိုယ့်ဟာကိုယ်ခေါက်ဆွဲပြုတ်သောက်မလား

ကိုရီးယားဇာတ်လမ်းတွဲတွေထဲမှာ အမြဲတမ်းပါလေ့ရှိတဲ့ ဇာတ်ကွက်တစ်ခုကတော့ စတိုးဆိုင်ထဲမှာ ခေါက်ဆွဲဘူးဝယ်၊ အဲဒီဆိုင်ထဲမှာပဲ ရေနွေးထည့်ပြီးတော့ ခေါက်ဆွဲရတဲ့အခါ အဲဒီဆိုင်မှာပဲ မတ်တတ်ရပ်စားကြတဲ့အခန်းပါ။ အဲဒီလိုဇာတ်လမ်းတွဲထဲကလိုမျိုး ကိုယ့်ဟာကိုယ် ခေါက်ဆွဲပြုတ်စားနိုင်အောင် ခေါက်ဆွဲဘူးရော၊ ရေနွေးရော၊ ရပ်စားလို့ရမယ့်နေရာပါ စီစဉ်ပေးထားတာက abc Mini Market ပါ။ ဒီဆိုင်မှာ အလှအပဆိုင်ရာအသုံးအဆောင်ပစ္စည်းတွေ၊ အသင့်စားအစားအသောက်တွေ၊ ကော်ဖီမစ်ထုပ်တွေ၊ ဖျော်ရည်ပုလင်းတွေ၊ မုန့်မျိုးစုံ၊ abc တံဆိပ်နဲ့ ရောင်းချတဲ့ အအေးစုံ၊ သဘော်သီးထောင်း၊ သကြား၊ ငှက်ပျောသီးပေါင်း စတာတွေပါ ရောင်းချပေးတယ်။ ဒါ့အပြင် ဆိုဂျူကိုပါရောင်းချပေးတာမို့ ဒီဆိုင်လေးကို သွားလိုတယ်ဆိုရင်တော့ စမ်းချောင်းမြို့နယ်၊ အရှေ့ကုန်းလမ်းမှာရှိပါတယ်။ ဗားကရာလမ်းဘက်ကသွားရင် ပိုနီးပါလိမ့်မယ်။ ■

www.foreverspace.com.mm



# အိမ်အရောက်ပို့ ရုံးသုံးစာရေးကိရိယာတွေနဲ့ တစ်နေရာထဲအပြီး ပုံနှိပ်မှုအမျိုးမျိုး

လုပ်ငန်းတစ်ခုထဲကနေ ရုံးသုံးစာရေးကိရိယာအမျိုးမျိုးကို အိမ်အရောက်ပို့ (Door to Door) စနစ်နဲ့ဖြန့်ချိပေးတာ၊ ပုံနှိပ်လုပ်ငန်းအဆင့်ဆင့်ကို တစ်နေရာတည်းမှာ One Stop Service နဲ့ရနိုင်တာတွေကို ပြောပြချင်တယ်။ ရုံးသုံး၊ ကျောင်းသုံးစာအုပ်နဲ့ ဖိုင်အမျိုးမျိုးအပြင် Fax Paper, Typewriter Ribbon စတဲ့ စက္ကူနဲ့ စာရေးကိရိယာအမျိုးမျိုးကို ရနိုင်တယ်။ ပုံနှိပ်လုပ်ငန်းနဲ့ပတ်သက်ပြီးအပ်ချင်ရင်လည်း လိပ်စာကတ်၊ လက်ကမ်းကြော်ငြာ၊ ဖိတ်စာ၊ ပြက္ခဒိန်ကစလို့ မဂ္ဂဇင်း၊ ဂျာနယ်တို့အထိ ပုံနှိပ်နိုင်ပြီး စတစ်ကာအမျိုးမျိုး၊ ဗီနိုင်းဆိုင်းဘုတ်အမျိုးမျိုး၊ အလူမီနီယံဆိုင်းဘုတ်အမျိုးမျိုး စတာတွေကို အမျိုးပေါင်းများစွာ ဝန်ဆောင်မှုပေးတာမို့ တစ်နေရာတည်းမှာ စုံစမ်းအပ်နှံနိုင်တာမျိုးပါ။ ဒိုင်ယာရီစာအုပ်တွေလည်း အပ်နှံနိုင်တာတွေ့ရတယ်။ ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေအတွက်လည်း အဆင်ပြေတာပေါ့။

လိပ်စာ–

ရွှေမြန်မာ စာရေးကိရိယာနှင့် ပုံနှိပ်လုပ်ငန်း

အမှတ်–၂၂၁၊ အခန်း (၂)၊ ၃၁ လမ်း (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၅၄၅၈၁

E-mail: shwemyanmarkml@gmail.com

# ရသာစုံ နှင်းပုလဲရေခဲမုန့်

ရေခဲမုန့်ကြိုက်သူတွေ အရသာသစ်စားကြည့်လို့ရတာပေါ့။ ဒါမှမဟုတ် ကိုယ်ကြိုက်တဲ့အရသာလေးကို အများစားစေချင်ရင် ကိုယ့်ရဲ့အလှူမှာတည့်ခင်းလိုက်လည်း ရတာပါပဲ။ နှင်းပုလဲရေခဲမုန့်ကိုမှ အစားစားရှိတာပါ။ လိုသလိုမှာလို့ရတယ်။ ဆိုင်မှာသွားစားလည်း အဆင်ပြေတာပါပဲ။ ဆိုင်အပြင်အဆင်က သပ်ရပ်တာတွေ့ရတယ်။ အဲဒီမှာ Main Dish က ကြက်ဆီထမင်းပါ။ ကုံးထက်ကြက်ဆီထမင်းနဲ့ နှင်းပုလဲရေခဲမုန့်ဆို တော်တော်များများ သိကြပါတယ်။ အခုက ဆိုင်ခွဲတွေထပ်ဖွင့်လာတာမို့ ထပ်ပြီးညွှန်ပေးလိုက်တာ။

ပုလဲတွေတခြားအဆာပလာတွေမကြိုက်လည်း ရေခဲမုန့်သီးသန့်လည်း မှာလို့ရပါတယ်။ အလှူမင်္ဂလာဧည့်ခံပွဲတွေအတွက် အော်ဒါမှာယူသူစိတ်တိုင်းကျဆောင်ရွက်ပေးမှာပါတဲ့။ မန္တလေးဆိုင်ကတော့ ပင်ရင်းပါ။

**လိပ်စာ–**

– အမှတ်–၂၂၉၊ ၂၈လမ်း၊ ၈၀×၈၁ လမ်းကြား၊ မန္တလေး။

ဖုန်း–၀၂–၃၆၈၇၅

– အမှတ် ၁၀၉၊ ဘုန်းကြီးလမ်း (အလယ်)၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၂၈၂၀၁

– အမှတ် –၂၂၆၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၆၀၈၄

– ယုဇနပလာဇာ၊ တတိယထပ်၊ Food Center၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၀၉–၅၁၄၈၆၀၇ ■

# ကျောက်စိမ်းနဲ့ပတ်သက်ရင်

တွင်းထွက်ရတနာတစ်ခုဖြစ်တဲ့ ကျောက်စိမ်းကို တချို့တွေက ကံကောင်းခြင်း၊ လာဘ်ရွှင်ခြင်းအဆောင်တစ်ခု၊ ကျန်းမာရေးကောင်းစေတဲ့ အဆောင်တစ်ခုအဖြစ် ကောက်ယူတတ်ကြတာ တွေ့ရပါတယ်။ သူ့ရဲ့ပင်ကိုယ်အရောင်ကိုယ်က အစိမ်းဖျော့၊ အစိမ်းရင့် စသလို အေးမြတဲ့အရောင်ဖြစ်တာမို့ ပရိဘောဂပဲဖြစ်ဖြစ်၊ အိမ်အသုံးအဆောင်ပစ္စည်းပဲဖြစ်ဖြစ် ကျောက်စိမ်းကို တမက်တမောဝယ်လေ့ရှိကြတာတွေ့ရတယ်။

အခုညွှန်ပေးမယ့်နေရာမှာ ကျောက်စိမ်းဆက်တီပရိဘောဂ၊ အိပ်ရာခင်း၊ ကုရှင်၊ ပါကေး စတဲ့ အကြီးအမားကနေ ကျောက်စိမ်းလက်ကောက်၊ စိပ်ပုတီး၊ ပန်းပုစတဲ့ ကျောက် Fancy ပစ္စည်းလေးတွေလည်းရနိုင်ပါတယ်။ လက်လီဝယ်လို့ရသလို တစ်ဆင့်ပြန်ရောင်းလိုသူတွေအတွက်လည်း လက်ကားဈေးနဲ့ရောင်းချပေးတယ်လို့ သိရတယ်။ နီးစပ်ရာမြို့မှာဝယ်လို့ရအောင် လုပ်ငန်းခွဲရှိတဲ့နေရာတွေကိုပါ ဖော်ပြပေးလိုက်တယ်။

လိပ်စာ–

**ဟိန်းလင်းထွန်း**

**ကျောက်မျက်ရတနာအချောထည်**

**ထုတ်လုပ်ရောင်းဝယ်ရေး**

– တိုက်အမှတ်–၁၄၊ အခန်းအမှတ်–၄၊ (၉) ရပ်ကွက်၊

ကမ္ဘာအေးအိမ်ရာ၊ ဝါယာလက် ၃ လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၀၉–၅၁၃၃၂၂၁၀

– ၅၇ လမ်းနှင့် လမ်း ၄၀ ထောင့်၊

ရဲမွန်တောင်ရပ်၊

မဟာအောင်မြေမြို့နယ်၊

မန္တလေး။

ဖုန်း–၀၉–၂၀၁၉၈၉၉၊ ၀၉–၂၀၀၇၁၀

– အမှတ် ၇၀၊ သီရိရတနာ Shopping Complex

နေပြည်တော်။

ဖုန်း–၀၆၇–၄၂၀၉၇၇

www.foreverspace.com.mm



# သုံးနှစ်အာမခံကာလအတွင်း ပျက်ရင်တစ်လုံးပြန်ပေးမယ့် Tensoval သွေးပေါင်ချိန်ကိရိယာ

ကိုယ့်ရဲ့ကျန်းမာရေးအတွက် အိမ်ထဲမှာပဲဆန်းစစ်ချင်သူတွေအတွက် အာမခံကာလသုံးနှစ်အတွင်းမှာပျက်ရင် တစ်လုံးပြန်အစားထိုးပေးမယ့် Tensoval သွေးပေါင်ချိန်တိုင်းစက်အကြောင်း မိတ်ဆက်ပေးပါမယ်။

ဒီစက်က ဂျာမနီနိုင်ငံထုတ်ဖြစ်ပြီး အပေါ်သွေး၊ အောက်သွေး၊ နှလုံးခုန်နှုန်းတိုင်းတာခြင်းကို Memory အကြိမ် ၆၀ အထိ မှတ်နိုင်တဲ့အတွက် ကိုယ့်ရဲ့ သွေးပေါင်ချိန်နဲ့ နှလုံးခုန်နှုန်းတွေကို နှိုင်းယှဉ်လို့ရတာပေါ့။ ဖုန်းဆက်ပြီးမှာမယ်ဆိုရင် အိမ်အထိပါ လိုက်ပို့ပေးပါတယ်တဲ့။

ဈေးနှုန်းကတော့ ၇၁,၀၀၀ ကျပ် ဖြစ်ပြီး Super Market တွေနဲ့ Concordia International ရှိရာ ၃–လွှာနှင့် ၅–လွှာ၊ ရွှေဂုံပလာဇာ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်းအမှတ်–၅၄၄၈၂၄၊ ၅၄၄၁၉၉၊ ၅၅၈၁၇၀၊ ၅၅၈၃၇၄၊ ၅၄၉၄၄၄၊ ၅၄၀၀၂၆၊

မန္တလေးမြို့မှာဆိုရင် အမှတ်–၅၊ မြေညီထပ်၊ SY Bldg၊ လမ်း ၃၀(၇၇ လမ်းနှင့် ၇၈ လမ်းကြား) ချမ်းအေးသာစံမြို့နယ်နှင့်–

နေပြည်တော် အမှတ်–၁၄၄၊ သီရိရတနာ Shopping Complex၊ ဖုန်း–၀၆၇–၄၂၀၈၁၉၊ ၄၂၁၃၆၂ တို့မှာ ဝယ်လို့ရနိုင်တယ်။

LIVING COLOR MEDIA

၂၄၂၄၂၄ ၊ ၃၉၃၁၃၂

# တန်ဖိုးရဲ့ ၇၅ ရာခိုင်နှုန်းနဲ့ ပြန်ရောင်းလို့ရတဲ့ ဗီဗီယမ် ပလက်တီနမ်

ပလက်တီနမ်ကို ကြိုက်နှစ်သက်ကြပေမယ့် ရွှေလောက် အာမခံချက်မရှိလို့ ထင်သလောက်ဝယ်ယူမှုမရှိကြတာပါ။ ဘာလို့ဆို ရွှေကငွေဖြစ်၊ ငွေကရွှေဖြစ်မြန်တတ်လို့ပါ။ ပလက်တီနမ်ကို အရင်ကဆို ဆိုင်တွေရဲ့ရောင်းချပေးမှုက ပိုမိုများပြားပြီး ဝယ်ယူမှုသိပ်မရှိတတ်ပါဘူး။ အာမခံနဲ့ပြန်ဝယ်ပါ့မယ်ဆိုပြီး ရောင်းပေးတဲ့ဆိုင်တွေကလွဲလို့ပေါ့။ ဆိုလိုတာက ပြင်ပဝယ်ရောင်းဈေးကွက် သိပ်မရှိတာမျိုးကိုပါ။

ဒီဆိုင်မှာတော့ 18 ကာရက် 750 ရည်ပြည့် အီတလီဒီဇိုင်း ပလက်တီနမ်တွေကို ရောင်းပေးတတ်တာတွေ့ရတယ်။ လက်လီလက်ကားရောင်းပေးမှာပါတဲ့။ သူတို့ဆီက ပလက်တီနမ်လက်ဝတ် ရတနာတွေကိုလည်း အာမခံဘောက်ချာနဲ့ ၇၅ ရာခိုင်နှုန်းပေးပြန်ဝယ်တယ်လို့ ကြော်ငြာထားတာတွေ့ရလို့ ပလက်တီနမ်ချစ်သူတွေ ဒီအချက်ကိုကျေနပ်ရင် ဝယ်လို့ရအောင် ညွှန်ပေးလိုက်တယ်။

**လိပ်စာ–**

VIVIAN PLATINUM SHOP
အမှတ် D-4/5၊ ဒိုင်းမွန်းအင်ပါယာ၊
ဗိုလ်ချုပ်ဈေးမြောက်ဘက်တန်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၅၀၇၅၆၉၃၊ ၀၉–၅၀၁၉၅၇၉

# သတို့သမီးလက်ကိုင်ပန်းကို မှန်ဘောင်သွင်းပြီး အမှတ်တရထားမယ်

တစ်သက်မှာတစ်ကြိမ်သာဆောင်ရတတ်တဲ့ ကိုယ့်ရဲ့မင်္ဂလာပွဲလေး အစစအရာရာအဆင်ပြေစေဖို့ စိတ်ပင်ပန်းလူပင်ပန်း ပြင်ဆင်ရတာနဲ့ တချို့နေရာတွေမှာ လစ်ဟင်းမေ့လျော့တာတွေရှိကောင်း ရှိနိုင်ပါတယ်။ ဒါကြောင့် မမေ့လျော့ကောင်းတဲ့အပြင် တစ်သက်မှာတစ်ခါသာကိုင်ရတဲ့ သတို့သမီးလက်ကိုင်ပန်းကို အမြတ်တနိုးသိမ်းထားလိုသူတွေအတွက် အိုရှီဘားနားနည်းပညာနဲ့ မှန်ဘောင်သွင်းပေးတဲ့နေရာလေးကို လမ်းညွှန်လိုက်တယ်။

ထိမ်းမြားမင်္ဂလာပွဲအတွက် မြတ်နိုးစရာသင်္ကေတတစ်ခုဖြစ်တဲ့ အဲဒီလက်ကိုင်ပန်းကို ကြာရှည်သိမ်းထားလို့ရအောင် အိုရှီဘားနားနည်းပညာနဲ့ မှန်ဘောင် သွင်းပြီး ဧည့်ခန်းမှာ ကိုယ့်မင်္ဂလာဆောင်ဓာတ်ပုံလေးနဲ့အတူတူ ချိတ်ဆွဲနိုင်မှာပါ။ ဒါကြောင့် ကိုယ့်မိတ်ဆွေ၊ သူငယ်ချင်းတွေရဲ့ မင်္ဂလာဆောင်မှာပါ ထူးထူးခြားခြားလက်ဖွဲ့လည်း အဆင်ပြေနိုင်တယ်။

**အိုရှီဘားနား –**

အမှတ် (၄၀၆) ၊ ကွန်ဒိုဘီ ၊ တက္ကသိုလ်ရိပ်မွန်၊
တက္ကသိုလ်ရိပ်သာလမ်းသစ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၁၁၀၂၆၀၊ ၀၉–၅၁၇၉၄၁၁

■

www.foreverspace.com.mm

# ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လထုတ်စာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဂလိုဘယ်လိုက်ဖေးရှင်းသမိုင်း အကျဉ်း<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၇၈၉၀၇၀၉ | စိုးအုပ် | ၅၀၀ | ၉၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ ဇန်နဝါရီ (ပ-ကြိမ်) | သုတ |
| ၂။ | ဟွန်ဆန် (ကမ္ဘောဒီးယားဝန်ကြီးချုပ်)<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၁၃၂၁၂၀၉ | ဆလိုင်းအောင် မင်းလှိုင် | ၅၀၀ | ၄၀၀၀ | မိုးကျော်အေး | ၂၀၁၀၊ ဇန်နဝါရီ (ပ-ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၃။ | ပယ်ဖျက်သော ကွဲလွဲသောအမြင် ချင်းမတူသောစီရင်ထုံးများမှတ်စု<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၃၉၆၁၂၀၉ | ဦးကျော်ဇေယျ | ၅၀၀ | ၃၀၀၀ | မယ်နဲ့မောင် | ၂၀၁၀၊ ဇန်နဝါရီ (ပ-ကြိမ်) | ဥပဒေ |
| ၄။ | မူရှာရတ်၏ ဘဝဇာတ်ခုံ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၂၈၄၁၂၀၉ | အေးထွန်းမင်း | ၅၀၀ | ၁၈၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ မတ် (ပ-ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၅။ | ဂီတသင်္ကေတအခြေခံ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၇၇၄၀၇၀၉ | မောင်ကြည်သာ | ၅၀၀ | ၁၅၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ ဖေဖော်ဝါရီ (၃-ကြိမ်) | ဂီတ |
| ၆။ | သူငယ်ချင်းများနှင့် စကားစမြည် ပြောခြင်း<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၁၅၂၀၉၀၉ | ကိုတာ | ၅၀၀ | ၂၃၀၀ | မုံရွေး | ၂၀၁၀၊ မတ်လ (၃-ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၇။ | မြတ်သောပညာဉာဏ်လမ်းစဉ်နှင့် မဂ္ဂင်အကျင့်<br>စာမူခွင့်ပြုချက်အမှတ်-၃၂၀၆၆၈၁၀၀၉ | ဦးမြတ်သူ | ၅၀၀ | ၂၀၀၀ | မြင့်မြတ် | ၂၀၁၀၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | ဘာသာရေး |
| ၈။ | လူထုအောင်သံပြဇာတ် <br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၁၁၀၁၂၀၉ | ဦးနု | ၁၀၀၀ | ၁၈၀၀ | အင်ကြင်း | ၂၀၁၀၊ ဖေဖော်ဝါရီ (သတ္တမ-ကြိမ်) | ပြဇာတ် |
| ၉။ | အင်ဒီရာဂန္ဒီ<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၁၁၈၁၁၀၉ | သန်းအောင်နိုင် | ၅၀၀ | ၁၅၀၀ | ယဉ်မျိုး | ၂၀၁၀၊ ဖေဖော်ဝါရီ (စတုတ္ထ-ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၁၀။ | ခေတ်ရေစီးနှင့် ထင်မြင်ချက်များ<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၁၃၇၁၂၀၉ | ကျော်ဝင်း | ၅၀၀ | ၂၀၀၀ | Plastic Rainbow | ၂၀၁၀၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၁၁။ | စပယ်ဦး<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၈၇၀၀၆၀၉ | စပယ်ဦးစာတည်း အဖွဲ့ဝင်တစ်ဦး | ၁၀၀၀ | ၈၀၀ | စံပယ်ဦး | ၂၀၁၀၊ မတ်လ (ပ-ကြိမ်) | ဝတ္ထုတိုပေါင်းချုပ် |
| ၁၂။ | အောင်ဘာလေ | မင်းလူ | ၅၀၀ | ၂၀၀၀ | ငါတို့စာပေ | ၂၀၁၀၊ ဇန်နဝါရီ (ပ-ကြိမ်) | ဝတ္ထု |
| ၁၃။ | ဂျက်ကီဂျက်ကလင်းကနေဒီ-အိုနာစစ်<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၉၀၁၁၁၀၈ | လင်းယုန် မောင်မောင် | ၅၀၀ | ၂၀၀၀ | အောင်ပင်လယ် | ၂၀၁၀၊ ဇန်နဝါရီ (၃-ကြိမ်) | ဘာသာပြန် |

www.foreverspace.com.mm

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၄။ | အိမ်ဖြူတော်ကို တန်းစီခြင်း<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၁၀၆၀၉၀၉ | ကြည်မင်း | ၅၀၀ | ၂၅၀၀ | တူဒေး | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ဘာသာပြန် |
| ၁၅။ | ဘာသာစကားအခြေခံတည်<br>ဆောက်မှုအတွင်းမှ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၀၃၈၀၉၀၉ | မြင့်သန်း | ၅၀၀ | ၂၀၀၀ | ကျော်မွေး | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ဘာသာပြန် |
| ၁၆။ | ကဗျာပြောင်းပြန်/ ၂၀၀၉<br>စာမူခွင့်ပြုချက်အမှတ်–၄၂၀၀၇၃၁၀၀၉ | မင်းထက်မောင် | ၅၀၀ | ၁၅၀၀ | လင်းသစ်ရောင်စဉ် | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ကဗျာစာပေ |
| ၁၇။ | သွေးတိုး၊ နှလုံး၊ ဆီးချိုသွေးချို<br>သိမှတ်ဖွယ်ရာအမေးအဖြေများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၂၅၇၁၀၀၉ | ဒေါက်တာ<br>အောင်သန်း | ၁၀၀၀ | ၅၀၀ | ဖူးပွင့်<br>ဝေဝေ | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ကျန်းမာရေး |
| ၁၈။ | စေ့စပ်ညှိနှိုင်းဆွေးနွေးအဖြေရှာရေး<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၀၉၉၀၉၀၉ | ကိုနေငမန်း | ၅၀၀ | ၁၂၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ဘာသာပြန် |
| ၁၉။ | စိတ္တဇပန်းချီ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၀၉၀၀၉၀၉ | ခင်ဝမ်း | ၁၀၀၀ | ၃၀၀၀ | အလင်းသစ် | ၂၀၁၀၊ ဇန်နဝါရီ<br>(ဒု–ကြိမ်) | ပန်းချီ |
| ၂၀။ | နီယာမဗဟိုပြုခေါင်းဆောင်မှု<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၀၈၀၀၉၀၉ | ခင်မောင်ညို<br>(ဘောဂဗေဒ) | ၅၀၀ | ၂၀၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ ဖေဖော်ဝါရီ<br>(ဒု–ကြိမ်) | ခေါင်းဆောင်းပါး<br>ပေါင်းချုပ် |
| ၂၁။ | ကလျာဏမိတ္တာသို့<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၄၇၅၀၇၀၇ | ကျော်နန္ဒအောင် | ၅၀၀ | ၁၈၀၀ | ကုံကျော်ဝတ်ရည် | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ဘာသာရေး |
| ၂၂။ | မြိတ်ကျွန်းစုအလှများဆီသို့<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၀၆၈၀၉၀၈ | စိန်မျိုးမြင့် | ၅၀၀ | ၃၅၀၀ | စာပေလောက | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ခရီးသွား |
| ၂၃။ | သူတို့ပြောတဲ့အချစ်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၅၁၂၁၁၀၉ | စာရေးဆရာစုံ | ၁၀၀၀ | ၁၅၀၀ | ပဘာဝတီ | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | အမြင် |
| ၂၄။ | မေတ္တာရွှေကြုတ်ကိုဖွင့်ကြည့်ခြင်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၀၅၇၀၉၀၇ | ထင်အောင်ကျော် | ၅၀၀ | ၂၀၀၀ | ဂျူး | ၂၀၀၉၊ နိုဝင်ဘာ<br>(ပ–ကြိမ်) | ဆောင်းပါး |
| ၂၅။ | ပညာခရီးနှင့် ပညာမျက်စိ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၄၁၆၁၂၀၉ | ကြည်မင်း | ၁၀၀၀ | ၂၀၀၀ | WisDOM HOUSE | ၂၀၀၉၊ ဒီဇင်ဘာ<br>(ပ–ကြိမ်) | ဆောင်းပါး |
| ၂၆။ | လောကဓံကိုစိန်ခေါ်၍ရင်ဆိုင်ခဲ့သည့်ကျွန်တော်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၁၂၄၀၉၀၉ | ကေသီပန်<br>ဦးလှမြင့် | ၅၀၀ | ၂၀၀၀ | ချိုတေးသံ | ၂၀၀၉၊ ဒီဇင်ဘာ<br>(ပ–ကြိမ်) | ကိုယ်တွေ့ဖြစ်ရပ်<br>ဆောင်းပါးများ |
| ၂၇။ | ဒစ်ဂျစ်တယ်ပစ္စည်းလုပ်ဆောင်မှုများနှင့်ပြဿနာ သန်းထိုက်(ရွှေရိပ်)<br>ဖြေရှင်းနည်း စာမူခွင့်ပြုချက်အမှတ်–၆၀၀၅၂၅၁၁၀၉ | | ၅၀၀ | ၂၀၀၀ | မျက်ပွင့် | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ကွန်ပျူတာ |
| ၂၈။ | ဥတုရာသီပြောင်းခဲ့ပြီ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၂၂၇၁၂၀၉ | ကျော်ဦး | ၁၀၀၀ | ၅၀၀၀ | ပါရမီ | ၂၀၀၉၊ ဒီဇင်ဘာ<br>(ပ–ကြိမ်) | သဘာဝပတ်ဝန်း<br>ကျင်ထိန်းသိမ်းရေး |
| ၂၉။ | ကံကောင်းခြင်းကိုသယ်ဆောင်လာသူနှင့်<br>ဓမ္မရေးရာဆောင်းပါးများ<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၂၃၉၁၁၀၉ | အရှင်ရေဝတ<br>(သာသနာ့ပျိုးခင်း) | ၁၀၀၀ | ၁၀၀၀ | အိပ်မက်ရိပ် | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ဘာသာရေး |
| ၃၀။ | အံ့ဖွယ်ပုံပြင် ဂျပန်ဒဏ္ဍာရီများ<br>စာမူခွင့်ပြုချက်အမှတ်–၅၁၀၀၂၄၀၅၀၉ | မောင်သင် | ၅၀၀ | ၁၅၀၀ | ရွှေစကားဝါ | ၂၀၀၉၊ ဒီဇင်ဘာ<br>(တ–ကြိမ်) | ဘာသာပြန်<br>ပုံပြင်များ |

www.foreverspace.com.mm



# စာအုပ်လမ်းညွှန်

Editor's Choice

## ဥတုရာသီပြောင်းခဲ့ပြီ


**ကျော်ဦး**

သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုနှင့်အတူ ဆက်စပ်ဖြစ်ပေါ်လာသော ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကို နိုင်ငံတကာနည်းတူ ရင်ဆိုင်ကြုံတွေ့လာရသော မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်း၍ ပထမဦးဆုံးရေးသားထုတ်ဝေလိုက်သည့်စာအုပ် ဖြစ်သည်။ အဆိုပါစာအုပ်တွင် ယနေ့ကမ္ဘာ၌ ရင်ဆိုင်နေရသည့် အဆိုးရွားဆုံးစိန်ခေါ်မှုဖြစ်သော ရာသီဥတုပြောင်းလဲမှုအကြောင်းကို ပြောင်းလဲမှုလက္ခဏာများ၊ ပြောင်းလဲရခြင်းအကြောင်းအရင်း၊ ပြောင်းလဲလာပုံအဆင့်ဆင့်၊ မည်သို့ရင်ဆိုင်ကြရမည်၊ အနာဂတ်ရာသီဥတုအခြေအနေ စသည်ဖြင့်အပိုင်းများခွဲခြားထားပြီး နောက်ခံ သိပ္ပံဝေါဟာရဆိုင်ရာရှင်းပြချက်များ၊ ကိန်းဂဏန်း Data များ၊ ဂရပ်များ၊ ဇယားများ၊ သရုပ်ဖော်ပုံများ၊ ဓာတ်ပုံများဖြင့် ပြည့်ပြည့်စုံစုံ ခိုင်ခိုင်လုံလုံ တင်ပြသတိပေးထားသည်။

*ရာသီဥတုပြောင်းလဲခြင်း၏အကြောင်းမှာ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာခြင်း၏အကြောင်းကို ဆက်၍လေ့လာလျှင် လူတို့ကရုပ်ကြွင်းလောင်စာများကို လောင်မြိုက်ခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို လေထုတွင်းသွတ်သွင်းကြခြင်းဟူသောဖြစ်စဉ်ကိုတွေ့ရမည်။*

*ကာဗွန်ဒိုင်အောက်ဆိုဒ်သည် မူလကပင် လေထုတွင်းရှိနှင့်နေပြီးသော ဓာတ်ဖြစ်ကာ ကမ္ဘာကို အလောတော်အပူချိန်၌ နွေးထွေးစေခြင်းဖြင့် အကျိုးပြုနေသည်။ သို့သော် လူတို့၏ပယောဂကြောင့် ယင်းဓာတ်များ လေထုအတွင်းထပ်ဝင်လာသောအခါ ရှိသင့်သည့် ပမာဏထက်ပိုလာသဖြင့် ကမ္ဘာ့အပူချိန် တက်လာရသည်။*

*စက်များကို တစ်ချိန်ထက်တစ်ချိန် အလုံးအရင်းနှင့် တိုးမြှင့်အသုံးပြုခဲ့ကြသော လူတို့သည် မိမိတို့၏ပယောဂကြောင့် ကမ္ဘာ့အပူချိန်တက်လာနေမှန်း၊ ရာသီဥတု ပြောင်းလဲနေမှန်းအချိန်အတော်နှောင်းမှ သိကြသည်။ အကယ်၍ စောစီးစွာသိခဲ့ပါလျှင် ယခုကဲ့သို့ ကမ္ဘာ့အပူချိန်လျင်မြန်စွာတက်ပြီး ရာသီဥတုပါပြောင်းလဲခြင်းဖြစ်မလာအောင် ဆင်ခြင်ထိန်းသိမ်းခဲ့ဖွယ်ရှိသည်။ သို့သော် ဖြစ်နေသည့်အကြောင်းရင်းနှင့် ဖြစ်လာမည့်အကျိုးဆက်တို့ကို ဆက်စပ်၍ သိနိုင်စွမ်းမရှိခဲ့သဖြင့် အပူချိန်တက်ကာ ရာသီဥတု ပြောင်းလာခဲ့သည်။*



www.foreverspace.com.mm

ထို့ကြောင့် ရာသီဥတုပြောင်းလဲခြင်းသည် လူတို့၏မသိမှုအကြောင်းမှ မြစ်ဖျားခံခဲ့သည်ဟု ကောက်ချက်ဆွဲယူနိုင်သည်။ မသိမှုဆိုရာတွင် တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့ တစ်ဒေသ တစ်နိုင်ငံတည်း၏ မသိမှုမျိုးမဟုတ်၊ လူသားတိုင်း၏ မသိမှုများဖြစ်သည်ဟု နိဒါန်းတွင် စာရေးသူက ရာသီဥတုပြောင်းလဲခြင်း၏တရားခံကို ကြောင်းကျိုးဆက်စပ် ဖော်ထုတ်ထားသည်။

ရာသီဥတုပြောင်းလဲခြင်းမှာမူ တစ်ကမ္ဘာလုံးကိုခြုံ၍ ဖြစ်ပေါ်နေပြီး ယင်း၏အကျိုးဆက်သည် ရာစုနှစ်နှင့်ချီ၍ ကြာမည်ဖြစ်၍ သာမန်သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုထက် များစွာ ကျယ်ပြန့်ဆိုးရွားသည်။

လက်ရှိလူသားတို့က ယခုချက်ချင်း ရုပ်ကြွင်းလောင်စာအသုံး လုံးဝရပ်ဆိုင်းကာ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်မှုကို ရပ်တန့်လိုက်ကြသည့်တိုင်အောင် လေထုတွင်းရောက်ရှိနှင့်ပြီးဖြစ်သည့် ဓာတ်ငွေ့များ၏ သတ္တိကြောင့် ရာသီဥတုဆက်လက်ပြောင်းလဲနေဦးမည်။ ရုပ်ကြွင်းလောင်စာအသုံး လျှော့ကြလျှင်တော့ လျှော့သည်နှင့်အမျှ ရာသီဥတုပြောင်းလဲမှုပမာဏ လျော့မည်။ ရုပ်ကြွင်းလောင်စာအသုံးမလျှော့နိုင်ကြလျှင်တော့ ယနေ့လူသားများနှင့် အနာဂတ်မျိုးဆက်တို့ ခံကြရမည့်အကျိုးဆက်မှာ မတွေးဝံ့လောက်အောင်ဖြစ်သည်ဟု ရာသီဥတုပြောင်းလဲမှုအကျိုးဆက်ကို ပွင့်ပွင့်လင်းလင်းရေးသားဖော်ပြထားသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် လက်တွေ့ခံစားနေရပြီဖြစ်သည့် အကျိုးဆက်တစ်ခုမှာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းပင်ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ စာရေးသူက ပင်လယ်ရေမျက်နှာပြင်သည် ကမ္ဘာ့မျက်နှာပြင်ဧရိယာစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ဖုံးအုပ်ထားပြီး ကမ္ဘာ့ လူဦးရေ သန်း ၁၀၀ ခန့်သည် ကမ်းရိုးတန်းဒေသများတွင် နေထိုင်ကြသဖြင့် 'ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာလျှင်' ဟူသော စိုးရိမ်မှုသည် ယခင်ကတည်းကပင် ရှိနေခဲ့သည်။ ယခု ကမ္ဘာ့အပူချိန်တက်လာသောအခါ ယင်းစိုးရိမ်မှုသည် အချို့နေရာများတွင် နဖူးတွေ့ဒူးတွေ့စတင်ရင်ဆိုင်နေရသည့် ပြဿနာဖြစ်လာသည်။ ပင်လယ်ရေပြင်ကို မြင့်လာစေနိုင်သည့် အဓိကအကြောင်းရင်းများမှာ ပူနွေးရာသီဥတုကြောင့် ရေထုပွယောင်းလာခြင်း၊ တောင်ထိပ်ရေခဲမြစ်များနှင့် ဝင်ရိုးစွန်းအရပ်များရှိ ရေခဲပြင်များအရည်ပျော်ကာ ပင်လယ်သမုဒ္ဒရာများထဲ စီးဝင်ရောက်ရှိလာခြင်းတို့ဖြစ်ကြသည်။ ကမ္ဘာ့ရာသီဥတုနှင့် ပင်လယ်ရေပြင် အတက်အကျဆက်စပ်မှုရှိပုံကို လွန်ခဲ့သော နှစ်ပေါင်း ၁၈,၀၀၀ ခန့်က အခြေအနေကို ပြန်ပြောင်းလေ့လာချက်များအရ ထင်ရှားစွာသိရှိနိုင်သည်။ ယင်းအချိန်က ကမ္ဘာတွင် ရေခဲခေတ်ဟု ခေါ်ရလောက်အောင် အအေးပိုခဲ့ရာ ကမ္ဘာပေါ်ရှိရေအများစုသည် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ စီးဝင်မှုနည်းပါးကာ မြောက်အမေရိက၊ ဥရောပနှင့် အာရှတိုက်ရေခဲပြင်များတွင် ရောက်နေခဲ့သဖြင့် အချို့နေရာများတွင် ပင်လယ်ရေပြင်သည် ယခုထက် ပေ ၄၀၀ ခန့် နိမ့်နေခဲ့သည်။ ဥရောပတိုက် မြောက်ပင်လယ်နှင့် ဘောလ်တစ်ပင်လယ်တို့တွင် ရေများခန်းခြောက်နေခဲ့သည်။

ယခုကမ္ဘာ့မြေပုံကိုကြည့်လျှင် အာရှတိုက်နှင့် မြောက်အမေရိကတိုက်တို့၏ကြားတွင် ဘယ်ရင်ရေလက်ကြားက ခြားထားသည်ကိုတွေ့ရမည်။ ထို့ကြောင့် ယင်းတိုက်နှစ်တိုက်ကို အဆိုပါနေရာမှ ကူးသန်းလိုလျှင် သင်္ဘောဖြင့်ကူးရသည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၂,၀၀၀ ခန့်အချိန်အထိမူ ထိုသို့မဟုတ်ချေ။ ဘယ်ရင်ရေလက်ကြားတွင် ရေခန်းနေသဖြင့် အာရှနှင့် အမေရိကတို့ကြား ကုန်းကြောင်းဖြင့်သွားလာနိုင်ခဲ့သည်။

ထို့နောက် ရာသီဥတုပြန်လည်ပူနွေးလာ၍ ရေခဲခေတ်ကုန်ဆုံးသဖြင့် ရေခဲပြင်များ အရည်ပျော်ကာ လွန်ခဲ့သည့်နှစ် ၆၀၀၀ ခန့်မှစ၍ ပင်လယ်ရေပြင် ပြန်လည်မြင့်တက်လာရာ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀၀ ခန့်တွင် လက်ရှိအနေအထားသို့ ရောက်ခဲ့သည်။


တွက်ချက်မှုများအရ အာတိတ်နှင့် အန္တာတိတ်ဒေသနှစ်ခုလုံးမှ ရေခဲများ လုံးဝအရည်ပျော်ပါက ပင်လယ်ရေပြင်သည် ပေ ၂၅၀ ခန့်မြင့်လာသည်။ တကယ့်လက်တွေ့တွင် ထိုမျှဆိုးဝါးစွာဖြစ်ရန် မရှိသေးသော်လည်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အချက်အလက်များကို တရားဝင်ဆန်းစစ် ထုတ်ပြန်ပေးနေသည့် ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ အစိုးရများကြား ဆက်သွယ်ညှိနှိုင်းရေးအဖွဲ့(အိုင်ပီစီစီ)က ၁၉၉၃ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်ကြား ၁၀ နှစ်အတွင်းတွင် ပင်လယ်ရေပြင်သည် တစ်နှစ်လျှင် ၃ မီလီမီတာတက်လာသည်ဟု ကြေညာခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ က ပင်လယ်ရေပြင်နှင့်နှိုင်းယှဉ်လေ့လာလျှင် ၁၀ စင်တီမီတာမှ ၂၅ စင်တီမီတာခန့်တက်လာသည်။ အိုင်ပီစီစီက လာမည့်နှစ် ၁၀၀ အတွင်း ပင်လယ်ရေပြင်သည် အများဆုံး ၆၀ စင်တီမီတာအထိ တက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။ သို့သော် ရေခဲပြင်အရည်ပျော်မှုပိုလာလျှင် နောက်ထပ် ၂၀ စင်တီမီတာ ပိုမြင့်ကာ စင်တီမီတာ ၈၀ အထိ တက်လာနိုင်သည်။

နိုင်ငံ ၃၀ တို့ဖြင့် ဖွဲ့စည်းထားသော စီးပွားရေးပူးပေါင်းမှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့က ပင်လယ်ရေလွှမ်းမိုးမှုခံရရန် အန္တရာယ်အကြီးဆုံးမြို့ကြီး ၁၀ မြို့ကို ထုတ်ပြန်ထားသည်။ ယင်းတို့မှာ အိန္ဒိယနိုင်ငံ မွန်ဘိုင်းနှင့်ကိုးလ်ကာတာ၊ တရုတ်နိုင်ငံကွမ်ကျိုးနှင့် ရှန်ဟိုင်း၊ အမေရိကန်နိုင်ငံ နယူးယောက်၊ မိုင်ယာမီနှင့် နယူးအောလင်း၊ ဗီယက်နမ်နိုင်ငံအိုချီမင်း၊ ဂျပန်နိုင်ငံအိုဆာကာ၊ အီဂျစ်နိုင်ငံအလယ်ဇန္ဒရီးယားတို့ဖြစ်ကြသည်။ ရှေးဟောင်းအမွေအနှစ်များစုစည်းရာ အီတလီနိုင်ငံဗင်းနစ်မြို့သည်လည်း ယခင်ကပင် ရေလွှမ်းမိုးမှုဒဏ်ကိုခံနေရရာ ရာသီဥတုပြောင်းလဲမှုကြောင့် ရေပိုကြီးလာလျက်ရှိသည်။

ကမ်းရိုးတန်းဒေသများတွင် လူဦးရေထူထပ်စွာနေထိုင်သည့် ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ တရုတ်၊ အီဂျစ် စသည့် နိုင်ငံ

www.foreverspace.com.mm






များအတွက် အန္တရာယ်များသကဲ့သို့ အနိမ့်ပိုင်းကျွန်းနိုင်ငံများဖြစ်ကြသည့် အိန္ဒိယသမုဒ္ဒရာတွင်းမှ မော်လဒိုက်နှင့်မာရှယ်ကျွန်းစုများ၊ ပစိဖိတ်သမုဒ္ဒရာအတွင်းမှ တူဗာလူတို့သည် နှစ် ၁၀၀ အတွင်း ရေအောက်မြုပ်သွားနိုင်သည်။ ရေအောက်ရောက်နိုင်သည်။ ရေအောက်ရောက်နိုင်သည့်ကျွန်းနိုင်ငံများအနက် အိန္ဒိယသမုဒ္ဒရာရှိ မော်လဒိုက်နိုင်ငံ၏အဖြစ်သည် ရင်လေးဖွယ်ရာဖြစ်သည်ဟု ရေးသားထားသည်။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ပြန်လည်အစားထိုး၍မရသော ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာမှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြထားသည်။ ယနေ့ ကမ္ဘာတွင် မျိုးစိတ်တစ်သန်းခွဲခန့်ကို စနစ်တကျမှတ်တမ်းတင်ထားနိုင်သည်။ အပင်မျိုးစိတ်သုံးသိန်းခန့်နှင့် သတ္တဝါမျိုးစိတ်တစ်သန်းနှစ်သိန်းခန့် ဖြစ်သည်။ မှတ်တမ်းမတင်နိုင်သေးသည့် မျိုးစိတ်ပေါင်းငါးသန်းမှ သန်း ၃၀ အထိရှိဦးမည်ဟု ခန့်မှန်းရသည်။

ကမ္ဘာ၏လက်ရှိအခြေအနေသည် မျိုးစိတ်အရေအတွက်တိုးလာခြင်းမရှိဘဲ ယုတ်လျော့လျက်ရှိသည်။ လက်ရှိမျိုးစိတ်ယုတ်လျော့မှုသည် လွန်ခဲ့သော နှစ်တစ်သိန်းမှ စတင်ခဲ့သည်။ ယင်းအချိန်မှစ၍ ကမ္ဘာ့လူဦးရေသိသာစွာများလာပြီး နေရာအနှံ့ဖြန့်ကြက်နေထိုင်လာကြခြင်းနှင့်အတူ မျိုးစိတ်မျိုးတုံးမှုနှုန်း မြင့်တက်လာခဲ့သည်။ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာနေသည်။

မျိုးတုံးရခြင်းအကြောင်းအရင်းမှာ တိရစ္ဆာန်များကို အလွန်အကျွံဖမ်းခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ သစ်တောခုတ်လှဲမှုစသည်တို့ကြောင့် သတ္တဝါတို့၏နေထိုင်စရာပျက်စီးခြင်း၊ အစာအတွက်အပြိုင်ရှာဖွေရခြင်းစသည်တို့ ဖြစ်ကြသည်။ ရာသီဥတုပြောင်းလဲကာ ကမ္ဘာကြီးပူနွေးလာနေမှုသည်လည်း အဓိက အကြောင်းရင်းတစ်ရပ်အနေနှင့် နောက်ပိုင်းတွင်ပါဝင်လာရာ တစ်ရက်လျှင် မျိုးစိတ် ၁၀၀ နှုန်းခန့် မျိုးတုံးနေသည်ဟု ခန့်မှန်းထားကြသည်။

နိဂုံးပိုင်းတွင်စာရေးသူက အသိတရားဖြင့်ဆင်ခြင်၍ ကာဗွန်ခြေရာငယ်အောင်နေသွားခဲ့ပါလျှင် ရာသီဥတုပြောင်းလဲမှုဆိုးကျိုးများကို ကပ်ဘေးအဆင့်အထိ မရောက်အောင် ရှောင်ကွင်းနိုင်ကြလိမ့်မည်။

ထိုသို့ရှောင်ကွင်းနိုင်သဖြင့် နောင်ဆယ်စုနှစ်အနည်းငယ်ကြာသောအခါ အဘိုးအဘွားအရွယ်ရောက်နေမည်ဖြစ်သော လက်ရှိမျိုးဆက်တို့အား မြေးမြစ်တို့က ကျေးဇူးစကားဆိုကာ "သားသားတို့လည်း အနာဂတ် ကမ္ဘာကြီးသာယာနေအောင်လုပ်ဖို့ အတုယူချင်လို့ ကပ်ဘေးတွေမဖြစ်အောင် ဘိုးဘိုးဘွားဘွားတို့ ဘာတွေလုပ်ခဲ့သလဲဟင်" ဟု မေးကြလိမ့်မည်။

ထိုသို့မဟုတ်ဘဲ လက်ရှိမျိုးဆက်တို့ နေမြဲအတိုင်းဆက်နေသွားခဲ့ပါလျှင် အနာဂတ်တစ်ချိန်တွင် ကပ်ဘေးဆိုးကြီးများနှင့် ရင်ဆိုင်နေရသော မြေးမြစ်တို့က "ဒီလိုဖြစ်လာမယ်မှန်းသိရက်နဲ့ ဒီလောက်ကြီးဆိုးမနေအောင်လုပ်လို့ရနိုင်ခဲ့လျက်သားနဲ့ ဘိုးဘိုး ဘွားဘွားတို့က ဘာဖြစ်လို့မလုပ်ခဲ့တာလဲဟင်" ဟု မေးခွန်းထုတ်ကြလိမ့်မည်သည့်မေးခွန်းမျိုးအမေးခံလိုသနည်း ဆိုသည်ကို ရွေးချယ်ရန်အခွင့်အလမ်း ယခုအချိန်အထိရှိနေပါသေးသည်ဟု အနာဂတ်မျိုးဆက်များအတွက် ဆိုထားသည်။

လက်ရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေသူများနှင့်သုတေသနပြုနေသူများသာမက သဘာဝပတ်ဝန်းကျင်နှင့် ဆက်နွှယ်နေထိုင်နေပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို အတူတကွရင်ဆိုင်နေရသည့် လူတိုင်းလေ့လာဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ စာအုပ်တန်ဖိုးအနည်းငယ်ကြီးမြင့်နေသော်ငြား စာအုပ်တစ်အုပ်လုံးကို ဂူဖရီးစက္ကူချော ရောင်စုံဓာတ်ပုံသရုပ်ဖော်ပုံများဖြင့် သပ်ရပ်စွာ ရိုက်နှိပ်ထားပြီးဖော်ပြထားသည့်အကြောင်းအရာများက စာဖတ်သူများအတွက် စာရေးသူ၏ကြိုးပမ်းအားထုတ်မှုနှင့် စေတနာကို ပေါ်လွင်နေသည်။

ထုတ်ဝေတိုက် – ပါရမီစာပေ
မျက်နှာဖုံးပန်းချီ – သန်းမြင့်အောင်
ထုတ်ဝေသည့်လ – ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ
အကြိမ် – ပထမအကြိမ်
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၅၀၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ် – ၄၀၀၄၅၂၁၁၀၉

■

**လက်ရှိလူသားတို့သည် ယခုချက်ချင်း ရုပ်ကြွင်းလောင်စာအသုံး လုံးဝရပ်ဆိုင်းကာ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်မှုကို ရပ်တန့်လိုက်ကြသည့်တိုင်အောင် လေထုတွင်းရောက်ရှိနှင့်ပြီးဖြစ်သည့် ဓာတ်ငွေ့များ၏သတ္တိကြောင့်ရာသီဥတု ဆက်လက်ပြောင်းလဲနေဦးမည်။ ရုပ်ကြွင်းလောင်စာသုံးလျှော့ကြလျှင်တော့ လျှော့သည်နှင့်အမျှ ရာသီဥတုပြောင်းလဲမှုပမာဏ လျှော့မည်။**

www.foreverspace.com.mm



ဤကဏ္ဍတွင် . . . . .


၁၂၀ ပုဂ္ဂလိကဆေးကုသရေးနှင့် မီဒီယာ

၁၂၄ မိုဟာမက်အလီ သို့မဟုတ် ကြိုးဝိုင်းထဲက ဘဝဇာတ်ဆရာ

၁၃၂ တာဝန် နှင့် ဝတ္တရား

၁၃၈ ရှားရှားပါးပါးနဲ့ အားထားတဲ့တို့ဆရာ

၁၄၂ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ (၈)

၁၄၆ UNGA၊ G 20 အရှေ့သွား အနောက်ရောက် (၅)

၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၀)


# ပုဂ္ဂလိကဆေးကုသရေးနှင့် မီဒီယာ

မောင်မောင်တင်

**ယခုတလော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေအကြောင်း သူရေး၊ ငါရေးနှင့် ဘက်ပေါင်းစုံ၊ ထောင့်စုံမှ အမြင်အမျိုးမျိုး ရေးနေကြ၍ စာဖတ်သူပရိသတ်စိတ်ဝင်စားနေကြသည်။ စာရေးသူပင်လျှင် ဂျာနယ် ရှစ်စောင်ဝယ်၍ဖတ်မိပါသည်။ ဆေးရုံ၊ ဆေးပေးခန်းများအကြောင်း လူအများစိတ်ဝင်စားကြခြင်းမှာ မထူးဆန်းပါ။ စီးပွားရေးလုပ်ငန်းတွေအားလုံးတွင် အသိတရားရှိ၍ တန်ဖိုးရှိသော လူသားအရင်းအမြစ်များကိုအသုံးပြု၍ စီးပွားရှာသောလုပ်ငန်းသည် ဆေးကုခန်းများသာဖြစ်ပါသည်။**




ပုဂ္ဂလိကဆေးကုခန်းများ ပေါ်ပေါက်လာခြင်းမှာလည်း ပြည်သူအများစိတ်တိုင်းကျရွေးချယ်ကုသလိုသောဆန္ဒနှင့်အညီ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ယူဆပါသည်။ ယခုအခါ ပုဂ္ဂလိကဆေးကုခန်းများ အပြိုင်အဆိုင်ပေါ်ပေါက်လာသည့်အခါ သူ့ထက်ငါလူနာရအောင် ကြိုးပမ်းအားထုတ်လာရာမှ၊ ဆရာဝန်များပြိုင်၊ ဆေးရုံချင်းပြိုင်ကြရာမှ လောဘချင်းပြိုင်သောအခြေသို့ ရောက်ရှိလာရာ 'လောဘ' ကြောင့် ကောင်း၊ ဆိုးနှစ်တန်မမြင်ပြန်၍ စေတနာနှင့်မေတ္တာနည်းပါးသည့်အဆင့်သို့ရောက်လာသည်ဟု ကျွန်တော်ထင်မြင်ယူဆမိပါသည်။

ဤလိုစေတနာ၊ မေတ္တာနည်း၊ လောဘတွေကဲလာသည့်အခါ ရှေ့သို့သာလောနေပြီး ဖြစ်ပျက်နေသည့် ချို့ယွင်းအားနည်းချက်များအပေါ် ပြန်လှည့်ကြည့်ရှု သုံးသပ်ဖို့ အချိန်ကိုမပေးနိုင်တော့ဘဲ မနိုင်သည့်ဝန်ကို ထပ်ခါထပ်ခါ (နာရီပိုင်းအတွင်း လူနာအများကိုကြည့်ရှုကုသခြင်း) ထမ်းနေရသည့်အတွက် ခြေကုန်လက်ပန်းကျလာသည့်အခါ စိတ်ပန်း၊ ကိုယ်နွမ်းဖြစ်နေသောပညာရှင်များ စဉ်းစားချိန်ဆပြီး ဆုံးဖြတ်ရသည့် အချိန်ပင်တိုတောင်းလာပြီး အမြန်ဆုံးဖြတ်၊ အမြန်ကု၊ အမြန်ခွဲလုပ်ခဲ့ရာမှ လူနာနှင့်လူနာရှင်များ ရောဂါပျောက်ကင်းချမ်းသာမှုအပေါ် ကျေနပ်အားရမှုအားနည်းလာခဲ့ပါသည်။ ကျေနပ်အားရမှုမရှိသော ပုထုဇဉ်လူသားသည် ဆွေမျိုးမိတ်သင်္ဂဟများနှင့်ဆုံမိတိုင်း ဤသို့အား

www.foreverspace.com.mm

နည်းချက်ကို ဖွင့်ဟပြောမိကြပါတော့သည်။ ဤလို ဆေးခန်း၊ ဆရာဝန်များ၏ အားနည်းချက်ကို ရှေ့တွင်မပြောဝံ့၊ မဆွေးနွေးဝံ့၍ ကွယ်ရာတွင်ပြောကြားခြင်းကြောင့် ဆေးရုံဆေးပေးခန်းတို့၏ 'အတင်း' ကို ပြောသလိုဖြစ်လာပါသည်။ ဤပြောကြားချက်များ ကျယ်ပြန့်သွားသောအခါ ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းများအပေါ် ယုံကြည်အားကိုးမှုသည် တဖြည်းဖြည်း ကျဆင်းလာရပါသည်။

ဤအချိန်မျိုးတွင် ပုဂ္ဂလိကဆေးရုံများ၊ ဆေးပေးခန်းများမှာလည်း ဖွံ့ဖြိုးတိုးတက်လာသော လူနာတွေများလာသည်နှင့် မတော်တဆမှုတွေကလည်း များလာရသည်။ (နိုင်ငံပိုင်ဆေးရုံများတွင်လည်း Accident ဖြစ်ပါသည်)။ ဤသည်မှာ သဘာဝတရား ဖြစ်ပါသည်။ ထိုသဘာဝတရားထဲမှ ထူးခြားသောဖြစ်ရပ်များသည် အခါအားလျော်စွာ ပေါ်လာရသည်။ ပေါ်လာသော ထူးခြားဖြစ်ရပ်များကို လူနာ၊ လူနာရှင်၊ ဆရာဝန်၊ ဆေးခန်းအုပ်ချုပ်သူများ ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ ဖြေရှင်းခြင်းဖြင့် ကိစ္စအဝဝ အေးငြိမ်းပြေလည်သွားကြသည်ကို တွေ့ရပါသည်။ သို့ရာတွင် ဤအချက်ကို သတိမမူ၊ အလေးမထားမိသောအခါ ကိစ္စသည် မအေးဘဲ လောင်ကျွမ်းလာရတော့သည်။

မကြာသေးခင်ကဖြစ်ခဲ့သော ကျောင်းသူသမီးငယ်သေဆုံးရမှုတွင် အထက်တွင်ဖော်ပြခဲ့သလို အေးငြိမ်းအောင် မလုပ်နိုင်သည့်အပြင် တိုင်းသူပြည်သားလူအများကို အသိတရားတိုးပွားအောင် မျက်စိဖွင့်ပေးနေပါသည်ဆိုသော မီဒီယာများ မျက်စိအပွင့်လွန်အောင် လုပ်လိုက်သလိုဖြစ်သွားသလားဟု မေးစရာဖြစ်ပါသည်။ ကျွန်တော်သည် သတင်းဆာလောင်တတ်သူဖြစ်၍ ဂျာနယ်များကို ဝယ်ဖတ်လေ့ရှိပါသည်။ ဤသတင်းထူးသည်ဖြစ်၍ နောက်တစ်စောင် ဝယ်ဖတ်မိသည်။ ပို၍ထူးသလိုဖြစ်၍ နောက်တစ်စောင်၊ နောက်တစ်စောင် ဝယ်၍ဖတ်မိရာ အားလုံးပေါင်းတော့ ဂျာနယ်ရှစ်စောင် ဖတ်လိုက်ရသည်။

သတင်းကတော့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အကြောင်းဖြစ်သော်လည်း ရေးသားပုံကတော့ ရှုထောင့်အမျိုးမျိုး၊ အဓိပ္ပာယ်အစုံစုံထွက်နေသည်ကို တွေ့ရပါသည်။ အားလုံးစုပေါင်းလိုက်သောအခါ ကာယကံရှင်ကို ကရုဏာထား၊ ဝမ်းနည်းမှုကို မျှဝေခံစားသလို အဓိပ္ပာယ်ရသော်လည်း တစ်ဖက်တွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းနှင့် ဆရာဝန်တွေကို မြေတွင်ချနင်းပြသလိုဖြစ်နေသည်ကိုတော့ သတိပြုမိဟန်မတူပါ။ ထို့အပြင် မမှန်တာမရေး၊ မမှန်တာမပြော၊ ဟုတ်တာမှန်တာတွေရေး၊ ဟုတ်တာမှန်တာပြောပြပြီး ပြည်သူအများကို ရှေ့ဆောင်လမ်းပြနေသည်ဆိုသည်မှာ ဟုတ်ပါရဲ့လားလို့ မေးခွန်းမေးနေမိပါသည်။ တကယ်တော့ မီဒီယာသမားများလည်း ပုထုဇဉ်ပုဂ္ဂိုလ်များဖြစ်၍ မှားတတ်သည်၊ မှားနိုင်သည်၊ မှားမှန်းသိလျက် လုပ်တတ်သည်ဆိုသော သာဓကကို ကွယ်လွန်သွားရှာပြီဖြစ်သော ဝါရင့်သတင်းစာဆရာကြီးတစ်ဦးက သည်လိုရေး၍ သတင်းလောကကို ဖွင့်ပြခဲ့ပါသေးသည်။

"သတင်းထောက်သတင်းသမားတစ်ဦးဖြစ်လာပါက အသရေဖျက်မှုကို ကွေ့တစ်ကွေ့၌ ရင်ဆိုင်မိတတ်ကြသည်။ ထိုဥပဒေကို လေ့လာထားရန်လိုအပ်သည်" ဟု ရေးခဲ့ဖူးပါသည်။ သတင်းစာဆရာကြီး ကိုးကားပြသည့် ဥပဒေသဘောအရ အသရေဖျက်ရာရောက်သောအချက်များမှာ –

၁။ သူတစ်ဦး၏ အသရေကို

(က) နစ်နာစေလိုသော အကြံဖြင့်လည်းကောင်း၊

(ခ) နစ်နာစေလိမ့်မည်ကို သိလျက်နှင့်လည်းကောင်း၊

(ဂ) နစ်နာလိမ့်မည်ဟု ယုံကြည်ဖွယ်အကြောင်းရှိလျက်နှင့်လည်းကောင်း၊

၂။ (က) နှုတ်ဖြင့်ဖြစ်စေ

(ခ) ဖတ်ရှုရန်ကြံရွယ်သောစာ (စကား) ဖြင့်ဖြစ်စေ

(ဂ) အမှတ်အသားဖြင့်ဖြစ်စေ

(ဃ)ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊

၃။ (က) စွပ်စွဲချက်ပြုလျှင်သော်လည်းကောင်း

(ခ)ကြော်ငြာလျှင်သော်လည်းကောင်း၊ အသရေဖျက်မှု အင်္ဂါမြောက်၏လို့ ဖွင့်ဟရေးသားဖော်ပြခဲ့ပါသည်။

သို့သော် အဆိုပါသတင်းစာဆရာသည်လည်း ပုထုဇဉ်လူသားဖြစ်၍ သူ သတင်းသမားဘဝဖြစ်ပျက်ခဲ့ပုံကိုလည်း ဤသို့ ရေးသားဖော်ပြခဲ့ပါသည်။ အဆိုပါ သတင်းစာဆရာကြီး၏ သတင်းထောက်သက်တမ်း၌ စိတ်အကျေနပ်ဆုံး၊ ပီတိအဖြစ်ဆုံး တရားရုံးမှုခင်းသတင်းတစ်ပုဒ်ကို ပုံနှိပ်ခဲ့ဖူးသည်။ ဒါလဟိုဇီလမ်းရှိ မီးဒုတ်ဆေးတိုက်ပိုင်ရှင် မစ္စတာအက် (စ) ကေ နာနာဘာဝါး၏အမှုတွင် သတင်းတိုဖော်ပြခဲ့မိ၍ ဆေးတိုက်ပိုင်ရှင်က ဝတ်လုံတော်ရ ရှေ့နေကြီး သတိုးမဟာသရေစည်သူ ဦးချန်ထွန်း (LL.B London) ကိုငှား၍ သတင်းစာတိုက်များနှင့်မသင့်မြတ်သည်ကတစ်ကြောင်း တို့ကြောင့် ဦးချန်ထွန်းနှင့် နာနာဘာဝါးကို ကလိချင်စိတ်ရှိလာ၍ ဘယ်လိုခေါင်းစီးတပ်ရေးရမည်ကို တစ်နေကုန်စဉ်းစားပြီးမှ 'နာနာဘဝ ဦးချန်ထွန်း'၊ 'သတိုးမဟာသရေစည်သူ ဦးချန်ထွန်းက မီးဒုတ်ဆေးတိုက်အတွက် သတင်းစာတိုက်ကြီးများကို နို့တစ်ပေးခြင်း' ဟု သတင်းစာတွင် ဖော်ပြလိုက်ရာ ဦးချန်ထွန်း ဆွေ့ဆွေ့ခုန်အောင် ခံစားလိုက်ရသည်ဟု ဖော်ပြပါသည်။

နောက်ထပ်ရေးသားဖော်ပြရာတွင် သတင်းခေါင်းစဉ် အရေးအသားသည် တစ်ဦးတစ်ယောက်၊ အများပြည်သူတို့ကို ထိခိုက်အောင်ရေးခြင်းမှ ရှောင်သင့်သည်ဟု ဆို၍ အောက်ပါခေါင်းစီးများကို ရေးသားဖော်ပြခဲ့ပါသည်။

ကျောင်းသား ဗိုလ်အောင်ကျော် သေဆုံးမှုတွင် 'ရက်စက်သောပုလိပ်လက်ချက်ဖြင့် ကျဆုံးရပြီ'၊ 'သနားစဖွယ် သေရရှာလေပြီ' ဟူသော ခေါင်းစဉ်သည် အင်္ဂလိပ်အစိုးရကို အပြစ်ဖို့လို၍ ရေးခြင်းဖြစ်သည်။

'ကျောင်းသားတစ်ဦးသေခြင်း' ဟူသော ခေါင်းစဉ်မှာ ဗိုလ်အောင်ကျော် သေရမှုကို ဂယက်များများမထွက်အောင် ထိန်း၍

www.foreverspace.com.mm

ရေးသောခေါင်းစဉ် ဖြစ်၏။

"ကျောင်းသားများစည်းကမ်းမဲ့ဆူပူသဖြင့် နှိမ်နင်းရာမှ မတော်တဆသေရခြင်း' ဟူသောခေါင်းစဉ်မှာ ကျောင်းသားလှုပ်ရှားမှုကို ဆန့်ကျင်ရေးသားသော ခေါင်းစဉ်ဖြစ်ပါသည်။ ဤအရေးအသားများကို ကြည့်ပါက သတင်းသမားများ ဘယ်လိုသဘောထားများနှင့် ရေးသင့်သည်ကို ပေါ်လွင်ပါသည်။ မိမိနှင့် မသင့်မြတ်၍ နစ်နာစေလိုလျှင် နစ်နာအောင် ရေး၍ရသည်ကို ထိုသတင်းစာဆရာကြီးက ဤသို့ရေးပြခဲ့ပါသေးသည်။

'နိုင်ငံရေးသမားကြီး ဦးသိန်းဖေမြင့်သည် ဗမာ့ခေတ်သတင်းစာနှင့် မသင့်မြတ်ခဲ့ပုံကို ဤသို့ရေးပြပြန်သည်။' 'ကွဲပြန်ပြီ ဘယ်သူ့ကြောင့် သိန်းဖေမြင့်ကြောင့်' ဟူသော ခေါင်းစဉ်ကို အသေစာစီထားပြီး ဘလောက်လုပ်ထားကာအသုံးပြုခဲ့သည်" ဟု ဖော်ပြထားရာ သတင်းသမားများ အများမနစ်နာအောင် ဘယ်သို့ကျင့်ကြံရမည်ဟု ရေးသားခဲ့ပါသော်လည်း ကိုယ်ရေးချင်သည့်အခါ တစ်ဖက်သားကို နစ်နာအောင် ရေးခဲ့ကြသည်ဟု ရေးသားဖော်ပြခဲ့ပါသည်။

တစ်ဖန် 'သတင်းက အဖိုးမတန်ဘဲ ခေါင်းစဉ်နှင့် လှန့်သောစနစ်ကိုလည်း သတင်းစာတို့မသုံးသင့်' ဟု ပြောပါသည်။ ပိန္နဲသီးမှည့်ရန် သတ်ရိုက်ရာတွင် သတ်ချောင်းကုန်သွားသည်ကို 'ပျဉ်းမနားမှာ သတ်ကုန်ပြီ' ဟူသော ခေါင်းစဉ်မျိုး၊ နိုင်ငံခြားတိုင်းပြည်တစ်ပြည်မှ ပြန်ကြားရေးဝန်ကြီးနုတ်ထွက်သည်ကို သတင်းမျက်နှာဖုံးစာလုံးကြီးကြီးနှင့် 'ပြန်ကြားရေးဝန်ကြီး ထွက်ပြီ' ဟု မြန်မာပြည်မှာလိုလို လှန့်၍ ခေါင်းစဉ်တပ်တာမျိုး မလုပ်ရပါဟု ရေးသားခဲ့သည်ကို မှတ်သားမိပါသည်။

သတင်းသမားများသည် ချစ်တဲ့သူကိုလည်း အချစ်စမ်းတတ်သည်၊ ဦးစားပေးတတ်သည်။ တစ်ခါတစ်ရံ ချစ်တဲ့သူက တစ်ကိုယ်ကောင်းဆန်သည့်အခါ သူ့သတင်း သူ့စာနှင့် သူ့ကိုတုံ့ပြန်ခဲ့ပုံကို ဤသို့ရေးပြပါသေးသည်။

'ဘာသာပြန်စာပေအသင်းမှထုတ်ဝေသော စာအုပ်တစ်အုပ်ကိုဝေဖန်ချက်ရေးပေးပါဟု စာပေဗိမာန်မှ ဆရာဟိန်းကပို့သည်။ ဆရာဟိန်းက ဝေဖန်ချက်ကို သူရေးလိုသောဆန္ဒအတိုင်း အယ်ဒီတာက ရေးပေးစေချင်သောဆန္ဒကိုလွှန်၍ ဝေဖန်ချက်ကို သူကိုယ်တိုင် ရေးပေးလိုက်ပါသည်။ ပြီးတော့မှ –

ဗမာ့ခေတ်အယ်ဒီတာခင်ဗျာ . .


ကျွန်တော်များပို့ပေးသော မိုးတိမ်တောင်စာအုပ်ကြီးကို ပူးတွဲပါစာအတိုင်း ဝေဖန်ချက်ရေးပေးပါခင်ဗျာ

(ပုံ) မောင်ဟိန်း
စာပေဗိမာန်

ဟူ၍ရေးသားပေးပို့ရာ အယ်ဒီတာအဖွဲ့က သူရေးပေးသောဝေဖန်ချက်အပြင် အယ်ဒီတာသို့မေတ္တာရပ်ခံချက်ကိုပါ သတင်းစာတွင်ထည့်သွင်းဖော်ပြရာ ဆရာဟိန်းမှာ ဆွေ့ဆွေ့ခုန်သွားရရှာလေတော့သည်' ဟု ရေးသားဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းစာဆရာကြီး ရေးသားဖော်ပြသော သတင်းသမား၊ ဘဝခံယူချက်၊ အတွေ့အကြုံ၊ ဖော်ပြချက်၊ ကလော်ချက်များမှာ လူတစ်ဦးအကြောင်း၊ အဖွဲ့အစည်းတစ်ခုအကြောင်းတွေဖြစ်၍ ရယ်စရာ၊ မောစရာ၊ စိတ်အနှောင့်အယှက်ဖြစ်စရာမှလွဲ၍ ဘာမှမဖြစ်နိုင်ပါ။ နောက်ဆုံးမကျေနပ်လျှင် တရားရုံးမှာ တရားစွဲဖြေရှင်းရုံသာရှိပါသည်။


မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာ၊ အသက်ကယ်ပေးသောဆရာကို ကျေးဇူးရှင်အဖြစ် အစဉ်ရိုသေလေးစားကျေးဇူးတရားမမေ့တတ်သောဓလေ့သည် ယခုအခါ မှေးမှိန်လာပြီလား။ တန်ရာတန်ကြေးပေး၍ကုသရသဖြင့် ကျေးဇူးဆိုတာမရှိတော့ဘူးလား။ တန်ရာတန်ကြေးမှမရလျှင် အသက်ကယ်မပေးတော့ဘူးလား။ ဆေးကုခံယူသူက အသက်ရှင်မှဖြစ်မယ်လို့ ခံယူနေကြပြီလား။ အသက်ကယ်ပေးသူက ကယ် သော်လည်း ကံကုန်၍ ကယ်မရလျှင် မကျေနပ်ဘူးလား။ ဤ'လား' ပေါင်းများစွာသည် လူနာနှင့် ဆရာဝန်များအတွက် ကောင်းသော လက္ခဏာများမဟုတ်သည်ကို လူတိုင်းသိကြပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ကျေးဇူးတရားမေ့မထားဘဲ တစ်ဦးနှင့်တစ်ဦး ယုံယုံကြည်ကြည် မေတ္တာစေတနာထား၍ မကျန်းမာသူအားလုံး ကျန်းမာစေရေးအတွက် နိုင်ငံ၊ ပြည်သူ၊ မီဒီယာကြည်ဖြူစွာလက်တွဲ၍ ကျန်းမာရေးလုပ်ငန်းများ ဖြောင့်ဖြူးသာယာအောင် ဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။



**မောင်မောင်တင်**
**(၁၂-၁-၂၀၁၀)**

■

www.foreverspace.com.mm



# မိုဟာမက်အလီ သို့မဟုတ် ကြိုးဝိုင်းထဲက ဘဝဇာတ်ဆရာ

ထင်အောင်ကျော်

**ကျွန်တော့်ဆရာသမားဖြစ်ခဲ့ဖူးသူ အမေရိကန်သံဝန်ထမ်း Todd Pierce က အထူးထုတ် USA Today စာစောင်ကို ဝါရှင်တန်မှ လှမ်းပို့လိုက်သည်။ ယင်းမှာ Ali: Celebrating 50 years on the World stage(မဟာလက်ဝှေ့ကျော် မိုဟာမက်အလီ ကမ္ဘာ့စင်မြင့်ပေါ်ရောက်ရှိခြင်း ရွှေရတုအထိမ်းအမှတ်) ဖြစ်သည်။ 'အလီသည် လက်ဝှေ့သမားသက်သက်မျှမဟုတ်၊ သူသည် ကမ္ဘာသူကမ္ဘာသားများအတွက် စံပြပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်' ဟု စာစောင်က ဖော်ပြထားပါသည်။**

(၁)

ကျွန်တော် မိုဟာမက်အလီကို မှတ်တမ်းရုပ်ရှင်များထဲမှာ မြင်တွေ့ခဲ့ဖူးတာများသည်။ အထူးသဖြင့် သူ၏ ကမ္ဘာကျော်လက်ဝှေ့ပွဲများတွင် ဖြစ်သည်။ သူ့မျက်နှာသွင်ပြင်က လက်ဝှေ့သမားတစ်ယောက်နှင့်မတူလှ။ မျက်နှာကျပြေပြစ်၏။ ရှင်း၏။ သူ့ထိုးဟန်က တစ်မူထူးခြားသည်။ ၁၉၅၀ ပြည့်လွန်နှစ်များဆီက ရေပန်းစားခဲ့သော

www.foreverspace.com.mm

ရှူဂါးရေးရော်ဘင်ဆင်၏ သတ်လုံးသတ်ပေါက်ကို ယူထားသည်ဟု ထင်ရသော်ငြား အလီ့ဟန်က ပိုလှသည်။ လက်ဝှေ့ထိုးနေသည်နှင့်ပင် မတူချင်။ ကြိုးဝိုင်းကကြိုးတစ်မျိုးကို တင်ဆက်ပြနေသလိုမျိုးဖြစ်၏။

သူက ကြိုးဝိုင်းထဲမှာ လှည့်ပတ်ကခုန်နေတတ်သည်။ ယှဉ်ဘက်၏ အားပါသောထိုးချက်များကို လွတ်သည်ဆိုရုံကလေး တိမ်းရှောင်လိုက်ပုံက ရွှေပွဲလာတို့အသည်းတယားယားနှင့် ဘဝင်ခိုက်စရာ။ ပြီးတော့ တန်ပြန်ထိုးလွှတ်လိုက်သည့် သူ့လက်သီးချက်များက လျှပ်ပြက်လိုက်သည့်ပမာ။ လှသည်၊ မြန်သည်၊ ထိချက်မှန်သည်။ ဒါသည်ပင် အလီ့ဟန် ဖြစ်သည်။

လွန်ခဲ့သောငါးနှစ်လောက်က မှတ်တမ်းရုပ်ရှင်တစ်ခုကို ကျွန်တော် ကြည့်ခွင့်ရခဲ့ပြန်သည်။ ယခင် ကျွန်တော်ကြည့်ခဲ့ဖူးသည်များနှင့် လားလားမျှမတူတော့။ လုံးဝပြောင်းပြန်။ သူ့မျက်နှာက အတော်ကြီးပြည့်နေသည်။ ပိုပြီးအံ့သြစရာကောင်းသည်က ဟိုအရင် သွက်လက်ချက်ချာခဲ့သလောက် ယခုတော့ သူ့လှုပ်ရှားမှုများက နှေးကွေးလေးကန်လွန်းနေသည်။ ယခင်က နှုတ်သွက်လျှာသွက်ခဲ့သလောက် ယခုတော့ စကားကို မာမာပင်မပြောတော့။ ပြီးတော့ တုန်တုန်ချိချိ။ ဆယ်စုနှစ်သုံးခုမျှကာလအတွင်းမှာ လူတစ်ယောက် သည်မျှအထိ ပြောင်းလဲသွားရသည်တဲ့လား။

ဟုတ်ပါသည်။ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ထူးကို သုံးကြိမ်သုံးလီရယူခဲ့ဖူးသောမိုဟာမက်အလီသည် ယခုခြေတုန်လက်တုန် ပါကင်ဆန်ရောဂါဝေဒနာကို ခံစားနေရသည်။ လက်ဝှေ့အားကစားမှာ သူမိုးကောင်းခဲ့စဉ်တုန်းကနှင့် များစွာခြားနားသွားပါပြီ။

USA Today အထူးဆောင်းပါးရှင်ဂျွန်ဆာရာစီနိုက 'ဟိုအရင် နှစ်ဥ္စါတုန်းကတော့ အလီ့သွင်ပြင်က ကလေးတစ်ယောက် လို အပြစ်ကင်းစင်ပုံမျိုးရှိခဲ့သည်။ ဆူပါစတားကြယ်တစ်ပွင့်ဖြစ်ခဲ့သည်။ ယခုတော့ သူသည် ငယ်စဉ်က မှားခဲ့တာတွေကနေ သင်ခန်းစာယူတတ်နေပြီ။ သူ့နား၊ မျက်စိများကိုသာမက စိတ်နှလုံးကိုပါ ဖွင့်ထားတတ်ပြီ။ တစ်ချိန်က 'ကျုပ်သာ အကြီးကျယ်ဆုံး' ဟု ဟစ်ကြွေးခဲ့သည့်နေရာမှာ မိမိ၏စိတ်အာရုံကို ပြန်လည်စိစစ်ခြင်းနှင့် အဓိပ္ပာယ်ပိုရှိသော လောကုတ္တရာဘဝကို ဘာဝနာပွားများခြင်းများဖြင့် အစားထိုးတတ်ခဲ့ပြီ' ဟု ရေးသားထားသည်။

သူပါကင်ဆန်ရောဂါရနေသည်ဆိုသောသတင်းကို စာစောင်များမှာ ကျွန်တော်ဖတ်ခဲ့ရသည်။ မှတ်တမ်းရုပ်ရှင်ထဲမှာတွေ့မှ သည်ရောဂါက သူ့ကို ဘယ်လောက်ဖိစီးနှိပ်စက်နေမှန်း ကျွန်တော် သိရသည်။ အတော်လည်း စိတ်မကောင်းဖြစ်မိသည်။

ထိုနည်းတူစွာ လူအများကလည်း သူ၏ ဖြည်းဆေးလေးကန်သော လှုပ်ရှားဟန်နှင့် စကားကိုပင် ကြိုးစားပြီး ပြောဆိုနေရပုံကိုကြည့်ကာ မချိတင်ကဲဖြစ်ကြသည်။ သို့သော် အလီကိုယ်၌ကမူ စိတ်ပျက်အားငယ်နေတာမျိုးမရှိ။ သူ့ဇနီး လွန်နီနှင့်အတူ အလီကို အနီးကပ်ပြုစုစောင့်ရှောက်ပေးနေသော သူ့ခယ်မ မာရီလင်ဝီလီယမ်က "သူက ကြေကွဲခံစားနေတတ်တဲ့လူမျိုးမဟုတ်ဘူး" ဟု ပြောပါသည်။

သည်လိုလူစားမျိုးဖြစ်သည့် မိုဟာမက်အလီဆိုတာ ဘယ်သူလဲ။ သူ့ဘဝဖြစ်စဉ်ကို တစ်ချက်လောက် ငဲ့စောင်းကြည့်ရအောင်ပါ။

(၂)

မိုဟာမက်အလီတစ်ယောက် ကမ္ဘာ့စင်မြင့်ပေါ်ကို ၁၉၆၀ ပြည့်နှစ် ရောမမြို့ရှိ အိုလံပစ်ပွဲတော်မှတစ်ဆင့် တက်လာခဲ့သည်။ ထိုစဉ်က သူ့နာမည်က ကက်ဆီးယပ်မာဆဲလပ်ကလေးဂျူနီယာ ဖြစ်သည်။ အိုလံပစ်လိုက်ဟဲဗီးဝိတ်ရွှေတံဆိပ်ကို သူဆွတ်ခူးနိုင်ခဲ့သည်။ သူ့မိခင်နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုအတွက် သည်လိုအောင်ပွဲဆင်နိုင်ခဲ့ခြင်းအပေါ် သူ့မှာ ပျော်မဆုံး၊ မော်မဆုံး။

ထိုမတိုင်မီတုန်းကတော့ ကလေးသည် ထင်ပေါ်ကျော်ကြားမှုမရှိခဲ့။ အမေရိကန်အရှေ့အလယ်ပိုင်း လူမျိုးရေးခွဲခြားမှုရှိသော ကင်တပ်ကီပြည်နယ် လူးဝစ္စဗီးလ်မြို့မှ သာမန်လက်လုပ်လက်စားမိသားစုဝင်တစ်ဦးသာဖြစ်သည်။ သူ ၁၂ နှစ်သားမှာ ဘဝတစ်ဆစ်ချိုးပြောင်းလဲဖို့ ဖြစ်လာခဲ့သည်။ သူ့စက်ဘီး လူခိုးခံရသည့်အတွက် အမှုဖွင့်ရန် နယ်မြေရဲစခန်းသို့ သွားခဲ့သည်။ အဲသည်မှာ လက်ဝှေ့အားကစားရုံရှိသည်။ ရဲအရာရှိဂျိုးမာတင်က လူငယ်များကို လက်ဝှေ့လေ့ကျင့်သင်ကြားပေးနေတာ သူတွေ့လိုက်ရသည်။

ကလေးတစ်ယောက် သူ့စက်ဘီးကို ပြန်မရခဲ့။ သို့သော် လက်ဝှေ့သင်တန်းသို့ မှန်မှန်တက်ရောက်သူ စာရင်းဝင်ဖြစ်လာသည်။ ထိုစဉ်ကပင် တောက်မည့်မီးခဲက တရဲရဲ။ လေ့ကျင့်ရုံသို့ သူအစောဆုံးရောက်သည်။ နောက်ဆုံးမှ ပြန်သည်။ ဆရာသင်ပြသမျှကို မခိုမကပ်လေ့ကျင့်သည်။ သူငယ်ချင်းတွေ ကျောင်းကားစီးပြီး ကျောင်းတက်ချိန်မှာ သူက ဘွတ်ဖိနပ်ကြီးဖြင့် ကျောင်းဆီသို့ ပြေးသွားသည်။ ကျောင်းဆင်းတော့ အိမ်ကို ပြေးပြီးပြန်သည်။ လူတွေက သည်ချာတိတ်ကြောင်သွားပြီဟု ထင်ရလောက်အောင်ပင် ကလေးက လက်ဝှေ့အပေါ် အရူးအမူးရှိခဲ့သည်။

သည်လို ဥစ္စာရင်လိုဥစ္စာရင်ခဲရှိမှုကြောင့်ပင် ရလဒ်ကောင်းများ ရရှိလာသည်။ အပျော်တမ်းလက်ဝှေ့သမားများ မက်မောသော ရွှေလက်အိတ်ဆုကို သူဆွတ်ခူးနိုင်ခဲ့သည်။ သည်နောက်တော့ အသက် ၁၈ နှစ်မှာ အပျော်တမ်းအားကစားသမားများအတွက် အမြင့်ဆုံးဖြစ်သည့် အိုလံပစ်ရွှေတံဆိပ်ကို သူရရှိခဲ့လေသည်။

သို့သော် အလီ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိထဲမှာ ဖော်ပြထားချက်အရ ဆိုပါလျှင် အဆိုပါရွှေတံဆိပ်သည် သူ့ထံမှာ ကြာကြာမမြဲခဲ့။ လူမျိုးရေးခွဲခြားခံရမှုအပေါ် အနာကြည်းကြီးနာကြည်းသောကြောင့် ရွှေတံဆိပ်ကို အိုဟိုင်ယိုမြစ်ထဲ လွှင့်ပစ်ခဲ့သည်ဟု ဆိုပါသည်။

မည်သို့ဆိုစေ သူအိုလံပစ်မှ ပြန်ရောက်လာပြီးနောက် လူးဝစ္စဗီးလ်မှ လူဖြူကြေးရတတ်များနှင့် အကျိုးတူကန်ထရိုက်

ချုပ်ဆိုကာ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝသို့ ဝင်ရောက်လာခဲ့သည်။ အိုလံပစ်တုန်းက လိုက်ဟဲဗီးဝိတ်တန်းမှာ ဝင်ပြိုင်ခဲ့ရသော်လည်း တစ်နေ့တခြားထွားလာသောကိုယ်ခန္ဓာကြောင့် ဆုကြေးလက်ဝှေ့လောကထဲရောက်လာသောအခါ တန်းအမြင့်ဆုံးဖြစ်သည့် ဟဲဗီးဝိတ်သို့ တက်ထိုးခဲ့သည်။ သည်ဝိတ်တန်းက သာမန်အားဖြင့် ကိုယ်အလေးချိန် ၁၇၅ ပေါင်အထက် လက်ဝှေ့သမားများအတွက် ဖြစ်သည်။ တကယ်တမ်းတွင် ပေါင် ၂၀၀ ကျော် လက်ဝှေ့သမားများက ကြီးစိုးထားသည်။ ကမ္ဘာကလည်း သည်ဟဲဗီးဝိတ်တန်းလက်ဝှေ့ပွဲများကိုသာ စိတ်အဝင်စားဆုံးဖြစ်သည်။ ဂျက်ဒမ်ဆီ၊ ဂျိုးလူးဝစ္စနှင့် ရော့ကီမာရှီယာနိစသော ကမ္ဘာကျော်သည့် လက်ဝှေ့သမားအများစုမှာ ဟဲဗီးဝိတ်များသာ ဖြစ်သည်။

ကလေး ဆုကြေးလောကထဲဝင်လာချိန်မှာ ဟဲဗီးဝိတ်သရဖူဆောင်းနေသူက သူလို အသားမည်း ဖလွိုက်ပက်တာဆင်ပါ။ ပက်တာဆင်က အသက် ၂၀ ဖြင့် ချန်ပီယံဖြစ်လာသူဆိုပြီး စံချိန်တင်ထားသည်။ ကလေးက ထိုစံချိန်ကို ချိုးချင်သည်။ သည့်အတွက် ပက်တာဆင်ကို မရအရ လိုက်ပြီး စိန်ခေါ်သည်။

သို့သော် အိုလံပစ်ရွှေတံဆိပ်ရထားရုံမျှဖြင့် ဆုကြေးလက်ဝှေ့လောကထဲမှာ တန်းမဝင်သေး။ ချန်ပီယံတစ်ယောက်ကို စိန်ခေါ်နိုင်လောက်သည့် အရည်အချင်းရှိရန်လိုသည်။ ထိုးသတ်မှုအတွေ့အကြုံလိုသည်။ ထို့အတွက် လက်ဝှေ့ပွဲများ ထိုးရမည်။ ကလေးကို ငွေကြေးပံ့ပိုးပေးသည့် အဖွဲ့က အိန်ဂျလိုဒန်ဒီကို လေ့ကျင့်ရေးမှူးအဖြစ် ငှားရမ်းခဲ့သည်။ အလီ၏ လက်ဝှေ့ဘဝနိဂုံးချုပ်သည်အထိ သူတို့နှစ်ယောက် လက်တွဲမြဲခဲ့သည်။ ဒန်ဒီက မလော။ ကလေးကို အားကစားသမားစိတ်ဓာတ် ရင့်ကျက်လာအောင် အရင်ဆုံးပျိုးထောင်ပေးသည်။ ပြီးတော့မှ ပွဲတွေစီစဉ်သည်။

ပွဲဦးထွက်ပွဲများတွင် ဒန်ဒီက ကလေးနှင့် လက်ရည်တူယှဉ်ဘက်များကိုပဲ ရွေးပေးသည်။ ပွဲအတွေ့အကြုံရလာမှ ပွဲကျပ်များ စီစဉ်ပေးသည်။ သည်အတွင်း ချန်ပီယံသရဖူက ပက်တာဆင်လက်မှနေ ထောင်ထွက်လူဆိုးကြီး ဆန်နီလစ္စတန်လက်သို့ လွှဲပြောင်းရောက်ရှိသွားသည်။ ကလေးက လစ္စတန်ကို စိန်ခေါ်သည်။ လစ္စတန်က သူ့ကို စာရင်းထဲမထည့်။ ပက်တာဆင်ကို စိတ်မကျေပွဲ ထပ်ပေးသည်။ ပထမပွဲတုန်းကလိုပင် အချီမကူးခဲ့။ သုံးမိနစ်မပြည့်မီမှာပင် ပွဲသိမ်းခဲ့ပြန်၏။

ကလေးက အခြားလက်ဝှေ့သမားများနှင့်မတူ။ သူ့ကိုယ်သူ ပွဲထုတ်ရာတွင် အလွန်တော်သည်။ ရသမမြောက်လှသော်ငြား လူအများစိတ်ဝင်စားအောင် ကဗျာတွေစပ်ဆိုသည်။ ယှဉ်ဘက်များကို ဘယ်အချီမှာ အလဲထိုးမည်ဟု ဟောကိန်းထုတ်ပြီး တကယ်လည်း အဲသည့်အချီမှာ ပွဲသိမ်းပစ်မည်။ ယခုလည်း လစ္စတန်က သူ့အပေါ် ဂရုမစိုက်ဘဲ နေလို့မရအောင် သူလုပ်သည်။ ပရိသတ်က လစ္စတန်နှင့်သူ တစ်ပွဲတစ်လမ်း အကဲစမ်းတာကို ပွဲမတောင်းတောင်းလာအောင် သူလုပ်သည်။ နိုင်ငံရေးသမားများ



www.foreverspace.com.mm



မဲ့ဗွယ်ထွက်သလိုမျိုး အထူးစီစဉ်ထားသော ဘတ်စ်ကားကြီးဖြင့် သူက နယ်လှည့်ဆော်ဩသည်။ လစ္စတန်သည် သူနှင့်သာ ယှဉ်ပြိုင်ထိုးသတ်သင့်ကြောင်း ပရိသတ်ကို သူနားချသည်။ နောက်ဆုံး လစ္စတန်က သူ့ကို စိန်ခေါ်ထိုးသတ်ခွင့်ပေးလိုက်ရတော့သည်။

(၃)

၁၉၆၄ နှစ်ဦးပိုင်း။ ဖလော်ရီဒါကမ်းခြေ မိုင်ယာမီမြို့၌ လစ္စတန်–ကလေးဟဲဗီး ဝိတ်ဗိုလ်လုပွဲကို ကျင်းပခဲ့သည်။ လောင်းကစားတစ်ကြိုခန့်မှန်းချက်များတွင် ကလေးနိုင်မည်ဟု ဘယ်သူကမှ မပြောသလောက်ပင်။ သူက တကယ့်ကို အောက်ကြေး။ လစ္စတန်ကလည်း သည်အာကျယ်ချာတိတ်ကို နှုတ်ပိတ်ပစ်မည်ဟု ကြုံးဝါးထားသည်။

ပွဲတကယ်ထိုးကြတော့ ပြင်းလှပါသည်ဆိုသော လစ္စတန်၏ ကြောက်စရာ လက်သီးချက်များသည် လေထဲမှာပဲ ပျံ့ဝဲနေရသည်။ ပစ်မှတ်ကိုမထိ။ ကလေး၏ ခြေအကနှင့် ရွေ့လျားချက်များက သူသည် သမိုင်းစာမျက်နှာသစ်ကို ဖွင့်တော့မည်ဟု နိမိတ်ပြနေချေပြီ။ ပွဲချီခုနစ် စသည့် အချက်ပေးခေါင်းလောင်းသံထွက်လာသော လစ္စတန်တစ်ယောက် သူ့ခွေးခြေပေါ်မှ ထမလာတော့။ ထိမိရန် ခက်ခဲသောပစ်မှတ်ကို အားကုန်ထိုးနက်ခဲ့သည့်ဒဏ်ကြောင့် သူ့ပခုံးကြွက်သားများ ဒဏ်ဖြစ်ခဲ့ရပြီ။

ကလေးက ကြိုးဝိုင်းထဲ လှည့်ပတ်ပြေးလွှားရင်း "ကျုပ်သာ အကြီးအကျယ်ဆုံး" "ကဲ–ကမ္ဘာကြီးကို ကျုပ်ကိုင်လှုပ်လိုက်ပြီဟေ့" ဟူ၍ ဟစ်ကြွေးနေခဲ့သည်။ လက်ဝှေ့အားကစား၏ ဂုဏ်ဒြပ်အမြင့်မားဆုံးဖြစ်သော ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို သူရယူနိုင်ခဲ့ပေပြီ။ သူ့အသက်က ၂၂ နှစ်။

နောက်တစ်နေ့တွင် ပူပူနွေးနွေးချန်ပီယံက ကမ္ဘာကို နောက်ထပ်အံ့အားသင့်စေခဲ့ပြန်သည်။ သတင်းစာရှင်းလင်းပွဲမှာ သူသည် အစ္စလာမ်ဘာသာသို့ ကူးပြောင်းဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း၊ သူ့နာမည်ကိုလည်း ကျွန်အမည် ကက်ဆီးယပ်ကလေးမှ မူဆလင်နာမည် မိုဟာမက်အလီသို့ ပြောင်းလိုက်ကြောင်း တည်တည်ငြိမ်ငြိမ်ပင် ပြောသွားခဲ့သည်။

**လူမည်းများနှင့် ဆင်းရဲသားများ အကျိုးဆောင်မှုကြောင့် သူ့ကိုချစ်ခင်သူများ ပေါ်များသလို လူဖြူများနှင့် အစေးမကပ်သောကြောင့် သူ့အပေါ် မလိုမုန်းထားသူများလည်း ဒုနှင့်ဒေး ရှိခဲ့သည်။ ဗီယက်နမ်စစ်အတွက် သူ့ကို စစ်မှုထမ်းရန် ဆင့်ဆိုလာသောအခါ အောင်မြင်နေသောသူ့ဘဝမှာ မုန်တိုင်းထန်လာရတော့သည်။**

ထိုမှစပြီး မိုဟာမက်အလီအကြောင်းက အငြင်းပွားစရာဖြစ်လာခဲ့သည်။ လူမည်းများနှင့် ဆင်းရဲသားများ အကျိုးဆောင်မှုကြောင့် သူ့ကိုချစ်ခင်သူများ ပေါ်များသလို လူဖြူများနှင့် အစေးမကပ်သောကြောင့် သူ့အပေါ် မလိုမုန်းထားသူများလည်း ဒုနှင့်ဒေး ရှိခဲ့သည်။ ဗီယက်နမ်စစ်အတွက် သူ့ကို စစ်မှုထမ်းရန် ဆင့်ဆိုလာသောအခါ အောင်မြင်နေသောသူ့ဘဝမှာ မုန်တိုင်းထန်လာရတော့သည်။

ထိုစဉ်က အမေရိကန်ပြည်ထောင်စုက ပါဝင်တိုက်ခိုက်နေသော ဗီယက်နမ်စစ်အပေါ်မှာ အမေရိကန်ပြည်ထောင်စုတွင်းမှာပင် သဘောထားကွဲလွဲနေ၏။ အထူးသဖြင့် ဆိုဗီယက်အုပ်စုနိုင်ငံများကလည်း ဗီယက်နမ်နိုင်ငံငယ်ကလေးအပေါ် အင်အားကြီးအမေရိကန်ပြည်ထောင်စုက ဝင်ရောက်တိုက်ခိုက်နေခြင်းကို ကျယ်ကျယ်လောင်လောင်ပင် ဆန့်ကျင်ကန့်ကွက်နေကြ၏။ အလီကတော့ သူသည် အစ္စလာမ်ဘာသာ ရေးလူကြီးတစ်ယောက်ဖြစ်နေပြီ။ မတရားသောစစ်ပွဲတစ်ခုမှာ သူဝင်မပါနိုင်ပါဟု ရိုးရိုးရှင်းရှင်းပင် ငြင်းသည်။

နဂိုကမှ သူ့အပေါ် အမြင်မကြည်သော လူဖြူအင်အားစုတွေသည် သူ့စကားကြောင့် ယမ်းပုံမီးကျဖြစ်ကြသည်။ ပထမ အမေရိကန်ပြည်ထောင်စုတွင်းမှာ သူ့လက်ဝှေ့ပွဲများကို ကန့်သတ်ပိတ်ပင်လာသည်။ ထို့ကြောင့် အလီက အင်္ဂလန်နှင့် ဂျာမနီတို့သို့ထွက်၍ ထိုးရသည်။ ၁၉၆၇ ခုနှစ် မတ်လတွင် သူ၏ နဝမအကြိမ်မြောက် သရဖူကာကွယ်ပွဲကို အမေရိကန်ပြည်ထောင်စု နယူးယောက်ရှိ နာမည်ကျော် မယ်ဒီဆင်ဥယျာဉ်တွင် ထိုစဉ်က အကျပိုင်းရောက်နေပြီဖြစ်သော ဇိုရာပိုလေနှင့်ထိုးသတ်သည်။ လျင်မြန်လှသော ညာဖြတ်လက်သီးဖြင့် ပိုလေကို သတ္တမအချီ၌ အလဲထိုးချခဲ့သည်။ အလီ့အသက်က ၂၅ နှစ်။ အားကစားသမားတစ်ယောက်အတွက် အကောင်းဆုံးအချိန်။

အချို့က သူ့ကို သဘောလောက်ပဲ စစ်ထဲဝင်ရန် ဖျောင်းဖျကြ၏။ ရှေ့တန်းကို မထွက်ရ၊ နောက်တန်းမှာပဲ တာဝန်ထမ်းရမည်။ သို့သော် သူက ယုံကြည်ချက်ကို ဘာနှင့်မှ မလဲလို။ သည်လိုဆိုလျှင် တရားစွဲခံရမည်၊ ထောင်ကျမည်ဟု သူ့ကို သတိပေးသည်။ သူက သူ့ခံယူချက်ကို မလျှော့။ သို့ဖြင့် သူ့ထမင်းအိုးကို ရိုက်ခွဲသည့်အနေဖြင့် လက်ဝှေ့ထိုးသတ်ခွင့်လိုင်စင်ကို ပိတ်သိမ်းလိုက်တော့သည်။ ပြီးတော့ တရားစွဲခံရသည်။ အလီက အရာရာကို တည်တည်ငြိမ်ငြိမ်ဖြင့် ရင်ဆိုင်သည်။ သူ့ရင်ထဲက ယုံကြည်သည်ကို အရင်းခံအတိုင်း ရှင်းပြသည်။

တရားရုံးက သူ့ကို စစ်မှုထမ်းရန် ငြင်းဆန်သည့်အတွက် ထောင်ဒဏ်ငါးနှစ်နှင့် ငွေဒဏ်ပါချမှတ်သည်။ အလီက အမေရိကန်ပြည်ထောင်စုတစ်လွှား တရားရုံးများပြောင်းပြီး အယူခံဝင်သည်။ အချိန်တွေကြာလာသည်နှင့်အမျှ အမေရိကန်ပြည်တွင်းမှာ ဗီယက်နမ်စစ်နှင့်ပတ်သက်၍ အမြင်တွေ ပြောင်းလာသည်။ တိမ်ညိုသလွှာတို့၏ အနားစဆီမှာ ငွေခြည်မျှင်အလင်းစများ တွေ့လာရသည်။ သုံးနှစ်ခွဲအကြာမှာ လက်ဝှေ့ထိုးသတ်ခွင့်လိုင်စင်ကို အလီပြန်ရသည်။ ၁၉၇၀ ပြည့်နှစ် အောက်တိုဘာမှာ သူကြိုးဝိုင်းပေါ်ပြန်တက်သည်။ ပွဲဦးထွက်

www.foreverspace.com.mm

နှစ်ပွဲစလုံးကို အနိုင်ရပြီးနောက် ထိုစဉ်က ဟဲဗီးဝိတ်ရာဇပလ္လင်ပေါ်ထိုင်နေသူ ဂျိုးဖရေဇီယာကို သူစိန်ခေါ်တော့သည်။

တကယ်တော့ အလီသည် ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ကို သွေး၊ ချွေးနှင့်ရင်း၍ ကြိုးဝိုင်းထဲမှာ ရယူခဲ့ခြင်းဖြစ်သည်။ သို့သော် သရဖူကို လက်လွှတ်ရသည်က ကြိုးဝိုင်းထဲမှာမဟုတ်။ အာဏာပိုင်အဖွဲ့အစည်းများက ဖိအားပေးပြီး အတင်းအကျပ်သိမ်းယူသွားခြင်းဖြစ်သည်။ ထို့ကြောင့် အလီက သူသာလျှင် ချန်ပီယံအစစ်ဟု ဆိုသည်။ ကမ္ဘာ့ပြည်သူအတော်များများကလည်း သည်အတိုင်းရှုမြင်သည်။ ဒါကို ဖရေဇီယာက လက်မခံနိုင်။ စာရင်းရှင်းပစ်မှ အေးမည်။

၁၉၇၁ ခုနှစ်မတ်လ ၈ ရက်နေ့တွင် မယ်ဒီဆင်ဉယျာဉ်၌ စာရင်းရှင်းပွဲကြီးကို ပြုလုပ်ခဲ့သည်။ စံချိန်တင်အဖြစ်လက်ဝှေ့သမားတစ်ဦးလျှင် ဒေါ်လာ ၂ ဒသမ ၅ သန်းရခဲ့သည်။ ပွဲက လက်ဝှေ့ပွဲသက်သက်မဟုတ်။ ဂုဏ်သိက္ခာချင်းယှဉ်သောပွဲ၊ သွေးချင်းယှဉ်သောပွဲ။ တစ်ဆယ့်ငါးချီအပြည့်ထိုးပြီးမှ အလီက အမှတ်ဖြင့်ရှုံးခဲ့၏။ ပရော်ဖက်ရှင်နယ်ဘဝမှာ သူ့အတွက်ပထမဦးဆုံးအရှုံး။ ပွဲအပြီး အဝတ်လဲခန်းထဲမှာ သူ့နောက်လိုက်တစ်ယောက်က သူ့ကိုထုံးစံအတိုင်း "ချန်ပီယံရေ"ဟု ခေါ်လိုက်ရာ သူက "ကျွန်တော့်ကို ချန်ပီယံလို့ မခေါ်နဲ့တော့၊ အခု ချန်ပီယံက ဂျိုး" ဟု ပြန်ပြောလိုက်လေသည်။

သူတစ်ကနေပြန်စရသည်။ သူ့လက်ရည်ကို ပြန်သွေးယူရဦးမည်။ ကြာကြာဆိုင်းမနေတော့ဘဲ ဇူလိုင်မှစကာ ကြိုးဝိုင်းပေါ်ပြန်တက်လာခဲ့သည်။ တစ်ဆယ့်ရှစ်လမျှအတွင်း လက်ဝှေ့ပွဲပေါင်း ၁၀ ပွဲ ဆက်တိုက်ထိုးခဲ့ပြီး နိုင်ပွဲဆက်ခဲ့သည်။ ထို့နောက် ၁၉၇၃ မတ် ၃၁ တွင် ဂျိုးဖရေဇီယာ၏လေ့ကျင့်ဘက်လုပ်ခဲ့ဖူးသူ မထင်မရှားလက်ဝှေ့သမား ကင်နော်တင်နှင့် ကြိုးဝိုင်းဝင်ခဲ့သည်။ တစ်ဆယ့်နှစ်ချီအပြည့်ထိုးပြီးနောက် အလီ အမှတ်ဖြင့် ကပ်ပြီးရှုံးသွားသည်။ သူ့အတွက် ဒုတိယအရှုံး။ ပိုဆိုးတာက အလီ၏မေးရိုးတစ်ဖက်ပါ ကျိုးသွားခဲ့သည်။

(၄)

'အရှုံးကို ရင်ဝယ်ပိုက်ဖူးသူမှာ စွမ်းအားသတ္တိတွေပိုရှိတတ်သည်' ဟု အလီက သူ့အတ္ထုပ္ပတ္တိမှာ ရေးထားသည်။ စာအုပ်အဖွင့်ကိုပင် နော်တင်နှင့်ပွဲအရှုံးဖြင့် စဖွင့်သည်။ အညတရ လက်ဝှေ့သမားတစ်ယောက်ကို ရှုံးနိမ့်ပြီးနောက် ရင်ထဲမှာ အတော်ကလေးနာကျင်နေသော အလီသည် သူ့ဌာနေ လူ့ဝစ္စဗီးလ်သို့ ပြန်ခဲ့သည်။ သူ့လူအချို့က ရှုံးနိမ့်နေချိန်မှာ ဌာနေကို ဘယ်တော့မှ မပြန်လေနှင့်ဟုသတိပေးကြစေကာမူ အလီက ပြန်လာခဲ့သည်။ "ငါ ဘယ်ကလာတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိပေးဖို့ အကောင်းဆုံးဟာ ခုလိုအချိန်မျိုးမှာ အိမ်ပြန်တာပဲ" ဟု သူက ပြောသည်။

အပျော်ကြူးခဲ့သော နေ့တွေကို သူဆင်ခြင်တတ်လာသည်။ လက်ဝှေ့ဆိုသည်က အလွန်အန္တရာယ်များသော အားကစား။ လေ့ကျင့်မှုကို အပတ်တကုတ်မလုပ်လျှင် ကြိုးဝိုင်းထဲမှာ အခြေမလှနိုင်။ သူအပြင်းအထန်ပြန်လည်လေ့ကျင့်သည်။ ခြောက်လအကြာမှာ စိတ်မကျေပွဲအဖြစ် နော်တင်နှင့် ပြန်တွေ့သည်။ တစ်ဆယ့်နှစ်ချီထိုးပြီးနောက်



www.foreverspace.com.mm



အလီက အမှတ်ဖြင့်နိုင်ကာ ရှုံးကြေးကိုပြန်ဆပ်လိုက်သည်။ ၁၉၇၄ ခုနှစ် ဇန်နဝါရီတွင် ဖရေဇီယာနှင့်ပြန်တွေ့ရာ ၁၂ ချီမှာ အမှတ်ဖြင့် အနိုင်ယူခဲ့ပြန်သည်။ သို့သော် ထိုအချိန်မှာ ဖရေဇီယာတစ်ယောက် ဟဲဗီးဝိတ်ရာဇပလ္လင်မှ နန်းကျနေခဲ့ပြီ။ သရဖူက လူငယ်လက်တက်ကျော့ဖိုမင်၏လက်ထဲမှာ။

အလီက ဖိုမင်ကို စိန်ခေါ်သည်။ သူ့အတွက်အချိန်က သိပ်ပြီးများများစားစား မကျန်တော့။ အသက်က ၃၂ နှစ်ရှိလာပြီ။ အလီအကျပိုင်းပိုရောက်လာအောင် ဖိုမင်တို့ဘက်က အချိန်ဆွဲထားချင်နေသေးသည်။ သို့သော် သတ်ကြေးက တစ်ယောက်ကို ဒေါ်လာ ၅ သန်းစီပေးမည်ဆိုသောအခါ ဖိုမင်ဘက်က စိတ်ပြောင်းလာသည်။ သို့ဖြင့် အာဖရိကတိုက် ဇိုင်ယာနိုင်ငံမှာ ဖိုမင်–အလီပွဲကို စင်တင်ဖြစ်ခဲ့တော့သည်။

၁၉၇၄ ခုနှစ် အောက်တိုဘာ ၃၀ ရက်။ အမေရိကမှာ ပရိသတ်အများဆုံး ရုပ်သံကြည့်ချိန်နှင့်ညှိပြီး ကင်ရှာဆာမြို့တော်မှာ လက်ဝှေ့ပွဲကို အရုဏ်ဦး၌ ပြုလုပ်ခဲ့သည်။ ဖိုမင်က အသက် ၂၅ နှစ်ပဲရှိသေးသည်။ ထိုးအားအလွန်ကောင်းသည်။ အလီတစ်ယောက်မသေ ကံကောင်းဟုပင် ဆိုကြသည်။ အလီသည် ဥပါယ်တံမျဉ်သုံးရတော့၏။ ဖိုမင်က သူ့ကိုကြိုးတန်းပေါ်မှာ အမိဖမ်းချင်သည်။ အဲသည့်သတ်ကွင်းထဲ အလီဝင်လိုက်သည်။ ပြီးတော့ ကြိုးတန်းကပြန်ကန်အားကိုပါယူပြီး ဖိုမင်ကို ပြန်တွယ်သည်။ သို့ဖြင့် ထိုစဉ်က ဂျာနယ်လစ်များက အလီပရိယာယ်ကို Rope-a-Dope ဆိုပြီး ထွင်သုံးခဲ့ရာ ယခုတော့ အမေရိကန်အဘိဓာန်များထဲမှာ ထိုဝေါဟာရကိုပါ ထည့်သွင်းထားကြပေပြီ။

အလီက ကမ္ဘာကို တစ်ကြိမ်ထပ်ပြီး အံ့အားသင့်စေခဲ့ပြန်၏။ အဋ္ဌမအချီမှာ ဖိုမင်ကို အလဲထိုးချလိုက်လေသည်။ သူ့ထံမှ အဓမ္မသိမ်းယူသွားခဲ့သော သရဖူကို သွေးချွေးဖြင့်ရင်းပြီး သူပြန်ယူလိုက်ခြင်းဖြစ်သည်။ သည်တစ်ကြိမ်မှာတော့ အမေရိကန်သမ္မတ ဂျယ်ရယ်ဖို့ဒ်က အလီကို အိမ်ဖြူတော်သို့ ဖိတ်ခေါ်ဂုဏ်ပြုခဲ့သည်။

သရဖူကိုထိန်းသိမ်းထားသည့် သုံးနှစ်ကျော်ကာလအတွင်း သရဖူကာကွယ်ပွဲ ၁၀ ပွဲအထိ ထိုးသတ်ခဲ့သည်။ မည်သည့်ယှဉ်ဘက်ကိုမှ နှစ်ကြိမ်နှစ်လီ ရှုံးရိုးထုံးစံမရှိဟု ကြွေးကြော်လျက် ဖရေဇီယာ၊ နော်တင်တို့နှင့် တတိယအကြိမ် စာရင်းရှင်းပွဲများ နွှဲခဲ့သေးသည်။ ပြောသည့်အတိုင်း သူပဲနိုင်ခဲ့သည်။ မနီလာမြို့တော်က 'သည်းထိတ်ရင်ဖို' ပွဲကြီးမှာ ဖရေဇီယာကို ၁၄ ချီတွင် ဒိုင်ပွဲရပ်ဖြင့် ပွဲသိမ်းပစ်ခဲ့သည်။

သို့သော် သူ့သတ်လုံးသတ်ပေါက်က ဟိုအရင်လိုမျိုး မော်ဝင်ကကြိုးများမဟုတ်တော့။ နာမည်ကျော် 'အလီအရွှေ့အပြောင်း' များက နှေးလာလေးလာသည်။ တစ်ဖက်လူ၏လက်သီးချက်များကိုသူ ပိုခံလာရသည်။ ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီတွင် ထိုစဉ်က အိုလံပစ်ရွှေတံဆိပ်ကို ပူပူနွေးနွေးဆွတ်ခူးထားသူ လီယွန်စပင့်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ မမျှော်လင့်ဘဲ အလီ အမှတ်ဖြင့် ရှုံးသွားသည်။ တစ်ကမ္ဘာလုံး အုတ်အော်သောင်းတင်းဖြစ်သွားပြီး ကမ္ဘာကျော် Times မဂ္ဂဇင်းက The Greatest is Gone 'အကြီးကျယ်ဆုံး နိဂုံးချုပ်သွားပြီ' ဟူ၍ပင် မျက်နှာဖုံးတင်ခဲ့လေသည်။

အလီကား ဘယ်အရာကိုမှ လွယ်လွယ်အရှုံးပေးတတ်သူမဟုတ်။ စပင့်နှင့်စိတ်မကျေပွဲ ထိုးခွင့်ရအောင်ကြိုးစားသည်။ နောက်ခုနစ်လအကြာ ကြိုးဝိုင်းပေါ်မှာ ပြန်ဆုံကြတော့ စပင့်တစ်ယောက်အလီပြသမျှနခဲ့ရ၏။ သို့သော် ၃၆ နှစ်ဆိုသော အရွယ်ကြောင့် အလဲထိုးပြီးတော့ ပွဲမသိမ်းနိုင်ခဲ့။ မည်သို့ဆိုစေ အလီက အမှတ်ဖြင့်အနိုင်ရပြီး ကမ္ဘာ့ဟဲဗီးဝိတ်သရဖူကို သုံးကြိမ်သုံးလီ ဆွတ်ခူးရခဲ့သူအဖြစ် မော်ကွန်းတင်ခဲ့လေသည်။ သည်အောင်ပွဲကိုမူ Times က စာတစ်မျက်နှာသာဖော်ပြပေးခဲ့သည်။ အလီသည် နောက်ထပ် ပွဲမထိုးတော့ဘဲ ၁၉၇၉ ခုနှစ်တွင် လက်ဝှေ့ချန်ပီယံအဖြစ်နှင့် အနားယူသွားခဲ့သည်။

နာမည်ကျော်တို့ဘဝဟူသည် အခါခပ်သိမ်း အစဉ်ချောသည်တော့မဟုတ်။ မအောင်မြင်ခင် ရုန်းကန်ကြိုးစားရသလို အောင်မြင်လာသောအခါ၌လည်း ထိုအောင်မြင်မှုဒဏ်ကို ခံနိုင်ရည်ရှိဖို့လိုသည်။ အလီတစ်ယောက် ဘဝမှာ အောင်မြင်မှုနှင့်အတူ အသိုက်အဝန်းကလည်းကြီးလာသည်။ အလိုလိုက်အကြိုက်ဆောင် ကပ်မြှောင်တွေလည်းများလာသည်။ နဂိုကတည်းက မရှိဆင်းရဲများအပေါ် ရက်ရောသူဖြစ်လေရာ ကပ်ပါးများပါတိုးပွားလာသောအခါ သူ့မှာ ရှာသလောက်မတင်။ နောက်ဆုံးကြိုးဝိုင်းပေါ် တစ်ကျော့ပြန်တက်ဖို့ဖြစ်လာရတော့၏။ အလီက သူ့အစွမ်းကိုယုံသည်။ ကမ္ဘာကို တစ်ကြိမ်ပြန်ပြီး ကိုင်လှုပ်ချင်သည်။

သို့သော် အချိန်အခါသည် အလီဘက်မှာ မရှိတော့။ သုံးဆယ့်ရှစ်နှစ်ဆိုသော အသက်သည် ကြိုးဝိုင်းထဲမှာ လိပ်ပြာလေးလိုလည်း မပျံဝဲနိုင်တော့သလို ပျားပိတုန်းလိုလည်း မတုပ်နိုင်တော့။ ထိုစဉ်က ကမ္ဘာ့လက်ဝှေ့ကောင်စီ ဟဲဗီးဝိတ်ချန်ပီယံက လာရီဟုမ်းဖြစ်သည်။ အလီ့ထံမှာ လေ့ကျင့်ဖက်လုပ်သွားခဲ့ဖူးသည်။ အလီဆိုသော နာမည်ကြောင့် ဆုကြေးဒေါ်လာ ၈ သန်းရပြီး ဟုမ်းက ဒေါ်လာ ၃ သန်းရခဲ့သည်။ သို့သော် ပွဲတကယ်ထိုးကြတော့ ဟုမ်းက သူ့ဆရာဟောင်းကို ဗိုလ်မထားတော့။ ဆယ်ချီအပြီးမှာ အလီ့မျက်နှာပေါ် အညိုအမည်းတွေ စွဲနေပြီမို့ အိန်ဂျလိုဒန်ဒီက ပွဲရပ်ကာ အရှုံးပေးလိုက်လေသည်။

နောက်တစ်နှစ် ၁၉၈၁ ခုနှစ်တွင် အလီသည် ဘဟားမားကျွန်းနိုင်ငံ၌ ထရီဗာဘားဘစ်နှင့်အကဲစမ်းခဲ့သေး၏။ သို့ရာတွင် အမှတ်ဖြင့် ရှုံးနိမ့်ပြီးနောက် လက်ဝှေ့မှ အပြီးအပိုင် အနားယူသွားခဲ့တော့သည်။

(၅)

USA Today အထူးထုတ်အတွက် ဆောင်းပါးရှင်ဆာရာစီနိုသည် အလီ့စံအိမ်သို့သွားခဲ့သည်။ သူ့အိမ်က အရီဇိုးနားပြည်နယ်ရှိ ဆကော့ဒေးလ်မြို့ပြင်ဘက်မှာ။ ရာသီဥတုက သာယာသည်။ ပြီးတော့အလီ့အတွက်လည်း သိပ်ပြီးအထီးကျန်မဆန်သောနေရာမျိုးဖြစ်သည်။ သည်နေရာမှာ ၁၉၈၆ ခုနှစ်က လက်ထပ်ခဲ့သော စတုတ္ထမြောက်ဇနီးသည် လွန်နီ၊ သူ့ညီမ မာရီလင်တို့နှင့်

www.foreverspace.com.mm

အဘူနေထိုင်သည်။

အရင်က သူ့ဘေးနားမှာ ဝိုင်းဝန်းနေသူများထဲတွင် ဘန်ဒီနီဘရောင်းကဲ့သို့လူ အချို့က ဆုံးပါးကုန်ပြီ။ စီးပွားရေးစီမံအုပ်ချုပ်မှု မဟာဘွဲ့ရ လွန်နီက သူ့ခင်ပွန်း၏ စီးပွားအားလုံးကို စနစ်တကျ စီမံခန့်ခွဲလာသောအခါ မိတ်စစ်ဆွေမှန်မဟုတ်သူများလည်း ရှဲကုန်သည်။

အလီ့နေအိမ်က အတန်အသင့်ကျယ်ပြန့်သည်။ အုန်းပင်များ၊ ပန်းများ၊ ရေပန်းငယ်များကိုဖြတ်ပြီး ကျောက်သားလှေကားလမ်းကလေးမှတစ်ဆင့် အိမ်ထဲသို့ဝင်ရသည်။ အိမ်ထဲမှာ အလီ့မိုးကောင်းခဲ့စဉ်တုန်းက လက်ဝှေ့ပွဲပန်းချီကားကြီးများနှင့် ဓာတ်ပုံများကို ချိတ်ဆွဲထားသည်။

ဆရာစီနိုက အလီမနက်စာစားသည်ကို စောင့်ကြည့်ခဲ့သည်။ ဆီရီယယ်နှင့် ငှက်ပျောသီးကို အလီက လိမ္မော်ရည်ဖြင့် မျှောချသည်။ ပြီးတော့ ကြက်သားကင်ကို ဆက်စားသည်။ ပါကင်ဆန်ရောဂါဝေဒနာကြောင့် သူက နံနက်ပိုင်းမှာပဲ ကောင်းကောင်းစားနိုင်သည်။ နေမြင့်လာလေ အစာကို မျိုချရခက်လာလေ။ ထို့ကြောင့် သူ့ဇနီးနှင့် ခယ်မတို့က နံနက်ပိုင်းမှာ များများကျွေးခြင်းဖြစ်သည်။ နံနက်စာစားပြီးလျှင် သူ တစ်ရေးတစ်မောပြန်အိပ်တတ်သည်။ ပြီးတော့ ရုပ်ရှင်ကြည့်ခြင်းဖြင့် အပန်းဖြေသည်။ များသောအားဖြင့် အလီက သည်းထိတ်ရင်ဖိုဇာတ်ကားများကိုကြိုက်သည်။

အလီသည် ကိုယ်လက်လှုပ်ရှားကျင့်ခန်းကုထုံးကိုလည်း ခံယူရသည်။ အလေးမစက်မှာထိုင်ပြီး ပေါင် ၈၀ လောက်အထိကို သူ မသည်။ အလီက အကောင်းဆုံးကြိုးစားသည်။ ကျန်းမာရေးချို့တဲ့မှု၏ အကျဉ်းသားအဖြစ်မခံ။ ဘဝတိုက်ပွဲ ဆက်နွှဲသည်။ တစ်ပွဲက ဘဝအရည်အသွေးအတွက်ဖြစ်သည်။ တစ်ပွဲက မိသားစု၊ မိတ်ဆွေအပေါင်းအသင်းများနှင့် သူ့ဂုဏ်သိက္ခာအတွက် ဖြစ်လေသည်။ အလီက သူ့ဘဝကို မမေ့။ လက်ဝှေ့ရာဇပလ္လင်ပေါ်ထိုင်ခဲ့ရသည်ကို လည်း ဘယ်တော့မှမမေ့။

"သူက ကမ္ဘာကျော်ဘဝကို သိပ်ချစ်တာ" ဟု သူ့ဇနီးလွန်နီက ပြောသည်။

မိုဟာမက်အလီဆိုသော နာမည်တစ်လုံး ထင်ပေါ်ကျော်ကြားလာအောင် သူကြိုးဝိုင်းထဲမှာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ သို့သော် သည်အမည်သည် လက်ဝှေ့တစ်ခုတည်းနှင့် သက်ဆိုင်တာတော့မဟုတ်။ အလီကိုယ်၌က လက်ဝှေ့သမားသက်သက်မျှ မဟုတ်။ သူ့မူနှင့်သူ ရပ်တည်ခဲ့သူ။ တစ်ဖက်သားအပေါ် လေးစားခြင်း၊ ဘဝမှာ မျှော်လင့်ချက်ထားရှိခြင်း၊ နားလည်စာနာခြင်း စသည်တို့သည် အလီ၏ မူများပင်ဖြစ်ပြီး ထိုမူများအတွက် သူဘဝကိုပေးပြီး တိုက်ပွဲဝင်ခဲ့သည်။

အဆိုပါအမွေကို ဆက်ခံသယ်ဆောင်သွားနိုင်သူက မိုဟာမက်အလီစင်တာကို ၂၀၀၅ ခုနှစ်မှာ သူ့ဇာတိချက်ကြွေ မွေးရပ်မြေ လူးဝစ္စဗီးလ်မြို့၌ တည်ထောင်ဖွင့်လှစ်ခဲ့သည်။ သူ့မူများကို မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးနိုင်ရန် စင်တာတွင် နှစ်လမ်းသွား (Interactive) ပြပွဲများကို ပညာပေးအစီအစဉ်များနှင့် ကမ္ဘာ့အနှံ့ ဖြန့်ကြက်ရေးအစီအစဉ်များကို လုပ်ဆောင်လျက်ရှိသည်။ အစီအစဉ်များကို ဆက်လက်တိုးချဲ့သွားနိုင်ရန် ရန်ပုံငွေစုဆောင်းလျက်ရှိရာ USA Today စာစောင်ဖော်ပြချက်အရ လိုငွေ ဒေါ်လာ ၁၀ သန်းအနက် ဒေါ်လာ ၂ ဒသမ ၆ သန်း ရရှိထားပေပြီ။

"မိုဟာမက်က နိုင်ငံသားကောင်းရတနာဗျ" ဟု အလီစင်တာဥက္ကဋ္ဌ ဂရက်ရောဘတ်က ပြောသည်။ "ကိုယ့်မူပေါ်မှာရပ်တည်တဲ့ စံနမူနာယူထိုက်တဲ့ပုဂ္ဂိုလ်ကိုပြပါဆိုရင် မိုဟာမက်အလီကိုပဲပြရမှာပဲ" တဲ့။

နှေးကွေးလေးလံစွာဖြင့် ၁၉၉၆ ခုနှစ် အတ္တလန်တာ အိုလံပစ်မီးရှူးတိုင်ကို အလီက ထွန်းညှိပေးနေပုံကို ကမ္ဘာ့ပြည်သူများက သတိတရရှိနေဆဲ။ အဲသည်မှာပဲ တစ်ချိန်က သူစွန့်ပစ်ခဲ့သည်ဆိုသော ရွှေတံဆိပ်ကို သူ့အား ထပ်မံအပ်နှင်းခဲ့သည်။

အိုလံပစ်ပွဲတော်ကာလအတွင်းတစ်ရက်မှာ အလီက အိုလံပစ်ကျေးရွာထဲ လျှောက်လည်ခဲ့သည်။ အဲသည်မှာ လူတစ်ယောက်က သူ့နားချဉ်းကပ်လာပြီး နားနားကပ်ကာ တစ်စုံတစ်ရာ ပြောလိုက်သည်။ ရောဂါကြောင့် တုန်တုန်ချိချိဖြစ်နေတတ်သော အလီသည် တစ်ခဏတာလုံးဝငြိမ်သွားသည်။

"ကျွန်တော်က ဗီယက်နမ်စစ်ပြန်တစ်ယောက်လို့ သူ့ကို ကျွန်တော်ပြောလိုက်တာ။ သူလည်း သူလုပ်ဖို့ရှိတာလုပ်ခဲ့သလို ကျွန်တော်လည်း ကျွန်တော်လုပ်သင့်တယ်ထင်တာ လုပ်ခဲ့တာလို့" ဟူ၍ အဆိုပါပုဂ္ဂိုလ်က USA Today ဆောင်းပါးရှင် ဆရာစီဒိုကို ပြောပြသည်။ ထိုပုဂ္ဂိုလ်က အတ္တလန်တာအိုလံပစ်ကော်မတီမှ အင်ဂျင်နီယာတစ်ဦးဖြစ်သည်။

"သူလုပ်ခဲ့တာ (ဗီယက်နမ်စစ်ကို ဆန့်ကျင်ခဲ့တာ) ဟာ တကယ့်ကို သတ္တိမွေးပြီးလုပ်ခဲ့ရတာပါ။ ကျွန်တော် သူ့ကိုပြောတာက အခုအချိန်မှာ အမုန်းတရားတွေအားလုံးကို ခဝါချပစ်လိုက်ကြဖို့ဆိုတာပါပဲ"

မှန်ပါသည်။ ငြိမ်းချမ်းရေးသံတမန်အဖြစ် သတ်မှတ်ခန့်အပ်ခံထားရသော အလီရင်ထဲမှာလည်း ဘာအမုန်းတရားမှ မရှိတော့ပါ။ တစ်ချိန်က ယှဉ်ဘက်ဖြစ်ခဲ့သော ကင်နော်တင်၊ ဂျော့ဖိုမင်တို့နှင့် သူ ခင်မင်နေပြီ။ ဂျိုးဖရေဇီယာတစ်ယောက်သာလျှင် အလီ့အပေါ် အာဃာတကြီးနေဆဲ။

အလီက ကိုယ်ကိုကိုင်း၍ အတ္တလန်တာ အိုလံပစ်ကော်မတီဝင် အင်ဂျင်နီယာ၏ ပါးကို သူ့ပါးဖြင့်ဖျတ်ခနဲအပ်လိုက်သည်။

"ဒါကျွန်တော့်ကို နမ်းတာ" ဟု ထိုသူက ပြောသည်။

ယုံကြည်ချက်ချင်းမတူခဲ့သူနှစ်ဦး၏ အထက်ပါလှုပ်ရှားမှုကလေးက ကမ္ဘာကြီးကို သတင်းစကားတစ်ခုပါးလိုက်သလိုမျိုး ဖြစ်တော့သည်။

**ထင်အောင်ကျော်**

■

ကျွန်မသားနှစ်ယောက်စလုံး စကားတတ်တာ စောတယ်လို့ လူတိုင်းက ပြောပါတယ်။ ယောကျ်ားလေးတွေဆိုရင် အသက် ၂ နှစ်ကျော်မှ စကားပြောလေ့ရှိတယ်လို့ ပြောကြပါတယ်။ တချို့ယောကျ်ားလေးတွေဆိုရင် သုံးနှစ်ကျော်မှ ပြောတာ တွေ့ပါတယ်။ ကျွန်မသားအကြီးတစ်နှစ်သားကတည်းက စကားစပြောသလို သားအငယ်လည်း အဲဒီအရွယ်မှာပဲ စကားစပြောပါတယ်။ ကျွန်မက ကလေးတွေကို စကားပြောလွန်းလို့ ကလေးတွေစကားတတ်တာစောတယ်လို့ ကျွန်မမေမေက ပြောဖူးပါတယ်။ သားနှစ်ယောက်စလုံး ကိုယ့်မြေကိုယ့်ပြည်ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းပတ်ဝန်းကျင်နဲ့ ကြီးပြင်းလာရတာမဟုတ်တဲ့အတွက် ကျွန်မစိတ်ပူမိတာ အမှန်ပါပဲ။

# တာဝန် နှင့် ဝတ္တရား

**မြသန်းသန်းနု**




ဒါကြောင့်လည်း ကလေးတွေ ကိုယ်ရောစိတ်ပါ ပုံမှန်ကြီးထွားဖွံ့ဖြိုးဖို့အတွက် ကျွန်မအချိန်ပေးရင်ပေးသလို သူတို့နဲ့ စကားပြောမိတာပါပဲ။ ကလေးတွေကို မရိုက်တဲ့အတွက် ကျွန်မဖေဖေက သဘောကျပါတယ်။ "သမီးနဲ့ မောင်ငြိမ်းက ချီးကျူးစရာပဲ။ သားတွေကို နားလည်အောင်၊ စိတ်ဝင်စားအောင် စိတ်ရှည်ရှည်နဲ့ ရှင်းပြနိုင်တယ်။ သမီးမေမေနဲ့ ဖေဖေကတော့ ငယ်ငယ်က သားသမီးတွေကို ရိုက်တာပဲ။ သမီးတစ်ယောက်သာ အရိုက်မခံရတာ" လို့ ပြောလေ့ရှိပါတယ်။ သားကြီးအတွက် ကျွန်မတို့ အချိန်ပိုပြီးပေးနိုင်ခဲ့ပါတယ်။ ပုံပြင်စာအုပ်တွေ၊ ပညာပေးကာတွန်းစာအုပ်တွေ အများကြီးဖတ်ပြနိုင်ခဲ့သလို လက်ဆင့်ကမ်းပုံပြင်တွေလည်း အများကြီးပြောပြဖြစ်ပါတယ်။ သားငယ်အတွက် အဲဒီလောက် အချိန်မပေးနိုင်ခဲ့ပါ။ သားငယ်သုံးနှစ်သားအရွယ်မှာ ကျွန်မ အိန္ဒိယအသံလွှင့်ဌာနမှာ အလုပ်ဝင်နေပါပြီ။ ဒါ့ကြောင့် သားငယ်က ကျောင်းစသွားချိန် သုံးနှစ်သားမှာ ပုံပြင်စာအုပ်ကအစ ကိုယ့်ဘာသာဖတ်ပါတယ်။ ငါးမစားလိုတဲ့ သားကြီးကို "ငါးလေးတွေလို ရေကူးတတ်အောင် ငါးစားပါ" လို့ ပြောပြီး ငါးကျွေးခဲ့ရပေမယ့် သားငယ်ကျတော့ ၂ နှစ်ခွဲကတည်းက ကိုယ့်ဘာသာ ငါးရိုးထွင်စားခဲ့ပါတယ်။ ဒီလိုနဲ့ ကြီးပြင်းလာခဲ့တဲ့သားနှစ်ယောက်စလုံး သူတို့ခြေထောက်ပေါ် သူတို့ မားမားမတ်မတ်ရပ်

www.foreverspace.com.mm

တည်နိုင်ပြီဖြစ်တာကြောင့် ဝမ်းသာပီတိဖြစ်ကြရပါတယ်။ အထူးသဖြင့် မိဘတွေနဲ့ ရင်းရင်းနှီးနှီးရှိပြီး ဆိုးကောင်းတိုင်ပင်ဒီကနေ့ထိနေတတ်နေတာကိုပဲ ကြည်နူးနေရပါတယ်။ သားနှစ်ယောက်စလုံး အိန္ဒိယနိုင်ငံမှာကြီးပြင်းလာကြလို့ထင်ပါတယ်။ စကားတော်တော်ပြောကြပါတယ်။ သူတို့ငယ်ငယ်က ကျွန်မသင်ပြပြောဆိုတာတွေ ပြုလုပ်ခဲ့သလို သူတို့အရွယ်ရောက်လာတော့ ကျွန်မတို့နဲ့ အလှမ်းဝေးသလိုဖြစ်နေတဲ့နယ်ပယ်တွေနဲ့ပတ်သက်လာရင် သူတို့က ကျွန်မတို့ရဲ့အဘိဓာန် ဖြစ်မှန်းမသိ ဖြစ်လာပါတယ်။

တစ်ချိန်မှာ သားကြီးနဲ့ ထွေရာလေးပါးစကားပြောရင်း ဒေလီမြို့က လမ်းတွေ၊ အမှိုက်ပုံတွေအကြောင်း ရောက်သွားပါတယ်။ ကျွန်မက မြူနီစီပယ်အလုပ်သမားတွေ အလုပ်မလုပ်တဲ့အကြောင်း အပြစ်တင်လိုက်ပါတယ်။ ကျွန်မသားကြီးက "နှစ်ဦးနှစ်ဖက်စလုံး အပြစ်ရှိပါတယ်။ လူတွေဒီနေရာမှာ နိုင်ငံသား (Citizen)တွေကို ပြောတာပါ။ နိုင်ငံသားတွေကလည်း ဝတ္တရား (Duty) ပျက်တယ်။ မြူနီစပယ်ပဲပြောပြော၊ အစိုးရပဲပြောပြော အဲဒီအဖွဲ့ကလည်း တာဝန် (Responsibility) မကျေပွန်ဘူး။ သားတို့အထက်တန်းအထိ ပြည်သူ့နီတိ (Civics) သင်ခဲ့ရတယ်။ အဲဒီပြည်သူ့နီတိမှာ အိန္ဒိယနိုင်ငံသားတိုင်း လိုက်နာရမယ့် အခြေခံဝတ္တရား ၁၀ မျိုးအကြောင်း သင်ရတယ်။ အဲဒီအခြေခံဝတ္တရားတွေကို အိန္ဒိယဖွဲ့စည်းပုံဥပဒေ (Constitution) မှာ ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံဥပဒေ စပြီးရေးဆွဲခါစက အဲဒီဝတ္တရားတွေမပါဘူး"။ သားကြီးက ပြောလက်စ စကားခဏရပ်ပြီး "မေမေ အားရဲ့လား"လို့ မေးလိုက်ပါတယ်။ "ဥပဒေ ရေးဆွဲစက နိုင်ငံသားဝတ္တရားတွေမပါဘူးလို့ ပြောလိုက်တဲ့အချက်ကို မေမေ မသိသေးဘူး။ စိတ်ဝင်စားစရာပဲ။ ဆက်ပြောပါဦး" လို့ ကျွန်မက တောင်းဆိုလိုက်ပါတယ်။

**အိန္ဒိယဥပဒေပညာရှင်တွေကိုယ်၌က နိုင်ငံသားအခွင့်အရေးနဲ့ နိုင်ငံသားဝတ္တရား အပြန်အလှန်ဆက်နွှယ်နေတယ်လို့ ဆိုကြပါတယ်။ အိန္ဒိယ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားတိုင်းအတွက် တန်းတူညီမျှအခွင့်အရေးတွေပေးထားပေမယ့် နိုင်ငံသားတွေအနေနဲ့လည်း ဒီမိုကရေစီစနစ်ရဲ့ အခြေခံစည်းကမ်းချက်တွေကို လိုက်နာကျင့်သုံးဖို့လိုကြောင်း နိုင်ငံသားကျင့်ဝတ်များအားဖြင့် အမြဲတစေသတိပေးနေပါတယ်။**

---

၁၉၇၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (၄၂) ကြိမ်မြောက် ပြင်ဆင်ချက်အရ အပိုင်းသစ် (၄–က) တိုးချဲ့လိုက်ပြီး အပိုဒ် (၅၁–က) တစ်ခုတည်း ဖြည့်စွက်ခဲ့ပါတယ်။ ဒီအပိုဒ်အရ အိန္ဒိယနိုင်ငံသားတိုင်း လိုက်နာရမယ့် အခြေခံဝတ္တရား ၁၀ မျိုးကို ပထမဆုံးအကြိမ် ပြဋ္ဌာန်းလိုက်တာဖြစ်ပါတယ်။

(၁) အခြေခံဖွဲ့စည်းပုံဥပဒေပါစည်းကမ်းချက်များနဲ့အညီ လိုက်နာကျင့်ကြံပြီး ဖွဲ့စည်းပုံဥပဒေစံနှုန်းများနဲ့ ပြဋ္ဌာန်းထားတဲ့ အဖွဲ့အစည်းများ၊ နိုင်ငံတော်အလံနဲ့ နိုင်ငံတော်သီချင်းတို့ကို လေးစားရန်၊

(၂) လွတ်လပ်ရေးအတွက် တစ်မျိုးသားလုံးရုန်းကန်လှုပ်ရှားမှု ပေါ်ပေါက်လာအောင် လှုံ့ဆော်ပေးခဲ့တဲ့ မြင့်မြတ်တဲ့စံနှုန်းများကို ဆက်လက်ထိန်းသိမ်းပြီး လိုက်နာကျင့်သုံးရန်၊

(၃) အိန္ဒိယနိုင်ငံ အချုပ်အခြာအာဏာပိုင်စိုးမှု၊ စည်းလုံးညီညွတ်မှု၊ ခိုင်မာမှုတို့ကို ထိန်းသိမ်းကာကွယ်ရန်၊

(၄) နိုင်ငံတော်ကို ကာကွယ်ပြီး လိုအပ်ရင်လိုအပ်သလို အမျိုးသားရေးတာဝန်ထမ်းဆောင်ရန်၊

(၅) ကိုးကွယ်သည့်ဘာသာ၊ ဘာသာစကား၊ ဒေသန္တရနဲ့ လူမျိုးစုကွဲပြားခြားနားမှုတွေ ထူးထူးကဲကဲရှိနေတဲ့ အိန္ဒိယပြည်သူများအားလုံး ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ဓာတ်ရှိပြီး ချစ်ကြည်သင့်မြတ်မှုအတွက်အားပေးရန်၊ အမျိုးသမီးများ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမယ့်လုပ်ရပ်များကို ရှောင်ကြဉ်ရန်၊

(၆) အိန္ဒိယနိုင်ငံရဲ့ စုပေါင်းဖွဲ့စည်းရရှိထားတဲ့ယဉ်ကျေးမှုအမွေအနှစ်ကို တန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၇) သဘာဝသစ်တော၊ အင်းအိုင်၊ မြစ်များနဲ့ သဘာဝသားရဲတိရစ္ဆာန်များအပါအဝင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းပြီး အခြေအနေတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်၊

(၈) သိပ္ပံရေးရာမှာ စိတ်ပါဝင်စားမှု၊ လူသားအကျိုးပြုလိုမှု၊ စူးစမ်းဆင်ခြင်လိုမှု၊ ပြုပြင်ပြောင်းလဲလိုမှု စိတ်ဓာတ်များနိုးကြားအောင်ပြုလုပ်ရန်၊

(၉) အများပြည်သူနဲ့သက်ဆိုင်တဲ့ ဥစ္စာပစ္စည်းများကို ကာကွယ်စောင့်ရှောက်ပြီး ဆူပူအကြမ်းဖက်မှုရှောင်ရှားရန်၊

(၁၀) အိန္ဒိယနိုင်ငံတော်အဆင့်မြင့်မြင့်ကြိုးပမ်းအားထုတ်နိုင်မှုနဲ့ အောင်မြင်မှုများ အစဉ်တစိုက်တိုးမြှင့်ရရှိစေဖို့ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ကဏ္ဍစုံမှာ ထူးကဲကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရန်ဆိုပြီး နိုင်ငံသားတိုင်းလိုက်နာရမယ့် အခြေခံဝတ္တရား ၁၀ မျိုးရှိပါတယ်။ ၂၀၀၂ ခုနှစ်ရောက်တဲ့အခါ ဖွဲ့စည်းပုံ ဥပဒေ (၈၆) ကြိမ်မြောက် ပြင်ဆင်ချက်မှာ နံပါတ် (၁၁) ချက်အဖြစ် အချက်သစ်တစ်ခုထပ်ပြီး ဖြည့်စွက်ခဲ့ပါတယ်။ အဲဒီအချက်သစ်အရ 'မိဘဒါမှမဟုတ် အုပ်ထိန်းသူဟာ အသက်ခြောက်နှစ်ကနေ ၁၄ နှစ်အရွယ်ရှိတဲ့ မိမိသားသမီး ဒါမှမဟုတ် မိမိအုပ်ထိန်းထားရတဲ့ကလေးကို ပညာသင်နိုင်အောင် အခွင့်အလမ်းရှာပေးရမှာ ဖြစ်ပါတယ်။

ကျွန်မသားကြီးက ကျွန်မကို စိတ်ရှည်ရှည်နဲ့ ရှင်းပြပါတယ်။ "အိန္ဒိယနိုင်ငံမှာ လူဦးရေကလည်း များတယ်။ ဆင်းရဲချမ်းသာ၊ ပညာတတ်နဲ့ ပညာမတတ်သူ ကွာဟမှုတွေက သိပ်များတော့ နိုင်ငံသားဝတ္တရား

www.foreverspace.com.mm

တွေကို နိုင်ငံသားတိုင်းမလိုက်နာတာ မေမေလည်းသိသားပဲ။ လိုက်နာဖို့ နေနေသာသာ နိုင်ငံသားဝတ္တရားရဲ့ အဓိပ္ပာယ်ကို နားလည်နိုင်ဖို့နဲ့ နိုင်ငံသားဝတ္တရားရှိပါလားဆိုတာကိုတောင်မသိရှာသူတွေ အများကြီးပါ။ ဒါဟာ စာမတတ်မှုကြောင့်ပဲ။ အိန္ဒိယပညာရေးစနစ်သိပ်ကောင်းပါတယ်။ ကမ္ဘာအရပ်ရပ်ကလာပြီး ပညာဆည်းပူးကြရတယ်။ သားတို့ညီအစ်ကိုနှစ်ယောက်လည်းပါတယ်လေ"။ သားကြီးက ပြောပြောဆိုဆိုနဲ့ သူ့စကားသူသဘောကျပြီး ရယ်လိုက်ပါတယ်။ နောက်ပြီး စကားဆက်ပါတယ်။ "သားတို့ ညီအစ်ကိုနှစ်ယောက်က ရွေးချယ်စရာလမ်းမရှိလို့ဆိုပေမယ့် ဖေဖေနဲ့မေမေက သားတို့ အိန္ဒိယမှာ ပညာသင်တာကို အမြဲဂုဏ်ယူတယ်မဟုတ်လား။ သားတို့လည်း ဂုဏ်ယူပါတယ်။ စောစောကစကားဆက်ရရင် အိန္ဒိယအစိုးရက စီမံကိန်းမျိုးစုံနဲ့ ပညာရေးနည်းဗျူဟာတွေ အကောင်အထည်ဖော်နေပေမယ့် လူဦးရေများလွန်းတာကို နိုင်ပုံမပေါ်ဘူး။ ဒါကြောင့် နိုင်ငံသားတွေပါ ပါဝင်ဖို့ လိုလာပါတယ်။ တစ်ခုကျေနပ်ဖို့ကောင်းတာက နိုင်ငံသားဝတ္တရားကို လူတိုင်းအလေးမထားပေမယ့် နောက်ဆုံးအချက်ဖြစ်တဲ့ ပညာသင်ကြားပေးဖို့တာဝန်ကိုတော့ အိန္ဒိယနိုင်ငံသားအများစုက ကိုယ်တိုင်ကိုယ်ကျလည်း ပါဝင်တယ်၊ အားလည်းပေးတယ်" လို့ သားကြီးက ပြောပြပါတယ်။




အိန္ဒိယဥပဒေပညာရှင်တွေ ကိုယ်၌က နိုင်ငံသားအခွင့်အရေးနဲ့ နိုင်ငံသားဝတ္တရား အပြန်အလှန်ဆက်နွယ်နေတယ်လို့ ဆိုကြပါတယ်။ အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားတိုင်းအတွက် တန်းတူညီမျှအခွင့်အရေးတွေပေးထားပေမယ့် နိုင်ငံသားတွေအနေနဲ့လည်း ဒီမိုကရေစီစနစ်ရဲ့ အခြေခံစည်းကမ်းချက်တွေကို လိုက်နာကျင့်သုံးဖို့လိုကြောင်း နိုင်ငံသားကျင့်ဝတ်များအားဖြင့် အမြဲတစေ သတိပေးနေပါတယ်။

တကယ်တော့ အိန္ဒိယနိုင်ငံမှာ လူတစ်ဦးတစ်ယောက်အနေနဲ့ ကျင့်ဝတ်စောင့်စည်းမှုဟာ မြန်မာနိုင်ငံမှာလိုပဲ ရှေးအစဉ်အလာကောင်းတစ်ခုအဖြစ် လက်ခံပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံမှာ 'မိဘဝတ်၊ သားသမီးဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ်၊ လင့်ဝတ်၊ မယားဝတ်' စတဲ့ ဝတ္တရားတွေဟာ ရှေးအခါကတည်းက ကြီးသူက ငယ်သူကို တစ်ဆင့်တစ်ဆင့်ပြောဆိုခဲ့တဲ့ ဆုံးမစကားတွေဖြစ်တာကြောင့် နိုင်ငံသားကျင့်ဝတ်ဟာလည်း လေးစားမယ်ဆိုရင် လိုက်နာဖို့ မခက်ခဲပါ။ ကျွန်မက အဲဒီလို ကျင့်ဝတ်တွေအကြောင်း ပြောပြတော့ ကျွန်မသားကြီးက အိန္ဒိယနိုင်ငံအကြောင်း ဆက်ပြီးပြောပါတယ်။ "အိန္ဒိယနိုင်ငံမှာ ရှေးပဝေသဏီကတည်းက ဝေဒကျမ်းစာ (Vedic Sciptures) တွေနဲ့အညီ မိုးမောင်းထိုးပြထားတာရှိပါတယ်။ အဲဒါကတော့ တစ်ဦးချင်းတစ်ယောက်ချင်းရဲ့ ကာရ်တာဗီယ (Kartavya) ပဲလို့ ဥပဒေပညာရှင်တွေက နိုင်ငံသားဝတ္တရားနဲ့ပတ်သက်ပြီး ပြောတဲ့အခါ နှိုင်းယှဉ်ပြပါတယ်။ Kartavya ဆိုတာ လူမှုအဖွဲ့အစည်း၊ နိုင်ငံတော်နဲ့ အထူး

www.foreverspace.com.mm



သဖြင့် မိမိရဲ့မိဘအတွက်ထားရှိရမယ့် ဝတ္တရားတွေကိုကျေပွန်အောင် ထမ်းဆောင်မှုပါပဲ။ အိန္ဒိယလူမျိုးတွေ အထွတ်အမြတ်ထားတဲ့ ဂီတာ (Gita) ကျမ်းနဲ့ ရာမဇာတ်တော်တွေမှာလည်း မိမိရရှိမယ့်အခွင့်အရေး ဒါမှမဟုတ် အသီးအပွင့် (ရလဒ်) ကို ဂရုမစိုက်ဘဲ မိမိဝတ္တရားသာကျေပွန်အောင် ထမ်းဆောင်ကြဖို့ ဆုံးမတိုက်တွန်းထားတယ်" လို့ ပြောပြပါတယ်။

နိုင်ငံသားတွေလိုက်နာကျင့်သုံးရမယ့် အခြေခံဝတ္တရားများဟာ အရေးကြီးပေမယ့် နိုင်ငံတိုင်းရဲ့ဖွဲ့စည်းပုံဥပဒေမှာ ထည့်သွင်းဖော်ပြထားတာမဟုတ်ပါဘူး။ အနောက်နိုင်ငံတွေရဲ့ဖွဲ့စည်းပုံဥပဒေမှာ နိုင်ငံသားဝတ္တရားကို တိတိကျကျ ဖော်ပြထားတာမရှိဘူးလို့ သိရပါတယ်။ ဂျပန်နိုင်ငံ ဖွဲ့စည်းပုံဥပဒေမှာလည်း နိုင်ငံသားဝတ္တရားအဖြစ် တချို့တလေသာ ပါဝင်ပါတယ်။ ဗြိတိန်၊ ကနေဒါနဲ့ သြစတြေးလျနိုင်ငံတွေမှာတော့ နိုင်ငံသားအခွင့်အရေးနဲ့ ဝတ္တရားတို့ကို လူတိုင်းလိုက်နာရမယ့် ဥပဒေနဲ့ တရားရေးဆိုင်ရာ အဆုံးအဖြတ်များက ကျယ်ကျယ်ပြန့်ပြန့်ထိန်းချုပ်ထားပါတယ်။ ပြင်သစ်ဖွဲ့စည်းပုံဥပဒေမှာလည်း နိုင်ငံသားဝတ္တရားကို သာမန်ရည်ညွှန်းချက်အနေနဲ့သာ ဖော်ပြတယ်လို့ ဆိုပါတယ်။ အမေရိကန်ဖွဲ့စည်းပုံဥပဒေမှာတော့ နိုင်ငံသားတွေအတွက် အခြေခံအခွင့်အရေးတွေကိုသာ ဖော်ပြပါတယ်။ နိုင်ငံသားကျင့်ဝတ် မပါတာ တွေ့ရပါတယ်။ ဖွဲ့စည်းပုံဥပဒေမှာ နိုင်ငံသားကျင့်ဝတ် ထည့်သွင်းဖော်ပြမထားတဲ့ နိုင်ငံတွေက နိုင်ငံသားတွေဟာ 'ကျင့်ဝတ်မထိန်းသိမ်းသူတွေလား'၊ 'ကျင့်ဝတ်နားမလည်သူတွေလား' လို့ စောဒကတက်နိုင်ပါတယ်။ အဲဒီနိုင်ငံအားလုံးက နိုင်ငံသားအားလုံးလိုလိုဟာ ပညာရေးစနစ်ပီပြင်မှုနဲ့ နိုင်ငံသားကောင်းတစ်ယောက်ဖြစ်စေဖို့လိုအပ်တဲ့ အခြေခံဝတ္တရားတွေကို မူကြိုအရွယ်ကတည်းက လေ့ကျင့်ပေးပြီး နောက်ပိုင်းသင်တန်းပို့ချပေးမှုတို့ကြောင့် မျိုးချစ်စိတ်

**နိုင်ငံသားတွေလိုက်နာကျင့်သုံးရမယ့် အခြေခံဝတ္တရားများဟာ အရေးကြီးပေမယ့် နိုင်ငံတိုင်းရဲ့ ဖွဲ့စည်းပုံဥပဒေမှာ ထည့်သွင်းဖော်ပြထားတာမဟုတ်ပါဘူး။ အနောက်နိုင်ငံတွေရဲ့ ဖွဲ့စည်းပုံဥပဒေမှာ နိုင်ငံသားဝတ္တရားကို တိတိကျကျဖော်ပြထားတာမရှိဘူးလို့ သိရပါတယ်။ ဂျပန်နိုင်ငံဖွဲ့စည်းပုံဥပဒေမှာလည်း နိုင်ငံသားဝတ္တရားအဖြစ် တချို့တလေသာ ပါဝင်ပါတယ်။**

ဓာတ်အပြည့်အဝရှိသလို ဝတ္တရားကျေပွန်သူတွေလည်း ဖြစ်လာကြပါတယ်။ ဒါ့ကြောင့် အရေးကြီးတာက ပညာရေးပါ။

ပြီးခဲ့တဲ့နှစ် ဇူလိုင်လအတွင်းက အိန္ဒိယနိုင်ငံရဲ့ ဧကဒသမ (၁၁ ကြိမ်မြောက်) ငါးနှစ်စီမံကိန်းကို ပါလီမန်အောက်လွှတ်တော်မှာ အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ ပထမနှစ်အတွက် အစိုးရမူဝါဒများကို ဖောက်ချလုပ်ကိုင်ဖို့လျာထားတဲ့နေရာမှာ အရည်အသွေးပြည့်ဝတဲ့ပညာရေးစနစ်အကောင်အထည်ဖော်ပေးနိုင်ဖို့ ဦးစားပေးထားတာ တွေ့ရပါတယ်။ ပညာရေးနယ်ပယ် ဦးစားပေးတာနဲ့ တစ်ချိန်တည်းမှာ ကဏ္ဍစုံ ခြုံငုံတိုးတက်မှု၊ လယ်ယာကဏ္ဍနဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွေမှာလည်း တိုးတက်ဖွံ့ဖြိုးမှုအတွက် ဦးစားပေးထားပါတယ်။ "အိန္ဒိယအစိုးရဟာ လူမှုအဖွဲ့အစည်းမှာရှိတဲ့ အစိတ်အပိုင်းအားလုံးရဲ့မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး ယှဉ်ပြိုင်နိုင်မှု၊ ခေတ်မီတိုးတက်မှု၊ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်မှုရှိတဲ့ ကမ္ဘာ့အဆင့်မီပညာရေး စနစ်ဖန်တီးလိုပါတယ်"လို့ အိန္ဒိယဘဏ္ဍာရေးဝန်ကြီး မစ္စတာ ပရာနဗ်မူခါဂျီ (Mr. Pranab Mukher Jee) က ပါလီမန်လွှတ်တော်မှာ ဘတ်ဂျက်ရသုံးငွေစာရင်း မတင်သွင်းမီ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

လတ်တလော ငါးနှစ်စီမံကိန်းမှာ ပညာရေးအတွက် စုစုပေါင်းအသုံးစရိတ် လျာထားချက် ရူပီးငွေ ကုဋေလေးသောင်းလေးထောင် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ပညာရေးကဏ္ဍမှာ အသုံးစရိတ်တိုးတိုးပြီး လျာထားလာတာဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) ရဲ့ ရာခိုင်နှုန်းအတော်များများကို ပညာရေးအတွက် လျာထားပေမယ့် အိန္ဒိယနိုင်ငံမှာတော့ ပညာရေးအတွက် GDP ရဲ့ ၆ ရာခိုင်နှုန်း အသုံးစရိတ်လျာထားနိုင်အောင် သဘောတူညီမှုရရှိရုံသာရှိပါသေးတယ်။ ဒီနှစ်ရသုံးငွေစာရင်းအရ ၆ ရာခိုင်နှုန်း လျာထားချက်မပြည့်တာ တွေ့ရပါတယ်လို့ နိုင်ငံတကာစီးပွားဆက်ဆံရေးဆိုင်ရာ အိန္ဒိယသုတေသနကောင်စီ (ICRIER) တွဲဖက်သုတေသနပညာရှင် နီရူပမာစွန်ဒါရာဂျန် (Nirupama sound ararajan) က ပြောပါတယ်။

ဒါပေမဲ့ အိန္ဒိယနိုင်ငံတစ်ဝန်းလုံးက ပါရဂူတွေ၊ စက်မှုလုပ်ငန်းရှင်တွေနဲ့ ပညာရှင်တွေက အစိုးရရဲ့ ပညာရေးမူဝါဒကို ကြိုဆိုကြပါတယ်။ "အစိုးရရဲ့ပညာရေးအသုံးစရိတ်လျာထားချက်ဟာ မူလတန်းနဲ့ အထက်တန်းပညာရေးနှစ်ခုစလုံးမှာ ခန့်မှန်းထားတဲ့အတိုင်း အားရစရာမကောင်းလှပေမယ့် ပညာရေးကို ဦးစားပေးဆောင်ရွက်ရမယ့်ကဏ္ဍအဖြစ် သတ်မှတ်လိုက်ခြင်းဟာ အရေးကြီးတဲ့လုပ်ဆောင်ချက် ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒသမ ငါးနှစ်စီမံကိန်းအထိ ပညာရေးကို မီးမောင်းထိုးခြင်းမရှိလှပေမယ့် အခုလတ်တလော ငါးနှစ်စီမံကိန်းမှာ ပညာရေးကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ အထောက်အကူအဖြစ် မူဝါဒ

www.foreverspace.com.mm

ချမှတ်ဖို့ အသိအမှတ်ပြုလာခြင်းဟာ ကျေနပ်အားရစရာဖြစ်တယ်" လို့ ကန်ပူမြို့ (Kanpur) ရှိ အိန္ဒိယနည်းပညာတက္ကသိုလ် (IIT) ပါမောက္ခချုပ် အာနန္ဒကရစ်ရှနာ (Anandakrishna) က ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်က ကလေးသူငယ်တိုင်း အခမဲ့မူလတန်းပညာမသင်မနေရဥပဒေမူကြမ်းကို အိန္ဒိယပါလီမန်အောက်လွှတ်တော်မှာ အတည်ပြုခဲ့ပါတယ်။ ဒါဟာ အိန္ဒိယ ဖွဲ့စည်းပုံဥပဒေရဲ့နိုင်ငံသားဝတ္တရားကျင့်စဉ် နံပါတ် ၁၁ ကို လက်တွေ့အကောင်အထည်ဖော်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ ဒီဥပဒေကြောင့် အသက် ၆ နှစ်ကနေ ၁၄ နှစ်အရွယ်ရှိ ကလေးသူငယ်တွေအားလုံး မူလတန်းပညာသင်ကြားရမှာ ဖြစ်ပါတယ်။ ဒီကလေးတွေအတွက် လိုအပ်လာမယ့် ဆရာ၊ ဆရာမတွေနေရာမှာ ဝတ္တရားကျေပွန်တဲ့နိုင်ငံသားတွေနဲ့ ယာယီအစားထိုးပေးရမှာဖြစ်ပါတယ်။ အိန္ဒိယထိပ်တန်းသတင်းစာကြီးက ဦးဆောင်ဦးရွက်ပြုပြီး ဒီကိစ္စကိုတတ်အားသရွေ့ ဖြေရှင်းပေးပါတယ်။ အိန္ဒိယသတင်းစာနဲ့ စာနယ်ဇင်းလောကဟာ စတုတ္ထမဏ္ဍိုင်ပီပီ လက်တွေ့မှာလည်း အင်အားကြီးတဲ့မဏ္ဍိုင်ကြီးတွေဖြစ်တာကြောင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းကြီးတွေမှာ နိုင်ငံသားတွေ တစ်တပ်တစ်အားပါဝင်လာကြဖို့ ဆော်ဩနိုင်ကြပါတယ်။ နိုင်ငံသားတွေမှာလည်း ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်ပိုင်ခွင့် ရှိကြပါတယ်။ အိန္ဒိယနိုင်ငံတစ်ဝန်း စေတနာ့ဝန်ထမ်းစာသင်ကြားပို့ချရေးလှုပ်ရှားမှုကြီးမှာ တက္ကသိုလ်၊ ကောလိပ်ကျောင်းသူ၊ ကျောင်းသားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အိမ်ရှင်မတွေ၊ အငြိမ်းစားပုဂ္ဂိုလ်တွေ ပါဝင်ကြပါတယ်။ အထူးသဖြင့် အမျိုးသမီးစေတနာ့ဝန်ထမ်းတွေဖြစ်တဲ့ အိမ်ရှင်မတွေ၊ အငြိမ်းစားကျောင်းဆရာမတွေနဲ့ အဘွားအရွယ်တွေဟာ သူတို့စာသင်ကြားပေးရတဲ့ 'အခွင့်အရေးမရရှိကြတဲ့ ကလေးသူငယ်တွေ' ရဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးနဲ့ ကျန်းမာရေး

**အိန္ဒိယလူမှုအဖွဲ့အစည်းဟာ ဗဟုသုတ၊ အသိပညာရှာဖွေသင်ကြားမှုနဲ့ ဆည်းပူးရရှိတဲ့ ပညာတို့ရဲ့အရေးပါမှုကို အမြဲတစေတန်ဖိုးထားလေ့ရှိပါတယ်။ ရှေးပဝေသဏီကရှိခဲ့တဲ့ ဆရာ-တပည့် ဆက်ဆံရေးစနစ်ဟာ ဆရာက တပည့်ကို တတ်သိသမျှ လုံးဝဥဿုံ ပညာပို့ချပေးတဲ့ အစဉ်အလာဖြစ်တာကြောင့် ပညာသင်ယူသူအတွက် "အသိဉာဏ်အမြင်ပွင့်သူ" အဖြစ် ရောက်ရှိစေပါတယ်။ ပညာအားဖြင့် အသိဉာဏ်ကင်းမဲ့မှုကြောင့် ထိုင်းမှိုင်းနေတဲ့စိတ်အာရုံကိုနိုးကြားအောင် လှုံ့ဆော်နိုင်ပြီး ပညာတည်းဟူသော အာဟာရ ဖြည့်ဆည်းပေးမှုသာ လူတစ်ဦးတစ်ယောက်ရဲ့ စိတ်အာရုံ အမှန်တကယ် နိုးကြားလာပါလိမ့်မယ်။**

အတွက်ပါ အရေးပေး ကူညီဖြေရှင်းပေးကြပါတယ်။

အိန္ဒိယနိုင်ငံမှာ နှစ်စဉ် စက်တင်ဘာလ ၅ ရက်ကို ဆရာများနေ့အဖြစ် သတ်မှတ်ပါတယ်။ ကျောင်းဆရာဖြစ်ခဲ့ဖူးတဲ့ အိန္ဒိယသမ္မတကြီး ဒေါက်တာရာဒါကရစ်ရှနာကို ဂုဏ်ပြုတဲ့အနေနဲ့ သမ္မတကြီးရဲ့မွေးနေ့ကို ဆရာများနေ့အဖြစ် သတ်မှတ်ပေးတာဖြစ်ပါတယ်။ လက်ရှိသမ္မတကြီး ပရာတီဘာဒေဝီဆင်းပတေးလ် (Madam Pratibha Devisingh Patil) က ဆရာများနေ့ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် သတင်းစာကြီးတစ်စောင်မှာရေးသားခဲ့တဲ့ ဆောင်းပါးတစ်ပုဒ်ကို အမှတ်ရမိပါတယ်။ "ကြီးမြတ်လှတဲ့ မာရာသီ (Marathi) သူတော်စင်ကြီး ဒရန်နက်ရှ်ဝါရာ (Dnyaneshwara) က ပညာရေးဆိုတာ တစ်ဦးကတစ်ဦးကို ဖြူစင်တဲ့စိတ်ထားနဲ့ အကုန်အစင်ဝေမျှပေးလိုက်တဲ့ ဗဟုသုတပဲဖြစ်တယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ အိန္ဒိယလူမှုအဖွဲ့အစည်းဟာ ဗဟုသုတ၊ အသိပညာရှာဖွေသင်ကြားမှုနဲ့ ဆည်းပူးရရှိတဲ့ ပညာတို့ရဲ့အရေးပါမှုကို အမြဲတစေတန်ဖိုးထားလေ့ရှိပါတယ်။ ရှေးပဝေသဏီကရှိခဲ့တဲ့ ဆရာ–တပည့် ဆက်ဆံရေးစနစ်ဟာ ဆရာက တပည့်ကို တတ်သိသမျှ လုံးဝဥဿုံ ပညာပို့ချပေးတဲ့ အစဉ်အလာဖြစ်တာကြောင့် ပညာသင်ယူသူအတွက် 'အသိဉာဏ်အမြင်ပွင့်သူ' အဖြစ် ရောက်ရှိစေပါတယ်။ ပညာအားဖြင့် အသိဉာဏ်ကင်းမဲ့မှုကြောင့် ထိုင်းမှိုင်းနေတဲ့စိတ်အာရုံကိုနိုးကြားအောင် လှုံ့ဆော်နိုင်ပြီး ပညာတည်းဟူသော အာဟာရ ဖြည့်ဆည်းပေးမှုသာ လူတစ်ဦးတစ်ယောက်ရဲ့ စိတ်အာရုံ အမှန်တကယ် နိုးကြားလာပါလိမ့်မယ်။

လူတိုင်းပညာတတ်မြောက်ရေးဆိုတဲ့ အိပ်မက်အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးတည်ချက်အပြည့်အဝနဲ့ ရှေ့ဆက်ဆောင်ရွက်ဖို့လိုပါတယ်။ အခုလို အမျိုးသားရေးကြိုးပမ်းဆောင်ရွက်မှုကြီးမှာ နိုင်ငံသားအားလုံးပါဝင်ရမှာဖြစ်ပြီး လူတိုင်းကိုယ်စီ စွမ်းပကားရှိတယ်ဆိုတဲ့အချက်ကို မမေ့သင့်ပါ' လို့ အိန္ဒိယသမ္မတကြီး (Madam Pratibha Devisingh Patil) က သူမရဲ့ဆောင်းပါးကတစ်ဆင့် သတိပေးရေးသားထားပါတယ်။

**မြသန်းသန်းနု**

**၂၃–၁–၂၀၁၀**

Ref: Constitutional Law of India By . Dr. J.N PANDEY

www.foreverspace.com.mm

အာစရိယဂုဏော၊ အနန္တော' ဆိုသောစာပိုဒ်သည် ငယ်စဉ်က ဘုန်းတော်ကြီးကျောင်း ကိုရင်ဝတ်စဉ်ကသင်ပေးလိုက်သော ဘုန်းကြီးကျောင်းစာမှ စာပိုဒ်တစ်ပိုဒ်ဖြစ်ပါသည်။ ဘုန်းတော်ကြီးက 'ဒီနေ့ ဒီစာတွေရအောင်ကျက်' ဆိုပြီး ဖတ်တတ်အောင်ရှေ့ကဆိုပြပြီး ကျွန်တော်က နောက်ကလိုက်ဆိုရသည်။ သုံး၊ လေးခေါက်ဆိုပြီးတော့ "ဆိုတတ်ပြီလား" မေးတော့ "ဆိုတတ်ပါပြီဘုရား" ပြန်ဖြေပြီး စာပိုဒ်ကိုအလွတ်ရအောင်အော်၍ကျက်ခဲ့ပါသည်။ တစ်နာရီအတွင်း ယင်းစာပိုဒ်ကို အလွတ်ရအောင် အော်ကျက်ခဲ့ပါသည်။ တစ်နာရီအတွင်း ယင်းစာပိုဒ်ကို အလွတ်ရသွားပါသည်။ စာပိုဒ်ကို အကြိမ်ကြိမ်ပြန်ရွတ်ပြီး အလွတ်ရတာ သေချာတော့မှ စာချပေးသော ဆရာတော်ထံသွား၍ စာရပါပြီဘုရားဟု လျှောက်ထားပြီး စာပိုဒ်ကို မထေ့မငေါ့အောင် ပြန်ဆိုပြရပါသည်။ တစ်ကြိမ်နှစ်ကြိမ်ထစ်နေလျှင် စာထောက်ပေးသော်လည်း သုံးလေးကြိမ်တော့ စာထောက်မပေးတော့ပါ။ "မင်း စာမရသေးဘူး ပြန်ကျက်" ဟုပြောပါသည်။ သတ်မှတ်ထားသည့်အချိန်အတွင်း စာမရပါက ဒဏ်ပေးပါသည်။ ပြစ်ဒဏ်မှာ ၁၀ ပေ ပတ်လည်တစ်ကွက် မြက်ရှင်းခြင်း၊ ရေ (စဥ့်အိုးကြီးတစ်အိုး) ခပ်ပေးရခြင်းများ ဆောင်ရွက်ရပါသည်။ ကျွန်တော် ဒဏ်ပေးမခံရဘဲ စာတွေအလွတ်ပြန်ဆိုနိုင်သော်လည်း စာတွေ၏ အနက်အဓိပ္ပာယ်ကိုတော့ မသိပါ။ ဒီလိုနှင့် တစ်ဝါကျွတ်၍ ကိုရင်ဘဝမှ လူဝတ်လဲသောအခါ ဘုန်းကြီးစာ အတော်အတန်အာဂုံပြန်နိုင်သောအဆင့်တော့ ရရှိလာပါသည်။

ကျွန်တော် ဘုန်းကြီးကျောင်းတွင် နေပြီးသောအခါ ပရိတ်ကြီးစာများအထိ ကျက်မှတ်ပြီးဖြစ်ပါသည်။ သို့သော် ကျွန်တော်ကျက်မှတ်ထားပြီးသောစာများ ဘယ်လိုအဓိပ္ပာယ်ရှိသည်ကို မသိခဲ့ပါ။ ဒီလိုနှင့် ဘုန်းကြီးကျောင်းမှထွက်၊ ကြို့ပင်ကောက်မြို့ အထက်တန်းကျောင်းပြောင်းလာပြီး အလယ်တန်းရောက်လာသောအခါ ဘုန်းတော်ကြီးကျောင်းမှသင်ခဲ့သော မင်္ဂလသုတ်

# ရှားရှားပါးပါးနဲ့ အားထားတဲ့ တို့ဆရာ

မောင်တင်မြင့်



စာများကို ၃၈ ဖြာမင်္ဂလာအဖြစ် ဖတ်ရပါသည်။ မင်္ဂလသုတ်၏ မြတ်နိုးဖွယ်အဓိပ္ပာယ်များကို အလွန်သဘောကျမိပါသည်။ သို့ဖြစ်၍ မင်္ဂလသုတ်နှင့်ပတ်သက်သော ပုံပြင်၊ ဝတ္ထု၊ စကားပြေများကို ဖတ်ပါများသောအခါ မာတာပီတု ဂုဏောအနန္တော၊ အာစရိယဂုဏောအနန္တော ဆိုသောစာပိုဒ်များသည် ကျွန်တော့်အတွက် အမြတ်တနိုးဆောင်ထားရမည့်စာများဖြစ်ပြီး အစဉ်တစိုက်လိုက်နာကျင့်သုံးခဲ့ရပါသည်။

ကျွန်တော် ကျောင်းသားဘဝမှ နိုင်ငံ့ဝန်ထမ်းဘဝ၊ နိုင်ငံ့ဝန်ထမ်းဘဝဖြင့် ကိုယ့်မြို့နယ်၊ ကိုယ်ရွာသားများအရေး ပါဝင်ဆောင်ရွက်သည့်အခါ 'အာစရိယဂုဏောအနန္တော' လူမှုရေး၊ ဘာသာရေးတစ်ရပ်သည် တိုက်တိုက်ဆိုင်ဆိုင် တွေ့ရပါတော့သည်။ ကြို့ပင်ကောက်မြို့ အထက်တန်းကျောင်းမှာ အာစရိယပူဇော်ပွဲလုပ်မယ်၊ သွားကြမယ်၊ လိုက်ကြမလားဆိုလာသောအခါ သွားမယ်၊ လိုက်မယ်ဆိုပြီး ဆရာများကို ကန်တော့ခဲ့ရပါသည်။

တစ်ကြိမ်၊ နှစ်ကြိမ်မက အထက်တန်းကျောင်းကဆရာများကို ကန်တော့ပြီးသောအခါ ကျွန်တော့်ကို ငယ်စဉ်က ပညာ

**မင်္ဂလသုတ်၏ မြတ်နိုးဖွယ်အဓိပ္ပာယ်များကို အလွန်သဘောကျမိပါသည်။ သို့ဖြစ်၍ မင်္ဂလသုတ်နှင့်ပတ်သက်သော ပုံပြင်၊ ဝတ္ထု၊ စကားပြေများကို ဖတ်ပါများသောအခါ မာတာပီတု ဂုဏောအနန္တော၊ အာစရိယဂုဏောအနန္တောဆိုသောစာပိုဒ်များသည် ကျွန်တော့်အတွက် အမြတ်တနိုး ဆောင်ထားရမည့်စာများဖြစ်ပြီး အစဉ်တစိုက်လိုက်နာကျင့်သုံးခဲ့ရပါသည်။**

သင်ကြားပေးခဲ့သော ကျွန်တော့်ရွာမှ မူလတန်းဆရာကြီးကို သတိရလာပါသည်။ ကျွန်တော့်ဆရာကြီးကို ကန်တော့ချင်သည်။ ဤစိတ်သည် ကျွန်တော့်ရင်ဝယ် ပြင်းပြစွာပေါ်ထွက်လာသောအခါ ကျေးရွာတွေရှိ ပင်စင်စားဆရာများကိုပါ အထက်တန်းကျောင်းသို့ပင်ဖိတ်၍ ကန်တော့ရန် အဆိုတင်ရတော့သည်။ သို့သော် မအောင်မြင်ခဲ့ပါ။ တစ်ကြိမ်မရ၊ နှစ်ကြိမ်မရ၊ သုံးလေးကြိမ်အဆိုပြုသောအခါရောက်မှ ကြို့ပင်ကောက်မြို့နယ်အသင်းဥက္ကဋ္ဌ၏ ကူညီပြောကြားမှုဖြင့် ကြို့ပင်ကောက်တစ်မြို့နယ်လုံးရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ပင်စင်စားဆရာ၊ ဆရာမကြီးများအားလုံးကို ကန်တော့ရန် ဆုံးဖြတ်ချက်ရပါတော့သည်။

ကျွန်တော် အလွန်ပျော်နေပါသည်။ လာမည့်နှစ်အာစရိယပူဇော်ပွဲတွင် ကျွန်တော့်ရွာမှ ကျွန်တော့်ကို စာသင်ပေးသော ဆရာကြီးကို ကန်တော့ရတော့မည်မဟုတ်လား။ သို့သော် နောက်နှစ် အာစရိယ





www.foreverspace.com.mm

www.foreverspace.com.mm

ပူဇော်ပွဲကျင်းပသည့်အခါ ကျွန်တော့်ဆရာကြီးသည် ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ သို့သော် ကျွန်တော်စိတ်မပျက်ပါ၊ ရွာမှဆရာကြီးမရှိလျှင် မြို့မှဆရာများကို ကန်တော့မည်။ ဆရာဆိုသည်မှာ တောက၊ မြို့က မရွေး မိမိကိုသင်ပြပေးသောဆရာသည် အာစရိယဂုဏောအနန္တောဂုဏ်နှင့် ညီသည်ကို ကျွန်တော်သိထားပြီးပြီ ဖြစ်ပါသည်။

အာစရိယပူဇော်ပွဲကို နှစ်စဉ်မပျက်အောင် ကြိုးစား၍ကျင်းပနေရာမှ မြို့နယ်လုံးကျွတ်အာစရိယပူဇော်ပွဲစသည့်အခါ ဆရာကြီး၊ ဆရာမကြီးများ၏ဦးရေသည် ပထမနှစ်များထက် နှစ်ဆမျှတိုးလာပါသည်။ ဤသို့ဆရာဦးရေတိုးလာ၍ ကုန်ကျမှုများလည်းတိုးလာရာ၊ ငွေရေးကြေးရေးကိစ္စကို အလေးပေးစဉ်းစားလာရပါသည်။ သို့ဖြစ်၍ အကြိမ်ကြိမ်ဆွေးနွေးစဉ်းစားပြီး မြို့နယ်လုံးကျွတ်ကိုတော့ မပယ်ဖျက်၊ နှစ်စဉ်ကျင်းပခြင်းကိုတော့ တစ်နှစ်ခြား၍ကျင်းပကြမည်ဟု ဆွေးနွေးတိုင်ပင်ပြီး ပဥ္စမအကြိမ်အာစရိယပူဇော်ပွဲ (၁၉၉၅ ခုနှစ်) မှစ၍ နှစ်စဉ်ကျင်းပခြင်းကို တစ်နှစ်ခြားကျင်းပရန် ဆုံးဖြတ်လိုက်ကြပါသည်။

ကြို့ပင်ကောက်တစ်မြို့နယ်လုံးရှိ ဆရာကြီး၊ ဆရာမကြီးတို့အား ပူဇော်ပွဲကို

**ဤနှစ်၏ထူးခြားချက်မှာ ကျင်းပပြီးခဲ့သော အာစရိယပူဇော်ပွဲများတွင် အစည်ကားဆုံး၊ ဆရာဦးရေအများဆုံး ဖြစ်ပါသည်။ ယခုနှစ် အပူဇော်ခံဆရာဦးရေမှာ ၂၃၀ ရှိပြီး ကျောင်းသား၊ ကျောင်းသူဟောင်းဦးရေမှာ ၂၀၀ ခန့် ရှိပါသည်။ အသက်အရွယ်အကြီးဆုံး ဆရာကြီးမှာ အသက် ၉၃ နှစ်ဖြစ်၍ အငယ်ဆုံးဆရာ၊ ဆရာမများမှာ အသက် ၆၀ ပြည့်ပြီး ပင်စင်စားဆရာများ ဖြစ်ကြပါသည်။**

၁၉၉၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တစ်နှစ်ခြားကျင်းပပြုလုပ်နေရာမှ ၂၀၀၉ ခုနှစ် အာစရိယပူဇော်ပွဲကျင်းပရန်ဆွေးနွေးသည့်အခါ နောင်နှစ်များတွင် နှစ်စဉ်ကျင်းပပြုလုပ်သွားရန် ဆုံးဖြတ်လိုက်ပြီး ၂၀၀၉ ခုနှစ် မြို့နယ်လုံးကျွတ်အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။

ဤနှစ်၏ထူးခြားချက်မှာ ကျင်းပပြီးခဲ့သော အာစရိယပူဇော်ပွဲများတွင် အစည်ကားဆုံး၊ ဆရာဦးရေအများဆုံးဖြစ်ပါသည်။ ယခုနှစ် အပူဇော်ခံဆရာဦးရေမှာ ၂၃၀ ရှိပြီး ကျောင်းသား၊ ကျောင်းသူဟောင်းဦးရေမှာ ၂၀၀ ခန့်ရှိပါသည်။ အသက်အရွယ်အကြီးဆုံးဆရာကြီးမှာ အသက် ၉၃ နှစ်ဖြစ်၍ အငယ်ဆုံးဆရာ၊ ဆရာမများမှာ အသက် ၆၀ ပြည့်ပြီး ပင်စင်စားဆရာများ ဖြစ်ကြပါသည်။

ဆရာကြီး၊ ဆရာမကြီး ၂၀၀ ကျော်သည် ကြို့ပင်ကောက်မြို့ အထက်တန်းကျောင်းကြီး၏ ရွှေညီလာခန်းမအတွင်း ဝယ် အစီအရီနေရာယူထားရာ ခန်းမကြီး



www.foreverspace.com.mm



တစ်ခုလုံး၏ ထက်ဝက်ကျော်ပြည့်သွားပါသည်။ ကျွန်တော်နှင့် ကျောင်းသူ၊ ကျောင်းသားများ ဆရာကြီးများရှေ့တွင် နေရာယူထားရာမှ ကျွန်တော့်အား စာသင်ပေးခဲ့သော ဆရာကြီးများကို ရှာဖွေနှုတ်ဆက်ရာ ဆရာကြီးနှစ်ဦးသာ အသက်ရှင်လျက်ကျန်နေပါသည်။ ကျွန်တော်တို့ကျောင်းသားဟောင်းများသည် လူပုဂ္ဂိုလ်ကို ကန်တော့သည်မဟုတ်၊ အာစရိယဂုဏ်ကို ကန်တော့ခြင်းဖြစ်၍ ကန်တော့ခံစင်မြင့်ရှိ ညီငယ်၊ ညီမငယ်၊ သူငယ်ချင်းဆရာ၊ ဆရာမများကို ရိုသေလေးစားစွာကန်တော့ခဲ့ပါသည်။

အာစရိယပူဇော်ပွဲသည် စည်ကားလှပါသည်။ အခမ်းအနားအစီအစဉ်အရ ဆရာကြီး၊ ဆရာမကြီးများအား လှူဖွယ်ပစ္စည်းများပေးလှူခြင်း၊ ကံစမ်းမဲများဖောက်ပေးခြင်း၊ ရပ်ဝေးဆရာကြီး၊ ဆရာမကြီးများအတွက် ခရီးစရိတ်များပေးအပ်ခြင်းပြီးဆုံးသည့်အခါ တပည့်များသို့ ဆုံးမသြဝါဒပေးရန် ပန်ကြားရာ ဆရာကြီး၊ ဆရာမကြီးတစ်ဦးက "တပည့်ရေ မင်းတို့တစ်တွေက ဆုံးမသြဝါဒပေးဖို့မလိုတဲ့ တပည့်တွေပဲကွာ။ အသက်အရွယ်အားဖြင့်လည်း ရင့်ကျက်နေပြီမို့ နောင်လာမယ့် ကျောင်းသား၊ ကျောင်းသူတွေ လျှောက်လှမ်းဖို့ လမ်းပြကြယ်တွေ၊ မီးရှူးတိုင်တွေပါပဲ။ ဒါကြောင့် မင်းတို့ကို အထွေအထူးဆုံးမဖို့ မလိုတော့ပါဘူး။ ဒါကြောင့် ကန်တော့ရတဲ့အကြောင်းကိုပဲ ဆုပေးတော့မယ်" ပြောပြီး ဆုပေးရင်း မျက်ရည်များလည်းလာပြီး ဝမ်းသာ၊ ဝမ်းနည်း ဖြစ်နေပါသည်။ ကျွန်တော်တို့လည်း ဆရာကြီးကို ကြည့်ပြီး မျက်ရည်လည်၍ ဝမ်းသာပီတိ ခံစားရပါသည်။

ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ပင်စင်စားဆရာကြီး၊ ဆရာမကြီးအားလုံးကို ပူဇော်ကန်တော့ရသည်မှာ အများတကာထက် ထူးခြားပါသည်။ မြို့နယ်တစ်နယ်လုံးတွင် ပညာသင်ပေးဖူးသူ ပင်စင်စားများဖြစ်၍ သူ့ဆရာ ငါ့ဆရာ မခွဲခြားရတော့ပါ။ စည်းကမ်းအရ အသက် ၆၀ ပြည့်လျှင် ပင်စင်စားများဖြစ်ရမည်။ ကြို့ပင်ကောက်မြို့နယ်အတွင်း မည်သည့်ကျောင်းတွင်မဆို စာသင်ကြားသူဖြစ်ရမည်။ ယခင်က အသက်ကြီးသည်၊ ငယ်သည်မခွဲခြားဘဲ လှူဖွယ်ကို တစ်မျိုးတည်းသာထားခဲ့ရာမှ ယခုနှစ်တွင် အသက် ၈၀ နှင့်အထက်ကို ကျပ် ၃၀၀၀၀၊ အသက် ၈၀ နှင့်အောက်ကို ကျပ် ၁၅၀၀၀ လှူဒါန်းသည့်အပြင် ခရီးဝေးမှလာရောက်ကန်တော့ခံသော ဆရာကြီး၊ ဆရာမကြီးများကို ခရီးစရိတ် ကျပ် ၁၀၀၀၀ ပေးလှူကြပါသည်။ ရန်ကုန်မှလာသော ဆရာကြီး၊ ဆရာမကြီးများအား အသွားအပြန်ခရီးစရိတ်အပြင် ကြို့ပင်ကောက်မြို့နယ်အသင်းမှ ကားနှင့်ခေါ်ယူခဲ့ပြီး ခရီးလမ်းတွင် ဧည့်ခံကျွေးမွေးခဲ့ပါသည်။

ကြို့ပင်ကောက်မြို့နယ် ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် မိမိတို့ကို သင်သောဆရာကိုသာမက ယခုမှပင်စင်ယူကြသော ကိုယ့်ထက်ငယ်သည့်ဆရာများကိုပါ ပူဇော်ကန်တော့ကြရာ တစ်နှစ်ထက်တစ်နှစ် ဆရာဦးရေများလာရာ ဆရာ ၃၀ ကျော်မှ ယခုအခါ ဆရာပေါင်း ၂၃၀ ဖြစ်လာပါသည်။ လာမည့်နှစ်တွင် ၂၄၀ ဖြစ်လာမည်မှာမလွဲပါ။ သို့သော် ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် မတုန်မလှုပ် မညည်းမညူ တိုး၍သာရှေ့သို့လှမ်းသွားမည်ဖြစ်ရာ ၂၀၀၉ ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပပြုလုပ်သွားကြရန် အခိုင်အမာဆုံးဖြတ်လိုက်ကြသည်။

နံနက် ၁၁ နာရီခွဲတွင် ဆရာကြီး၊ ဆရာမကြီးများအား နံနက်စာဖြင့် ကျွေးမွေးဧည့်ခံ၍ပြီးသည်နှင့် လိုရာခရီးသို့သွားနိုင်ရန် ဧည့်ခံကြိုဆိုရေးအဖွဲ့က စီစဉ်ဆောင်ရွက်ပေးပါသည်။ မွန်းလွဲပိုင်း ၁ နာရီတွင် အာစရိယပူဇော်ပွဲ အောင်မြင်စွာပြီးဆုံးသွားပါသည်။

ကျွန်တော် နေ့လယ်စာစားပြီး ပြန်လာသောအခါ ဆရာကြီးဦးရွှေဝိုင်း (ရွှေငယ်ဝိုင်း-ကြို့ပင်ကောက်) ရေးတဲ့ 'ရှားပါးကဗျာ ထပ်ကွန့်တေးထပ်ဆန်း' ကို ရွတ်လာမိပါသည်။

ဆရာကြီးကဗျာကတော့ . . .

'ရှားရှားပါးပါးနဲ့
အားထားတဲ့ တို့ဆရာ
များပြားသကွယ့် မချို့သဒ္ဓါရယ်
မြို့ရွာမှာ . . . လွန်ပေါ
သားတပည့်တွေက ပွားရှိလေကြ၊
များဝိသေသ
ကန်တော့ပန်းသဘင်ကို
မလျှော့တမ်းဆင်တာထူးလို့
အံ့သြတစ်နယ်လုံးက
တကယ်ပြုံးကြ
ဘယ်တုန်းကမှမတူရလေအောင်
လှူကြပါစေသော . . .
အတူမျှဝေတဲ့သဘောနဲ့
အမျိုးမျိုးရပ်တည်
ကျေးဇူးထိုထိုချစ်ခင်လျက်မို့
၂ နှစ်အစဉ်မပျက်နွှဲခဲ့ကြလေသည်...
မြို့နယ်အသင်းနဲ့
တို့ငယ်ချင်းကိုယ်စီမှာ
ဆရာ့ဂုဏ်ရည်မမေ့နိုင်ဘဲမို့
ယနေ့တိုင်မြဲလို့
ထိပ်ထက်ပန်ဆင်စိတ်ညဏ်ရွှင်
ဆယ့်တစ်ကြိမ်မြောက် ပူဇာသဘင်ကို
ဇမ္ဗူအလှသခင် မော်ကွန်းတင်စို့လေး . . .
ရှားပါးပါဘိ များပြားအာစရိသားများ နမာမိ
အသရေမချို့တင်မည်
ရွှေကြို့ပင် ထူးတင့်စေဖို့လေး . . .
ရှားပါးဆရာက
သားများဒါန
အားထားစရာဘဝ
သာခုခေါ်မည် . . .
ကဗျာနမော်ကျူးရင့်စေဖို့လေး . .'

**မောင်တင်မြင့်**
**(၁၄-၁-၂၀၁၀)**

■

ပြခင်လမှ အဆက်

www.foreverspace.com.mm

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

## (ဆူဟာတိုပြောသည့် သူ့သမိုင်း)

အခန်း (၈)

## ခေတ်ပျက်ကာလ

တင်ညွန့်

၁၉၄၈ ခုနှစ် အခြေအနေသည် အတော်လေး အကျပ်အတည်းနှင့်ရင်ဆိုင်နေရချိန်ဟုဆိုရမည်။ ရန်းဗီးလ်သဘောတူစာချုပ်အတွက် စိတ်ပျက်လက်ပျက်ဖြစ်နေကြရသည့်ကြားထဲတွင် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့၌ သမ္မတဆုံးဖြတ်ချက်တစ်ခုထပ်ထွက်လာသည်။ Reorganization-Rationalization ဆိုသည့်ဆုံးဖြတ်ချက်ဖြစ်သည်။ ထိုဆုံးဖြတ်ချက်ကို အတိုကောက်



www.foreverspace.com.mm



အားဖြင့် "Re-Ra" ဟူ၍လည်း ခေါ်ကြသည်။ လက်ရှိအခြေအနေကိုပြန်ပြီး မြှင့်တင်နိုင်ရေးအတွက် စစ်တပ်ကို ပြန်လည်ပြုပြင်ဖွဲ့စည်းရန် ဖြစ်သည်။

သမ္မတဆူကာနိုနှင့်တွေ့ဆုံကြရာတွင် စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ဆိုဒါမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ယူရစ်ဆူမိုဟာဂျိုတို့က ထိုစီမံချက်ကို ကန့်ကွက်ကြောင်းထုတ်ဖော်ပြောဆိုကြသည်။ ထိုစီမံချက်သည် Amir Syarifuddin ထံမှလာသည့်အကြံဖြစ်ပြီး သမ္မတက ထောက်ခံပေးရခြင်းဖြစ်ကြောင်း သူတို့ကသိနေသည်။

ထိုစီမံချက်၏ရလဒ်အဖြစ် တပ်ထဲမှ အရာရှိအတော်များများ ရာထူးမှနုတ်ထွက်လိုက်ရန်နှင့် စစ်တပ်ကို အင်အားလျှော့ချလိုက်ရန်ဖြစ်သည်။ စစ်တပ်ရာထူးများကိုလည်း နှိမ့်ချလိုက်သည်။ ဗိုလ်ချုပ်ရာထူးက ဗိုလ်မှူးကြီးအဆင့်၊ ဗိုလ်မှူးကြီးအဆင့်က ဒုတိယဗိုလ်မှူးကြီးအဆင့်၊ ဗိုလ်မှူးကြီးက ဗိုလ်မှူးအထိ အဆင့်လျှော့ချခံလိုက်ရသည်။ ဗိုလ်ချုပ်ကြီးဆိုဒါမန်းသည်ပင် ဒုတိယဗိုလ်ချုပ်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ယူရစ်ဆူမိုဟာဂျိုသည် ဗိုလ်ချုပ်အဆင့်သို့ ရောက်သွားသည်။

နိုင်ငံရေးပါတီများနှင့် ပြည်သူများက အစိုးရကိုအပြောင်းအလဲလုပ်ရန် ဖိအားတွေပေးလာသည်။ Amir Syarifuddin ရာထူးမှ နုတ်ထွက်သွားသည်။ ဘန်ဟတ္တာကို ဒုတိယသမ္မတရာထူးဖြင့် အစိုးရအဖွဲ့အားဦးဆောင်ရန် ခန့်အပ်လိုက်သည်။

Re-Ra သည် Amir Syarifuddin အစိုးရအဖွဲ့၏ အစီအမံဖြစ်သည်။ သို့သော် ဘန်ဟတ္တာ အစိုးရအဖွဲ့သည် ထိုစီမံချက်ကို လက်တွေ့တွန်းအားပေးအကောင်အထည်ဖော်ခဲ့သည်။

ရန်းဗီးလ်သဘောတူစာချုပ်အရ တပ်ဖွဲ့ဝင် ၃၀,၀၀၀ ခန့် အနောက်ဂျာဗားကျွန်းစုမှ (ဘန်တန်မှလွဲ၍) ထွက်ခွာပေးပြီး အရှေ့ဂျာဗားကျွန်းစုအတွင်းပိုင်းသို့ ပြောင်းရွှေ့ပေးရန် ဖြစ်သည်။

ဒတ်ချ်တို့က သူတို့တပ်များ သိမ်းပိုက်ထားသည့်ဒေသများရှိ မြို့ကြီးများသည် သူတို့၏ တရားစီရင်ပိုင်ခွင့်အာဏာလက်အောက်တွင် ရှိစေရမည်ဟု ကြေညာလိုက်သည်။ အင်ဒိုနီးရှားအမျိုးသားတပ်များ (TNI) ဒတ်ချ်တို့ သိမ်းပိုက်ထားသည့် နယ်မြေများမှ ဆုတ်ခွာသွားချိန်တွင် သတ်မှတ်ထားသည့် Van Mook လိုင်းအတွင်းရှိ ဒေသအားလုံး၏ တရားစီရင်ပိုင်ခွင့်ကို သူတို့ကတောင်းဆိုလိုက်ခြင်းဖြစ်သည်။

ထိုကြေညာချက်သည် မမောနိုင် မပမ်းနိုင် တိုက်ခိုက်နေကြရသည့် အင်ဒိုနီးရှားတပ်များကို စိတ်ပျက်စေပြီး အတော်လေးခံစားစေခဲ့ရသည်။ သို့သော် အစိုးရအပေါ်သစ္စာခံထားရသည့်တပ်များဖြစ်နေသဖြင့် ငြိမ်နေလိုက်ကြရသည်။ 'နိုင်ငံတော်၏ မူဝါဒသည် စစ်တပ်၏မူဝါဒသာ ဖြစ်သည်' ဆိုသည့် TNI လိုက်နာရမည့်စည်းကမ်းအတိုင်း သူတို့လိုက်နာကြရန်သာ ဖြစ်သည်။



www.foreverspace.com.mm

ရမ်းဗီးလ်သဘောတူညီချက်နောက်ကွယ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ အုပ်ချုပ်ပိုင်နက်နယ်မြေသည် ဂျာဗားကျွန်း၏ သုံးပုံတစ်ပုံခန့် လျော့ပါးသွားခဲ့ရသည်။ ယိုဂျာဒေသတွင် လူတွေတိုးလာသည်။ ရောက်ရှိလာသည့်တပ်များနေထိုင်ရေးနှင့် စခန်းချရေးအတွက် ကျွန်တော်တို့ နေရာတွေရှာကြရသည်။ လူနေထိုင်ရာရပ်ကွက်များ နည်းသွားပြီး စစ်တပ်တန်းလျားများ ပြည့်လာသည်။ ကျောင်းများကိုပင် အိပ်ဆောင်များအဖြစ်လည်းကောင်း၊ စတိုခန်းများကို အဝတ်လဲခန်းများအဖြစ်လည်းကောင်း ပြောင်းလဲလိုက်ရသည်။ လူအချို့ မီးရထားတွဲတွေထဲ အိပ်စက်နေကြရသည်။ အိမ်များမှာ သူတို့ထက်ဦးစွာရောက်ရှိသူများဖြင့် ပြည့်ကျပ်နေသောကြောင့် ဖြစ်သည်။

ဤအခြေအနေကား ယိုဂျာဖြစ်ပါသည်။ အလားတူအဖြစ်အပျက်မျိုးများ မာဒီယမ်၊ ဆိုလိုနှင့် မာဂျလန်းတို့တွင်လည်း ဖြစ်နေသည်။ အင်ဒိုနီးရှားသမ္မတနိုင်ငံ အနေအထားမှာ အခက်အခဲတွေ တိုးပြီးရင်း တိုးလာနေသည်။ သယံဇာတပေါကြွယ်ဝသည့် မာလန်း၊ ဘီဆုကီနှင့် အနောက်ဂျာဗားတို့မှာ ဒတ်ချ်တို့၏ အုပ်ချုပ်မှုအောက်တွင်ရှိနေဆဲ ဖြစ်သည်။ ရူပီးရာငွေ တန်ဖိုးမှာလည်း ထိုးကျသွားပြီး အစားအသောက်တွေကလည်း ရှားပါးလာသည်။ အချို့သောပစ္စည်းအမျိုးအစားများ ပျောက်သလောက်ဖြစ်သွားသည်။

ထိုသို့သောအခြေအနေမျိုးတွင် နိုင်ငံရေးပါတီများသည် ရမ်းဗီးလ်သဘောတူညီချက်ကို မည်သို့မျှ လက်တုံ့မပြန်ကြပေ။ ပြည်သူတွေကတော့ ဆန့်ကျင်ကန့်ကွက်နေကြသည်။ အထူးသဖြင့် လွတ်မြောက်ရေးတိုက်ပွဲဝင်နေသူများဖြစ်သည်။ သူတို့က Amir Syarifuddin ၏မူဝါဒကို ဆန့်ကျင်မှုများ ထုတ်ဖော်ပြသလာကြသည်။

တောင်များ၏အနောက်ဘက်ရှိ အသိမ်းပိုက်ခံနယ်မြေများတွင် ဒတ်ချ်တို့သည် ဥရောပ၏ထောက်ခံအားပေးမှုဖြင့် လှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်လာကြသည်။ သူတို့က စစ်တပ်ကို အင်အားတစ်သိန်းအထိ တိုးချဲ့ရန်ဖြစ်ပြီး အထူးတပ်ရင်းတပ်ဖွဲ့များပါတိုးချဲ့ရန် စီမံထားသည်။ မာဒူရာ၊ ပါဆွန်ဒန် (ဘန်ဒေါင်း)၊ အရှေ့ဆုမတြာနှင့် တောင်ဆူလာဝီစီတို့ကိုပါ ရုပ်သေးပြည်နယ်များအဖြစ် တိုးချဲ့ရန် လျာထားခဲ့ကြသည်။ စေ့စပ်ဆွေးနွေးမှုများဆက်လက်လုပ်နေသော်လည်း ဒတ်ချ်တို့က ဖိအားတွေပိုပြီးပေးလာခဲ့ကြသည်။

နိုင်ငံရေးအပြောင်းအလဲလက္ခဏာတွေကလည်း အရှိန်မြင့်တက်လာသည်။ ပဋိပက္ခတွေကလည်း တိုးပွားလာကာ နောက်ဆုံးလက်နက်စွဲကိုင်သည်အထိ ဖြစ်ကုန်သည်။ Critchley-Du Bois ကော်မရှင်က သဘောတူညီချက်များရရှိရန် ကြိုးစားပမ်းစားဆောင်ရွက်ပေးကြသည်။ သို့သော် အခြေ



www.foreverspace.com.mm



အခုနေက တင်းမာနေဆဲ ဖြစ်သည်။

တော်လှန်ရေး ဒီရေလှိုင်းတွေက ပျံ့နှံ့ကုန်သည်။ ပထမတစ်လှိုင်းနောက် ဒုတိယလှိုင်း၊ ဒုတိယလှိုင်းနောက် တတိယလှိုင်း တစ်လုံးပြီးတစ်လုံး အရှိန်တွေအမြင့်ဆုံးဖြစ်လာသည်။ တောမီးလို အရှိန်နှင့်လောင်ပြီး နေရာအနှံ့ ပျံ့ကုန်သည်။

ဆူပူအကြမ်းဖက်မှုတွေကလည်း နေရာအနှံ့ဖြစ်နေသည်။ ပိုဆိုးသည်က လုပ်ကြံသတ်ဖြတ်မှုများဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇူလိုင်လ အစောပိုင်းတွင် အမှတ် ၄ TNI တပ်ရင်းမှ ဗိုလ်မှူးဆူတာတိုသည် ဆိုလိုမြို့တွင် သူ့ကားမှအထွက် အမည်မသိ လုပ်ကြံသတ်ဖြတ်သူတစ်ဦးက သေနတ်ဖြင့်ပစ်သတ်သွားခဲ့သည်။ ထိုလုပ်ကြံမှုနှင့် ပတ်သက်ပြီး အပြန်အလှန်စွပ်စွဲချက်တွေ ထွက်ပေါ်လာသည်။ သို့သော် လူသတ်သမားကို ရှာမတွေ့တော့ပေ။

သတ်ဖြတ်မှုများ၏နောက်ကွယ်မှ နောက်ထပ်လှိုင်းတစ်လှိုင်းမှာ ပြန်ပေးဆွဲခြင်း ဖြစ်သည်။ ကျောင်းသားလှုပ်ရှားမှု ခေါင်းဆောင် ဒေါက်တာမူဝါဒီကို ဂျာကာတာတွင် လွတ်လပ်ရေးကြေညာခါနီး ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ပြန်ပေးဆွဲသွားခဲ့သည်။ ဆိုလိုတွင် ပြန်ပေးသမားတွေက သူ့ကို သတ်ပစ်လိုက်ကြသည်။ အရပ်သား အစ္စကက်ဆိုသူလည်း ပြန်ပေးဆွဲသွားခြင်း ခံရပြန်သည်။

တိုက်ပွဲအထွတ်အထိပ်အဖြစ် ဒီလန်ဂူးရှိ ဂုန်နီအိတ်စက်ရုံအလုပ်သမားများက သပိတ်မှောက်ကြသည်။ သူတို့အထဲသို့ တစ်ဦးဦးက ဝင်ရောက်ပြီး သွေးထိုးမြှောက်ပေးလိုက်၍ဖြစ်သည်။

ဘန်ဟတ္တသည် စေ့စပ်ဆွေးနွေးမှုများဖြင့် အလုပ်ရှုပ်နေရသည်။ သုံးနိုင်ငံကော်မရှင်အဖွဲ့ဝင်များသည် သူတို့အဆိုပြုချက်များကို တင်ပြကြသည်။ ထိုအဆိုပြုချက်များမှာ "Critchley-Du Bois" ဟူ၍ လူသိများသည်။

ထိုစဉ်တွင် Syahrir နှင့် Amir တို့ ကွဲပြကြပြန်သည်။ ဘန်ဟတ္တအစိုးရဖွဲ့ပြီး နောက်တွင် အတော်လေးသိသာထင်ရှားသည့် အကွဲအပြဲဖြစ်သည်။ Amir နှင့် သူ့အုပ်စုဖြစ်သည့် အင်ဒိုနီးရှားကွန်မြူနစ်ပါတီ (PKI)၊ အလုပ်သမားပါတီနှင့် ပီဆင်းဒိုးဟုခေါ်သည့် ဆိုရှယ်လစ်လူငယ်အဖွဲ့တို့သည် ဘန်ဟတ္တအစိုးရအဖွဲ့ကို ဆန့်ကျင်ကာ အဖွဲ့အစည်းတစ်ခု ထူထောင်ကြသည်။ Syahrir နှင့် သူ့အုပ်စုကို သူတို့ကို ထောက်ခံကြသည်။



၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလလယ်တွင် အကွဲအပြဲက ပိုပြီးကျယ်ပြန့်လာသည်။ Amir က ဆိုရှယ်လစ်ပါတီသစ်ကို ထူထောင်လိုက်ပြီး Syahrir က အင်ဒိုနီးရှား ဆိုရှယ်လစ်ပါတီ (PSI) ကို ထူထောင်လိုက်သည်။

အခြားပါတီများလည်း မှိုလိုပေါက်လာသည်။ ဆူရာကာတာတွင် Amir Syarifuddin ၊ Tan Ling Djie နှင့် Abdul Madjid တို့ တွေ့ဆုံကြပြီးနောက် "ပြည်သူ့ဒီမိုကရက်တစ်တပ်ဦး" (FDR) ကို ထူထောင်လိုက်ကြပြန်သည်။ သူတို့ဘက်က နိုင်ငံရေးအတွေ့အကြုံရှိသူများသည် ဒတ်ချ်တို့နှင့် တွေ့ဆုံဆွေးနွေးနေခြင်းကို ရပ်တန့်လိုက်ရန် တောင်းဆိုကြတော့သည်။ သို့သော် ပြည်သူတွေက Amir Syarifuddin ၏ ရမ်းဗီးလ်သဘောတူညီချက်ကို ပြစ်တင်ရှုတ်ချဝေဖန်လိုက်သည်နေ့ကို မေ့ကြမည်မထင်။

Amir သည် မူဆိုသို့အရောက်တွင် သူ့ကိုယ်သူ ကွန်မြူနစ်တစ်ယောက်ဖြစ်ကြောင်း ကြေညာလိုက်သဖြင့် သူ့အပေါင်းအပါများက အတော်လေး အံ့အားသင့်ပြီး တုန်လှုပ်သွားကြသည်။ သူသည် တရားမဝင်ဖွဲ့စည်းထားသည့် အင်ဒိုနီးရှားကွန်မြူနစ်ပါတီ (PKI)၏ ပါတီဝင်တစ်ဦးအဖြစ် ၁၉၃၅ ခုနှစ်ကတည်းက ခံယူထားသည်ဟု ထုတ်ဖော်ကြေညာလိုက်ခြင်းကြောင့်ဖြစ်သည်။ ဆိုရှယ်လစ်ပါတီဝင်များဖြစ်သည့် Setiadjit၊ Abdul Madjid နှင့် Tan Ling Djie တို့ကလည်း သူတို့ပါ တစ်ချိန်ချိန်တွင် ကွန်မြူနစ်တွေဖြစ်ကောင်းဖြစ်မည်ဟု ကြေညာလိုက်ကြသည်။

လူငယ်အရာရှိလေးတစ်ယောက်အနေဖြင့် နိုင်ငံရေးတွင် မည်သို့မျှ ပါဝင်ပတ်သက်ခြင်းမပြုရန် ကျွန်တော်ဆုံးဖြတ်ပြီးသားဖြစ်သည်။ နိုင်ငံရေးနှင့်ပတ်သက်သည့်အဖြစ်အပျက်တွေက ကျွန်တော့်ရှေ့တွင် တသီကြီးဖြစ်သွားခဲ့သည်။ ကျွန်တော်က ထိုအဖြစ်အပျက်များကို ကောက်ချက်ဆွဲပြီးကြည့်နေခဲ့သည်။

**တင်ညွန့်**

Ref : Soeharto, My Thoughts, Words and Deeds (An Autobiography)

www.foreverspace.com.mm



ယခင်လမှအဆက်



# UNGA ၊ G 20
# အရှေ့သွား အနောက်ရောက် (၅)

ရဲမင်းဦး

တတိယအကြိမ်မြောက် G20 ထိပ်သီးဆွေးနွေးပွဲကျင်းပမည့် ပစ္စဘတ်မြို့လယ်မှ တည်းခိုရာ Mirrotel Inn သို့ အပြန်တွင် စာရေးသူတို့စီးလာသည့် ကားမှာ အတော်ပင် သစ်လွင်ကောင်းမွန်သည်။ ကားခကလည်း အထူးနှုန်း။ ၁၀ မိုင်ပင် မဝေးသည့်ခရီးကို ၅၂ ဒေါ်လာ။ တည်းခိုရာနေရာပြန်ရောက်သွားပြီး နာရီဝက်အကြာ ဒေသစံတော်ချိန် ညကိုးနာရီခွဲ၌ စာရေးသူတို့အုပ်စု ဟိုတယ်အနီးရှိ Wal Mart ဆူပါမားကတ်သို့ ထွက်ခွာပြန်သည်။ Wal Mart က ကမ္ဘာကျော်။ အမေရိကန်ပြည်ထောင်စုတစ်ဝန်း၌သာမက နိုင်ငံပေါင်းများစွာတွင် ဆိုင်ခွဲများစွာဖွင့်လှစ်ကာ ဆူပါမားကတ်ဈေးကွက်ကြီး၌ ဝေစုအများအပြားရထားသည်။

ပစ္စဘတ်မြို့၏ Wal Mart အတွင်း အမျိုးအစားစုံလင်လှသည့် ကုန်စည်များစွာတို့မှာ USA Made နည်းပါးသည်။ Made in China ကား ပေါများစုံလင်လှ၏။ လက်တင်အမေရိကနိုင်ငံများမှ ထုတ်လုပ်တင်သွင်းရောင်းချသည့် ကုန်စည်များလည်းရှိသည်။ သို့သော် ‘တရုတ်လုပ်’ လောက်မများ။ အမေရိက လက်လီဈေးကွက်ဝင်

www.foreverspace.com.mm






ကုန်စည်ဈေးကွက်ကို တရုတ်တို့ မောင်ပိုင်စီးထားသည်ဟုပင် ဆိုချင်သည်။ ‘စွမ်းပါပေ၏’ ဟု ချီးကျူးထိုက်သည်။ လော့ဇင်းဂျလိစ်တွင်လည်းကောင်း၊ နယူးယောက်တွင်လည်းကောင်း ‘တရုတ်လုပ်’ များလှသည်။ စာရေးသူက Wal Mart ဆိုင်တွင်းမှ တရုတ်လုပ်မဟုတ်သည့် Coca Cola ပုလင်းကြီးတစ်လုံး အားပေးသည်။ ယင်းအချိုရည်အတွက် တစ်ဒေါ်လာရှင်းရ၏။ ရေသန့်တစ်ဘူး၏ဈေးနှုန်းကား Wal Mart ၌ပင် ၆ ဒေါ်လာ ၇၀ ဆင့်။ ပစ္စဘတ် Wal Mart က ဆိုင်ကြီးမဟုတ်သေးဟု ဆိုသည်။ ဆိုင်တွင်း၌ စာရေးသူ မိနစ် ၄၀ ခန့် လျှောက်သွားခဲ့သည့်တိုင် မနှံ့ခဲ့။

ဟိုတယ်ပြန်ရောက်တော့ အိပ်ချင်စိတ် ထိန်းမရ။ နယူးယောက်မှ ဝါရှင်တန်၊ ဝါရှင်တန်မှ ပစ္စဘတ် တစ်နေကုန်သွားလာခဲ့ရသဖြင့် အိပ်၍ကောင်းသွားသည်။ စက်တင်ဘာလ ၂၄ ရက် နံနက်စောစောအချိန်တွင် တည်းခိုရာမှ ပစ္စဘတ်လေဆိပ်သို့ လေဆိပ်ဖယ်ရီကားဖြင့်သွားသည်။ လေဆိပ်ရောက်မှ တက္ကစီငှား၍ ပစ္စဘတ်မြို့လယ်သို့ ချီတက်ရသည်။ ပစ္စဘတ်မှာမြို့ကြီးမဟုတ်။ တက္ကစီများရှိသော်လည်း G20 ထိပ်သီးဆွေးနွေးပွဲရှိနေ၍ မြို့တွင်း၌လမ်းပိတ်ဆို့ထားမှုများရှိနေရာ တက္ကစီကား အလွယ်တကူရရေး ခက်ခဲနေသည်။ ပစ္စဘတ်လေဆိပ်မှ မြို့တွင်းရှိ Mellon Arena အဆောက်အအုံသို့သွားသည်။ အဆိုပါနေရာတွင် G20 ထိပ်သီးဆွေးနွေးပွဲကျင်းပရာ David L. Lawren Ce Convention Center သို့သွားလိုသည့် နိုင်ငံတကာသတင်းစာဆရာများနှင့် လေ့လာသူများကို လုံခြုံရေးစစ်ဆေးမှုများပြုလုပ်ပြီးနောက် ပို့ဆောင်ပေးနေသည့်ဘတ်စ်ကားကြီးများအသင့်ရှိနေသည်။ G20 ထိပ်သီးဆွေးနွေးပွဲသို့တက်ရောက်သတင်းယူခွင့်ကတ်ရရှိထားသူအားလုံးကို တာဝန်ရှိလုံခြုံရေးဝန်ထမ်းများက ပစ္စည်းသပ်သပ်၊ လူသပ်သပ် စနစ်တကျစစ်ဆေးနေပုံမှာ တစ်မျိုးတစ်ဖုံ စိတ်ဝင်စားဖွယ်ကောင်းနေသည်။ စစ်ဆေးခံရသူအားလုံးကလည်း ကြည်ကြည်ဖြူဖြူ။ စစ်ဆေးရာနေရာတွင် Pittsburgh Tribune- Review၊ USA Today၊ Pittsburgh Post-Gazette နှင့် China Daily သတင်းစာများကို စိတ်တိုင်းကျယူဆောင်ဖတ်ရှုနိုင်ရန် အထုပ်လိုက်ချပေးထားသည်။

လုံခြုံရေးစစ်ဆေးမှုခံယူနေသည့် သတင်းစာဆရာအများစုအနက် သတင်းဌာနကြီးများ၊ နာမည်ကျော် သတင်းစာဆရာများနှင့် နိုင်ငံတကာရုပ်သံမီဒီယာများမှ သတင်းသမားများကမူ ထိုသတင်းစာများကို လှည့်၍ပင်မကြည့်။ G 20 ထိပ်သီးဆွေးနွေးပွဲကို လာအာရုံစိုက်နေကြဟန်ပေါ်သည်။ စာရေးသူကတော့ ပုံ၍ချထားသောသတင်းစာများကို တစ်စောင်စီ ယူလိုက်သည်။ စက်တင်ဘာလ ၂၄ ရက်အတွက် စက်တင်ဘာလ ၂၃ ရက်က ဖြစ်ပျက်သမျှကို လက်လှမ်းမီသရွေ့ သုံးသပ်ဖော်ပြထားမှုများအပြင် သတင်းစာပြင်ဆင်ဖွဲ့စည်းထားပုံ၊ သတင်းတည်ဆောက် တင်ပြထားပုံနှင့် အဆိုပါသတင်းစာတို့၏ ပစ်မှတ်များ



ကိုပါ လေ့လာသုံးသပ်လို၍ ဖြစ်သည်။

USA Today တစ်စောင်တန်ဖိုးမှာ အမေရိကန်တစ်ဒေါ်လာ၊ Pittsburgh Post- Gazette က တစ်စောင် ၇၅ ဆင့်၊ Pittsbrugh Tribune-Review က တစ်စောင် ဆင့် ၅၀၊ Washington Post က တစ်စောင် ၇၅ ဆင့်၊ New York Post တစ်စောင် ဆင့် ၅၀၊ Wall Street Journal တစ်စောင် နှစ်ဒေါ်လာနှုန်း၊ New York Times က တစ်စောင် ၂ ဒေါ်လာ၊ တရုတ်သတင်းစာ China Daily ၏ ရောင်းဈေးက သုံးဒေါ်လာရှိ၏။ ရောက်လေရာတွင် သတင်းစာဝယ်လေ့ရှိသည့်စာရေးသူအတွက် ပစ္စဘတ်သည် သတင်းစာဖိုးကုန်ကျမှုမရှိသောဒေသ ဖြစ်သွားသည်။ စက်တင်ဘာလ ၂၄ ရက်ထုတ် အမေရိကသတင်းစာများမျက်နှာဖုံးတွင် နေရာယူထားသည်မှာ စက်တင်ဘာလ ၂၃ ရက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမား မိန့်ခွန်းပြောကြားမှု၊ လစ်ဗျားသမ္မတ ဂဒါဖီ၏ မိနစ် ၉၀ ကြာ မိန့်ခွန်းပြောကြားပြီး ကုလသမဂ္ဂကို ပြစ်တင်ရှုတ်ချမှုများကို ခေါင်းပေးဖော်ပြထားသည်။ စာရေးသူတို့ ကုလသမဂ္ဂညီလာခံသို့ တက်ရောက်လေ့လာခဲ့သည့်ရက်မှာ စက်တင်ဘာ ၂၂ ရက်ဖြစ်၍ မစ္စတာအိုဘားမားနှင့် မစ္စတာ ဂဒါဖီတို့၏ ပြောချက်ကို နားဖြင့်ဆတ်ဆတ်နားထောင်ခွင့်မရခဲ့။ G 20 ထိပ်သီးဆွေးနွေးပွဲအကြောင်းလည်းပါသည့်သတင်းစုံ။ သတင်းစာများပါကြော်ငြာမျိုးစုံအနက် ကားကြော်ငြာများက စာရေးသူကို ဆွဲဆောင်သည်။

ဂျပန်နိုင်ငံလုပ် Suzuki Forenza ၂၀၀၇ မော်ဒယ်ဆလွန်းကားသစ်တစ်စင်း ဒေါ်လာ ၈၄၈၈၊ ၂၀၀၇ မော်ဒယ် Dodge Caliber 4-wheel က ဒေါ်လာ ၁၂၉၈၈၊ ၂၀၀၉ မော်ဒယ် Pontiac G-6 ဆလွန်းကားကို ဒေါ်လာ ၁၄၉၈၈ ဖြင့် ဈေးခေါ်ထားသည်။ ၂၀၀၇ မော်ဒယ် Volks Wagon Beetle ကို ဒေါ်လာ ၁၂၉၇၇ ဖြင့်လည်းကောင်း၊ ၂၀၀၈ မော်ဒယ် Toyota RAVALTD ကားသစ်ကို ဒေါ်လာ ၂၂၉၇၇ ဖြင့်လည်းကောင်း၊ ၂၀၀၄ မော်ဒယ် Hyundai Sonata ဆလွန်းကို ဒေါ်လာ ၉၉၇၇ ဖြင့်လည်းကောင်း၊ ယင်းအမျိုးအစား ၂၀၀၈ မော်ဒယ်ကို ဒေါ်လာ ၁၆၉၈၈ ဖြင့်လည်းကောင်း၊ ၂၀၀၈ မော်ဒယ် Nissan Quest 3.5S ဗိမ်ခံကားကို ဒေါ်လာ ၂၂၄၈၀ ဖြင့်လည်းကောင်း ကြော်ငြာထားသည်ကို တွေ့၏။ ၂၀၀၆ မော်ဒယ် Toyota Avalon ကားသစ်၏ရောင်းဈေးမှာ ဒေါ်လာ ၁၄၉၈၀။ Honda Civic LX (၂၀၁၀ မော်ဒယ်) ကားသစ်တစ်စင်းကို ဒေါ်လာ ၆၄၇၇ နှုန်းဖြင့် ရောင်းနေသည်။ ၂၀၀၅ မော်ဒယ် Cadillac CTS ဆလွန်းကားကို ဒေါ်လာ ၁၆၉၇၇ ဈေးကပ်ထားပြီး ၂၀၀၈ မော်ဒယ် Nissan



www.foreverspace.com.mm



Pathfinder တစ်စင်းကို ဒေါ်လာ ၂၁၉၇၇ ဟု ဈေးသတ်မှတ်ထားသည်။ ၂၀၀၇ မော်ဒယ် Mitsubishi Eclipse တစ်စင်းလျှင် ဒေါ်လာ ၁၅၇၉၉။ ကားစုံ၊ ဈေးနှုန်းစုံ။ စာရေးသူတို့နိုင်ငံရှိ ကားပေါက်ဈေးများကို သတိရမိပြီး စာရေးသူ သက်ပြင်းရှည်တစ်ချက်ချမိ၏။ ပင့်သက်ပြင်းပြင်း မှုတ်ထုတ်လိုက်မိ၏။ ခေါင်းထဲတွင်ပေါ်လာသည့် ဝေါဟာရမှာလည်း တစ်လုံးတည်း။ Why? ...။ နယူးယောက်မြို့နှင့် ပစ္စဘတ်မြို့တို့တွင် Ford၊ GM အမျိုးအစားတစ်ပတ်နွမ်းကားကောင်းများကို တစ်စင်း ဒေါ်လာ ၂၀၀၀ မှ ၃၀၀၀ အကြား ခုဝယ်ခုမောင်းစနစ်ဖြင့် ရောင်းပေးနေသည်ကိုလည်း မျက်မြင်တွေ့ခဲ့ရသည်။ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံဖြစ်နေခြင်းကြောင့်ပေလားမသိ။ လေဆိပ်များတွင်လည်း ကားပေါင်းများစွာ ရပ်ထားသည်ကို တွေ့ရသည်။ သူတို့၏ လေကြောင်းခရီးသွားဓလေ့က လေဆိပ်သို့ ကိုယ်ပိုင်ကားဖြင့်လာသည်။ ကားကိုလေဆိပ်၌ထားခဲ့ပြီး သွားလိုရာကို ဝေဟင်ခရီးနှင်သည်။ ပြန်လာမှ ကားကို အိမ်သို့ပြန်မောင်းယူသွားသည်။ ပစ္စဘတ်နိုင်ငံတကာလေဆိပ်တွင် ကားမျိုးစုံ များစွာရပ်ထားသည်ကို စာရေးသူတို့နှင့် ဟိုတယ်တစ်ခုတည်း တည်းခိုသည့် ဂျပန်သတင်းထောက်နှစ်ဦးပင် တအံ့တသြကြည့်ကြ၏။ ဆက်ပါမည်။

G 20 ထိပ်သီးဆွေးနွေးပွဲသည် ယင်းကာလတွင်ဖြစ်ပေါ်နေသည့် နိုင်ငံတကာ မျက်မှောက်အနေအထားမျိုးစုံနှင့် ကမ္ဘာ့စီးပွားရေးအခြေအနေတို့ကြောင့် ယခင် G20 ဆွေးနွေးပွဲများထက်ပို၍ အရေးပါနေသည်။ ပစ္စဘတ်ဆွေးနွေးပွဲမတိုင်ခင် နယူးယောက်၌ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မည့်သတင်းအနံ့များကြောင့် လုံခြုံရေးတင်းကျပ်မှုရေချိန်မြင့်လှသည်။ G20 အဖွဲ့ဝင်နိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဗြိတိန်၊ ရုရှား၊ တရုတ်၊ အင်ဒိုနီးရှား၊ ဘရာဇီး၊ အိန္ဒိယ၊ ပြင်သစ်၊ အီတလီ၊ တောင်ကိုရီးယားတို့မှ ခေါင်းဆောင်များအပြင် ဗဟိုဘဏ်များမှ ဥက္ကဋ္ဌများ၊ IMF-World Bank အစရှိသည့် နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များလည်း ပစ္စဘတ်သို့ရောက်နေသည်။ အာဆီယံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့လည်း ပါဝင်တက်ရောက်သည်။ ဆွေးနွေးပွဲကျင်းပရာ ခန်းမကြီးရှေ့ရှိ အိုဟိုင်းယိုးမြစ်အတွင်း၌ပင် လုံခြုံရေးစည်းများချထားသည်။ မြို့တွင်းယာဉ်သွားလမ်းများကန့်သတ်ထားသည်။ အမေရိကန်ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်ဘီးဖြင့်တစ်မျိုး၊ မြင်းများဖြင့်တစ်ဖုံ၊ ဆိုင်ကယ်များနှင့်တစ်သွယ်၊ ကားများဖြင့်တစ်နည်း၊ လမ်းလျှောက်၍တစ်မျိုး ပတ္တာရောင်လှည့်နေသည်။ ဝပ်ကင်းများ အထပ်ထပ်ချထားသည်။ ထို့ကြောင့် ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်အားလုံးအတွက်သာမက စာရေးသူတို့ကဲ့သို့ နိုင်ငံစုံမှ သတင်းမီဒီယာများအတွက်ပါ လုံခြုံနေသည်ဟု ခံစားမိ၏။ စာရေးသူတို့ David L.Lawrence စင်တာကြီးသို့ရောက်သွားပြီးနောက် Media Room အတွင်းသို့ စဝင်သည်။

Media Room အတွင်း၌ မီဒီယာမျိုးစုံမှ သတင်းစာဆရာများရှိနေသည်။ ရုပ်သံပိတ်ကားကြီးများဖြင့် စင်တာအပေါ်ဆုံးထပ်ရှိ G 20 ခေါင်းဆောင်များ ဆွေးနွေးနေပုံ၊ မိန့်ခွန်းပြောနေမှုတို့ကို တိုက်ရိုက်ထုတ်လွှင့်ပြသသည်။ မီဒီယာဆရာတို့မှာ သတင်းဦး၊ သတင်းထူး တင်ဆက်နိုင်ရေးအတွက် အပြိုင်အဆိုင်အလုပ်လုပ်နေကြသည်။ အမေရိကန်အစိုးရသတင်းပြန်ကြားရေးကောင်တာက သတင်းသမားတို့ သိလိုသည်များကို ကူညီပေးသည်။ သတင်းထုတ်ပြန်ချက်များ ဖြန့်ဝေသည်။ စင်တာကြီးအတွင်းသို့ရောက်နေသည့် သတင်းစာဆရာများ၊ မီဒီယာဝန်ထမ်းများအရေအတွက်က ၃၀၀၀ ခန့်ရှိနေ၏။ သတင်းသမားများ G 20 သတင်းလိုက်နေကြခြင်းကိုပင် သတင်းအဖြစ်တင်ဆက်နေသူများလည်းရှိ၏။ စာရေးသူတို့ကို မြန်မာနိုင်ငံရှိ ပုဂ္ဂလိကသတင်းမီဒီယာများမှ လာရောက်သူများအဖြစ် မျက်ခုံးပင့်နှုတ်ဆက်ကြသူများလည်းကြုံရသည်။ အားပေးစကားပြောသူများနှင့်လည်း ဆုံသည်။

ကမ္ဘာပေါ်ရှိနိုင်ငံများစွာတို့သည် Media Friendly ဖြစ်နေသော လူ့အဖွဲ့အစည်းများအဖြစ်ရပ်တည်နေကြသည်ဖြစ်၍ သတင်းစာဆရာဆိုသည်နှင့် လေးစားသည့်အသွင်ဖြင့် နှုတ်ဆက်တတ်ကြသည်ကို စာရေးသူကြုံတွေ့ဖူးထားသည်ဖြစ်ရာ အားပေးစကားပြောလာသော နိုင်ငံတကာသတင်းစာဆရာအချို့ကို ကျေးဇူးတင်စကားဖြင့်တုံ့ပြန်လိုက်သည်။ စင်တာပထမ



www.foreverspace.com.mm

ထပ်သို့ စာရေးသူတို့တက်သွားရာ ယင်းအထပ်တွင် ရုပ်သံမီဒီယာသမားအများစု နေရာယူထားသည်ကို တွေ့၏။ အဆိုပါ ပထမထပ်သို့ရောက်သွားပြီး မကြာခင်ကြုံတွေ့ရသည့်ဖြစ်ရပ်တစ်ခုကို အမှတ်ရသွားသည်။ အခြားမဟုတ်ပါ။

ယင်းပထမထပ်တွင် စင်တာကြီးအတွင်းရောက်လာသည့် ဧည့်သည်များအတွက် စားသောက်ဖွယ်ရာများစီစဉ်ရောင်းချပေးနေသော 'ကန်တင်းန်' တစ်ခုရှိသည်။ စာရေးသူတို့ ပထမထပ်ရောက်သွားသည်နှင့် စာရေးသူတို့လေးဦးအနက်မှ တစ်ဦး (ထိုပုဂ္ဂိုလ်မှာ မြန်မာနိုင်ငံသို့ စာရေးသူတို့နှင့်အတူ ပြန်လိုက်ပါလာခြင်းမရှိပါ။) က "ဗိုက်ဆာနေပြီ။ ဟိုတယ်တွင် နံနက်စာမစားခဲ့ရ" ဟုဆိုကာ ယင်းကန်တင်းန်ရှိ စားသောက်ဖွယ်ရာများအနက်မှ ၎င်းစားလိုသည်များကို သွားရောက်ယူငင်၏။ စာရေးသူအပါအဝင် ကျန်နှစ်ဦးသည် ပထမထပ်ရှိ 'ပစ္စုဘတ်အကြောင်း သိကောင်းစရာ' ကောင်တာတစ်ခုတွင် ဝင်ရောက်စူးစမ်းမှုပြုနေ၍ မိမိတို့၏ 'ပုဂ္ဂိုလ်' ကန်တင်းန်သို့သွားသည့်နောက် ချက်ချင်းလိုက်မသွားဖြစ်ခဲ့။ ၅ မိနစ်ခန့်အကြာတွင်မူ စာရေးသူက 'ပုဂ္ဂိုလ်' ထိုင်နေသည့်စားပွဲသို့ရောက်သွားသည်။ ပုဂ္ဂိုလ်၏မျက်နှာကား မရွှင်ပျလှ။ ဘာဖြစ်လို့လဲဟုမေးလိုက်သော် အဖြေကိုဤသို့ကြားရ၏။ 'ကျွန်တော်ဗျာ အလကားကျွေးတယ်မှတ်လို့ ဝင်ယူတာ၊ ဘာဂါတစ်ခုနဲ့ နို့တစ်ဘူးယူလာပြီး အဝရောက်တော့မှ 'ဆာ' လို့လှမ်းခေါ်ပြီး ၁၃ ဒေါ်လာကျတယ်လို့ပြောတယ်။ စားရတာ အရသာသိပ်မရှိတော့ဘူး" ဟူလို။ ပေါ်လာသည့် ရယ်ချင်စိတ်ကို စာရေးသူ ထိန်းလိုက်ရသည်။ ပတ်ဝန်းကျင်ရှိနေသည်။ မိမိ၏ခရီးသွားဖော်ကား 'ကျွန်တော်ဗျာ' ဟုသာ အသံထပ်ပြုပြီး ဘာဂါကို တအားကိုက်၏။

စင်တာ၏တတိယထပ်တွင်မူ သတင်းစာရှင်းလင်းပွဲခန်းမများရှိသည်။ G 20 ထိပ်သီးဆွေးနွေးပွဲကျင်းပနေဆဲဖြစ်၍ သတင်းစာရှင်းလင်းပွဲအစီအစဉ်များ နောက်တစ်ရက်ကျမှရှိမည်။ အင်အားနည်းသတင်းမီဒီယာများသည် ကိုယ်ပိုင် Internet Website များလွှင့်တင်ထားသည်ဖြစ်၍ သတင်းဦးရန်ကြိုးပမ်းရာ၌ ပျာယာခတ်နေသည်ကို တွေ့ရသော်လည်း ဒုတိယထပ်တွင် နေရာယူထားသည့် AP၊ Reuters၊ NBC အစရှိသည့် ကမ္ဘာကျော်သတင်းဌာနကြီးများမှု တည်တည်ငြိမ်ငြိမ်။ White House Press ဆိုသော အမေရိကန်သမ္မတအိမ်ဖြူတော် သတင်းဌာနတွင်လည်း သတင်းဌာနကြီးများသည် ဦးစားပေးနေရာရထားခြင်းကြောင့်လည်း ဣန္ဒြေကောင်းနေခြင်းဖြစ်နိုင်သည်။ စွမ်းဆောင်နိုင်ရည်အလွန်မြင့်မားနေသည့်



www.foreverspace.com.mm



သတင်းအဖွဲ့အစည်းကြီးများအကြား တိုးတိုးဖော့ဖော့ ပါဝင်လေ့လာသတင်းယူခွင့်ရနေခြင်းကပင် စာရေးသူတို့အတွက် အကျိုးထူးလှသည်ဟု နှလုံးသွင်းမိသည်။

လက်တွေ့သတင်းယူရာတွင်မူ အများ၏ယုံကြည်ကိုးစားမှုကို အခိုင်အမာရရှိထားပြီးဖြစ်သော သတင်းဌာနကြီးများကို ကျန်မီဒီယာများ ယှဉ်၍မရ။ ထိုင်းနိုင်ငံ ဟွာဟင်း–ချာအမ်းဒေသတွင် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲသို့ သတင်းစာဆရာတစ်ဦးအဖြစ် စာရေးသူသွားရောက်လေ့လာ သတင်းယူခဲ့စဉ်ကလည်း သတင်းဌာနကြီးများ၏ အစွမ်းကို ကြုံတွေ့ခဲ့ရပြီးဖြစ်၍ ပစ္စဘတ်တွင်လည်း အံ့အားသင့်မှုမရှိခဲ့။ ပညာထပ်ရသည်ဟု ဆိုချင်သည်။ မီဒီယာအင်အားကောင်းရေးသည် နိုင်ငံတစ်နိုင်ငံတည်ငြိမ်လုံခြုံအင်အားကောင်းရေးတွင် အထူးလိုအပ်ချက်တစ်ရပ်။ ကိုယ့်နိုင်ငံ ကိုယ့်အမျိုးသားအကျိုးစီးပွား အားကောင်းမောင်းသန်ဖြစ်ရေးတွင် မီဒီယာ၏ 'ကန်အား' ကောင်းရေးဖန်တီးစွမ်းဆောင်နိုင်မှ အကျိုးများမည်။

နေ့လယ်စာစားရန် စာရေးသူတို့အုပ်စု David L. Lawrence စင်တာမှ ပစ္စဘတ်မြို့ပြန်ထွက်လာစဉ် ဒေသစံတော်ချိန် နံနက် ၁၁ နာရီရှိပေပြီ။ စာရေးသူတို့ ဇီချွန်ပြည်နယ်ဇာတိ တရုတ်ဇနီးမောင်နှံရောင်းသည့် စားသောက်ဆိုင်သို့ချီတက်သည်။ နေ့လယ်စာစားနေစဉ် ဆန္ဒပြသံများကြားရသည်။ နေ့လယ်စာစားပြီးနောက် အိုဟိုင်းယိုးမြစ်ကိုကျော်ဖြတ်တည်ဆောက်ထားသည့် တံတားတစ်စင်းကို ဖြတ်လျှောက်ပြီး တစ်ဖက်ကမ်းသို့ကူးသည်။ စာရေးသူတို့ ဖြတ်သည့်တံတားထိပ်တွင် ဘော့စ်ဘောအားကစားကွင်းကြီးတစ်ခုရှိသည်။ ကွင်းအတွင်း၌ ပြိုင်ပွဲကျင်းပနေပြီး ပရိသတ်များစွာ၏အားပေးနေသံကို ကြားရသည်။ တံတားအနီးရှိ လမ်းများပေါ်တွင်လည်း လုံခြုံရေးဝန်ထမ်းများ UnderCover ခေါ် အရပ်ဝတ်စုံထောက်များ ရှိနေသည်။ တံတားထိပ်ရှိစားသောက်ဆိုင်တစ်ခုတွင် နေ့လယ်စာစားနေသောဒေသခံများနှင့် နိုင်ငံခြားသားများရှိသည်။ ဒေသခံများကား လုံခြုံရေးဝန်ထမ်းများကို လက်ညှိုးထိုးလိုက်၊ အချင်းချင်းစကားပြောလိုက်လုပ်နေသည်။ တံတားဖြတ်မကူးခင် စာရေးသူအင်တာဗျူးလုပ်ခဲ့သည့် ပစ္စဘတ်မြို့ ဒေသခံအဘိုးအိုနှစ်ဦးကဲ့သို့ 'ဟိုမသွားရ၊ ဒီမလာရ' အမိန့်ထုတ်ထားမှုအပေါ် မကျေမနပ်ဖြစ်နေတာလားဟု တွေးမိသည်။ ပစ္စဘတ်ကား အမေရိကန်ပြည်တွင် စစ်ကာလအတွင်း မြောက်ပိုင်းဒေသအတွက် အလွန်အရေးပါသောခံတပ်မြို့။ မြို့အနေအထားသန့်ရှင်းသည်။ ခန့်ညားသည်။ တစ်သက်လုံးလွတ်လွတ်လပ်လပ်နေလာခဲ့ရပြီး G 20 ထိပ်သီးဆွေးနွေးပွဲလက်ခံကျင်းပရာမြို့ဖြစ်လာမှ 'အကန့်အသတ်'များ ရုတ်တရက်ပေါ်လာခြင်းကို ဒေသခံအများစု အစာကြေပုံမရ။ သို့သော် G 20 ဆွေးနွေးပွဲနှင့်ပတ်သက်၍ ဂုဏ်ယူနေသူများကိုလည်း အများအပြားပင် တွေ့ရသည်။

စာရေးသူတို့လာရာလမ်းအတိုင်းပြန်လှည့်သည်။ ထို့နောက် မြို့တွင်းသွားဘတ်စ်ကားတစ်စင်းပေါ်တက်၍ မြို့နှင့်မြို့ဝန်းကျင် လေ့လာရေးခရီးစသည်။ ကားက အခြားတံတားတစ်စင်းပေါ်မှ မြစ်ကိုဖြတ်ကူးပြန်သည်။ လူနေရပ်ကွက်များအတွင်း ကွေ့ဝိုက်မောင်းနှင်သည်။ ရပ်ကွက်လမ်းများ၊ ရပ်ကွက်တွင်း ရှိအိမ်များ၊ လူများကို စာရေးသူတို့အကဲခတ် ခွင့်ရသည်။ ကားခပေးစရာမလို။ G 20 ထိပ်သီးဆွေးနွေးပွဲကျင်းပရေးကော်မတီက စာရေးသူတို့ကို ထုတ်ပေးထားသည့် ယာဉ်စီးခွင့်ကတ်များ ချိတ်ဆွဲထား၍ဖြစ်သည်။ ပစ္စဘတ်မြို့ပြင်သို့ရောက်သွားသည်။ ခရီးဆုံးတွင် ကားပေါ်မှဆင်းကာ ပတ်ဝန်းကျင်ကို ခေတ္တလေ့လာသည်။ ပစ္စဘတ်ကား ရှုခင်းလှသည့်ဒေသဖြစ်သည်။ စက်မှုကုန်ကြမ်းများထွက်သည်။ တက္ကသိုလ်၊ ကောလိပ် ၃၇ ခုရှိသည်။ ဒေသခံများ ယဉ်ကျေးပျူငှာသည်။ ခရီးဆုံးမှတ်တိုင်သို့ဝင်လာသော ဘတ်စ်ကားတစ်စင်းဖြင့် စာရေးသူတို့ ပစ္စဘတ်မြို့လယ်သို့ ပြန်ဝင်သည်။ ဆွေးနွေးပွဲကျင်းပရာ စင်တာသို့ပြန်ဝင်ခွင့်ရရန် လုံခြုံရေးစစ်ဆေးကာ ပို့ဆောင်ပေးမည့် Mellon Arena အဆောက်အအုံသို့ သွားရပြန်သည်။ သွားရာလမ်းတစ်လျှောက် ဆန္ဒပြနေမှုများ တွေ့ရသည်။ လူ၊ စက်၊ ခွေးတို့၏ စစ်ဆေးမှုခံယူပြီးသကာလ အလှမ်းမဝေးလှသည့် David L. Lawrence စင်တာသို့ ဘတ်စ်ကားကြီးများဖြင့် ရောက်သွား၏။

စင်တာဒုတိယထပ်ရှိ သတင်းစာရှင်းလင်းပွဲခန်းမများသို့ စာရေးသူတို့ ခြေဦးလှည့်လိုက်ကြသည်။ ခန်းမငယ်တစ်ခုအတွင်း တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး သတင်းစာရှင်းလင်းပွဲလုပ်နေသည်ကိုတွေ့၍ စာရေးသူတို့ဝင်လိုက်၏။ အဆိုပါ ဒုတိယဝန်ကြီးသည် တရုတ်–အင်္ဂလိပ်စကားပြန်အမျိုးသမီးတစ်ဦးနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတကာစီးပွားရေးဆက်ဆံမှုအခြေအနေများ၊ G 20 ဆိုင်ရာ တရုတ်၏ ချဉ်းကပ်ပါဝင်နေပုံများကို ရှင်းလင်းပြောကြားခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာပြောဆိုတတ်ပုံရသည့် အဆိုပါပုဂ္ဂိုလ်ကြီး စကားပြန်ထားပြီး သတင်းစာရှင်းလင်းပွဲလုပ်နေသည်ကို စာရေးသူ အံ့အားသင့်မိသည်။ နှုတ်မကျွံလို၍ဖြစ်မည်။ သို့မဟုတ် သတင်းအနှိုက်မခံလို၍လည်း ဖြစ်နိုင်သည်။ အဆိုပါ ရှင်းလင်းပွဲတွင်ရောက်နေသည့် သတင်းစာဆရာအများစုသည် လက်ပ်တော့ကွန်ပျူတာများဖြင့် စကားပြန်အမျိုးသမီး အင်္ဂလိပ်လိုပြောသမျှကို စကားအဆုံး၊ စာအဆုံးနည်းလမ်းဖြင့် သတင်းမှတ်တမ်းတင်နေသည်။ တရုတ် ဒုတိယဝန်ကြီးက 'ရှဲရှဲ'ဟု ဆိုလိုက်သည်နှင့် ကွန်ပျူတာရှိ Enter Key ကို ရိုက်ချလိုက်သည်။ ထိုသတင်းမှာ လက်ပ်တော့ကွန်ပျူတာများနှင့် ချိတ်ဆက်ထားသော ဆိုင်ရာကွန်ရက်များအတွင်းရှိ ဆိုင်ရာ အယ်ဒီတာ၏လက်ပ်တော့အတွင်း ရောက်သွားပြီဖြစ်သည်။ အယ်ဒီတာသည် မိနစ်

www.foreverspace.com.mm


သနည်းငယ်အတွင်း၌ပင် ထိုသတင်းကို ၎င်းတို့မီဒီယာ Website ပေါ်သို့တင်လိုက်ပြီဖြစ်သည်။ သတင်းစာများကလည်း ယင်းသတင်းစာရှင်းလင်းပွဲ၏ ထူးခြားမှုများကို အမြန်ဆုံးနည်းဖြင့် ဖော်ပြတော့မည်။ ရုပ်သံမီဒီယာအချို့ကမူ တိုက်ရိုက်လွှင့်ထုတ်ပြီး ဖြစ်နေမည်။ စာရေးသူတို့ကား အပတ်စဉ်ထုတ် သတင်းစာစောင်များသာဖြစ်၍ . . . ။

အခြားသတင်းစာရှင်းလင်းပွဲခန်းမများတွင်မူ မည်သူမှမရှိတော့။ စာရေးသူတို့မြေညီထပ်ရှိ Media Room သို့ ပြန်ဆင်းသည်။ နောက်ဆုံးသတင်းထုတ်ပြန်ချက်စာရွက်များ တောင်းယူသည်။ နောက်တစ်ရက် စက်တင်ဘာ ၂၅ ဆွေးနွေးပွဲအစီအစဉ်ကိုကြည့်သည်။ အရှေ့ဥရောပနိုင်ငံတစ်ခုမှ သတင်းစာဆရာတစ်ဦး စာရေးသူတို့ထံလျှောက်လာပြီး နောက်တစ်ရက်အစီအစဉ်များနှင့်ပြုလုပ်ဖွယ်ရှိသည့် သတင်းစာရှင်းလင်းပွဲများအကြောင်း ဆွေးနွေးသည်။ ၎င်းကိုယ်တိုင် 'သတင်းလိုက်ကွက်' ပျောက်နေပုံရသည်။ ရုပ်သံမီဒီယာသမားများမှာမူ စင်တာကြီး၏ နေရာအနှံ့တွင်ရှိနေဆဲဖြစ်ပြီး ဆွေးနွေးပွဲ ပထမရက်သတင်းကောက်နုတ်ချက်များ တိုက်ရိုက်တင်ဆက်နေကြသည်။ စက်တင်ဘာလ ၂၅ ရက်တွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမား၊ တရုတ်သမ္မတ ဟူကျင်တောင်၊ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့၏ G 20 သတင်းစာရှင်းလင်းပွဲများရှိနေသည်။ ဆွေးနွေးပွဲဒုတိယရက်တွင် မည်သို့မည်ပုံလှုပ်ရှားကြမည်ကို စားသောက်ရင်း တိုင်ပင်ကြမည်ဟု ဆုံးဖြတ်ကာ ပစ္စဘတ်မြို့လယ်ရှိ အိန္ဒိယရိုးရာစားသောက်ဆိုင်တစ်ဆိုင်သို့ စာရေးသူတို့သွားကြသည်။ ထမင်းနှင့်ဟင်းမှာ၍ မြိန်ရည်ယှက်ရည် သုံးဆောင်လိုက်ကြသည်။ ပစ္စဘတ်မြို့ညအလှများအကြား တက္ကစီတစ်စီးရရန် ခက်ခက်ခဲခဲကြိုးပမ်းရပြန်သည်။ တည်းခိုရာရောက်သော် ညရှစ်နာရီခွဲရှိပေပြီ။ Wal Mart သို့ ရောက်သွားကြပြန်၏။ ရှိစုမဲ့စုထဲမှ ဝယ်ချင်သည်များ၊ ဝယ်သင့်သည်များကို ဝယ်ကြပြန်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်လေ့လာခဲ့ပြီး G 20 ထိပ်သီးဆွေးနွေးပွဲ ပထမရက်၌ အတွေ့အကြုံသစ်များထပ်မံရရှိကာ သတင်းသမားစိတ်ဓာတ်တက်ကြွနေသော စာရေးသူတို့ကို Wal Mart ၌ ထူးဆန်းသော၊ ခွဲခြားလိုသော၊ မယုံသော မျက်လုံးများဖြင့်ကြည့်သူမရှိ။ နောက်တစ်ရက်ရောက်သော် . . .

(ဆက်လက်ဖော်ပြပါမည်)

**ရဲမင်းဦး**



www.foreverspace.com.mm

ယခင်လမှအဆက်


The Indian EXPRESS

Wake up to EMI nightmare

In rambling notes, Krishna takes four names, says killers fled jumping terraces

Cracks appear but Cong lays down party line for meeting: we back PM

Outraged chorus from Muslim groups to CPM: Support China, don't use us to push your case

Ramnath Goenka **တည်ထောင်သည့်** Indian Express **သတင်းစာ**

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၃၀

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

ကုလားသူဌေးကြီးဒီရုပ်ဟေးကို အဓိက ပုတ်ခတ်ပြောတာကတော့ အိန္ဒိယအစိုးရ အဖွဲ့ဝင်တွေအပေါ်မှာ ဩဇာအာဏာရှိ အောင်လုပ်တယ်။ လွှတ်တော်ကထုတ်ပြန် တဲ့စီးပွားရေးမူဝါဒတွေကို နိုင်ငံအကျိုးရှိဖို့ ထက် သူ့အကျိုးပိုရှိတဲ့ စီးပွားရေးမူဝါဒဖြစ် အောင် လုပ်တယ်။

ကုန်သည်အချင်းချင်း ပြိုင်ဆိုင်ကြတဲ့ ဆီမှာ သူဟာ တရားသဖြင့် ပြိုင်ဆိုင်မှုတွေ ကို မလုပ်ဘူး။ အာဏာရအစိုးရပါတီရဲ့ အင်အားကို ချသုံးပြီး မတရားအနိုင်ယူ တယ်။

ဒီနေ့ မီဒီယာလို့ လူတွေခေါ်နေတဲ့ အိန္ဒိယနိုင်ငံ စာနယ်ဇင်းတွေကို သူ့အိတ် ကပ်ထဲမှာထည့်ထားတယ်။ မီဒီယာမှန် တိုင်း သူ့အပေါ်မကျအောင် အကာအကွယ် တွေကို အခိုင်အမာဆောက်ထားတယ်။

မှန်လည်းမှန်တယ်ခင်ဗျာ။

သူဌေးကြီး ဒီရုပ်ဟေးကို အိန္ဒိယ နိုင်ငံမှာ အစိုးရအဖွဲ့ရဲ့ King-maker လို့ သတ်မှတ်ထားတယ်။ သူဖြစ်စေချင်တဲ့ နိုင်ငံ ရေးသမားက အစိုးရအဖွဲ့ရဲ့အာဏာပိုင် ဖြစ်နေရတယ်တဲ့။

သူနဲ့အားပြိုင်တဲ့စီးပွားရေးသမား ကြီးတွေအထဲမှာ နာမည်အကြီးဆုံးကတော့ ဝါဒီရာ (Nusli Wadia) ဆိုတဲ့ ပုဂ္ဂိုလ်ပါပဲ။ ဒီပုဂ္ဂိုလ်ကလည်း အိန္ဒိယနိုင်ငံရဲ့ အထည် အလိပ်လုပ်ငန်းနဲ့ ဆောက်လုပ်ရေးလုပ် ငန်းတွေမှာ အလွန်နာမည်ကြီးတဲ့ပုဂ္ဂိုလ် ခင်ဗျာ။

ဒီပုဂ္ဂိုလ်ရဲ့အဘိုးက ပါကစ္စတန်နိုင်ငံ ကိုတည်ထောင်တဲ့ Muhammad Ali Jinnal။ ဆွေကြီးမျိုးကြီးက ကုန်သည်ကြီးဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။

Bombay Dyeing ကုမ္ပဏီဆိုတာ အိန္ဒိယမှာ ချည်ထည်တွေနဲ့ပတ်သက်ပြီး လူတိုင်းသိတဲ့ကုမ္ပဏီကြီးတစ်ခုပါ။

အကြီးဆုံးကုမ္ပဏီလို့တောင် နာမည် တပ်ချင်ရင် တပ်လို့ရပါတယ်။ ဒီ Bombay Dyeing ကုမ္ပဏီမှာ Nusli Wadia က ဥက္ကဋ္ဌ ပါ။ ပိုင်ရှင်ဆိုရင်လည်း သူပါပဲ။

နောက် ဆောက်လုပ်ရေးလုပ်ငန်း (Real Estate) တွေနဲ့ပတ်သက်ပြီး ဘုံဘေ မြို့တစ်ခုလုံးမှာ သူနာမည်အကြီးဆုံးပါပဲ။ ပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီးတော့လည်း သူ့ အမျိုးအနွယ်တစ်ခုလုံးက နာမည်အကြီးဆုံး သူဌေးကြီးတွေဖြစ်နေတော့ သူတို့လက်ထဲ မှာ အများဆုံးရှိပါတယ်။

Lovji Nusserwanjee Wadia ။ နောက် Sir Cowasji ၊ နောက် Dinshaw Maneckiji Petit ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ အင်္ဂလိပ်ခေတ်ကတည်းက အိန္ဒိယနိုင်ငံမှာ အချမ်းသာဆုံးကုလားသူဌေးကြီးတွေပါ။

ဒီသူဌေးကြီးတွေဟာ ဝါဒီရာရဲ့ ဆွေ မျိုးတွေပါ။ နောက် ဒီနေ့ အိန္ဒိယမှာ အလွန်နာမည်ကြီးနေတဲ့သူဌေးကြီး JRD Tata ဟာလည်း သူနဲ့သွေးမကင်းပါဘူး။ ဒါကြောင့် ဝါဒီရာလို အမျိုးအနွယ်အလိုက်

www.foreverspace.com.mm



ကို အစဉ်အဆက်ချမ်းသာခဲ့သူ ကုလားတွေ ဗန်းစကားနဲ့တော့ Old Money လို့ ခေါ်ကြပါတယ်။ ဒီရပ်ဟေးကိုတော့ ခေတ်ပျက်သူဌေး အဲ . . . လွတ်လပ်ရေးရပြီးခေတ် နိုင်ငံရေးဇာတ်ရှုပ်တွေအတွင်းမှာ ချမ်းသာလာသူ ကုလားတွေ ဗန်းစကားနဲ့တော့ New Money လို့ ခေါ်ကြပါတယ်။

ဒါပေမဲ့ ဝါဒီရာကလည်း ခပ်ရှုပ်ရှုပ်ပါ။ သူ့မိန်းမက လေယာဉ်မယ်။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်က လေယာဉ်ပျံနဲ့ ပြည်ပကို ခရီးသွားတုန်း သေနတ်ဝှက်ယူသွားမိလို့ အဖမ်းခံရဖူးပါတယ်။

သူ့သေနတ်မှာ ကျည်ဆန်အပြည့်နဲ့။

ဒီပြဿနာအကြောင်းကိုလည်း အိန္ဒိယသတင်းစာတွေမှာ အကြီးအကျယ်ဖော်ပြခဲ့ဖူးတယ်။

ဝါဒီရာကလည်း အိန္ဒိယအစိုးရအာဏာပိုင်တွေနဲ့ အလွန်ရင်းနှီးတယ်။ အစိုးရအဖွဲ့ဝင်အာဏာပိုင်တွေအပေါ်မှာ သူဌေးကြီး ဒီရပ်ဟေး ဩဇာရှိသလို သူလည်းရှိတယ်။

အိန္ဒိယမှာ စီးပွားရေးနဲ့ပတ်သက်ပြီး လွတ်လပ်မှုတွေမပေးသေးတဲ့ခေတ်၊ အစိုးရချုပ်ကိုင်ထားတဲ့ခေတ် Pre-liberalized Economy ခေတ်က သူတို့နှစ်ယောက်ရဲ့ ပြိုင်ဆိုင်မှုက အကြီးဆုံးပေါ့ခင်ဗျာ။

၁၉၇၇ ခုနှစ်နဲ့ ၁၉၇၉ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံမှာ ဂျာနာတာပါတီ (Janata Party) အာဏာရခဲ့ပါတယ်။ ဝါဒီရာကို အစိုးရက တစ်နှစ်ကို ဒီအမ်တီ အဲ . . . Di-Mathyl Terephthalate တန်ချိန်သောင်းထုတ်လုပ်နိုင်တဲ့ စက်ရုံဆောက်ခွင့်လိုင်စင်ထုတ်ပေးဖို့သဘောတူလိုက်ပါတယ်။ သူဌေးကြီး ဒီရပ်ဟေးက ကန့်ကွက်တယ်။ လိုက်ဖျက်တယ်။ ဟန့်တားမှုအမျိုးမျိုးလုပ်တယ်။ ဒါပေမဲ့ ဝါဒီရာက အခက်အခဲအမျိုးမျိုးကို ကျော်လွှားပြီး အဲဒီစက်ရုံဆောက်လုပ်ခွင့်လိုင်စင်ကို နောက်ဆုံးရသွားတယ်။

အဲဒီလိုင်စင်ပြဿနာနဲ့ပတ်သက်ပြီး သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိပ်မုန်းသွားကြတယ်။ အလွန်အကဲပြိုင်ဆိုင်မှုတွေ လုပ်လာတယ်။ နှစ်ဖက်လုံး နစ်နာမှုတွေ ဖြစ်စေခဲ့ပါတယ်။

သူတို့ရန်ပွဲကတော့ အိန္ဒိယစီးပွားရေးသမိုင်းမှာ အထင်အရှားဆုံး ရန်ပွဲကြီးပေါ့ခင်ဗျာ။

အဲဒီနေရာမှာထပ်ပေါ်လာတဲ့ ဒီရပ်ဟေးနှင့် ပြိုင်ဘက်သူဌေးကြီးတစ်ဦးကတော့ ရင်နတ်ဂိုအင်ဂါ (Ramnath Goenka) ဆိုတဲ့ပုဂ္ဂိုလ်ပါ။ သူကလည်း သူဌေးကြီးပါပဲ။

ဂိုအင်ဂါက မူလက အဲဒီရန်ပွဲမှာ မပါဘူးခင်ဗျာ။

သူက သူဌေးကြီးဒီရပ်ဟေးနဲ့လည်း ခင်တယ်။ သူဌေးကြီး ဝါဒီရာနဲ့လည်း ခင်တယ်။ အစပိုင်းမှာ နှစ်ဖက်လုံးကို အလွန်

**စာရင်းစစ်နှင့် စာရေးဆရာ** S. Gurumururthy



www.foreverspace.com.mm



အကျွံပြိုင်ဆိုင်မှုတွေမလုပ်ကြဖို့ သူဝင်ထိန်းပေးတယ်။ အဲဒီလို ထိန်းပေးရင်းနှင့် ဒီရပ်ဟေးကိုမထိန်းနိုင်တော့ဘဲ ဒီရပ်ဟေးနဲ့ သူ ပြဿနာစဖြစ်ရတော့တယ်။

ဂိုအင်ဂါနဲ့ ပြဿနာဖြစ်ရတာ ဒီရပ်ဟေး အလွန်နစ်နာပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဂိုအင်ဂါက ရိုးရိုးသူဌေး ရိုးရိုးစီးပွားရေးသမားမဟုတ်ဘူး။ သတင်းစာဆရာ သတင်းစာပိုင်ရှင်သူဌေး။ Media-business man။ အိန္ဒိယနိုင်ငံမှာတော့ ဂိုအင်ဂါကို Newspaper Barom လို့ သိကြ၊ ခေါ်ကြတယ်။

တကယ်တော့ ဂိုအင်ဂါဟာ ဒီရပ်ဟေးထက် အသက်အများကြီးပိုကြီးတယ်။ ၁၉၀၄ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ပုဂ္ဂိုလ်။ အရွယ်အားဖြင့် ဒီရပ်ဟေးရဲ့ ဖခင်အရွယ်ဆိုပါတော့။

နောက် ဝါတို့ ဂုဏ်တို့အားဖြင့်လည်း အိန္ဒိယတစ်နိုင်ငံလုံးက အလေးစားခံထားရတဲ့ပုဂ္ဂိုလ်။

မှန်တယ်ခင်ဗျာ။

ဒီပုဂ္ဂိုလ်က အိန္ဒိယစာနယ်ဇင်းလောကမှာတော့ ဆရာကြီးတစ်ဆူပါပဲ။

သူဟာ ၁၆ နှစ်သားအရွယ်ကစပြီး စီးပွားရေးလောကကို ဝင်တယ်။ အစပိုင်းမှာ ချည်မျှင်နဲ့ ဂုန်လျှော်အရောင်းအဝယ်အလုပ်တွေကို စလုပ်တယ်။ ၁၉၃၂ ခုနှစ်မှာ Medres မြို့မှာ ထုတ်ဝေတဲ့ The Free Press Journal ကိုဝယ်လိုက်တယ်။ ကိုယ်တိုင်ထုတ်ဝေတယ်။ ကိုယ်တိုင်ဖြန့်ဝေတယ်။ သူ ဒီဂျာနယ်ကိုဝယ်စက ဒီဂျာနယ်ဟာ မအောင်မြင်ဘူး။ သူ့လက်ထဲရောက်ပြီးမှ အောင်မြင်တယ်။

၁၉၃၆ ခုနှစ်မှာ Indian Express သတင်းစာကြီးကို စတင်တည်ထောင်တယ်။ ၁၉၄၁ ခုနှစ်မှာ အိန္ဒိယအမျိုးသားသတင်းစာအယ်ဒီတာများညီလာခံမှာ ဥက္ကဋ္ဌအဖြစ်အရွေးချယ်ခံရတယ်။


သူက သတင်းစာသမားဆိုပေမယ့် နိုင်ငံရေးကိုလည်း စိတ်ဝင်စားတယ်။ အဲဒီအချိန်က ကိုလိုနီဘဝ၊ အင်္ဂလိပ်တွေ အုပ်စိုးနေတဲ့အချိန်ဆိုတော့ အိန္ဒိယလွတ်လပ်ရေးအတွက် အင်္ဂလိပ်အစိုးရကို သူ့သတင်းစာက လက်နက်အဖြစ်သုံးပြီး တိုက်ခဲ့တယ်။

နောက် လွတ်လပ်ရေးရခါနီးမှာ ဥပဒေပြုလွှတ်တော်ကျင်းပတော့လည်း သူကိုယ်စားလှယ်အမတ်အဖြစ် အရွေးချယ်ခံရတယ်။

လွတ်လပ်ရေးရပြီးတော့လည်း အာဏာရလာတဲ့ဝန်ကြီးချုပ် အင်ဒရာဂန္ဒီနဲ့ မတည့်ဘူး။ အင်ဒရာရဲ့ အရေးပေါ်အုပ်ချုပ်မှု ဥပဒေနဲ့အုပ်ချုပ်တဲ့အစိုးရ Emergency Regime ကို တစ်ကိုယ်တော်ဆန့်ကျင်ကန့်ကွက်တယ်။ သူ့သတင်းစာမှာ ပုတ်ခတ်ပြီးရေးတယ်။

သူ့ရဲ့ ဆန့်ကျင်တိုက်ခိုက်မှုတွေကြောင့် မကြာခဏ ဝန်ကြီးချုပ် အင်ဒရာခေါင်းခြောက်ရတယ်။ သူက အိန္ဒိယလူထုကြားမှာ သူရဲကောင်းကြီးအဖြစ် ကျော်ကြားလာတယ်။






မှန်ပါတယ်။

ဂိုအင်ဂါဟာ တော်တယ်။

သတ္တိရှိတယ်။

သတင်းစာပညာကိုတတ်တယ်။

အလွန်ခေါင်းမာတယ်။

ဒီရပ်ဟေးကလည်း သူ့လိုပဲ အလွန်ခေါင်းမာသူဖြစ်တဲ့အတွက် သူတို့ရန်ပွဲက ဘယ်သူမှ ဖျန်ဖြေပေးလို့မရနိုင်တဲ့ရန်ပွဲကြီးဖြစ်ခဲ့တယ်။

ဂိုအင်ဂါရဲ့ စကားအရတော့ ဒီရပ်ဟေးဟာ စည်းမရှိသူ၊ လူကြီးလူကောင်းမဆန်သူ၊ ဥပဒေကို လေးစားရမှန်းမသိသူ၊ အကျိုးအမြတ်ရမယ်ဆိုရင် ဘယ်လိုအလုပ်မျိုးမဆို ဝင်လုပ်မယ့်လူလို့ ပြောတယ်။

ဂိုအင်ဂါကစပြီး ဒီရပ်ဟေးကို တိုက်ခိုက်တယ်။

ဂိုအင်ဂါဝင်လာတဲ့အတွက်လည်း ဝါဒီရာနဲ့ ဒီရပ်ဟေးတို့ရန်ပွဲက အိန္ဒိယတစ်နိုင်ငံလုံးစိတ်ဝင်စားတဲ့ ရန်ပွဲကြီးဖြစ်လာတယ်။

ဂိုအင်ဂါက သူ့လက်ထဲမှာရှိတဲ့ The Indaian Express သတင်းစာကြီးကို လက်

www.foreverspace.com.mm



နက်အဖြစ်သုံးတယ်။

သူ့သတင်းစာထဲမှာ သူဌေးကြီး ဒီရပ်ပေးကို အပုပ်ချတဲ့ဆောင်းပါးတွေ စရေးတယ်။ အဓိကရေးတာကတော့ ဒီရပ်ပေးရဲ့ ဥပဒေနဲ့မညီတဲ့၊ မှုမမှန်တဲ့၊ မရိုးသားတဲ့စီးပွားရေးလုပ်ငန်းတွေကို ထောက်ပြပြီး ဝေဖန်မှုတွေ လုပ်တာပါ။

ဂိုအင်ဂါက ရန်သူကိုထိုးနက်တဲ့နေရာမှာ အလွန်ပါးနပ်တဲ့ပုဂ္ဂိုလ်။ The Indian Express သတင်းစာမှာရေးတဲ့ဆောင်းပါးတွေကို သူကိုယ်တိုင်လည်း မရေးဘူး။ သူ့ရဲ့လက်ထောက် သတင်းစာဆရာတွေကိုလည်း မရေးခိုင်းဘူး။

အပြင်လူကို ခေါ်ခိုင်းတယ်။

သူ အလွန်ယုံကြည်စိတ်ချရတဲ့ S.Gurumurthy ဆိုတဲ့ပုဂ္ဂိုလ်ကိုခေါ်ပြီး တာဝန်ပေးတယ်။ တိုက်ခိုင်းတယ်။

S.Gurumurthy ဆိုတဲ့ ပုဂ္ဂိုလ်က နာမည်ကြီးငွေစာရင်းစစ် Chartered Accountant ။ ဒါပေမဲ့ သူက စာရေးဆရာ။ အိန္ဒိယနိုင်ငံထုတ် စာနယ်ဇင်းအမျိုးမျိုးမှာ ဆောင်းပါးမျိုးစုံရေးနေတဲ့ပုဂ္ဂိုလ်။

လူတော်ပညာရှင်တစ်ဦးအဖြစ် တစ်နိုင်ငံလုံး သိတယ်။ သူဌေးကြီး ဒီရပ်ပေးကိုတိုက်ခိုက်မယ့်ဆောင်းပါးတွေကိုရေးတဲ့အခါ ရိုးရိုးရေးတာမဟုတ်ဘူး။ ဒီရပ်ပေးရဲ့စီးပွားရေးလုပ်ငန်းအားလုံးကို အသေးစိတ် အချိန်ယူလေ့လာပြီး တကယ်အားနည်းနေတဲ့နေရာကိုတွေ့မှ ဒီအားနည်းချက်ကိုထောက်ပြပြီး ဝေဖန်တယ်။

အဓိက သူထောက်ပြတာကတော့ ဒီရပ်ပေးရဲ့ တချို့စက်ရုံကြီးတွေဟာ ဥပဒေနဲ့အညီ ပေးစရာရှိတဲ့အခွန်တော်ငွေကို အပြည့်အဝပေးပြီး တည်ထောင်ထားတာမဟုတ်ဘူး။ အပိုပစ္စည်း အဲ Spare Parts တွေအနေနဲ့ ပထမသွင်းလာပြီး ပြည်တွင်းမှာ တစ်ခုချင်းပြန်ဆင်ပြီး ဆောက်လုပ်ထားတဲ့စက်ရုံတွေ။

အပိုပစ္စည်းအနေနဲ့သွင်းလာတဲ့အတွက် အခွန်ဆောင်ရတာ သက်သာတယ်။

**သူက သတင်းစာသမားဆိုပေမယ့် နိုင်ငံရေးကိုလည်း စိတ်ဝင်စားတယ်။ အဲဒီအချိန်က ကိုလိုနီဘဝ၊ အင်္ဂလိပ်တွေ အုပ်စိုးနေတဲ့အချိန်ဆိုတော့ အိန္ဒိယလွတ်လပ်ရေးအတွက် အင်္ဂလိပ်အစိုးရကို သူ့သတင်းစာက လက်နက်အဖြစ်သုံးပြီးတိုက်ခဲ့တယ်။**

စက်ကြီးတစ်ခုပြည်တွင်းကို သွင်းလာသလို လိုင်စင်လျှောက်နေစရာလည်း မလိုဘူး။ အခွန်လည်း များများမပေးရတော့ဘူး။

အဲဒီလို လက်တစ်လုံးခြားလိမ်ထားတာတွေကို ထုတ်ဖော်ရေးပြီး တိုက်ခိုက်တယ်။

မီဒီယာစစ်ပွဲပေါ့ခင်ဗျာ။

ဒီစစ်ပွဲရဲ့နောင်းပိုင်းမှာ တခြားထင်ရှားတဲ့ဆောင်းပါးရှင်တွေလည်း ပါလာတယ်။ S.Gurumurthy ဘက်က ထောက်ခံပြီး ရေးကြတယ်။ ဥပမာ– Maneck Davar၊ နောက် Jamnadas Moorjani ။ သူတို့က လည်း ထင်ရှားတဲ့ ဆောင်းပါးရှင်တွေ။ နောက် သူဌေးကြီးဒီရပ်ပေးကို မုန်းနေကြတဲ့လူတွေ။

အဲ . . . ဝိုင်းဆော်ကြရေးကြတာပေါ့ခင်ဗျာ။

ဒါပေမဲ့ ဘယ်လိုပဲရေးရေး ဘယ်လိုပဲစာနယ်ဇင်းမှာဆော်ဆော် အဓိကအဆုံးအဖြတ်ပေးတာကတော့ အိန္ဒိယနိုင်ငံရဲ့ ပြည်သူလူထုပါ။

ကုလားလူထုကတော့ ဒီရပ်ပေးအပေါ်မှာ အကောင်းမြင်တဲ့လူရှိတယ်။ အဆိုးမြင်တဲ့လူရှိတယ်။

ဂိုအင်ဂါအပေါ်မှာလည်း ဒီအတိုင်းပဲ။ အကောင်းမြင်တဲ့လူရှိတယ်။ အဆိုးမြင်တဲ့လူရှိတယ်။



Bombay Dyeing ကုမ္ပဏီဥက္ကဋ္ဌ Nusli Wadia

ဂိုအင်ဂါအပေါ်မှာ အဓိကဝေဖန်ကြတာကတော့ အိန္ဒိယနိုင်ငံရဲ့ အကြီးဆုံး၊ သိက္ခာအမြင့်ဆုံး အမျိုးသားသတင်းစာကြီးကို သူ့ကိုယ်ကျိုးအတွက် ချသုံးတယ်။ ကျဉ်းမြောင်းတဲ့ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုတွေကိုလုပ်တယ်။

သူဌေးကြီး ဒီရပ်ပေးရဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ အားနည်းချက်တစ်ခုထဲကို မီးမောင်းထိုးပြပြီး ဝေဖန်တိုက်နေတာ မမှန်ဘူး။ အိန္ဒိယနိုင်ငံအတွင်းမှာ တခြားဥပဒေနဲ့မညီတဲ့အားနည်းချက်တွေနဲ့ ပြည့်နေတဲ့ စီးပွားရေးလုပ်ငန်းကြီးတွေလည်း အများကြီးရှိသေးတယ်။ အဲဒီလုပ်ငန်းတွေကို ဘာကြောင့်မပုတ်ခတ်၊ မတိုက်ခိုက်၊ မဝေဖန်တာလဲ။

ဘာကြောင့် မမြင်သလို၊ မသိသလို လုပ်နေတာလဲ။

ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

■